
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် = ၆၇၉၉/ ၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၆၁၀၃၀၅၀၃

ပုံနှိပ်ခြင်း
ဒုတိယ အကြိမ်-ဇူလိုင်လ၊ ၂၀၀၅ခုနှစ်၊
အုပ်ရေ = (၅၀၀)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်
၇၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၉)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ
စောမင်းဝေ

တန်ဖိုး
၈၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

တို့တခွေ ပန့်းမှာ မီးဟုန်းဟုန်း ထမတတ်၊ တို့လုံ့လ တို့စွမ်းမာန်၊ တို့အပန်းခံနိုင်လို့၊ ဆန်စပါးပြောင်းနှမ်း၊ ဗူးစရမ်းပဲတစ်မျိုး၊ မြေပြင်လုံး မောက်ဖြိုးအောင် တိုးတက်သည့်သဏ္ဍာန်နှင့် လိုရာတိုင်း ပြည့်စုံ၊ ကုံလုံကြွအသီးသီး၊ ကျောင်းကြီးဆောက် ဘုရားတည်၊ တစ်တိုင်းလုံးကြွယ်သည်

လယ်တီဆရာတော်ဘုရားကြီး၏
[‘နွားမေတ္တာစာ’မှ ကောက်နုတ်ချက်]

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ကျွန်တော်တို့ ငယ်စဉ်က ကျောင်းသားအချင်းချင်း မသင့်မမြတ်ဖြစ်သည့်အခါ တစ်ယောက်ကိုတစ်ယောက် ငယ်ကျိုးငယ်နာဖော်၍ နောက်ပြောင် ရန်စလေ့ရှိကြသည်။ ထိုသို့ရန်စကြရာတွင် ဘယ်လက်သန်သူကို 'ဘယ်ကျော်ဖင်နှိုက်၊ ကောက်ရိုးမီးမြိုက်' ဟူ၍ နာမည်ပေးကြ၏။

ထိုသို့ နောက်ပြောင်ခြင်းမှာ ဘယ်ကျော်တိုင်း ဖင်ကိုလည်းနှိုက်၊ ကောက်ရိုးကိုလည်း မီးမြိုက်တတ်သောကြောင့် မဟုတ်နိုင်ပါ။ ထိုစကားနှစ်ရပ်သည် တစ်ခုနှင့်တစ်ခု မည်သို့မျှ ဆက်စပ်ခြင်းမရှိဘဲ 'ကြက်တူရွေးရွေးကိုက်တယ်၊ ဟိုကောင်မလေး ငါကြိုက်တယ်' ဟူသော စကားကဲ့သို့ အဆက်အစပ်မရှိသောစကားကဲ့သို့ အဆက်အစပ်မရှိသော စကားနှစ်ရပ်ကို ကြံဖန်ဆက်စပ် ကာရန်ဟပ်၍ ပြောဆိုနောက်ပြောင်သည့်သဘောမျှသာ ဖြစ်ပါသည်။

သို့သော် ကျွန်တော်သည် သူတစ်ပါးအား ခုလိုနောက်ပြောင်မိခဲ့သဖြင့် ဝဋ်လိုက်လေရော့သလား မသိ၊ ကျွန်တော်သည် လက်ျာဘက်

www.burmeseclassic.com

www.burmeseclassic.com



လက်သန်တစ်ဦးဖြစ်လျက်နှင့် 'ဘယ်ကျော်ဖင်နှိုက်' ဘဝသို့ ရောက်လာခဲ့ရသည့်ပြင် 'ကောက်ရိုးမီးဖြိုက်' မိသည့်အဖြစ်ကိုပါ ကြုံခဲ့ရပါ၏။ ကျွန်တော်နှိုက်ရသည့်ဖင်မှာ နွားဖင်ဖြစ်ပါသည်။ နွားမှာလည်း နွားမဖြစ်သည်။ နှိုက်ရသည်မှာလည်း မသန့်ရှင်းသောအရာဝတ္ထုတို့ကို ကိုင်တွယ်ကြသည့်အခါ ထမင်းစားသည့်လက်နှင့် မကိုင်ကြဘဲ လက်ဝဲလက်နှင့် ကိုင်တတ်ကြသည့် အလေ့ အထကြောင့် မဟုတ်ပါ။ ရှင်းရှင်းပြောရလျှင် ကျွန်တော်သည် တိရစ္ဆာန်ဆေးကုဆရာဖြစ်သောကြောင့်ပါတည်း။

တိရစ္ဆာန်ဆေးကုဆရာဆိုသည်မှာ ရုံးသုံးစကားတော့ မဟုတ်ပါ။ ယနေ့ကာလတွင် ဆိုက်ကားနင်းသူကို ဆိုက်ကားဆရာ၊ ရေထမ်းရောင်းသူကို ရေထမ်းဆရာဟုခေါ်ကြသလို ဆရာဟူသော စကားကို ရေလဲနှင့် အမျိုးမျိုးသုံးနေကြသဖြင့် ထိုအတိုင်း သုံးစွဲလိုက်ရခြင်းဖြစ်ပါသည်။ ရှေးအခါကဆိုလျှင် တိရစ္ဆာန်ဆရာဝန်ဟူ၍ပင် ခေါ်ကြသည်။ ထိုစကားသည် ဆရာဝန်ကို တိရစ္ဆာန်နှင့် နှိုင်းယှဉ်ရာရောက်သည်ဆိုကာ နောင်အခါတွင် တိရစ္ဆာန်ဆေးကုဆရာဝန်ဟူ၍ ပြုပြင်ခေါ်ဝေါ်ကြသည်။ ယခုအခါတွင်မူ ယခင်အခေါ် တိရစ္ဆာန်ဆရာဝန်ကို မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး ဦးစီးဌာနမှူးဟူ၍လည်းကောင်း ကျွန်တော်တို့ကို ကျေးမှူး သို့မဟုတ် ကျေးရွာအုပ်စု တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသဌာနမှူးဟူ၍ လည်းကောင်း အမည်သညာ မှည့်ခေါ်ထားကြပါသည်။

ကျွန်တော်သည် ကျေးမှူးအဖြစ်ဖြင့် ကျွန်တော် တာဝန်ယူရသည့် ကျေးရွာအုပ်စုအတွင်းတွင် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတို့ကိုသာ ဆောင်ရွက်ရသည်မဟုတ်ဘဲ၊ တိရစ္ဆာန်ဝမ်းဆွဲသည်အလုပ်ကိုလည်း အခြေအနေအရ လုပ်ဆောင်ရလေသည်။ ယင်းသို့ တိရစ္ဆာန်များကို ဝမ်းဆွဲပေးရသည့်အခါ လက်ဝဲလက်ကို အသုံးချရန် သင်ကြားမှတ်သားခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ကျွန်တော်သည် ဘဝပေးအခြေအနေအရ 'ဘယ်ကျော်ဖင်နှိုက်'ဖြစ်ခဲ့ရပါတော့သည်။

တိရစ္ဆာန်များသည် ပဋိသန္ဓေရှိသည့်အခါ သားငယ်သည် မိခင်၏ လက်ဝဲဘက်နံပါးနှင့် ကပ်၍နေသည်။ သို့ဖြစ်၍ တိရစ္ဆာန်မိခင်သည် သဘာဝအတိုင်း မွေးဖွားရန် ခက်ခဲနေသဖြင့် လူကဝမ်းဆွဲပေးရသည့်အခါ တိရစ္ဆာန်မိခင်၏သားဖွားလမ်းထဲသို့ လက်ဝဲဘက်လက်ကို သွင်းပြီး နှိုက်မှ သားငယ်ကို လွယ်ကူစွာ ဆွဲယူနိုင်လေသည်။

ကျွန်တော်သည် တိရစ္ဆာန်ဆေးကုအတတ်ပညာကို ကျောင်းတွင် သင်ရိုးအားလုံးကြေအောင် သင်ကြားတတ်မြောက်ခဲ့ပါသည်။ သို့ရာတွင် စာတွေ့မှ လက်တွေ့သို့ ကူးပြောင်းလာသည့်အခါ မည်သည့်စာအုပ်ထဲမှာမှ မပါ၊ မည်သည့်ဆရာကမှလည်း ပြောမပြခဲ့သည့်အဖြစ်အပျက် အကြောင်းအရာတို့ကို နဖူးတွေ့ဒူးတွေ့ တွေ့ကြုံနေရပါချေ၏။ ယခုလို နဖူးတွေ့ဒူးတွေ့ဟူသောစကားကို သုံးစွဲလိုက်ခြင်းမှာ အလင်္ကာနည်းအရ မဟုတ်ပါ။ တကယ့်ကိုယ်တွေ့အရ ဖြစ်ပါ၏။

ကျွန်တော် ဖတ်ရှုသင်ကြားခဲ့ရသည့် စာထဲတွင် နွားသည် ရပ်လျက် သားမွေးသည်ဟု ပါရှိပါသည်။ လက်စွဲစာအုပ်ထဲကပုံတွင် ထိပ်ကွက်၊ မြီးဆွတ်၊ ဆီးကြား ဝမ်းကြား အစရှိသော ရှစ်စပိတ်ကြွန်အင်္ဂါနှင့် ပြည့်စုံသော နွားမတစ်ကောင်က ရပ်လို့၊ တိရစ္ဆာန်ဆေးကုဆရာဝန်က ဖြူဖွေးစင်ကြယ်သော အင်္ကျီရှည်ကြီးကိုဝတ်လို့၊ သူ့လက်ဝဲဘက်လက်က နွားမ၏ သားဖွားလမ်းကြောင်းထဲသို့ သွတ်သွင်းသည် ဆိုရုံမျှ သွင်းလို့ သူ့မျက်နှာကလည်း ပြုံးလို့ သူအနှိုက်ခံရသည့် နွားမ၏ မျက်နှာကလည်း ပြုံးလို့ နွားတင်းကုတ်ကလည်း လေလုံ မိုးလုံအာကာစားရုံတမျှ သန့်ရှင်းလို့နေသည်ကို ဖော်ပြထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသံရုံးများက ထုတ်ဝေဖြန့်ဖြူးသည့် စာစောင်များကို ကြည့်မည်ဆိုလျှင်လည်း တိရစ္ဆာန်မွေးမြူရေးခြံများတွင် ဆရာဝန်သည် သန့်ပြန့်ကြော့ရှင်းတစ်ဦးဖြစ်ပြီး သူ့မျက်နှာသည် ပြုံးရွှင်နေသည်ကို တွေ့ရမည်။ ဘေးက ကြည့်နေကြသည့် လယ်သမားကြီးများကလည်း ပြုံးနေကြသည်ကို တွေ့ရမည်။ နွားမကလည်း တစ်သားမွေး တစ်သွေးလှဆိုသည့်အတိုင်း အလှကျက်သရေ ဖြိုးဝေနေသည်ကို တွေ့ရမည်။

ထိုမြင်ကွင်းများသည် ယခု ကျွန်တော်ဖြစ်နေရပုံနှင့်တော့ နံ့သာဆီနှင့် မစင်လို ကွာချင်တိုင်း ကွာလွန်းနေလေသည်။ ကျွန်တော့်မှာ ထိုဆရာဝန်တို့လိုမပြုံးနိုင်၊ ကျွန်တော့်ကို ကြည့်နေကြသော နွားရှင်နှင့် သူ့ဘေးကလူများသည်လည်း မပြုံးနိုင်။ နွားမမှာမူ သေတော့မည့်ပုံမျိုးဖြင့် တအားကုန် ညှစ်နေရှာရလေသည်။ သူ့ဒုက္ခက အခြားသူအားလုံးထက် အကြီးဆုံးဖြစ်နေလေရာ သူ့ခမျှာလည်း အဘယ်မှာ ပြုံးနိုင်ပါတော့အံ့နည်း။

ကျွန်တော့်ကိုလည်း ကြည့်ပါဦး။ စာအုပ်ထဲက ဆရာဝန်လို သန့်သန့်စင်စင် နွားမဘေးတွင် စမတ်ကျကျရပ်၍ နေရသည် မဟုတ်ဘဲ အုတ်ခဲများ စီထားသည့် သံမံတလင်းကြမ်းခင်းပေါ်တွင် ဝမ်းလျားကြီးမှောက်ကာ ကိုယ်အထက်ပိုင်း ဗလာနှင့် ရှိနေပြီး လဲလျောင်းနေသော နွားမ၏ သားဖွားလမ်းထဲသို့ လက်ဝဲလက်တစ်ခုလုံး တတောင်ဆစ်ဆုံးလုနီးနီး ထိုးသွင်းထားရလျက် ရှိနေပါ၏။ ထိုသို့ရှိနေရာတွင် နွားမသည် ညှစ်အားပေးလိုက်တိုင်းပေးလိုက်တိုင်း ကျွန်တော်၏လက်ကို တွန်းထုတ်လိုက်သကဲ့သို့ ရှိလေရာ ကျွန်တော်သည် လူရော လက်ပါ နောက်သို့ လျှောမသွားရလေအောင် ခြေဖျားနှစ်ဖက်ကို အုတ်ခဲကြားသို့ သွင်းထားကျားကန်ထားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နဖူးရောဒူးပါ ကြမ်းပြင်နှင့် သစ္စာနှံနေရသည့် အဖြစ်မျိုးသို့ ရောက်ရှိနေလေရာ အကယ်၍သာ ဖျင်ကြမ်းဘောင်းဘီကို ဝတ်၍မထားလျှင် နဖူးပြီဒူးကွဲပြီး သွေးရဲရဲသံရဲရဲထွက်ကာ နွားမကိုယ်မှ ဆင်းကျလာသည့် သွေးများနှင့် ခွဲခြား၍မရအောင် ရှိမည်မှာ မလွဲပေ။ ထို သွေးရည်များသည် နွားတင်းကုပ်ထဲက နောက်ချေးလား၊ ရွှံ့လား ခွဲခြား၍ မရသော အညစ်အကြေးများနှင့် ရောထွေးကာ ကျွန်တော့်တစ်ကိုယ်လုံး ကို လိမ်းကျံပေရေလျက် ရှိလေတော့သည်။ အကယ်၍သာ အားနေသော လက်ဘဘက်လက်ဖြင့် နွားမြီးကို ကိုင်၍ မထားလျှင် မျက်နှာကိုပါ နွား သနပ်ခါးလိမ်းပြီးသား ဖြစ်ရပေလိမ့်မည်။

ကျွန်တော်သည် နွားကလေးကို ကြိုးနှင့်ဆွဲယူရမည် ဖြစ်သဖြင့် နွားမကိုယ်ထဲသို့ သွင်းလိုက်သည့် လက်ထဲတွင် ကြိုးသေးသေးတစ်ချောင်း လည်း ပါရှိရလေသည်။ ခက်ပုံမှာ နွားမသည် ညှစ်အားပေးလိုက်သည့် အခါတိုင်း လက်ကျွတ်၍ ထွက်မလာအောင်နှင့် ထိုကြိုးလွတ်မသွားရလေ အောင် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားရသည့်ပြင် လက်ကို လည်း တောင့်ထားရ၏။ သို့ဖြင့် လက်အန်သေလုမတတ် ရှိရပြီး၊ နွားမ ၏ ညှစ်အားတစ်ချက် နားလိုက်စဉ်အခါမှ ကျွန်တော့်လက်ကို ရှေ့သို့ တစ်လက်မခန့်တိုး၍ သွားရခြင်း ဖြစ်ပေသည်။

သည်လိုနှင့် နာရီဝက်နီးပါးမျှ ချွေးဒီးဒီးကျတော့မှ နွားကလေးကို လက်ဖြင့် စမ်းမိလေသည်။ ထိုသို့ စမ်းမိသည့်အခါကျမှ နွားသားငယ်သည် သားဖွားလမ်းပေါက်ဘက်သို့ ဦးခေါင်းလှည့်မနေဘဲ သမင်လည်ပြန် ဖြစ် နေသည်ကို အသေအချာ တွေ့ရလေသည်။

သည်တွင်မှ ကျွန်တော့်အဖို့ အခက်ကြီး ကြုံရပေတော့၏။ ကျွန်တော်၏ တာဝန်သည် နွားငယ်ကလေးကို သူ့မိခင်ဝမ်းမှ ကျွတ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူရမည်။ ယင်းသို့ ထုတ်ယူရာတွင် မိခင်နှင့်တကွ နွားငယ်ပါ အသက်ရှင်မှုကို ရှေးဦးစွာ ကြိုးစားရမည်။ သို့သော် ယခုလိုအခြေအနေမျိုးနှင့် ကြုံ လာလျှင် တိရစ္ဆာန်ဆေးကုဆရာဝန်တိုင်းလိုပင် စစ်မရောက်မီက မြားကုန်လေပြီဆိုသည့် စစ်သူကြီးမျိုးကဲ့သို့ စိတ်လျှော့တတ်ချင်ကြလေသည်။ ကျွန်တော်လည်း ဖြစ်မှဖြစ်ပါ့မလားဟူသော သံသယစိတ်ဝင်ချင်လာသည်။

ကျွန်တော့်နည်းတူ၊ ဘေးကကြည့်ရှုနေကြသည့် လယ်သမားကြီးများကလည်း ဖြစ်မှဖြစ်ပါ့မလားဟု သံသယ ဖြစ်လာကြသည်။ ထိုသို့ဖြစ်ခြင်းကို သူတို့ပြောဆိုဝေဖန်နေကြသည့်စကားများက ဖော်ပြနေလေသည်။

"သည်ပုံဆိုရင်တော့ နွားမကို ဝေဒနာ တာရှည်ခံစားမနေရအောင် ကိစ္စတုံးပစ်မှ ဖြစ်တော့မယ် ထင်တယ်"

"အေးဗျာ၊ ဖြစ်နိုင်ပုံမပေါ်ရင်တော့ နွားသတ်ကုလားလက်ထဲ အပ်လိုက်တာ ကောင်းမယ်။ နွားမက ကောင်လုံးလည်းကြီးအသားလည်းများလို့ အိစ္စပ်ဘိုင်ကတော့ ဈေးကောင်းကောင်း ပေးမှာပါပဲ"

"နွားမက ဝမ်းခေါင်းကျယ်ရင်လည်း အကောင်းသား။ နွားကလေးကို ခေါင်းလှည့်လာအောင် ဆွဲယူလို့ ရချင်ရဦးမယ်"

လူများအဖို့ ယောကျာ်းဖောင်စီး မိန်းမမီးနေ ဟူသော စကားရှိသော်လည်း ယနေ့ကာလတွင် မိန်းမများ၏ မီးယပ်သားဖွားသည့်ကိစ္စမှာ ဘာမျှ စိုးရိမ်ကြောက်ရွံ့စရာ မရှိသည့်အပြင် ထမင်းစားရေသောက်သည့် အလုပ်လောက် လွယ်ကူလှပေ၏။ မွေးလူဖွားခင်ဖြစ်နေသော ကလေးသည် သားဖွားလမ်းပေါက်ဘက်သို့ ခေါင်းမစိုက်ဘဲ ကန့်လန့်ဖြစ်နေလျှင် မိခင်၏ ဗိုက်ကိုခွဲ၍ မွေးနိုင်လေသည်။ ဤသားဖွားမီးယပ်အတတ်သည် လွန်စွာ တိုးတက်လျက်ရှိရာ အချို့သော အမျိုးသမီးတို့သည် ကလေးကို မွေးတာလမ်းကြောင်းအတိုင်း မွေးဖွားလာအောင် မစောင့်ကြဘဲ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားလိုသော နေ့ရက် အချိန်အခါတွင် မိုက်ကိုခွဲ၍ မွေးနေကြလေပြီ။

နွားများအဖို့မှာ ယခုလိုသန္ဓေသားသည် သားအိမ်တွင်း၌ သမင်လည်ပြန် ဖြစ်နေလျှင် နွားငယ်၏ အသက်ရှူလေပြွန်ခေါက်နေ၍သော်လည်းကောင်း၊ မိခင်နွားမ၏ ညှစ်အားကို ကြာကြာမခံနိုင်၍လည်းကောင်း၊ နွားငယ်သည် အမိဝမ်းထဲမှာပင် သေ၍ နေတတ်လေသည်။ ထိုအခါမျိုးတွင် နွားငယ်ကို တစ်ပိုင်းတစ်စစီဖျက်၍ ထုတ်ယူရလေသည်။

ထိုကဲ့သို့ အမိဝမ်းတွင်း၌ သေနေသော နွားငယ်အား မည်သို့ဖျက်၍ ထုတ်ယူရမည်ကို နည်းမျိုးစုံ ဖော်ပြထားသည့် တအုပ်တွေ တစ်ပုံတစ်ခေါင်းကြီး ရှိသလောက် ထိုနည်းမျိုးစုံကို ကျွန်တော် ဖတ်ဖူးထားသဖြင့် မည်သည့်နည်းဖြင့် ဖျက်ထုတ်ရစေကာမူ ကျွန်တော် လုပ်နိုင်ပါသည်။ ထိုအထဲတွင် အကောင်းဆုံးနည်းကတော့ လွှကြိုးသွင်း၍ ကိုက်ဖြတ်ခြင်းဖြစ်၏။ လုပ်နည်းမှာ ပိုင်ယာကြိုးတစ်ချောင်းကို သွင်းထားသော ပိုက်လုံးသေးသေးကလေးနှစ်ခုကိုပူး၍ နွားမ၏ကိုယ်ထဲသို့ ဦးစွာသွင်းလိုက်ရသည်။ ထိုသို့သွင်းရာတွင် ပိုက်ကလေးနှစ်ခုမှ ကြိုးစနှစ်စထွက်နေသည့်ဘက်ကို အပြင်က ထားရပြီး ကြိုးခေါက်နေသည့်ဘက်ကို အထဲသို့ သွင်းရသည်။ ထို့နောက် နွားမကိုယ်တွင်းသို့ ရောက်နေသော ကြိုးခေါက် ကို ဆွဲထုတ်ပြီး နွားငယ်၏လည်ပင်းကို စွပ်လိုက်ရ၏။ သည့်နောက် အပြင်သို့ ထွက်နေသည့် ကြိုးစနှစ်စကို တစ်လှည့်စီဆွဲ၍ ပေးရလေသည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ပိုင်ယာကြိုးသည် နွားငယ်၏ဇက်ကို ပြတ်သွားအောင် လွှတိုက်သလို တိုက်ဖြတ်ပေးလိုက်လေသည်။

ဤနည်းအားဖြင့် နွားငယ်၏ခေါင်းလက်ခြေ စသည်တို့ကို တစ်စစီ တစ်စစီ ဖျက်ထုတ်ယူရလေရာ နွားငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့သည် နွားတင်းကုတ်သံမံတလင်း သို့မဟုတ် မြေပေါ်တွင် သွေးသံရဲရဲ

www.burmeseclassic.com



ပြန့်ကြဲနေခြင်းဖြင့် အဆုံးသတ်လေတော့သည်။ သို့သော် ထိုကဲ့သို့ နွားကလေးကို ဖျက်ထုတ်ခြင်းမှာ နွားမ၏ဗိုက်ထဲတွင် နွားငယ်သေနေမှသာ ပြုလုပ်ကြရစမြဲ ဖြစ်ပေသည်။ ယခုမှာမူ နွားငယ်သည် မိခင်၏ဝမ်းထဲတွင် ငွေ့ငွေ့ကလေး အသက်ရှင်လျက် ရှိနေသဖြင့် သင်းကလေးကို အသက်နှင့်တကွ အပြင်သို့ ထွက်လာအောင် လုပ်ယူရဖို့ရှိနေသည်။

ယခုလို အကျပ်အတည်းနှင့် ကြုံတွေ့နေရသည့်အခါမျိုးတွင် ခေါင်းအေးအေးနှင့် ဖြေရှင်းဖို့လိုသည်။ ထိုသို့ စဉ်းစားရမည့်အချိန်တွင် ဘေးက သူတစ်ပေါက် ငါတစ်ပေါက် ပြောကြသောစကားများကြောင့် နားယောင်ကာ အမှားမှားအယွင်းယွင်း ဖြစ်တတ်လေသည်။

ကျွန်တော်သည် ဘေးပတ်ဝန်းကျင်မှ ဝေဖန်ပြောဆိုနေကြသူတို့ကို ဂရုမစိုက်ပါ။ အထူးသဖြင့် ထိုသို့ ပြောဆိုကြသူတို့အထဲတွင် နွားရှင်ဦးသာဆင်နှင့် သူ့သား ကိုစိန်ကဲတို့ မပါဝင်ကြသဖြင့် မည်သူ့ကိုမျှ ဂရုစိုက်နေစရာမလိုပေ။ ကျွန်တော်သည် တောင်သူလယ်သမားများနှင့် အထိအတွေ့၊ အတော်အတန် ရှိနေပြီဖြစ်၍ သူတို့အထာ ကို ကောင်းစွာ သိနေပါ၏။ ကျွဲနွားဆိတ်ဝက်တို့နှင့် ပတ်သက်လာလျှင် တိရစ္ဆာန်ဆေးကုပါရဂူကြီးများပမာ ကောင်းစွာ အကြံပေးတတ်ပြောတတ်ဆိုတတ် ရှိကြသည်။ အစစအရာရာ သူတို့သာ အသိဆုံး အတတ်ဆုံး နားအလည်ဆုံး ဖြစ်ကြ၏။ သို့ရာတွင် သူတို့၏ ကိုယ်ပိုင်ကျွဲနွား ဆိတ်ဝက်တို့နှင့် ပတ်သက်လာသည့်အခါ၌မူ ကျေးမှူး သို့မဟုတ် မြို့နယ်မှူးထံ အပြေးအလွှား သွားရောက်အကူညီတောင်းတတ်ကြလေသည်။

ထိုသို့ သူတစ်ပါးအပေါ်တွင် ဆရာလုပ်တတ်သူတို့အထဲ၌ ဘကြီးဘိုးသည် အဆိုးဆုံးဖြစ်၏။ သူသည် ရွာထဲတွင် သက်ကြီးဝါကြီး ဗိုလ်ကြီးတစ်ဦးဖြစ်၍ သူ့ကို တစ်ရွာလုံးက ရိုသေလေးစားကြ၏။ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



စွယ်စုံကျမ်းကြီးပမာ သဘောထားကြကာ သူပြောသမျှကို နာယူကြ၏။ ဒုမင်္ဂလ သုမင်္ဂလကိစ္စအဝဝတွင် သူမပါလျှင် မပြီးချေ။ သူကလည်း နေရာတကာတွင် ပါတတ်လေသည်။

ဘကြီးမိုးသည် ဦးသာဆင်၏ ခြံဝင်းထဲတွင် လှုပ်လှုပ်ရွရွနှင့် ဖြစ်နေကြသည်ကို လမ်းတစ်ဖက်ရှိ သူ့အိမ်မှ လှမ်း၍ မြင်ရသဖြင့် ဦးသာဆင်၏အိမ်ဘက်သို့ ကူး၍လာလေသည်။

"နေဝင်မိုးချုပ်ခါနီးမှ ဘာတွေများ လုပ်နေကြတာလဲ"

ဘကြီးမိုးက စပ်စု၏။

ကျွန်တော်သည် ဘကြီးမိုးအကြောင်း ကြားဖူးသော်လည်း သူ့ကို ယခုပင် တွေ့ရဖူးလေသည်။ သူသည် အသက် ၇၀ ကျော်နေပြီဖြစ်သော်လည်း ကောင်းစွာ ကျန်းမာသန်စွမ်းလျက်ပင် ရှိပေသည်။ သူ့လက်ထဲတွင် တုတ်တစ်ချောင်းပါလာသည်မှာ သူ၏ တောင်ဝှေးမဟုတ်ဘဲ တောသူ တောင်သားတို့၏ ဓလေ့အတိုင်း ကိုင်ဆောင်လာခြင်း ဖြစ်ပါသည်။

ဦးသာဆင်က ဘကြီးမိုး၏ မေးမြန်းချက်ကို စိတ်ရှည်လက်ရှည် ပြန်၍ ဖြေသည်။ ကျွန်တော်ကမူ သူ့ကို တစ်ချက်မျှ လှည့်ကြည့်လိုက်ပြီး ကျွန်တော့်အလုပ်ကိုပဲ ဆက်လက်၍ လုပ်နေလိုက်သည်။

"ဆရာလေးက ဘယ်သူလဲ"

ဘကြီးသည် ကျွန်တော့်ဘက်ကို လှည့်၍ စပ်စုလိုက်ပြန်သည်။ ကျွန်တော်က ကျေးရွာအုပ်စုတိရစ္ဆာန်ဆေးမှူးပါ၊ နာမည်ကတော့ မောင်လွန်း ဝေလို့ ခေါ်ပါတယ်"

ကျွန်တော်သည် ဘကြီးမိုးကို လှည့်၍မကြည့်ဘဲ အလုပ်လုပ်ရင်းက လှမ်း၍ပြောရသည်။

"ကျုပ်တို့မိတ်ဆွေ တိရစ္ဆာန်ဆရာဝန်ကြီး ဦးကျွန်းဇော်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အင်မတန် တော်တယ်။ ဒီလို သားဆုတ်ရတာမျိုးလောက်တော့ ဈေးတပေါက်မှမကျရအဲ လုပ်နိုင်တယ်။ တကယ်ရှာမှရှားတဲ့လူတစ်ယောက်ပါပဲ သူ့ကိုတော့ တူတော်မောင်သိမှာပေါ့"

ဗျော ခက်ချေပြီ။ ကိုယ့်ဟာကိုယ် အလုပ်များနေရသည့်အထဲ သောကြာလေအိုး စကားမျိုးနှင့် တွေ့နေရပြန်သည်။ ကျွန်တော်သည် ဘကြီးနေရာတွင် အခြားသူတစ်ယောက်သာဖြစ်နေပါလျှင် စကားပြန်၍ ပြောမည်မဟုတ်ပေ။ ယခုမူ တစ်ရွာလုံးက ရိုသေလေးစားကြရသော သက်ကြီးရွယ်အိုတစ်ဦး ဖြစ်သဖြင့် အလိုက်သင့် ပြန်၍ အဖြေပေးလိုက်ရလေ၏။

"ဦးကွန်းဇော်ကိုတော့ ကျွန်တော် ကြားဖူးပါတယ်၊ တွေ့လို့တော့ မလုပ်ဖူးပါဘူး၊ အငြိမ်းစားယူသွားပြီနဲ့ တူပါတယ်"

ကျွန်တော်က စကားကို အပြတ်ပြောလိုက်ပါသည်။ သို့သော် ဘကြီးက အမေးအမြန်းရပ်၍ မသွားဘဲ ကျွန်တော့်စကားကို ခြေရာကောက်၍ နောက်ထပ်ပုစ္ဆာထုတ်လိုက်ပြန်ပါသည်။

"ဆရာလေးက ဒီအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော်လုပ်တာ ဆယ်လလောက်ပဲ ရှိပါသေးတယ်"

"ဪ...လုပ်သက်က အင်မတန် နုနေသေးတာကို။ ကျောင်းဆင်းစနဲ့တူတယ်။ အဲဒါ စကားပြောတာပဲ။ အတွေ့အကြုံများသူနဲ့ အတွေ့အကြုံနည်းသူ ဒီမှာကွာတာပဲ၊ ဘယ်အရာမှာမဆို အတွေ့အကြုံဟာ အရေးအကြီးဆုံး၊ ဒါကြောင့် ဆိုတယ်မဟုတ်လား၊ သမားအိုစေ ရှေ့နေပျိုစေတဲ့။ ဆေးကုတဲ့သူတွေဟာ အသက်ကြီးလေ အတွေ့အကြုံများလေ ဆေးစွမ်းလေပဲပေါ့။ ကျုပ်တို့ကတော့ တတတ်သူတွေထက် အတွေ့အကြုံများသူကိုမှ ပိုပြီးအားကိုးတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ အဘိုးကြီးက လာပြီး 'ကော်' နေပြန်ချေပြီ။ ရုတ်တရက်သော် ကျွန်တော်သည် အဘိုးကြီးအပေါ် ထောင်းခနဲ ဒေါသဖြစ်မိသည်။ သို့ဖြစ်၍ အနီးရှိ ရေပုံးကိုဆွဲ၍ ပုံးထဲကရေဖြင့် အဘိုးကြီးကိုယ်ပေါ်သို့ လောင်းချကာ သူ့ခေါင်းကို ထိုသံပုံးနှင့် စွပ်ထားခဲ့ပြီး တစ်ကြိုးတည်းထွက်၍ ပြေးလိုက်ချင်တော့သည်။ သို့သော် ကျွန်တော်သည် ထိုအချိန်တွင် နွားငယ်၏ နှုတ်သီးကို စမ်း၍ တွေ့ရပြီး အောက်မေးကို ကြိုးကွင်းလျှောဖြင့် စွပ်မိနေပြီဖြစ်၍ ဘကြီးမိုးကို အရေးမထားနိုင်တော့ဘဲ နွားကလေး၏မေးဖျားက ကွင်းလျှောကို တင်းနေအောင်ဆွဲလိုက်ရလေသည်။ ကျွန်တော်၏ အလုပ်သည် အောင်မြင်ခြင်းလမ်းစသို့ ရောက်ရှိလာလေပြီ။

"ကဲ...ကိုစိန်ကဲရေ ဟောဒီကြိုးကို သာသာလေးနဲ့ ခပ်တင်းတင်းလေးဆွဲပေးပေတော့၊ ကျွန်တော်က လက်နဲ့ကူပြီးတော့ သူ့ခေါင်းကို လှည့်ပေးမယ်၊ ဟုတ်လား"

"နေပါဦး၊ ကြိုးက ဘယ်မှာချည်ထားတာလဲ၊ ပြုတ်သွားရင် မခက်ဘူးလား"

ကျွန်တော်က ဘကြီးမိုး၏ စကားကို မဖြေဘဲ ထားလိုက်သည်။ သူ့ကို အာရုံစိုက်နေမိလျှင် ကျွန်တော့်အလုပ် မတွင်ကျယ်ဘဲရှိမည်။ ထို့ကြောင့် ကိုစိန်ကဲအား ကြိုးကို မှန်မှန်ဆွဲခိုင်းရင်း ကျွန်တော့်လက်က နွားငယ်ခေါင်းကို ညင်ညင်သာသာ လှည့်ပေးရလေသည်။

"ကြိုးကို တုပ်တုပ်မဆွဲနဲ့ ကိုစိန်ကဲ၊ ဖြည်းဖြည်းလေးဆွဲ၊ ဟုတ်ပြီ ဟုတ်ပြီ"

နွားငယ်၏ ဦးခေါင်းသည် ထွက်ပေါက်လမ်းဘက်သို့ တည့်တည့်လှည့်၍ မှော့ပြီးဖြစ်ရာ ရှေ့ခြေနှစ်ချောင်းပေါ်တွင် သူ့ခေါင်းကို မေးတင်ထားသည့် အနေအထားသို့ရောက်အောင် ကျွန်တော့်လက်ဖြင့် ပြုပြင်ပေးရလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့နောက် ကြိုးကွင်းလေးကို နွားငယ်၏ နားရွက်နောက်သို့ [illegible] ခပ်မြန်မြန်ဆွဲ၍တင်လိုက်၏။

“ကဲ... နွားလေးက ညှစ်အားပေးတာနဲ့ မှန်းမှန်းပြီ ခေါင်းကိုဆွဲပေ [illegible]”

“ဟာ... ခေါင်းက ဆွဲလို့ဘယ်ဖြစ်ပါ့မလဲ၊ ခြေကိုဆွဲမှပေါ့’ ဘကြီးမိုး [illegible]ပြန်သည်။

“ချို့ ကိုစိန်ကဲ၊ ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်၊ သူများစကား နားထောင်မနေနဲ့”

ဘကြီးမိုးသည် ကျွန်တော့်ကို စိတ်ချဉ်ပေါက်သွားကာ ပစ်ခနဲ တံတွေးတစ်ချက်ထွေးပြီး ခပ်လှမ်းလှမ်းသို့ ရှောင်သွားတော့၏။

ကိုစိန်ကဲသည် ကျွန်တော်ပြောသည့်အတိုင်း ကြိုးကို မှန်မှန်ဆွဲပေးရာ ခဏအကြာတွင် နွားငယ်၏ ခေါင်းသည် အပြင်သို့ ထွက်၍ လာလေသည်။ ထို့နောက် နွားငယ်၏ တစ်ကိုယ်လုံးထွက်၍ ကျလာလေသည်။ နွားငယ်သည် မြေပြင်ပေါ်သို့ကျသည်နှင့် မလှုပ်မရှက်ဖြစ်နေ၏။ မျက်လုံးများကလည်း ဘာကိုမျှမမြင်သကဲ့သို့ ဖန်ဂေါ်လီလိုဖြစ်နေပြီး လျှာမှာ ပြာနှမ်းနှမ်းနှင့် ရောင်အန်းနေသည်။

“သေမှာပါပဲ၊ မရှုသေမှာပါ”

ဘကြီးမိုးသည် အနားသို့ပြန်၍ရောက်လာပြီး မှတ်ချက်ပေးလိုက်ပြန်သည်။

ကျွန်တော်သည် နွားပေါက်ကလေး၏ ပါးစပ်မှ အကျိအချွဲများကို သန့်စင်လိုက်ပြီး သူ့လည်ချောင်းထဲသို့ လေပြင်းပြင်းမှုတ်သွင်းကာ အသက်ရှူ အောင်လုပ်ပေးသည်။ နံဘေးနှစ်ဖက်ကိုလည်း နှိပ်နယ်ပေးသည်။ နွား ကလေးသည် မျက်တောင်များခတ်လာကာ ပင့်သက်တစ်ချက်ရှိုက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မှန်မှန်အသက်ရှူနိုင်လာသည်။ ခြေတစ်ဖက်လည်း လှုပ်လာသည်။

ဘကြီးမိုးသည် မယုံနိုင်သကဲ့သို့ သူ့ခေါင်းကို တစ်ချက်မျှကုတ်လိုက်ကာ တစ်ဖက်ကို ပြင်၍ ပတ်သည်။ ပါးစပ်ကိုလည်း အနားမထားချေ။

"ဗုဒ္ဓေါ မြတ်စွာဘုရား၊ ကျုပ်ကတော့ ဆရာလေး တောလုပ်တောင်လုပ်နဲ့ နွားကလေးတော့ သေပြီလို့ တစ်ထစ်ချ အောက်မေ့ထားတာ။ အခုတော့လဲ ဟုတ်နေသား"

အဘိုးကြီးသည် စောစောကလို ဒေါနှင့်မောနှင့် မဟုတ်တော့ဘဲ ပျော့၍လာသည်ကို တွေ့ရသဖြင့် ကျွန်တော်သည် စိတ်ထဲက ပြုံးလိုက်မိသည်။ သူ့ကိုတော့ စကားပြန်၍မပြောအားပေ။ ကျွန်တော့်အဖို့ သူ့ထက် နွားသားအမိက ပို၍အရေးကြီးနေပါသည်။

သည်အချိန်တွင် မိခင်နွားမမှာ အားအင်ကုန်ခမ်းကာ ခြေလေးဖက်ဆန့်တန်း၍ လည်စင်းနေလေပြီ။ မျက်လုံးများကလည်း မှေးမှိတ်လျက်ရှိ၏။ သူသည် တစောင်းလှဲလျက် လောကကြီးတစ်ခုလုံးကို မေ့လျော့ကာ ဘာကိုမျှ ဂရုမစိုက်နိုင်သကဲ့သို့ ရှိနေ၏။ သူ့နံရိုးများသည် ကားချေ ကြုံ့ချေ ရှိနေသဖြင့်သာ သူသည် အသက်ရှိနေသေးခြင်းကို သိရလေသည်။

ဤအခြေအနေတွင် ဘာလုပ်ရမည်ကို ကျွန်တော် ကောင်းစွာနားလည်သဘောပေါက်သည့်အလျောက် သားပေါက်ကလေးကို ချီမပြီး သူ့မိခင်၏ မျက်နှာနားသို့ကပ်၍ ပေးလိုက်သည်။ နွားမသည် သားငယ်၏ ကိုယ်ကို တွေ့ထိရမိသည်နှင့် သူ့တစ်ကိုယ်လုံး ပြောင်းလဲလှုပ်ရှားလာသည်။ သူ့နှုတ်သီးဖြင့် သူ့အနားရှိ အရာဝတ္ထုကို ပွတ်တိုက်ကာ ရှူရှိုက်ကြည့်သည်။ ထိုသို့ အနံ့ခံ၍ ကြည့်လိုက်တိုင်း ကြည့်လိုက်တိုင်း ပို၍

www.burmeseclassic.com

www.burmeseclassic.com



သိလိုဇောပြင်းပြလာကာ သူ မျက်လုံးများကို ဖွင့်ကြည့်သည်။ ထို့နောက် သူသည် လဲနေရာက သူ့ရင်ပေါ်တွင် ဝပ်နိုင်အောင် ကြိုးစားပြီး သူ့ကိုယ်ကို ထူမလိုက်သည်။ သူသည် သားငယ်ကို မြင်ရတွေ့ထိရသည်နှင့် ဝမ်းသာ အားတက်သွားသည်။ သူ့သားကို အူထဲအသည်းထဲက လှိုက်လှဲသော မေတ္တာကို ဖော်ပြသည့်အလား သူ့ရင်ထဲက ထူးခြားသောမြည်သံသည် အဆက်မပြတ် ထွက်လာသည်မှာ 'သားကလေး လူကလေး အမေ့သား လေး' ဟု ခေါ်နေသလား ထင်ရသည်။

နွားမသည် တိရစ္ဆာန်တို့၏ မွှတာ မိခင်၏ မေတ္တာဖြင့် သားငယ်၏ ကိုယ်ပေါ်မှ အညစ်အကြေးများကို လျှာဖြင့်လျက်ပေးသည်။ များမကြာမီ နွားကလေး၏ ကိုယ်တွင် စွဲကပ်နေသော အညစ်အကြေးများ သန့်စင်သွားသည့်အပြင် နွားမ၏ လျှာပူငွေ့ဖြင့် နွားကလေးသည် အားအင်တက်ကြွလန်းဆန်းလာကာ ထနိုင်လာလေသည်။ မိခင်၏မေတ္တာနှင့် သဘာဝတရားကား ဆန်းလှပေစွ။

ကျွန်တော်သည် တစ်ကိုယ်လုံး ရိုက်နှက်ခံထားရသလို နာကြင်နေသော်လည်း ကျွန်တော်၏ အောင်မြင်မှုနှင့် မိခင်၏မေတ္တာတရားကြီးမားမှုကို ကိုယ်တိုင်တွေ့မြင်နေရသောကြောင့် ထိုဒုက္ခဝေဒနာတို့ကို မေ့ပျောက်ကာ ပျော်ရွှင်၍ နေလေတော့သည်။ သို့ဖြင့် ကျွန်တော့် ကိုယ်ပေါ်တွင် လိမ်းကပ်နေသော အညစ်အကြေးများကိုပင် ဆေးကြောဖို့ စိတ်မကူးအားပေ။ လောလောဆယ်အားဖြင့် ထိုအညစ်အကြေးများကို ရေစုတ်ဖတ်ဖြင့်သာ ပွတ်တိုက်ရကာ အိမ်သို့ပြန်၍ရောက်မှ ရေနွေးဖြင့် ဆေးကြောကာ ရေဝဝချိုးတော့မည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်ရသည်။

ယင်းသို့ ကျွန်တော့် ကိုယ်ကို ရေစုတ်ဖတ်ဖြင့် ပွတ်တိုက်ပြီးနောက် ရှပ်အင်္ကျီကို ကောက်၍ ဝတ်နေစဉ် ဦးသာဆင်သည် ကျွန်တော့်အနီးသို့

www.burmeseclassic.com

www.burmeseclassic.com



ကပ်ရောက်လာသည်။

'အားကလေး ရှိသွားအောင် အရက်နည်းနည်းလောက် လိုမလား' ကျွန်တော်သည် ကြားရသည့်စကားကို မယုံနိုင်အောင်ရှိသော်လည်း သူ့စကားနှင့်ပင် အတော်ကလေး အားရှိသွားကာ နံ့ချိုချိုက ပြုံးစိစိဖြစ်လာလေသည်။

"ကျေးဇူးပါပဲဗျာ။ အမေပြောတဲ့ အမောပြေကလေးတစ်ခွက်တစ်ဖလားလောက် သောက်လိုက်ရင် ထမင်းမစားခင် အတော်ပဲ"

"ကျုပ်က နွားမကို အရက်တိုက်ရကောင်းမလားလို့ မေးတာပါ"

ကျွန်တော့်မှာ မှန်းချက်နှင့် နမ်းထွက်မကိုက်၍ အရမ်းရှက်လိုက်မိသော်လည်း ဣန္ဒြေဆည်ကာ ကိုယ့်စကားကိုယ် ပြန်၍ ဖာလိုက်ရလေ၏။

"ကောင်းပါတယ်။ ကောင်းပါတယ်။ လူများလဲ မီးနေသည်ကို ဘရန်ဒီလေး ဘာလေး တိုက်ကြရတယ် မဟုတ်လား။ နွားမကိုလည်း အရက်တိုက်နိုင်ရင် ကောင်းတာပေါ့။ လုပ်ပါ၊ လုပ်ပါ"

ဘကြီးမိုးသည် ကျွန်တော့်ကို မျက်မှောင်ကြုပ်၍ ကြည့်ကာပါးစပ်က တရှူရှူဖြစ်နေသည်။

ကျွန်တော်သည် ဘကြီးမိုး၏ မျက်နှာအရိပ်အကဲကို ကြည့်ကာချွန်းတော့မည့်မိုးကို ကြားယောင်ယောင်ရှိ၍ ကျွန်တော့်ပစ္စည်းကိရိယာများကို ကမန်းကတန်း ကောက်ယူသိမ်းဆည်းပြီး ခြံဝင်းအပြင်ဘက်သို့ ခပ်သွက်သွက်ထွက်ခဲ့ရ၏။ သို့သော် ဘကြီး၏စကားတို့ကိုကား မကြားရဘဲ မရှိချေ။

"ဘယ့်နှယ်ကွာ နွားကို မီးနေတဲ့လူလို အရက်တိုက်ရတယ်လို့ ကြားပဲကြားဖူးပါဘူး။ တကယ်ဆိုရင် သားဖွားတဲ့ နွားမကို ထုံးစံအတိုင်း နနွင်းမှုန့်ခံပေးမယ်။ ရေနွေးထဲ ဆားကို ဟင်းစားဇွန်းနဲ့ တစ်ဇွန်းလောက်

www.burmeseclassic.com

www.burmeseclassic.com



ရောစပ်ပြီး ညမနက် သုံးရက်လောက် ဆက်ပြီး တိုက်မယ်ဆိုရင် ဟုတ်သေးရဲ့။ အဲဒါ နွားမကို ဆီးကောင်း ဝမ်းကောင်းလာအောင် တို့ဘိုးဘွားလက်ထက်ကတည်းက သုံးလာတဲ့ ဆေးပဲဟာ”

ကျွန်တော်သည် ဘကြီးနှင့် တဖြည်းဖြည်း ဝေး၍ လာသဖြင့် သူနောက်ထပ် ဘာတွေပြောသေးသည်ကို မကြားရတော့ပေ။ တစ်ချက်တစ်ချက် ဝင်းခနဲ လက်ခနဲ အရောင်ထွက်ကာ ရှာထဲ၌ လူးလာပျံသန်းနေကြသော ပိုးစုန်းမြူးများနှင့် အားချင်းပြိုင်သကဲ့သို့ မီးကလေး မှိတ်တုတ်မှိတ်တုတ်နှင့် ရှိနေကြသော တဲအိမ်ကလေးများနှင့်လည်း တဖြည်းဖြည်း ဝေးကွာလာခဲ့လေ၏။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကျွန်တော်သည် ဘယ်ပုံဘယ်နည်းဖြင့် ဘယ်ကျော်ဖင်နှိုက် ဖြစ်လာရခြင်းကို ပြောပြပြီးပါပြီ။ ထိုသို့ပြောပြလိုက်ခြင်းမှာ ရုပ်သေးကပြရာတွင် တိုင်းပြည်တည်ခန်းမပါဘဲ မင်းသားဂွမ်းခန်းကိုဖောက်၍ ပြသကဲ့သို့ ဖြစ်နေပါသည်။ သို့ပါ၍ ဘယ်ကြောင်းကြောင့် ဘယ်ကျော် ဖင်နှိုက်ဘဝသို့ ရောက်ရှိလာရခြင်းကို ရုပ်သေးတွင် ဟိမဝန္တာခန်းက စ၍ ကပြသလို တင်ပြရပါလိမ့်မည်။

ကျွန်တော့်ကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက စစ်ပြေးရင်း ဟံသာဝတီခရိုင်အတွင်းက 'ဣသယ'ရွာတွင် မွေးပါသည်။ ထိုစဉ်က ကျွန်တော့်မိခင်မှာ မကျန်းမမာ လွန်စွာအားနည်းရသည့်အထဲ သူလွယ်ထားရသည့် ပဋိသန္ဓေမှာ သားအမြွှာဖြစ်နေပါသည်။ သို့ရာတွင် ထိုသို့သားအမြွှာပဋိသန္ဓေရှိနေခြင်းကို စောစောက မသိရပါ။ ကျွန်တော့်ကို ဦးစွာမွေးဖွားပြီးမှ အမိဝမ်းထဲတွင် ကလေးတစ်ယောက်ကျန်ရှိနေသေးကာ အမြွှာဖြစ်နေမှန်းသိကြရပါသည်။ ရွာကလေးမှာ ရွာငယ်ဖြစ်၍ ဝမ်းဆွဲဆရာမရှိဘဲ အရပ်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဆွဲနှင့် မွေးရပါသည်။

မိခင်သည် ကျွန်တော့်ကို မျက်နှာမြင်ပြီးနောက် ကျန်နေသေးသည့် ကလေးကို ဆက်တိုက်မွေးနိုင်သည့် အခြေအနေမရှိသလောက် အင်အား ကုန်ခမ်းနေပါပြီ။ လက်သည်ကလည်း အရပ်ဝမ်းဆွဲဖြစ်နေပြီး ထိုသို့ ခက်ခက်ခဲခဲသားဖွား၍ မပေးခဲ့ရဘူးသဖြင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ် နေခဲ့ပါသည်။ သို့ဖြင့် ကျွန်တော့်အောက်က ကလေးသည် ကျွန်တော်မွေးပြီး ၁၂ နာရီလောက်ကြာမှ လူ့လောကထဲသို့ ရောက်လာပါတော့သည်။ သို့ ရာတွင် သူသည် အသက်မရှည်ရှာပါ။ ဤလောကကြီးထဲသို့ သူရောက်ရှိ လာကြောင်း နှစ်ကြိမ်သုံးကြိမ်မျှ ကြွေးကြော်လိုက်ပြီးနောက် ဒုက္ခများမြောင် သည့် ဤလူ့ဘောင်ကို စွန့်ခွာသွားပါသည်။ မိခင်မှာ ယောကျ်ားဖောင်စီး မိန်းမမီးနေ ဆိုသည့်စကားအတိုင်း မီးတွင်း၌ ကြီးမားသော ဆင်းရဲဒုက္ခကို ခံစားခဲ့ရသဖြင့် ရောဂါရရှိကာ ကျွန်တော် အခါလည်သားကျော်ကျော်တွင် ကျွန်တော့်ကို စွန့်ခွာသွားပါတော့၏။

ကျွန်တော်သည် နားလည်လွယ်သောအရွယ်တွင် ဤအကြောင်း ကို သိရှိရ၍ ကျေးလက်တောင်သူတို့၏ဘဝကို အလွန်ကရုဏာသက်မိသည်။ သူတို့သည် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးက အစ အဘက်ဘက်က နိမ့်ကျနေကြသည်။ အထူးသဖြင့် သူတို့သည် ခေတ်မီဆေးဝါးကုသမှုကို မခံယူကြရရှာပေ။ ကျေးလက်တောင်သူတို့သည် မြို့နေလူထုထက် ကျန်းမာ သန်စွမ်းကြသည်ဟုဆိုသော်လည်း ရောဂါတစ်စုံတစ်ရာရရှိလာလျှင် သေ လွယ်ပျောက်လွယ်ကြလေသည်။ သူတို့၏ဘဝသည် ပခက်တွင်းမှ 'သချိုင်း' သို့ရောက်သည်အထိ ဒုက္ခအဝဝနှင့် ပြည့်နှက်၍ နေလေသည်။ ထို့ကြောင့် ကျွန်တော်သည် ကျေးလက်တောရွာတွင် ဆေးဝါးကုသမှု အပြည့်အဝ မရ ရှိသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် အသက်ဆုံးရှုံးခဲ့ရသော မိခင်ကို တွေးမိတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကြီးလာလျှင် ကျေးလက်လူထု၏ ကျန်းမာရေးအတွက် အထူးပြုစုကုသနိုင်ရန်ဆရာဝန်ဖြစ်အောင် ကြိုးစား၍ ပညာသင်မည်ဟု ငယ်စဉ်ကပင် အမိဋ္ဌာန်ပြုခဲ့သည်။ ဆရာဝန်ဖြစ်လာလျှင် မြို့ကို ကပ်ရပ်မှီခို၍မနေဘဲ တောအရပ်သို့ သွားပြီးလျှင် ကျေးရူးရှင်တောင်သူလယ်သမားကြီးများနှင့် လက်ပွန်းတတည်းနေမည်။ သူတို့ကို အစွမ်းကုန်ပြုစုစောင့်ရှောက်မည်ဟူ၍လည်း စိတ်ပိုင်းဖြတ်ထားခဲ့ပါသည်။

ဤရည်ရွယ်ချက်အတိုင်း ကျွန်တော်သည် စာကို အထူးကြိုးစား၍ သင်ကြားခဲ့သည်။ ထိုသို့ကြိုးစားသည့်အတိုင်း နှစ်စဉ် အတန်းတိုင်း ချောချောမောမောအောင်မြင်ခဲ့သည်။ သို့သော် ကျွန်တော် တက္ကသိုလ်ဝင်စာမေးပွဲအောင်သည့်နှစ်တွင် ပညာရေးစနစ်သစ် ပေါ်ပေါက်လာကာ မိမိသင်ယူလိုသည့် ဘာသာရပ်ကို မိမိအလိုအတိုင်း သင်ယူခြင်းမပြုနိုင်ဘဲ မိမိသင်ယူခွင့်ရမည့် ဘာသာရပ်ကို စာမေးပွဲတွင် မိမိရရှိခဲ့သည့် အောင်မှတ်များကို အခြေခံ၍ ဆုံးဖြတ်သည့်စနစ်နှင့် တိုးပြီး ကျွန်တော်ရမှတ်များက ဆေးတက္ကသိုလ်သို့ သွားနိုင်လောက်အောင် မမှီဘဲ ရှိနေခဲ့သည်။

သို့ဖြစ်၍ ကျွန်တော်သည် ကျန်းမာရေးမှူးသင်တန်းတက်ဖို့ရန် စိတ်ကူးကြည့်သည်။ သို့သော် ကျွန်တော်သည် ကျန်းမာရေးမှူးတစ်ဦးအနေဖြင့် တရားဝင် ဆေးထိုးအပ်သုံးခွင့် ဆေးကုသခွင့်မရှိသည့်အလုပ်မျိုးကို လုပ်လိုစိတ်မရှိခဲ့ပေ။ သို့ဖြစ်သည့်အလျောက် ကျွန်တော်သည် ကျေးရွာလူထုအတွက်သာမက တစ်နိုင်ငံလုံးအတွက် တ[illegible]တလမ်းက အကျိုးပြုနိုင်မည့် တိရစ္ဆာန်ဆေးကုနှင့် မွေးမြူရေးပညာကို သင်ယူရန် ဆုံးဖြတ်လိုက်လေသည်။

ကျွန်တော်သည် အစပထမတွင် ကိုယ်ပိုင်တိရစ္ဆာန်ဆေးကုဆရာလုပ်ဖို့ စိတ်ကူးမိသေးသည်။ သို့ဖြင့် ကျွန်တော်သည် ကျွန်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူတူ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးသိပ္ပံမှ အောင်မြင်လာသူ မိတ်ဆွေနှစ်ယောက်နှင့် ပူးပေါင်းကာ ကွေ့မရွာတွင် ဆေးခန်းဖွင့်ခဲ့ကြသည်။ သို့ရာတွင် ထိုရွာမှ လူများသည် ကျွန်တော်တို့ကို အထင်မကြီးကြချေ။ အရေးထဲတွင် ကျွန်တော်တို့ကလည်း အမှားတစ်ခုပြီးတစ်ခု လုပ်ခဲ့မိကြသည်။ ပထမအမှားမှာ ညိုအောင်က မြင်း၏အစာအိမ်ထဲသို့ သွင်းရမည့် ပိုက်ကို အသက်ရှူပြွန်ထဲသို့ သွင်းမိကာ လေထိုးထည့်လိုက်သဖြင့် မြင်းခမျာ ဖုန်းဖုန်းလဲပြီး ဆန့်ငင်ဆန့်ငင်ဖြစ်သွားခဲ့သည်။ နောက်တစ်ကြိမ်မှာ ဝမ်းပြည့်ကယ်ပြီး လေဖောင်းနေသော နွားမတစ်ကောင်ကို စံလှသော်က စအိုတွင်းသို့ ပြွန်သွင်းပြီး လေထုတ်ရာ ဗိုက်တွင်းက လေသည် ပုလွေမှုတ်သလို တရှီရှီထွက်လာသဖြင့် နွားရှင်သည် အတော်သဘောကျသွားလေသည်။ ဤတွင် ကျွန်တော်စိတ်ထဲက ဘယ်လိုဖြစ်ပြီး နောက်တီးနောက်တောက် လုပ်ချင်လာသည်မသိ။ ဂျက်လိုက်တာ မာတ်မီးခြစ်ဖြင့် စီးကရက်ညှိ၍သောက်နေရာက မာတ်မီးခြစ်ကမီးတောက်ကို နွားမ၏ ကိုယ်ကထွက်လာသည့်လေဖြင့် ငြိမ်းသတ်ရန် လေပြွန်ဝသို့ ကပ်ပေးလိုက်မိသည်။ ထိုစဉ် နွားမ၏ ကိုယ်ထဲမှ ဆောင့်ကန်ထွက်လာသည့် လေတစ်လုံးသည် မာတ်မီးခြစ်ကမီးတောက်ကို ကောက်ရိုးပုံဆီသို့ မှုတ်၍ ပို့လိုက်သလိုရှိကာ ကောက်ရိုးပုံကိုမီးစွဲ၍ လောင်လေတော့၏။ ကျွန်တော်တို့သည် လူအားကောင်းကောင်းဖြင့် ကောက်ရိုးမီးကို ငြိမ်းသတ်လိုက်နိုင်ကြ၍သာ နွားတဲလည်း ပြာမကျ၊ ကျွန်တော်တို့လည်း မီးမရှိသေမှုဖြင့် အရေးယူမခံရဘဲ ရှိကြသည်။

ထိုနေ့ကစပြီး ကျွန်တော်တို့ ထိုရွာသို့ သွား၍ မျက်နှာပြရဲကြတော့ချေ။ ကျွန်တော်လည်း ထိုအချိန်ကစ၍ ဘယ်ကြောင့်ဖြင့်နိုက် ကောက်ရိုးမီးမြိုက် ဟူသောဘွဲ့ဖြင့် သူငယ်ချင်းများ၏ ချီးမြှင့်ခြင်းကို ခံယူ

www.burmeseclassic.com

www.burmeseclassic.com



ရရှိလေတော့သည်။

သည့်နောက်တွင် ကျွန်တော်သည် တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးဦးစီးဌာန လက်အောက်တွင် ကျေးရွာအုပ်စုတိရစ္ဆာန် ဆေးကုသရေးနှင့် မွေးမြူရေးမှူးအလုပ်ရရှိကာ စံပြရွာသစ်ကြီးသို့ ရောက်ရှိသွားခဲ့သည်။ ကျွန်တော်သည် ကားသံ ရထားသံ ဆူညံ၍ အနံ့အသက် အစိုးအငွေ့မျိုးစုံပိတ်ဆို့နေသော မြို့ကြီးပြကြီးမှ သာယာစိမ်းလန်း၍ အေးချမ်းသော တောရွာ၏ သန့်ရှင်းလတ်ဆတ်သောလေကို ရှူရှိုက်ရသည့်အရပ်သို့ ရောက်ရှိလာသဖြင့် ကျွန်တော့်ဘဝသည်။ တစ်မျိုးတစ်ဖုံပြောင်းလဲသွားသလို စိတ်ထဲ၌ ခံစားရလေသည်။ အစေးတွင် မြင်ရသော ရိုးမတောင်တန်းကြီးသည် ပန်းချီဆရာက စုတ်ချက်ခပ်ကြမ်းကြမ်းမှ နုနုပါးပါးကလေးသို့ ပြောင်းလဲခြယ်လှယ်လိုက်သကဲ့သို့ တဖြည်းဖြည်း မှေးမှိန်ပြီး တိမ်များနှင့် ရောထွေးကွယ်ပျောက်သွားသည်ကို မြင်ရသည့် ရှုခင်းမှာ လွမ်းမောစရာကောင်းလှသည်။

ကျွန်တော်သည် မြို့နယ်ဦးစီးမှူး ဦးပြည့်စုံ၏ လက်အောက်တွင် အမှုထမ်းရမည်ဖြစ်၍ ဦးပြည့်စုံ နေထိုင်သည့် မြို့သစ်သို့ ဦးစွာသွားရောက်ရသည်။ ကျွန်တော်သည် မြို့သစ်သို့ ယခင်မရောက်ဘူးသော်လည်း ဦးပြည့်စုံသည် ထိုမြို့ပေါ်တွင် ထင်ရှားသော ပုဂ္ဂိုလ်တဦးဖြစ်သဖြင့် သူ့အိမ်ကို ခဲခဲယဉ်းယဉ်းမရှာရချေ။ သို့ရာတွင် သူ့ကို အိမ်ထဲတွင်မတွေ့ရသဖြင့် ချောင်းသံပေးလိုက်မှ အိမ်နောက ်ဖေးဘက်က မိန်းမကြီးတစ်ယောက် ထွက်လာပြီး ကျွန်တော်ကို တွေ့လေသည်။

"ကျွန်တော့်နာမည် မောင်လွန်းဝေပါ၊ ကျွန်တော် ဦးပြည့်စုံနဲ့ တွေ့ရအောင် လာတာပါ"

'ဦးပြည့်စုံမရှိပါဘူး၊ အပြင်သွားတယ်။ ပြီးတော့ ဒီအချိန်ဟာ

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ကြည့်တဲ့အချိန်မဟုတ်ပါဘူး’ဟု ပြောပြောဆိုဆို ထိုမိန်းမကြီး သည် အိမ်ထဲသို့ ပြန်၍ လှည့်သွားမည် လုပ်သည်။

“ကျွန်တော် တိရစ္ဆာန်ရောဂါပြုရအောင် လာတာ မဟုတ်ပါဘူး။ ကျွန်တော် သူ့လက်အောက်အမှုထမ်းတစ်ယောက်ပါ။ သူနဲ့အချိန်မရွေး တွေ့နိုင်မယ်ဆိုလို့ပါ”

“ဪ …ဒီလိုဆိုရင် ထိုင်ပါဦးလေ။ သိပ်ကြာမယ်တော့ မဟုတ် ပါဘူး”

မိန်းမကြီးသည် စောစောကလောက် မျက်နှာမတင်းတော့ချေ။ သူသည် ပြောပြောဆိုဆို အိမ်တွင်းဘက်သို့ ပြန်၍ ဝင်သွားပြီးနောက် ခဏအကြာတွင် လက်ဖက်ရည်ကြမ်းတစ်ဖန်းနှင့် စားစရာအချို့ကို ယူလာ ပြီး ကျွန်တော့် ရှေ့တွင်ချ၍ ပေးလေသည်။ သူသည် အသက်လေးဆယ် တစ်ဝိုက်လောက်တွင် ရှိမည်ဟု ခန့်မှန်းရသည်။ ရုပ်ရည်မှာ ချောမောလှပ သည်ဟု မဆိုနိုင်သော်လည်း သန့်သန့်ပြန့်ပြန့် ရှိသည်။ ကျွန်တော်သည် သူ့ကို ကြည့်၍ အကဲခတ်နေမှန်း သိသဖြင့် ကျွန်တော် အထင်မလွဲရအောင် သူ့အကြောင်းသူ ပြောပြသည်။

“ကျွန်မက ဦးပြည့်စုံရဲ့အိမ်ဖော်ပါ။ သူက လူပျိုကြီး တစ်ကိုယ်တည်း နေတာမို့ နေ့လယ်နေ့ခင်းမှာ ကျွန်မက လာလာပြီး အိမ်ကိစ္စတွေကို လုပ် ကိုင်ပေးရတယ်။ လက်ဖက်ရည်သောက်ပါဦး”

“ဟုတ်ကဲ့”

ကျွန်တော်လည်း ပြောစရာစကား ရှာ၍မရသဖြင့် ပါးစပ်ထဲမှ လွယ်လွယ်ကူကူ ထွက်လာသည့် စကားကိုပဲ ပြောလိုက်ရသည်။ သူ လည်း ကျွန်တော့်အား ထူးထူးထွေထွေ ပြောစရာမရှိသဖြင့် ကျွန်တော့် ကို ခေ့ထောက်ခံမနေဘဲ အိမ်အတွင်းဘက်သို့ ပြန်၍ ဝင်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဘာမျှ လုပ်စရာမရှိသဖြင့် ကုလားထိုင်ကို နောက်မှီကာ မျက်စိမှိတ်ရင်း စဉ်းစားတွေးတောနေလိုက်ရသည်။

ကျွန်တော်သည် ဦးပြည့်စုံကို စိတ်ကူးဖြင့် မှန်းဆ၍ကြည့်နေစဉ် အပြင်မှဝင်လာသော ခြေသံကို ကြားရသဖြင့် ဦးပြည့်စုံရောက်လာပြီဟု တွက်လိုက်ကာ အရိုအသေပေးသည့်အနေဖြင့် ထိုင်ရာမှ ထ၍ နောက်သို့ လှည့်ကြည့်လိုက်၏။ သို့သော် ဝင်လာသူမှာ ကျွန်တော့် မျက်စိထဲမှာ မှန်းဆမိသော ရုပ်ရည်နှင့် မဟုတ်ဘဲ အသက် ၅၀ ခန့်ရှိ တောသားကြီး တစ်ယောက် ဖြစ်နေသည်ကို တွေ့နေရ၏။

"ဒီမှာ ကျုပ်ဦးပြည့်စုံကို တွေ့ချင်လို့"

"သူ ခုမရှိသေးဘူး၊ ဘာကိစ္စရှိလို့လဲ၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ"

"မောင်က ဘာမို့ ဘာအကူအညီ ပေးနိုင်မှာလဲ"

သူ့အပြောသည် ဘုတောလိုက်သည်ဟု ထင်ရသော်လည်း တောသူ တောင်သားတို့၏ သဘာဝစိတ်ထဲကရှိသမျှကို ရိုးရိုးသားသားပြောလိုက်ခြင်း ဖြစ်မည်ဟု ယူဆကာ သူ့ကို ကောင်းမွန်စွာပင် ပြန်၍ ဖြေလိုက်ရ၏။

"ကျွန်တော်က အခုမှ ရောက်လာတဲ့ သူ့လက်ထောက်ကျေးရွာမှူး ပါ"

"ဪ...ဒီလိုလား၊ နေပါစေ၊ သူလာရင်သာ တဆိတ်လောက် ပြောပေးပါ။ ကျည်းပင်အိုင်က ကိုသာရင့်နွားမ နို့ချောင်းပိတ်နေလို့လို့"

"ကောင်းပါပြီခင်ဗျာ၊ ပြောလိုက်ပါ့မယ်"

"ဆက်ဆက်ပြောလိုက်ပါနော်။ ဒီနေ့လောက်များ လာပြီးကြည့် နိုင်ရင် သိပ်ကောင်းမယ်"

"ဟုတ်ကဲ့ စိတ်ချပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကျုပ်စိတ်ချပြီး သွားမယ်နော်"

"ဟုတ်ကဲ့ပါ"

ဦးသာရင်သည် ကျွန်တော့်ကိုကြည့်ပြီး နောက်ထပ်မှာဦးမည် လုပ်လိုက်သေးသည်။ ပြီးမှ ကျွန်တော့်တွင် ယုံကြည်စိတ်ချရသည့် ရုပ်ရည်မျိုးရှိသည်ဟု ထင်မြင်သွားလေရော့သလားမသိ တဆတ်ဆတ် ခေါင်းညိတ်ပြီး ထွက်ခွာသွားလေတော့သည်။

ဦးသာရင်ထွက်၍ သွားပြီးသည့်နောက် ကျွန်တော်သည် ပြန်၍ ထိုင်လိုက်လို့မှ ဖင်မနွေးမီ အိမ်ရှေ့က ဝင်လာသော ခြေသံများကို ကြား ပြန်လေသည်။ ကျွန်တော်သည် အိမ်အပြင်ဘက်သို့ ကျောပေး၍ထိုင်နေ သည့်အတွက် ဘယ်သူဘယ်ဝါဖြစ်သည်ကို မမြင်ရချေ။ သို့သော် ထိုခြေသံ မှာ ပြင်းထန်ခြင်းမရှိသည့်အတွက် ယောကျ်ားတစ်ဦးတစ်ယောက်၏ ခြေသံမဟုတ်နိုင်ခြင်းကို တွက်ဆကြည့်မိလေသည်။

"ဆရာ"

ကျွန်တော်ထင်သည့်အတိုင်း အပြင်မှ ဝင်လာသူမှာ ယောကျ်ား မဟုတ်ချေ။ သူ့အသံမှာ ကြည်လင်သာယာသည့်အတွက် ကျွန်တော့်မှာ အလိုလိုနေရင်း ကြက်သီးမွေးညင်းထမိတော့၏။ တစ်နည်းပြောရလျှင် အပြင်ကဝင်လာသူမှာ မိန်းမပျိုတစ်ဦးဖြစ်သဖြင့် ကျွန်တော့်စိတ်ထဲတွင် လှုပ်ရှားသွားခြင်းဖြစ်လေသည်။ သူသည် ကျွန်တော့်အား ဦးပြည့်စုံမှတ် ၍ မှားပြီးခေါ်လိုက်မိဟန်တူလည်း။ အကြောင်းမှာ သူ့ဘက်သို့ ကျွန်တော် လှည့်ကြည့်လိုက်ရာတွင် သူ၏ပြုံးရွှင်နေသောမျက်နှာသည် ရုတ်တရက် အမူအရာပြောင်း၍ သွားလေသည်။ သူသည်ဘာပြောရမှန်းမသိမီ ကျွန်တော် က စကားစလိုက်သည်။

"ဦးပြည့်စုံမရှိပါဘူး၊ အပြင်ကိုသွားပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ကျွန်မကို သူချိန်းထားပြီး မေ့သွားပြီ ထင်တယ်"

"ကျွန်တော့်လည်း သူချိန်းထားတာပဲ"

ယခုလို ကျွန်တော်ပြောလိုက်ခြင်းသည် သူ့စကားသံယောင်လိုက်ကာ နောက်ပြောင်ပြောဆိုခြင်း ဖြစ်သည်ဟု မိန်းမပျို၏စိတ်ထဲတွင် ထင်မြင်သွားလေရော့သလားမသိ။ သူသည် ကျွန်တော့်ကို ဘာမျှပြန်မပြောဘဲ အတန်ကြာမျှ စိမ်းစိမ်းကြီးစိုက်ကြည့်နေလေသည်။ သည်တွင် ကျွန်တော်လည်း မနေတတ် မထိုင်တတ်ဖြစ်ကာ အိမ်ဖော်မိန်းမကြီးအား ဧည့်သည် တစ်ယောက်ရောက်ရှိနေကြောင်း အကြောင်းကြားရန် အိမ်ထဲသို့ လိုက်သွားရသည်။

"အိမ်ရှေ့မှာ ဧည့်သည်မိန်းကလေးတစ်ယောက် ရောက်နေတယ်"

အိမ်ဖော်မကြီးသည် ဘာမျှမပြောဘဲ အိမ်ရှေ့ကို ကဲ၍ ကြည့်လိုက်သည်။

"ဘယ်သူလဲဗျ သိလား"

"ဒီကိုလာနေကြပါ၊ သူ့နာမည်က ရီရီဝင်းတဲ့"

"သူ့ကို ဘာပြောလိုက်ရမလဲ"

"ဟိုဒင်းသည်ဒင်း ပြောချင်ရာပြောပေါ့။ ဦးပြည့်စုံကတော့ သိပ်ပြီး ကြာနေမယ် မထင်ပါဘူး"

ကျွန်တော်အိမ်ရှေ့သို့ပြန်၍ရောက်သည့်တိုင်အောင် မိန်းမပျိုသည် ရပ်၍ နေလျက်ပင် ရှိနေလေသည်။ 'ထိုင်ပြီးစောင့်ပါဦးလေ။ ဦးပြည့်စုံ သွားတာ သိပ်ပြီးကြာမယ်မဟုတ်ပါဘူးတဲ့'

မိန်းမပျိုသည် ကျွန်တော်ပြောလိုက်မှ သူ့အနီးရှိ ကုလားထိုင်မှာ ဝင်၍ ထိုင်လေသည်။

"လက်ဖက်ရည်သောက်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လက်ဖက်ရည်ကြမ်းတစ်ခွက်ငှဲ့ကာ ရီရီဝင်းဘက် လှမ်း၍ပေးလိုက်သည်။ သို့သော် သူသည် လက်ဖက်ရည်ခွက်ကို လှည့်၍ပင် မကြည့်ဘဲ သူ့လက်ကိုင်အိတ်ကလေးထဲက စီးကရက်ဗူးကို ထုတ်ပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်နေလေသည်။ ကျွန်တော်သည် စီးကရက်သောက်သော မြန်မာအမျိုးသမီးတို့ကို တော်တော်များများ မြင်ဖူးပါ၏။ သို့သော် ရီရီဝင်းလိုမိန်းမပျိုအရွယ်ကလေးတစ်ယောက် စီးကရက် သောက်သည်ကို မြင်ရသည်မှာ ကျွန်တော့်စိတ်ထဲတွင် ဆန်းသလိုလို ဖြစ်နေလေသည်။ သို့ဖြင့် သူသည် ခေတ်အလွန်ဆန်သော မိန်းကလေး တစ်ယောက်ဖြစ်ရမည်၊ သူနှင့်စကားပြောလို့ဆိုလို့တော့ သိပ်ပြီးလွယ်မည် မဟုတ်ဟု တွေးမိသည်။ မည်သို့ရှိစေ စမ်း၍ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ကျွန်တော်က အသစ်ရောက်လာတဲ့ ကျေးရွာမှူးပါ၊ နာမည်က တော့ လွန်းဝေတဲ့။

"ဪ"

သူ့ပါးစပ်မှ ထွက်လာသည့်စကားမှာ တစ်လုံးတည်းဖြစ်သော်လည်း ကမ္ဘာ့ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ မိုဟာမတ်အလီ၏ညာဖြောင့် လက်သီးတစ်လုံးထက်ပင် ကျွန်တော်၏ ရင်ထဲတွင် အောင့်၍ သွားလေသည်။

"ဒီအရပ်ကလေးက တော်တော်အေးချမ်းသာယာတယ်နော်"

"အင်း"

"ဒီအရပ်ကို ကျွန်တော် ဒါ ပထမဆုံး ရောက်ဖူးတာပဲ"

"အို"

"ဦးပြည့်စုံဟာ သိပ်ပြီးအသက်ကြီးဦးမယ်မထင်ဘူး၊ ဒဲ့ဆယ် ကျော်လောက်ပဲထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ဒီကနေ့ ရာသီဥတု တော်တော်သာယာတယ်နော်"

သည်တခါတော့ သူ့ပါးစပ်က ဘာတစ်ခွန်းမျှ ထွက်မလာတော့ချေ။ သူသည် ကျွန်တော့်ကို ဖုတ်လေသည့်ငါးပိ ရှိလေသည်လို့မှ မအောက်မေ့ဘဲ အိမ် ဘေးက ပြတင်းပေါက်ဘက်သို့ မျက်နှာလှည့်ကာ ခြံထဲက ပန်းပင်ကလေးများပေါ်တွင် ပျံဝဲကူးသန်းနေကြသည့် လိပ်ပြာကလေးများကိုသာ အာရုံပြုနေလေ၏။ ဘာပဲဖြစ်ဖြစ် သူ ယခုလို မျက်နှာလွှဲနေလိုက်သဖြင့် ကျွန်တော့်အဖို့ သူ့ကို အားပါးတရ စူးစိုက်ကြည့်ရှုခွင့်ရရှိနေလေသည်။ သူ့မျက်နှာကလေးသည် ပန်းချီသောင်းဟန်တို့ ကိုလေးတို့ ရေးဆွဲကြသည့် မဂ္ဂဇင်းမျက်နှာဖုံး မိန်းကလေးတို့၏ အလှထက် ဆယ်ပြန်သာသည်ဟု ထင်ရလေသည်။ သူသည် ကျွန်တော့်ကို စကားကောင်းကောင်းမပြောလိုခြင်းမှာ ကျွန်တော်ကို အဖက်တန်သည် မထင်၍ မဟုတ်။ သူ့ကို အနှောင့်အယှက်ပေးရကောင်းလားဟု စိတ် ဆိုးနေ၍လည်းမဟုတ်ဘဲ သူတွေ့လိုသူ ဦးပြည့်စုံကို မတွေ့ရသဖြင့် စိတ်တိုနေခြင်းဖြစ်ပါလိမ့်မည်။

သူသည် စီးကရက်တစ်လိပ်ကုန်သည့်တိုင်အောင် စောင့်နေပြီးနောက် စီးကရက်တို့ကို ပြာခွက်ထဲတွင်ထည့်၍ ချေမွှန်းပစ်ခဲ့ပြီး ထိုင်ရာမှ ဆတ်ခနဲထကာ ဆိုင်းမဆင့်ဗုံမဆင့်ဘဲ အိမ်ထဲမှ ထွက်ခွာသွားလေတော့သည်။

ကျွန်တော်လည်း ထိုင်ရာမှထကာ ရီရီဝင်းအား တဖြည်းဖြည်း ကွယ်ပျောက်သွားသည်အထိ မျက်စိတဆုံး ကြည့်နေမိသည်။ ပြီးမှ ပြန်၍ ထိုင်ကာ ကုလားထိုင်နောက်မှီတွင် ခေါင်းတင်လျက် မျက်စိကိုမှေးထားပြီးမှ စဉ်းစားခန်းဝင်နေလိုက်ပြန်သည်။ ထိုခဏမှာပင် ကျွန်တော်သည် အိပ်ကူးလိုလို အိပ်မက်လိုလို ဖြစ်ကာ လူတစ်ယောက်က ရှုတ်ဆက်

www.burmeseclassic.com



လိုက်သည့် အသံကို ကြားယောင်မိလေသည်။ ထိုနေ့ခင်း အိပ်မက်ထဲတွင် မျက်နှာရှုံ့သိုးသိုးနှင့် လူတစ်ယောက်က 'ခင်ဗျား ဘယ်လိုလူလဲ၊ ကျုပ်အိမ်လာ၊ ကျုပ်လက်ဖက်ရည်သောက်၊ ကျုပ်မုန့်စား၊ ကျုပ်ရည်းစားကို ရိသဲ့သဲ့လုပ်၊ ဒါဘာလုပ်တာလဲ'ဟု ခပ်ထန်ထန်ဟောက်နေသည်ကို တွေ့ရလေသည်။ ကျွန်တော်လည်း လန့်ဖျပ်ကာ မျက်စိပွင့်ပြီး ထိုသူကို ကြည့်လိုက်ရာ စောစောက မြင်ရသည့်ရုပ်မဟုတ်တော့ဘဲ၊ ဖြူဖြူသန့်သန့် ခန့်ခန့်ညားညား၊ မားမားမတ်မတ် တရုတ်စပ်နှင့်တူသူတစ်ယောက်ကို တွေ့ရသဖြင့် စောစောကမြင်ရသူမှာ အိပ်မက်ထဲက လူဖြစ်နေသည်ကို တွေးမိတော့၏။

"သြော်... ရောက်နေတာကြာပြီလား"

ထိုသို့မေးလိုက်သည့်စကားကြောင့် သူသည် ဦးပြည့်စုံဖြစ်ခြင်းကို သိရလေသည်။ သို့ဖြစ်၍ သူ့စကားကို အမှန်အတိုင်း ဖြေလိုက်လျှင် မကောင်းသဖြင့် 'ကျွန်...ကျွန်တော်'ဟု ထစ်အဲအဲဖြစ်နေစဉ် သူကပင် ဆက်လက်၍ 'အရေးပေါ် ပြည်သူ့ကောင်စီအစည်းအဝေး ရုတ်တရက်ခေါ်တာ သွားနေရလို့ နည်းနည်းနောက်ကျသွားတယ်'ဟု အကျိုးအကြောင်း ရှင်းလင်းပြောပြပါသည်။ သူ့စကားမှာ အားနာစကားဖြင့် တောင်းပန်လေသံပါနေသည့်အတွက် 'အားနာစရာ မရှိပါဘူး ဆရာရယ်၊ စောင့်ရမှာက ကျွန်တော့်တာဝန်ပဲဟာ'ဟု ပြန်၍ ပြောလိုက်ရသည်။

"အစည်းအဝေးကလဲ ကျုပ်တို့နဲ့ဆိုင်တဲ့ ကိစ္စပါနေလို့ ကြာသွားတာ"

ကျွန်တော်သည် ဘယ်လိုကိစ္စဖြစ်သည်ကို သိလိုသော်လည်း အပိုစရာရောက်မည်စိုး၍ မေးသင့်မမေးသင့် စဉ်းစားချိန်ဆနေစဉ်မှာပင် သူကပဲ ထိုအကြောင်းကို ပြောပြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စကတော့ ရှေ့လထဲမှာ ဗဟိုဦးစီးဌာနက ကွင်းဆင်းလေ့လာရေးအဖွဲ့တစ်ဖွဲ့လာလိမ့်မယ်၊ အဲဒါအတွက် လိုအပ်တဲ့ ပြင်ဆင်မှုတွေကြိုတင်ပြီး လုပ်ထားဖို့ပါ"

ဦးပြည့်စုံသည် စကားကိုပြောရင်း အပေါ်အင်္ကျီကိုချွတ်ကာ နံရံတစ်ဖက်ရှိ အင်္ကျီချိတ်တွင် သွားရောက်ချိတ်ထားလိုက်သည်။ သူသည် တရုတ်သွေးစပ်ပုံရသော်လည်း သူပြောသည့်စကားထဲတွင် တရုတ်သံလုံးဝမပါဘဲ မြန်မာသံနှင့် မြန်မာစကားပီသလှသည်ကို တွေ့ရပေသည်။

"အဲဒီကွင်းဆင်းအဖွဲ့လာပြီး လေ့လာစစ်ဆေးပြီးရင် ဒီမြို့နယ်ကိုစီမံကိန်းထဲထည့်ဖို့ အကြောင်းများတယ်။ လောလောဆယ်တော့ လက်ရှိအင်အားနဲ့ အလုပ်လုပ်သွားရမှာပဲ။ အဓိကလုပ်ငန်းကတော့ တိရစ္ဆာန်ကျန်းမာရေးလုပ်ငန်း၊ မေထုန်မဲ့ သားစပ်လုပ်ငန်းနဲ့ တိရစ္ဆာန်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဖြစ်တယ်။ ဒီမှာတော့ ခွေးကလေး ကြောင်ကလေးတွေရဲ့ အလုပ်ကတော့ မများလှပါဘူး။ ဒါပေမဲ့ ဒီတိရစ္ဆာန် ငယ်ကလေးတွေကို ကုသဖို့ဂရုစိုက်ဖို့ကိုလည်း လူတွေစိတ်ဝင်စားလာအောင် အားပေးရမယ်၊ လူတွေဟာဒီတိရစ္ဆာန်ငယ်ကလေးတို့ကို နည်းလမ်းမှန်မှန်ချစ်တတ်ကြမှလည်းတိုင်းပြည်အတွက် အရေးကြီးတဲ့ နွား၊ ဆိတ်၊ ဘဲ၊ ကြက်တွေရဲ့ ကျန်းမာရေးနဲ့ ဆေးကုသရေးတွေကို ပိုပြီး ဂရုစိုက်လာကြလိမ့်မယ်"

ဦးပြည့်စုံသည် လမ်းလျှောက်ရင်း စကားပြောလာကာ ကျွန်တော့်ရှေ့တွင် ဝင်၍ထိုင်လိုက်သည်။ ထိုအခါမှ ကျွန်တော်သည် ဦးပြည့်စုံအား ပြောပြရန် မှာကြားသွားသည့် စကားများကို သတိရရှိလေသည်။

'စောစောက ဦးသာရင်ဆိုတဲ့ လူကြီးတစ်ယောက် လာသွားတယ်ဗျ။ ကျည်းပင်အိုင်ကလို့ ပြောပါတယ်။ သူ့နွားမနီချောင်းပိတ်နေလို့'တဲ့

"အင်း...ဒီမှာတော့ အဲဒါတွေလဲ လုပ်ပေးရတာပဲ။ တောသူတောင်

www.burmeseclassic.com



သားတွေလည်း ရှေးကလို မဟုတ်ကြတော့ဘူး၊ ခေတ်မီတိရစ္ဆာန်ဆေးကု နည်းတွေကို တော်တော်များများ လက်ခံလာကြပြီ။ ပြီးတော့လည်း သူ တို့က ကျုပ်ကို တော်တော်လေးအားကိုးကြတယ်။ ကျုပ်ကလည်း သူ တို့ အကူအညီလာပြီးတောင်းရင် နေ့ညမရွေး လိုက်ပြီးဆောင်ရွက်ပေးတာမို့ အရေးရှိရင် ကျုပ်ဆီ ပြေးလာကြတာပဲ"

"ဦးသာရင်အပြင် အမျိုးသမီးတစ်ယောက်လည်း လာသေးတယ်။ ရီရီဝင်းလို့ ဆိုတာပဲ"

"ဪ...အင်း...အင်း၊ သူ့ကိစ္စကတော့ တခြားပါ အရေးသိပ် မကြီးပါဘူး၊ ဦးသာရင်ဆီကိုတော့ တော်တော်ကြာရင် သွားလိုက်မယ်၊ တခြားကြည့်စရာလေးတွေလည်း ရှိသေးတယ်"

ကျွန်တော်သည် ဦးပြည့်စုံပြောသွားသည့် စကားများထဲက ဦးသာရင်နှင့် တခြားကိစ္စများထက် ရီရီဝင်းအကြောင်းကို ပို၍ စိတ်ဝင် စားမိသည်။ သူ့ကိစ္စကတော့ တခြားပါဟု ဆိုခြင်းမှာ မိမိတို့၏ ကိုယ်ရေး ကိစ္စသာလျှင် ဖြစ်သည့်သဘောကို ပြနေပေသည်။ ထိုသူသည် တစ်ဦးက လူပျိုကြီး၊ တစ်ဦးက အရွယ်ကောင်းမိန်းမပျိုတစ်ဦး ဖြစ်နေခြင်းသည် ကျွန်တော့်အဖို့ ပို၍ စိတ်ဝင်စားစရာ ဖြစ်ရသည်။

"လာ...လာ၊ ဒီမှာရှိတဲ့ ဆေးဝါးပစ္စည်းတွေကို ပြရဦးမယ်"

ဦးပြည့်စုံသည် ထိုင်ရာကထ၍ ကျွန်တော့်အား ရှေ့ဆောင်က သူ၏ ဆေးခန်းထဲသို့ ခေါ်၍သွားသည်။ သူသည် ကျွန်တော့်အား တိရစ္ဆာ ဆေးဝါးပစ္စည်းများကို ပြရဦးမည်ဟု ပြောလိုက်သည့်စကားမှာ ထိုပစ္စည်း များကို မမြင်ဘူးသူတစ်ဦးတစ်ယောက်အား အထူးအဆန်းသဖွယ် ပြ သည့်သဘောမျိုး သက်ဝင်နေသော်လည်း သူ့တွင် ရည်ရွယ်ချက်တစ်ခု ရှိမည်ဟု ကျွန်တော် နားလည်သဘောပေါက်ကာ သူ့ရှေ့ဆောင်၍ခေါ်

www.burmeseclassic.com



နောက်သို့ ကျွန်တော် လိုက်၍သွားပါသည်။

ဆေးခန်းထဲတွင် ဆေးပုလင်းမျိုးစုံ တွေ့ရသည်။ ထိုပုလင်းများပေါ်တွင် ကပ်၍ထားသော ဆေးနာမည်များကို ဖတ်၍ ကြည့်လိုက်သည့်အခါ အချို့သောဆေးများမှာ ပင်နီစလင်နှင့် ဆာလ်ဖနိုမိုက်တို့ မပေါ်မီခေတ်က သုံးခဲ့ကြသည့် ဆေးများ ပါဝင်နေသည်ကို တွေ့ရ၏။

"ဒါတွေက ကျုပ်ကိုယ်တိုင် ကိုယ်ပိုင်ဖော်စပ်ထားတဲ့ ဆေးတွေပါ။ အခုခေတ်ပေါ်ဆေးတွေ အစွမ်းထက်သလို ရှေးကသုံးကြတဲ့ ဆေးတွေလည်း သူ့ဟာနဲ့သူ ကောင်းတာတွေ အများကြီးရှိတယ်။ ဒါကြောင့် ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမလွယ်နဲ့ ဆိုတဲ့ စကား ရှိရတာပေါ့"

"မှန်ပါတယ်။ အခု ကျွန်တော်တို့သင်ခဲ့ကြရတဲ့ ဆေးကုနည်းတွေထဲမှာလည်း မြန်မာဆေးဝါးနဲ့ ကုသနည်းတွေလဲ ပါပါတယ်"

"အင်း…ဒါတွေဟာ ကျုပ်တို့ဆီက တိရစ္ဆာန်တွေနဲ့ရော ရာသီဥတုနဲ့ရော ကိုက်ညီတဲ့ဆေးတွေဖြစ်လို့ ဘိုးဇဉ်ဘောင်ဆက်ကတည်းက သုံးခဲ့ကြတာတွေ မဟုတ်လား။ အဲဒါတွေကို သိပ္ပံနည်းကျသုံးကြရင် ကောင်းတာပဲ။ အခုတော့ ဆေးအချိန်အဆ တိတိကျကျမရှိဘဲ အမှန်းအဆနဲ့ လုပ်ကြရတာ များနေတယ်။ ဒါကြောင့် ကျုပ်က အနောက်တိုင်းနည်းကိုပြီး သဘောကျတယ်"

ကျွန်တော်သည် ဦးပြည့်စုံ၏ ရှေးလည်းမကျလွန်း ခေတ်လည်းဆန်လွန်းသော သဘောအယူအဆကို သဘောကျသလိုလို ရှိမိသည်။ သို့သော် ကျွန်တော်သည် သူ့စကားကို မည်သို့မျှ ထင်မြင်ချက်မပေးလို၊ သို့ပေးနိုင်လောက်သည့် အခြေအနေနှင့် ပြည့်စုံသူလည်း မဟုတ်သဖြင့် ပြောကြားသည့် စကားများကိုသာ နားထောင်ရင်း သူ့ရှေ့ဆောင်ရာ နောက်သို့ လိုက်ပါသွားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကထိကတစ်ဦးက တပည့်ဖြစ်သူအား လက်တွေ့သင်ကြားပို့ချသည့်အလား ဆေးခန်းထဲရှိ ခွဲစိတ်ကုသသည့် ကိရိယာများနှင့် အခြားပစ္စည်း အသုံးအဆောင်များကို တစ်ခုချင်းပြသသွားရာ ကျွန်တော်က စာမေးပွဲဖြေသည့် ကျောင်းသားကဲ့သို့ မည်သည့်ပစ္စည်းများဖြစ်ခြင်းကို အဖြေပေးနေရလေ၏။

"ခွဲတာစိတ်တာမှာတော့ အနောက်တိုင်းနည်းဟာ အကောင်းဆုံးပဲ။ အဲဒါမှာတော့ ခင်ဗျားတို့အနေနဲ့ မိုင်နာအော့ပရေးရှင်းလောက်ပဲ လုပ်ရလိမ့်မယ်။ တောရွာတွေမှာတော့ ဒါလောက်ပဲ လိုပါတယ်။ သိပ်ပြီးကြီးကြီးကျယ်ကျယ် ခွဲစိတ်ကုသရမယ့်အလုပ်တွေကိုတော့ လုပ်လေ့လုပ်ထမရှိကြဘူး"

"ဟုတ်ကဲ့"

"တကယ်တော့ ခင်ဗျားတို့က ကျေးရွာလူထုနဲ့ အနီးစပ်ဆုံးနေကြရမယ့်လူတွေဖြစ်လို့ ဆေးဝါးပစ္စည်းကိရိယာတွေ ပိုပြီးလိုမယ်။ လိုတာတွေကို ဒီကလည်းပေးမယ်၊ ရုံးချုပ်ကလည်း ပေးမယ်။ အဲဒီဆေးဝါးပစ္စည်းတွေကို မှန်မှန်ကန်ကန်သုံးဖို့လည်း လိုတယ်။ အခုတလော အလုပ်မရသေးတဲ့ ဆရာဝန်တွေရော တိမွေးကုတွေရော သမလက်မှတ်နဲ့ ဆေးတွေထုတ်ပြီး မှောင်ခိုဈေးချရောင်းနေတယ်ဆိုတဲ့ သတင်းတွေ အင်မတန်ထွက်နေတယ်၊ ဟဲ...ဟဲ"

"ဟဲ...ဟဲ"

ကျွန်တော်လည်း ဦးပြည့်စုံက ပြက်လုံးထုတ်သဖြင့် ရောချ၍ရယ်လိုက်ရ၏။ ရင်ထဲမှာတော့ အတော်ကလေး အောင့်သက်သက်ခံလိုက်ရလေသည်။

"ကဲ...ကျုပ်လည်းကျည်းပင်အိုင်က ဦးသာရှင်ဆီ သွားဦးမယ်

www.burmeseclassic.com



ခင်ဗျားလည်း လိုက်ခဲ့ပါလား"

"ဟုတ်ကဲ့...ကျွန်တော်လည်း လိုက်ချင်ပါတယ်။ ဒါမှလည်း ကျေးရွာလူထုနဲ့ ပိုပြီး အကျွမ်းဝင်မှာ"

"ဟုတ်တယ်...ဟုတ်တယ်။ လူထုအကြားမှာ ပညာရှာဆိုတဲ့ စကားလည်း အရှိသားပဲ"

□

www.burmeseclassic.com

www.burmeseclassic.com

# (၃)

ဦးပြည့်စုံ၏ဂျစ်ကားသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လက်ကျန်ဖြစ်၍ ယက်ခြည်ထက် ချုပ်ခြည်ကများ ဆိုသလို အစားထိုးပစ္စည်းများဖြင့် လူလူသူသူ ဖြစ်နေသည့်ကား ဖြစ်လေသည်။ ထိုကားသည် စ၍ အထွက်တွင် ခလုတ်နှိပ်ရုံမျှဖြင့် စက်နှိုးမရ၊ ဂေါက်နှင့်လှည့်သော်လည်း မနိုး၊ 'တွန်းစတတ်'ခေါ် အနည်းဆုံး လူနှစ်ယောက်တွန်းအားနှင့်မှ နိုးလေ့ရှိ၏။

"ကျုပ်တို့နဲ့ ပြည်သူ့ကျန်းမာရေးဆရာဝန်တွေနဲ့တော့ ကွာသဗျာ။ သူတို့က မြို့နယ်ဆရာဝန်ဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကပေးတဲ့ မော်တော်ကားနဲ့ဘာနဲ့။ ဆေးမှူးတောင် ငှက်ဖျားတိုက်ဖျက်ရေးတို့၊ မျက်ခမ်းစပ်တိုက်ဖျက်ရေးတို့မှာပါရင် အနည်းဆုံး မော်တော်ဆိုင်ကယ်နဲ့ စမတ်ကျနေတာ"

သူ့ဂျစ်ကားသည် စ၍အထွက်တွင် အနှိုးရခက်သော်လည်း ထွက်မိ၍ အရှိန်ရလာလျှင် အလွန်ဆွဲသောကားဖြစ်၏။ ကားသည် အရှိန်ရလာ

www.burmeseclassic.com

www.burmeseclassic.com



လျှင် ပို၍ဆွဲသလို သူကလည်း စကားစမိလျှင် အမြင်မပြတ်ချင်ပေ။ ကားမောင်းရင်း စကားဖောင်သူလည်း ဖြစ်၏။ သူသည် ဝဲယာကိုကြည့်၍ မြင်မြင်သမျှကို သူ့မှာ ပြောစရာရှိနေလေသည်။ ထိုသို့ ဝဲယာကြည့်၍ ပြောခြင်းကို ကျွန်တော့်စိတ်ထဲတွင် ဘယ်လိုမှမဖြစ်မိ။ ဗဟုသုတပင် ရရှိသေးသည့်အတွက် ကျေနပ်ဖွယ်ဖြစ်ပေသည်။ သို့ရာတွင် သူသည် ကားမောင်းရင်း တစ်ချက်တစ်ချက် နောက်သို့ သမင်လည်ပြန် လှည့်ကြည့်တတ်ရာ ထိုအခါမျိုးတွင် ကျွန်တော် အလွန်အသည်းယားမိသည်။ သူသည် ကားမောင်းကျင်လည်ခြင်းမရှိသည်ကို သူ့ဂီယာပြောင်းပုံ ကွေ့ပုံ ကျော်၍တက်ပုံတို့က သက်သေခံနေသည်။

ဦးပြည့်စုံသည် ကားကို အရှိန်နှင့် မောင်းလာရာက 'ဒက်စတော့' အုပ်၍ ဘရိတ်ဖမ်းလိုက်ရာ ကျွန်တော်သည် ကံကောင်း၍ ခေါင်းနှင့်မှန်တိုက်ပြီး နဖူးမကွဲခဲ့ရပေ။ သို့သော် ရှေ့သို့ တစ်ကိုယ်လုံး ထိုးစိုက်သွားသဖြင့် ထိုင်ခုံပေါ်မှ ဖင်လျှော၍ကျကာ ဖင်ညှောင့်ရိုး အတော်နာသွားသည်။

"ဒီမှာ ခဏဆင်းရအောင်"

ကျွန်တော်သည် ဦးသာရင်၏အိမ်သို့ ရောက်လာပြီဟု ယူဆကာ မြို့သစ်နှင့် ကျည်းပင်အိုင်ရွာမှာ နီးလှချေလားဟု ထင်မိ၏။ သို့သော် ကားရပ်လိုက်သောအိမ်ကို လှမ်း၍ကြည့်လိုက်သည့်အခါ ကျေးလက်တောရွာမှာ ရှိတတ်သည့် အိမ်မျိုးမဟုတ်ဘဲ မြို့နေလူတန်းစားတို့ နေထိုင်တတ်သော အိမ်မျိုးဖြစ်နေသည်ကို တွေ့ရသည့်ပြင် အိမ်ရှေ့တွင်ရပ်နေသော ယောက်ျားကြီးတစ်ယောက်ကို တွေ့ရသည်မှာ တောဂိုက်လုံးဝမပါသည့်အတွက် ကျည်းပင်အိုင်ရွာသို့ မရောက်သေးဘဲ မြို့စွန်မြို့ဖျားမှာပင် ရှိနေသေးခြင်းကို တွေးတောစဉ်းစားမိပေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရီရီဝင်းတို့ အိမ်ပေါ့"

ကျွန်တော်တို့သည် ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ ဝင်သွားကြရာ အသက် ၄၀ ကျော်ခန့်ရှိပြီး ဦးပြည့်စုံထက် အနည်းငယ်ကြီးမည်ဟု ယူဆရသူ ထိုယောက်ျားကြီးက ပြုံးရယ်ကာ ဆီးကြိုနှုတ်ဆက်သည်။

"နေကောင်းရဲ့လား ဗိုလ်ရဲဝင်း"

"ကောင်းပါ့ခင်ဗျာ၊ ကောင်းပါ့၊ လာ...လာ...အိမ်ထဲဝင်ကြ"

"စောစောက ရီရီဝင်း ကျွန်တော့်ဆီလာတယ်ပြောတယ်၊ ကျွန်တော် အပြင်သွားနေတာနဲ့ မတွေ့လိုက်ရဘူး၊ သူပြန်ရောက်ပြီလား"

"သမီးလား...မရောက်သေးဘူး၊ မြို့ထဲမှာပဲ ရှိလိမ့်ဦးမယ်ထင်တယ်"

"သူ ကျွန်တော့်ဆီ သက်သက်လာတာပဲလား"

"မဟုတ်ဘူး၊ ကျွန်တော်လွှတ်လိုက်တာ၊ သူ မြို့ထဲကို သွားမယ်ဆိုလို့ ခင်ဗျားဆီဝင်ခဲ့ဖို့ ကျွန်တော်မှာလိုက်တာ"

"ဘာအကြောင်းထူးများ ရှိလို့လဲ"

"ကျွန်တော့်မြင်းကလေး ပြစရာရှိလို့၊ လာ...လာ မြင်းဇောင်းဘက်သွားမယ်"

"အဆင်သင့်ပဲ၊ ဟောဒီမှာ ကျွန်တော့်လက်ထောက်လည်း ပါလာတယ်။ ကိုလွန်းဝေ ဟောဒါ ကျုပ်တို့မိတ်ဆွေကြီး ဗိုလ်ရဲဝင်းဆိုတာ။ သူက တော်လှန်ရေးအပြီးမှာ မြန်မာ့တပ်မတော်က ဗိုလ်မှူးအဆင့်နဲ့ထွက်ပြီး ဒီမှာ စိုက်ပျိုးမွေးမြူရေးလာလုပ်နေတာ"

'တွေ့ရတာ ဝမ်းသာပါတယ်'ဟု နှစ်ယောက်သား ပြိုင်တူနှုတ်ဆက်လိုက်မိကြသည်။

ကျွန်တော်သည် အင်္ဂလိပ်လို 'ဂျင်းတီးလ်မင်း ...များ'ခေါ် ...

www.burmeseclassic.com

www.burmeseclassic.com



ကြီးသား လယ်ယာကုန်ထုတ်လုပ်သူများ မြန်မာပြည်မှာလည်း ရှိနေကြပြီဆိုခြင်းကို သိရသော်လည်း လူချင်းမှ ယခုအကြိမ် ပထမဆုံး တွေ့ရခြင်းဖြစ်ပေ၏။ ထို့ကြောင့် 'တွေ့ရတာ ဝမ်းသာပါတယ်'ဟု ဆိုလိုက်ခြင်းမှာ ပြောရိုးပြောစဉ် စကားဖြစ်ခြင်းထက် အမှန်တကယ်ပင် စိတ်ထဲကပါ၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။ အမှန်ကိုဆိုရသော် ကျွန်တော်ကိုယ်တိုင် မြို့ကြီးသားလယ်သမားတစ်ဦး ဖြစ်လိုသောဆန္ဒ ရှိခဲ့သဖြင့် ထိုသူတို့ကို လေးစားကြည်ညိုမှု အလိုလို ဖြစ်ပေါ်ခဲ့သောကြောင့်ပါတည်း။

သို့ရာတွင် ဗိုလ်ရဲဝင်းသည် ရီရီဝင်း၏ ဖခင်ဖြစ်ခြင်းကို သိရှိရမှုသည် ကျွန်တော့်စိတ်ထဲတွင် တွေးရခက်ခဲသော နက်နဲလျှို့ဝှက်မှုတစ်ခုပမာ ဖြစ်ရပါ၏။ ထိုသို့ဖြစ်ရခြင်းမှာ ဘာကိုအခြေခံ၍ ဖြစ်လာသည်ဟူ၍ကား မပြောနိုင်ပါ။ အလိုလိုစိတ်ထဲ၌ ပေါ်လာခြင်း ဖြစ်ပါသည်။

မြင်းဇောင်းထဲရှိ မြင့်မားထွားကြိုင်းသော မြင်းသင်းတစ်ကောင်ကို အဝေးမှမြင်ရုံမျှဖြင့် ဦးပြည့်စုံက 'ဟောဒီမြင်း ခြေနာနေပါလား'ဟု ဆိုလိုက်၏။ ဗိုလ်ရဲဝင်းက 'ဟုတ်တယ်' ဟု ထောက်ခံကာ မြင်းဇောင်းထဲသို့ ဝင်သွားပြီးလျှင် မြင်းကြီးကို ဆွဲယူလာလေသည်။

"ရှေ့ခြေတစ်ဖက် နာနေတယ်မဟုတ်လား၊ ဘယ်ဟာလည်း စမ်းကြည့်စမ်း"

ဦးပြည့်စုံက ကျွန်တော့်အား လက်တွေ့စာမေးပွဲစစ်သလို မေးလိုက်သဖြင့် ကျွန်တော်သည် မြင်း၏ ရှေ့ခြေနှ ...က်တွင် မည်သည့်ဘက်က ပို၍ပူသည်ကို လက်ဖြင့်စမ်းသပ်ကြည့်ရသည်။ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ခြေနာသည် ခြေကျိုးသည်ဆိုလျှင် ထိုသို့ဝေဒနာရှိသည့်ဘက်က ခြေသည် ခြေကောင်းထက် ပူလေ့ရှိသည်။ ကျွန်တော်သည် ထိုခြေ...ဘက်ကို လက်ဖြင့် စမ်းသပ်သိရှိရသော်လည်း ပို၍ သေချာရန် တု...ချောင်းကို

www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီးလျှင် ထိုခြေထောက်က ခွာကို အနည်းငယ် ရိုက်ဆတ်ကြည့်လိုက်သည်။ ဤတွင် မြင်းသည် တွန့်၍သွားပြီးလျှင် ခြေထောက်ကို မြှောက်ကာ တဆတ်ဆတ်တုန်နေပြီးမှ ထိုခြေကို အသာကလေး ပြန်၍ချလေ၏။

"ဘယ်ဘက် ခြေထောက်မှာ အနာပေါက်ပြီး ပြည်တယ်နေပုံရတယ်"

ဦးပြည့်စုံသည် ကျွန်တော်၏ တွေ့ရှိရချက်ကို များစွာကျေနပ်သွားလေသည်။

"ဟုတ်တာပေါ့၊ အနာဖြစ်ပြီး ပြည်တယ်နေတယ်။ အဲဒါ ဘယ်လိုလုပ်ရမယ်လို့ ဆိုမလဲ"

"အနာကို ဖောက်ပြီး ပြည်ထုတ်ပစ်မှဖြစ်မယ်"

"အဲဒါ မှန်တာပေါ့၊ သိပ်မှန်တာပေါ့"

ဦးပြည့်စုံသည် အိမ်ရှေ့တွင် ရပ်ထားသော ဂျစ်ကားဆီသို့ သွားပြီး ဆေးသေတ္တာကို လက်ဆွဲ၍ ပြန်လာသည်။ ထို့နောက် သေတ္တာထဲမှ မြင်းခွာလှီးသောဓားတစ်ချောင်းကို ထုတ်၍ပေးသည်။ သည်တွင် ကျွန်တော်၏ စိတ်ထဲ၌ ဦးပြည့်စုံက ကျွန်တော့်ကို လက်တွေ့စမ်းသပ်နေသည်မှာ တကယ်ပါကလားဟု ခံစားမိကာ အပေါ်အင်္ကျီ ချွတ်၍ ရှပ်အင်္ကျီကို လက်ပင့်လိုက်ပြီးလျှင် အလုပ်ခွင်သို့ ဝင်လိုက်ရလေ၏။

ကျွန်တော်သည် မြင်းကြီး၏ ဘယ်ခြေထောက်ကို မကာ ကျွန်တော်၏ ပေါင်ကြားထဲ ညှပ်၍ မြင်း၏ ခြေဖဝါးထဲ၌ ကျပ်ခဲဆို့ပိတ်နေသည့် မြေကြီးခဲများကို ဓားဖြင့် ခြစ်ထုတ်ပစ်လိုက်ရလေသည်။ မြင်းကြီးသည် ကျွန်တော်၏ ကိုင်တွယ်ပြုစုခြင်းကို ကျေးဇူးတင်သည့်အလား ငြိမ်သက်စွာခံနေသည်သာမက ကျွန်တော့်ကျောပေါ်တွင် သူ့ကိုယ်ကြီးကို တအားမှီ

www.burmeseclassic.com

www.burmeseclassic.com



ထားရာ ကျွန်တော်မှာ လမ်းကြိတ်စက်ကြီးကို ထမ်းထားရသကဲ့သို့ ရှိနေပေတော့၏။ သို့ဖြစ်၍ သူ့ကိုယ်ကြီးကို မ၍ပေးရန် အချက်ပြသည့်အနေဖြင့် သူ့ဗိုက်ကို ကျွန်တော်၏ တတောင်ဆစ်နှင့် တွက်၍တွက်၍ ပေးနေရလေသည်။

"မြင်းခွာထဲကို ကတ္တရာစေးတွေ ထည့်ထားတယ်ထင်တယ်"

ဦးပြည့်စုံသည် ကျွန်တော်၏ ရှုးစမ်းတွေ့ရှိရမှုကို ချီးကျူးသည့်အလား ပြုံးပြုံးကြီးလုပ်ပြီး ကြည့်နေသည်။ ဗိုလ်မှူးကမူ သူ့တွင်အပြစ်တစ်စုံတစ်ရာ ရှိနေခြင်းမှာ ပေါ်သွားသည့်အလား မျက်နှာပျက်သွားလေသည်။

"ဟုတ်တယ် ဒန်းရွက်စိမ်းနဲ့ ဖန်ရေဆေးပြီး ကတ္တရာစေးထည့်ရင် ပျောက်မလားလို့ စမ်းကြည့်တာ"

"ဒီဆေးနည်းကတော့ နွားတွေခွာနာဖြစ်ရင် လုပ်ကြတဲ့နည်းပဲ။ တချို့ကတော့ ဓာတ်ဆီလောင်းထည့်ကြတယ်။ တမာခေါက်တို့ မာလကာခေါက်တို့ကို သွေးပြီးလိမ်းပေးချင်လည်း ပေးကြတာပဲ။ ဘာပဲဖြစ်ဖြစ် အနာဖြစ်ရင်တော့ ပြည်ဖောက်ပြီး ဖန်ရေဆေးပြီးမှ ဆေးထည့်တာကောင်းတယ်။ ဟောဒီမှာ ပြည်တွေမှ အများကြီးပဲ"

ခွာထဲမှ ပြည်များသည် ပန်း၍ထွက်လာသဖြင့် ကျွန်တော်က အပေါက်ကို ချဲ့ပေးလိုက်သည်တွင် ဗွက်ခနဲ ပြည်တွေ ထွက်ကျလာလေသည်။

"ဟာ...ပြည်တွေ မနည်းပါလား။ ဒါတွေ ထွက်သွားပြီးရင်တော့ သက်သာသွားမှာပဲ"

ဗိုလ်မှူးက ဝမ်းသာရွှင်လန်းသော မျက်နှာဖြင့် ပြောလေသည်။

"ဟာ...ကိုလွန်းဝေ ဝယ်ဟုတ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ခါးကို မနည်းဆန့်ပြီး ထလိုက်ရသော်လည်း ဦးပြည့်စုံ၏ ချီးကျူးမှုကြောင့် ညောင်းညာသမျှ အားလုံး ပြေသွားသည်ဟု ထင်ရလေတော့သည်။

"ဒီအနာကို ပေါ်တက်နဲ့ ဆေးပြီးတော့ ဆေးရွက်ကြီးတစ်ရွက်ကို ဆားတစ်ကျပ်သား၊ ငရုတ်မှုန့် နှစ်ကျပ်သား၊ ထုံးမှုန့်ငါးမူးသားနဲ့ ရေနံဆီ နှစ်ကျပ်သား ရောပြီး ထည့်ပေးရင် ကောင်းမယ်"

ဦးပြည့်စုံသည် ကျွန်တော်ပြောသည့်ဆေးကို ထည့်စေလိုဟန် မတူပေ။ သူသည် မြင်းကို မေးခိုင်ရောဂါ ကာကွယ်သည့် အေတီတီဆေး တစ်လုံးထိုးပေးသည်။ ထို့နောက် ပြည်များထွက်သွားပြီး ဟောင်းလောင်း ပေါက်ဖြစ်ကျန်ရစ်ခဲ့သော အနာထဲသို့ အိုင်အိုဒင်းပုံဆောင်ခဲကလေးများ ထည့်၍ ပေးပြီးလျှင် တာပင်တိုင်ဆီ အနည်းငယ်လောင်း၍ ထည့်လိုက်သည်။ ထိုသို့လုပ်လိုက်ရာတွင် မျက်လှည့်ပြသည့်အလား မြင်းခွာထဲမှ မီးခိုးလုံးကြီးထွက်လာကာ ဦးပြည့်စုံကို မမြင်ရအောင် ခရမ်းရောင်မီးခိုး ကန့်လန့်ကာကြီးက ဖုံးကွယ်လိုက်လေသည်။

ကျွန်တော်သည် မီးခိုးလုံးများကြောင့် သူတို့နှစ်ယောက်စလုံးကို မမြင်ရသော်လည်း သူတို့ပြောသည့် စကားများကိုတော့ ကြားနေရသည်။

"တယ်ဟုတ်ပါလား ဆရာ။ သိပ္ပံပညာများ တယ်လည်းဆန်း၊ တယ်လည်းတိုးတက်နေတာကို"

"ဒါ ကျွန်တော်ကိုယ်တိုင် လက်တွေ့ စမ်းသပ်လို့ရတဲ့ နည်းပဲဗျ"

မီးခိုးများ ကင်းစင်သွားသောအခါ သူတို့နှစ်ဦးစလုံး၏ ပြုံးရွှင်သော မျက်နှာများကို တွေ့ရလေသည်။ သူတို့နှစ်ဦးအနက် ဦးပြည့်စုံသည် လမ်းမကြီးဘက်သို့ မျက်နှာမူ၍ ထားရာက ပို၍ပြုံးလာသည်ကို တွေ့ရသဖြင့် သူမျက်နှာမူရာဘက်သို့ လှည့်ကြည့်လိုက်ရာ ဘတ်စကားပေါ်မှ ဆင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်လာသော ရီရီဝင်းကို တွေ့ရလေ၏။

"ရီရီ စောစောက အိမ်ကိုလာတယ်ဆို၊ ဘာဖြစ်လို့ စောင့်မနေသလဲ"

"အို...ဆရာ့ကို ဘယ်လောက်ကြာအောင် စောင့်နေရမှန်းမှ မသိဘဲ။ ပြီးတော့..."

ရီရီဝင်းသည် စကားကို အဆုံးမသတ်ဘဲ ကျွန်တော့်ကို ကြည့်ရင်း ရပ်ထားလိုက်သည်။

သူ၏အကြည့်ထဲတွင် ဘာကြောင့် သူစောင့်၍ မနေနိုင်ခြင်းကို အဓိပ္ပာယ်ပြည့်ဝစွာဖြင့် ဖော်ပြနေသည်ကို ကျွန်တော် ရိပ်စားမိသည်။ ထို့ကြောင့် သူ၏စကားအဆက်မှာ 'ဟောဒီ လူကြီးက စကားရောဖောရော လာလုပ်နေတာ စိတ်ရှုပ်လို့ ပြန်ထွက်လာခဲ့တာ ဖြစ်သည်'ဟု စိတ်ထဲက ဖြည့်စွက်ပေးမိသည်။ ဦးပြည့်စုံ၏ စိတ်ထဲကမူ ဘယ်သို့ ယူဆမည်ကိုကား ကျွန်တော် မသိနိုင်ပေ။

"ကဲ...ရှေ့ဆက်သွားစရာရှိသေးတယ်။ သွားလိုက်ဦးမယ် ဗိုလ်ရဲဝင်း"

ဦးပြည့်စုံသည် ဗိုလ်ရဲဝင်းကို နှုတ်ဆက်ပြီးနောက် ရီရီဝင်းကို နှုတ်ဆက်သည်။

"ဆရာပြန်ဦးမယ် ရီရီ၊ နောက်တစ်ခါ မြို့ထဲလာရင် ဝင်ခဲ့လေ။ လက်ဖက်ရည်နဲ့ မုန့်နဲ့ ကောင်းကောင်းကျွေးမယ်"

"ဆရာ့တော့ မယုံပါဘူး၊ ဒီနေ့လည်း ရီရီလာမယ်ဆိုတာ သိလျက်သားနဲ့ တမင်ရှောင်တာ မသိဘူးမှတ်လို့လား"

"မဟုတ်ပါဘူး ရီရီရာ၊ မယုံရင် ဟောဒီ ကိုလွန်းဝေကို မေးကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ရီရီဝင်းလှည့်၍ကြည့်လျှင် အပြုံးမျက်နှာဖြင့် နှုတ်ဆက်ရန် အသင့်ပြင်ထားသော်လည်း သူသည် ကျွန်တော့်ကို ပထမဆုံးအကြိမ် ကြည့်ပြီးသည့်နောက် တစ်ချက်မျှပင် လှည့်၍မကြည့်တော့ချေ။ သို့ဖြစ်၍ ကျွန်တော်သည် ဗိုလ်မှူးရဲဝင်းဘက်သို့လှည့်၍ နှုတ်ဆက်ပြီး ထွက်ခဲ့ရလေသည်။

သည်အချိန်တွင် မော်တော်ကားသည် ဘက်ထရီစာတ်အား ဝင်နေပြီဖြစ်၍ တွန်းပြီး မနှိုးရတော့ပေ။ သို့သော် သုံးလေးခါလောက် ချဲကျပ်သံပေးပြီးမှ ဆောင့်အောင့်၍ ထွက်ခဲ့လေသည်။

ဦးပြည့်စုံ၏ ကားအကြောင်းကို တစ်မြို့လုံး တစ်နယ်လုံးက သိနေကြဟန် တူသည်။ အဘယ်ကြောင့်ဆိုသော် စာကလေးကွင်းနားသို့ မရောက်မီ ထိုကားသံကို အဝေးကတည်းက ကြား၍ ရွာထဲမှ လူတစ်ယောက် ကားလမ်းမကြီးပေါ်သို့ ပြေးထွက်လာပြီး လက်ပြ၍ တားထားသည်ကို တွေ့ရ၍ ဖြစ်လေသည်။ ကျွန်တော်သည် တစ်ခါသေဖူး ပျဉ်ဖူးနားလည် နေပြီဖြစ်၍ ဦးပြည့်စုံ ဒက်စတော့ဘရိတ်မအုပ်မီ ကားရှေ့ပိုင်းကို ခြေကန်၍ ထားလိုက်လေသည်။

"ဘာလုပ်မလို့လဲဗျ ကိုစံမင်း"

"ဆရာရေ ကျွန်တော့်နွားတစ်ကောင် တုတ်နာဖြစ်နေလို့"

"အဲဒါ တုတ်ခွဲပေးစေချင်တယ် ဆိုပါတော့"

"ဟုတ်တယ်ဆရာ။ ကျွန်တော် ဆရာ့ဆီ လာမလို့ပါဘဲ။ အခုတော့ ဆရာလာတာနဲ့ အဆင်သင့်ပဲ။ ဆရာ့ကျေးဇူး မမေ့ပါဘူးဆရာ။ လာမယ့်လ နွားပွဲမှာ ထုတ်မလို့ပါ"

နွားများတွင်ဖြစ်တတ်သည့် တုတ်နာဆိုသည်မှာ ရောဂါဖြစ်ပွားခြင်း မဟုတ်ပါ။ နွား၏ခြေထောက်ရိုး ဂုံညင်းပေါ်တွင် အကြောတင်နေ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လမ်းသွားသည့်အခါ ဖြောင့်ဖြောင့်မသွားနိုင်ဘဲ တုတ်၍ဆွဲနေသောကြောင့် တုတ်နာဟု ခေါ်ခြင်း ဖြစ်သည်။ ထိုတုတ်နာမှာ ဆတ်တုတ် ဆွဲတုတ်ဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးစလုံးသည် ရောဂါမဟုတ်သော်လည်း နွားတွင် အပြစ်အနာအဆာ ရှိခြင်းဖြစ်၍ နွားကိုရောင်းရာတွင် ဈေးကောင်းမရတတ်ချေ။ ယခုခေတ် ပေါက်ဈေးနှင့်ဆိုလျှင် ငွေ ၇၀၀ ကျပ် ၈၀၀ ကျပ် လျော့ပေါ့နစ်နာတတ်လေသည်။ ထိုတုတ်နာဖြစ်လာလျှင် နွား၏ ခြေထောက်အရေပြားကိုခွဲ၍ ဂုံညင်းပေါ်၌ ချိတ်တင်နေသော အကြောကို ဖြတ်ပေးရသည်။ ထိုသို့ဖြတ်၍ပေးခြင်းဖြင့် နွားတွင် မည်သို့မျှ ထိခိုက်ခြင်းမရှိဘဲ ကောင်းစွာ အလုပ်လုပ်နိုင်လေသည်။ အနာမှာလည်း အထူးဆေးထည့်မနေရဘဲ လျှင်မြန်စွာ ပျောက်ကင်းသည်။ ထို့ကြောင့် နွားရှင်များသည် တုတ်နာဖြစ်နေသောနွားကို နွားပွဲမှာမထုတ်ခင် တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ခွဲစိတ်ကြသည်။ ယင်းသို့လျှင် ဆရာဝန်အား ငွေ ၅၀ ကျပ်၊ ၆၀ ကျပ် ပူဇော်ကန်တော့ရုံဖြင့် ငွေ ၇၀၀ ကျပ် ၈၀၀ ကျပ် ပို၍ရကြလေသည်။

ကျွန်တော်တို့သည် ဦးစံမင်း၏ ခြံထဲမှ ထွက်လာကြပြီး ကားပေါ်တက်သည့်အခါ ကားနောက်ဘက်ရှိ ထိုင်ခုံပေါ်တွင် ရွှေနီငှက်ပျောသီးတစ်ခိုင်နှင့် ကြက်ဥတစ်ခြင်းကို တွေ့ရလေသည်။

"ဩော်...ကိုစံမင်းကလည်း ဒုက္ခရှာလို့"

ဦးပြည့်စုံက ယခုလိုပြောလိုက်သော်လည်း ငှက်ပျောခိုင်နှင့် ကြက်ဥများကိုကား မယူလိုဟု ပြန်၍ပေးခြင်း မပြုခဲ့ပေ။

သည်တစ်ခါတော့ ကားသည် ချွဲမပူ လူမကူရဘဲ ချောချောမောမော ရှောရှောရှူရှူ စက်နိုး၍ ထွက်ခဲ့လေသည်။

ကျည်းပင်အိုင်သို့ရောက်သည့်အခါ ဦးသာရင်သည် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



အား ရွာထိပ်မှနေ၍ စောင့်မျှော်နေသည်ကို တွေ့ရ၏။ ဦးပြည့်စုံသည် ရွာထဲသို့ဝင်၍ ရနိုင်သလောက် သူ့ကားကို မောင်း၍ ဝင်သွားပြီးလျှင် သူ့အသိတစ်ဦး၏ အိမ်ဝင်းထဲ၌ ကားကို ထားခဲ့ပြီး နှစ်ယောက်သား ကားပေါ်မှ ဆင်း၍ လျှောက်ခဲ့ကြရသည်။ ခပ်ဝေးဝေး မလျှောက်ကြရပေ။

ဦးပြည့်စုံသည် ဦးသာရင်၏ အိမ်ထဲသို့ဝင်၍ နားမနေဘဲ နွားတဲရှိရာသို့ တန်း၍ သွားရောက်လေသည်။

"ကိုလွန်းဝေ ဒီနွားကို ကိုင်ကြည့်စမ်းပါဦး"

ကျွန်တော်သည် လက်တွေ့စာမေးပွဲဖြေရန် နွား၏ ဘေးတွင် ဆောင့်ကြောင့်ထိုင်ကာ သူ့နို့အုံကို စမ်းကြည့်ရာ နို့တစ်ခု၏ အထက်ပိုင်းတွင် အသားမြင်များ တင်းမာနေသည်နှင့်တူသော အစိုင်အခဲကို စမ်းသပ်မိသည်။

"အဲဒါကို ကိုလွန်းဝေ ဘယ်လိုလုပ်မလဲ"

ဦးပြည့်စုံသည် ကျွန်တော့်ကို တတ်မတတ်စစ်ဆေးသည့်သဘောမျိုးဖြင့် စမ်းကြည့်နေခြင်းတော့ မဖြစ်နိုင်ပါ။ ကျွန်တော်သည် ကျွန်တော့်အလုပ်တွင် တတ်ကျွမ်းသူတစ်ယောက်ဖြစ်သလို သူတို့လည်း အကူအညီပေးနိုင်မည့်သူတစ်ယောက်ဖြစ်သည်ဟု ယုံကြည်မျှော်လင့်၍ ခိုင်းစေနေခြင်း ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဦးပြည့်စုံက ယခုလို မေးမြန်းခိုင်းစေခြင်းကို မကြည်မဖြူမဖြစ်မိပါ။

"နို့ချောင်းပိတ်တာ ကုရတာက လွယ်ပါတယ်။ ဟာဒ်ဆင့်ကိရိယာရှိရင် ပြီးတာပဲ"

"ရော့...ဟောဒီမှာ ဟာဒ်ဆင့်"

ဟာဒ်ဆင့်ကိရိယာဆိုသည်မှာ နို့ချောင်းပိတ်နေသော နွားမ၏

www.burmeseclassic.com

www.burmeseclassic.com



နို့သီးတံထဲသို့ ထိုးသွင်းရသော ဘူးနှယ်သဏ္ဍာန် လွန်ပူသေးသေးတစ်မျိုး ဖြစ်ပါသည်။ ထိုလွန်ပူကလေးကို နို့ချောင်း ပိတ်၍နေသော နို့သီးတံထဲသို့ ထိုးသွင်းပြီးနောက် နို့အုံတွင်းရှိ ကျပ်ခဲနေသည့်အရာများကို လွန်နှင့်လှည့်ပြီး ဆွဲထုတ်ရလေသည်။ သို့ဖြင့် ကျွန်တော်သည် ဦးပြည့်စုံပေးသည့် ကိရိယာကို လှမ်း၍ ယူလိုက်ပြီးနောက် နွားမ၏နို့တံထဲသို့ ထိုးပြီး သွင်းလိုက်သည်။ ကျွန်တော်သည် လျှပ်တပြက် မျက်စိတမှိတ်အတွင်း ဘယ်လိုဖြစ်သွားသည်မသိ။ နွားသေးအိုင်ထဲ ပက်လက်လန် နောက်ပြန်လဲပြီး ရှပ်အင်္ကျီရှေ့ဘက် ရင်ခေါင်းအထက်တွင် နွားခြေရာကို တွေ့ရမှ နွားမ၏ အကန်ခံရခြင်းကို စဉ်းစားမိလေတော့သည်။

ဦးသာရင်သည် ကျွန်တော်၏အဖြစ်တော်ပုံကိုမြင်ရ၍ လွန်စွာ အားနာသွားပုံရသည်။

"ဟာ...ဆရာလေး၊ ဘယ်လိုဖြစ်သွားလည်း၊ တော်တော်နာသွားသလား"

သူ့စကားမှာ ကျားကိုက်ပါတယ်ဆို နာတာရှည်လားဟု မေးသလိုဖြစ်နေသည်။ သို့သော် ကျွန်တော်သည် သူ၏စေတနာကို နားလည်သဖြင့် 'အို...ဘာမှ ကိစ္စမရှိပါဘူး'ဟု မရှိသွားဖြီးအနေဖြင့် အဖြေပေးလိုက်လေသည်။ တကယ်တော့ နွားကန်ခံရခြင်းမှာ ကျွန်တော့်အပြစ်မကင်းပါ။

နွားသည် နွားသာဖြစ်၍ မြင်းနှင့်မတူပါ။ မြင်းသည် လူ့သဘောသူ့အရည်အချင်းကို ကောင်းစွာ နားလည်သည်။ ဘယ်သူသည် မိမိအား ကျေးပြုမည့်သူဖြစ်သည်။ ဘယ်သူသည် မိမိအား ဒုက္ခပေးမည့်သူဖြစ်သည်ဆိုခြင်းကို ကောင်းစွာနားလည်သည်။ ထို့အတူ ဘယ်သူသည် မိမိကိုစက်နိုင်သူဖြစ်မည်။ ဘယ်သူသည် မိမိကို စက်နိုင်မည့်သူ မဟုတ်ခြင်းကို အပေါ် ခွလိုက်ရုံနှင့် သူသိသည်။ သို့ဖြစ်၍ သူ့ကို စက်နိုင်မည့်သူ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လျှင် ခါ၍ချသည်။ သူ့ကို ဒုက္ခပေးမည့်သူဖြစ်မှန်းသိလျှင် ကန်၍ ပစ်သည်။ မြင်းသည် အရှင်မှန်း သခင်မှန်း ကောင်းစွာနားလည်သော သတ္တဝါဖြစ်သည်။

နွားသည် ထိုသို့မဟုတ်။ အရှင်သခင်ဖြစ်သည်ဟု သဘောမထား။ ကန်ချင်လျှင် ပစ်၍ ကန်တတ်သည်။ ကန်သည့်အခါ၌လည်း မြင်းကဲ့သို့ နောက်ပေါက်မကန်တတ်။ နွား၏သဘောသည် သူ့ခန္ဓာကိုယ် တည် ဆောက်ပုံအရ ဘေးသို့ကန်တတ်သည်။ ဤအကြောင်းကို ကျွန်တော် သိလျက်နှင့် နွားအကန်ခံရမည့်ဘက်က နေလိုက်မိခြင်းသည် ကျွန်တော် ၏ အမှားပင် ဖြစ်ပါတော့သည်။

ဦးပြည့်စုံသည် ကျွန်တော့်ကို ထူရုံသာထူသည်။ ပါးစပ်က တ ခွန်းမှုမထွက်။ သူသည် ကျွန်တော့်ကို အပြစ်တင်ချင်သလား။ သနား သလားဆိုသည်ကို ကျွန်တော် မတွေးတောတတ်ပေ။ ဦးသာရင်က ကျွန်တော့်ကို စိတ်ပြေစေလိုသည့် ဆန္ဒဖြင့် ရယ်စရာစကားတစ်လုံး လိုက်ပါသည်။

"ဆရာလေးရေ၊ ကျုပ်နွားက အမေရိကန်နွားဗျ။ အမေရိကန်သမ္မ များလို လူတွေ့ရင် လက်ဆွဲနှုတ်ဆက်ချင်နေတာ၊ သူက လူလို လက်မ တတ်တော့ ခြေထောက်ကို လှမ်းပေးလိုက်တာပါ"

ဟုတ်ပါသည်။ သူ့နွားမသည် မြန်မာနွားစစ်မဟုတ်ပါ။ နို ခြားနွား၏ မျိုးခံရည်ဖြင့် မေထုန်မှဲ့သားစပ်၍ မွေးလာသော နွားဖြ သည်။ သို့ရာတွင် အမေရိကန်နွားမျိုး မဟုတ်ဘဲ နော်ဝေဂျီယန်နွား ဖြစ်ပါ၏။ ထိုနွားမျိုးသည် သားပေါက်လည်းကောင်း နို့ထွက်လည်းကော သည်။ သို့သော် ကိုင်တတ်ဖို့ များစွာလိုသည်။

ကျွန်တော်သည် ဖင်ထိုင်ချရာက ဣန္ဒြေရှိလာကာ နွား

www.burmeseclassic.com

www.burmeseclassic.com



ပိတ်နေသော နို့ချောင်းကို ဖောက်ရန် ကြိုးစားရပြန်သည်။ သည်တစ်ခါမှာတော့ ဦးသာရင်က နွားမ၏ဦးခေါင်းပိုင်းကို ကိုင်ထား၍ ဦးပြည့်စုံက နွားမ၏ အမြီးကို ဆွဲထားလေသည်။ သို့ရာတွင် နွားမသည် အထိန်းအချုပ်မခံရသည့် သူ့အင်္ဂါအစိတ်အပိုင်းများဖြင့် တတ်နိုင်သမျှ ကျွန်တော့်ကို ကန်လားကျောက်လား လုပ်လေသေးတော့၏။

နောက်ဆုံးတွင် ကျွန်တော်သည် နွားမ၏ ပိတ်နေသောနို့ချောင်းကို ပွင့်သွားအောင် ဖွင့်ပေးလိုက်နိုင်ခဲ့သည်။ ထိုအခါမှ ဦးသာရင်သည် သူ၏ပါးစပ်ကို နားရွက်အထိ ပြဲနေအောင် ဖြဲ၍ပြုံးရယ်ကာ နွားမကို ညွှစ်ကြည့်ရင်း 'အင်း...အခုမှပဲ နွားမလည်း စက်လေးလုံးပြည့်အောင်ခတ်နိုင်တော့တယ်'ဟု ဟာသနှော၍ ပြောလိုက်လေတော့သည်။

ကျွန်တော်သည် ထိုနေ့အဖို့ ကိစ္စအဝဝပြီးစီးပြီဖြစ်၍ လာလမ်းသို့ တန်းတန်းမတ်မတ် ပြန်ရတော့မည်ဟု ထင်မိသည်။ သို့သော် ဦးပြည့်စုံက 'အပြန်မှာ ဘုရားငုတ်တိုဘက်က လှည့်ပြီးပြန်မယ်။ မို့မို့ကို ဝင်ကြည့်လိုက်ဦးမယ်'ဟုဆိုသဖြင့် သူ၏ မနေမနားလုပ်အားစွမ်းရည်ကြီးမားမှုကို အံ့ဩမိရလေသည်။ သူသည် အလာတုန်းက ရီရီဝင်းနှင့် တွေ့ရအောင် ဗိုလ်မှူးရဲဝင်းအိမ်သို့ ဝင်ခဲ့သည်။ ယခုအပြန်တွင် မို့မို့ကို ဝင်၍တွေ့ရဦးမည်။ တတ်လည်းတတ်နိုင်ပါပေသည်။

သူသည် ရာထူးဌာနန္တရနှင့်တကွ ဂုဏ်သရေရှိလူကြီးလူကောင်းတစ်ယောက်လည်း ဖြစ်သည်။ သားလည်း မရှိ။ မယားလည်း မရှိ။ အသက်ကောင်း အရွယ်ကောင်း လူပျိုကြီးလည်း ဖြစ်သည်။ ထိုကြောင့် သူ့ကိုရည်မှန်းသူတွေ များသလောက် စန်းပွင့်နေခြင်း ဖြစ်မည်ဟု တွေးမိလေသည်။

ဦးပြည့်စုံသည် ပါးစပ်ကို အငြိမ်မနေတတ်သူဖြစ်ရာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



က မည်သည့်စကားမျှမပြောဘဲ တိတ်ဆိတ်စွာ လိုက်လာသည့်အတွက် သူကပင် စကားကို ဆက်ပြန်လေသည်။

"မို့မို့ဆိုတာ မြေတိုင်းစာရေးကြီးကိုအောင်ဇင်ရဲ့ သမီးကလေးပေါ့"

ကျွန်တော်သည် မို့မို့၏အမည်ကို ကြားရကတည်းက သူ့အကြောင်းကို သိချင်နေရာ ဦးပြည့်စုံထံမှ ယခုလိုစကားစရသည့်အတွက် ကျွန်တော်သိလိုသည့်အချက်များကို စကားဆွယ်လိုက်ရလေသည်။

"မို့မို့ဆိုတာ တော်တော်ချောသလား"

"ဒါကတော့ ရှမ်းကြိုက် နွားချောဆိုသလိုပေါ့ဗျာ"

"သူ ဘယ်အရွယ်လောက် ရှိပြီလဲ ဆရာ"

"လေးနှစ်သမီးလောက် ရှိနေပြီ"

"ငယ်ပါသေးလား ဆရာရဲ့"

"အိုး...ကိုလွန်းဝေ ဘာတွေ လျှောက်ပြောနေတာလဲ။ နွားဆိုတာ ဒီအရွယ် ဘယ်ငယ်မလဲ"

ဦးပြည့်စုံက သည်လိုပြောလိုက်တော့မှ မို့မို့သည် လူမဟုတ်ဘဲ နွားမ ဖြစ်နေသည်ကို သိရှိနားလည်ကာ ရက်ပြုံးပြုံးနေလိုက်ရတော့သည်။ သည်တော့ ဦးပြည့်စုံက စကားဆက်ပြန်သည်။

"ဘုရားငုတ်တိုမှာ အောင်ခင်၊ အောင်ဒင်၊ အောင်ဇင် ဆိုပြီး ညီအစ်ကိုသုံးယောက်ရှိတယ်။ အောင်ခင်နဲ့ အောင်ဒင်တို့က လယ်သမား ယာသမားတွေ ခေတ်ပညာတတ်ကြတာ မဟုတ်ဘူး။ သူတို့အထဲမှာ အောင်ဇင်တစ်ယောက်ပဲ ခေတ်ပညာတတ်တယ်။ သူက မြေတိုင်းစာရေး ဆိုပေမယ့် နွားကလေး ဝက်ကလေး တနိုင်မွေးမြူရေးလည်းလုပ်တယ်။ ဒါကြောင့် ကျုပ်က အားပေးတဲ့အနေနဲ့ သူ့နွားကလေး ဝက်ကလေးတွေကို ဂရုစိုက်ပြီး ကြည့်ပေးနေရတာ"

www.burmeseclassic.com

www.burmeseclassic.com



"မို့မို့က ဘာဖြစ်နေလို့လဲ ဆရာ"

"ဒီကောင်မလေးက ခဏခဏ လေနာထတတ်တယ်။ ညနေတိုင်း စားကျက်က ပြန်လာမှဖြင့် ဗိုက်ကြီးဟာပွပြီး စည်ကျက်ထားသလိုပဲ။ တီးကြည့်လိုက်ရင် တဖုံးဖုံးနဲ့မြည်နေတယ်။ ကျုပ်လည်း သူ့ကို အမျိုးမျိုး ဆေးတိုက်ကြည့်တယ်။ ဘယ်လိုမှ လုပ်လို့မရဘူး။ နောက်တော့ သူ့ရောဂါ ဟာ ဒုတိယအစာအိမ်ဖြစ်တဲ့ ရက်တီကျူလမ်းထဲမှာ ဘက်စီလပ်ပိုးဝင်ပြီး အစာမကျေ လေပွနေတာပဲ ဖြစ်မှာပဲဆိုပြီးတော့ အကြောထဲကို ဆိုဒီယမ် အိုင်အိုဒိုက် ထိုးပေးခဲ့တယ်။ အဲဒါ နှစ်ရက်လောက်ရှိပြီ၊ အခု ဘယ်လို နေမလဲဆိုတာ သွားကြည့်မလို့"

ပြောပြောဆိုဆိုနှင့် ကျွန်တော်တို့သည် ဘုရားငုတ်တိုသို့ ရောက်၍ လာကြလေ၏။ ထို့နောက် ကိုအောင်ဇင်၏ အိမ်သို့ သွားကြရာ စားမြုံ့ ပြန်နေသော နွားမကလေးကို မြင်ရသဖြင့် ဦးပြည့်စုံသည် ပြုံးရွှင်ကျေနပ် စွာဖြင့် 'ဟာ...သိပ်ဟုတ်နေပါလား၊ စားနိုင်ဝါးနိုင်နေပြီပဲ'ဟု ဆိုလိုက် လေသည်။

ကိုအောင်ဇင်သည် ဦးပြည့်စုံလာနေသည်ကို မြင်ရသည်နှင့် ပြေး လာပြီး 'ဆရာရေ နွားမလေးတော့ ကောင်းသွားပြီ။ မနေ့ညက ကျွန်တော် ဖွဲနုနဲ့ မက္ကဆပ်ရောပြီး တိုက်လိုက်တာ ဒီမနက်တော့ လန်းရွှင်ပြီး ကောင်းကောင်း အစာစားနိုင်နေပြီဆရာ'ဟု ပြောလေသည်။

ဦးပြည့်စုံသည် မိမိ၏ ထိုးဆေးကြောင့် နွားမကလေး နေကောင်း သွားပြီဟု ဂုဏ်ယူချင်နေရာ ကိုအောင်ဇင်က ယခုလို ပြောလိုက်သည်ကို ကြားရသောအခါ တော်တော်ကလေး အောင့်သွားပုံ ရလေသည်။ သူသည် ခေါင်းရှုံ့နေသည်ကို တွေ့ရ၏။

"ဒီလိုဆိုရင် ဘာပြုလို့ မက္ကဆပ်တွေဘာတွေ တိုက်နေရသေး

www.burmeseclassic.com

www.burmeseclassic.com



တော့လဲ။ မန်ကျည်းသီးနဲ့ ဆားနဲ့ရောပြီး ကျွေးလဲပြီးတာပဲဟာ...”

ကိုအောင်ဇင်က ပြုံးဖြီးဖြီးကြီး လုပ်၍နေသည်။

မဏ္ဍဆဖ်ဆိုသည်မှာ ဓာတုဗေဒ ဝေါဟာရဖြစ်သော မဂ္ဂနီဆီယမ် ဆာလ်ဖိုက်ကို အတိုကောက်ခေါ်ဝေါ်သည့် စကားဖြစ်သည်။ ထိုဓာတု ပစ္စည်းမှာ အရပ်သုံးစကားအားဖြင့် အက်ပဆင်ဆော့ဟု ခေါ်သော ဆား ခါးပင် ဖြစ်၏။ ကျေးရွာများတွင် ဆားခါးကို လူတိုင်း မသုံးနိုင်ကြ။ ရရန်လည်း မလွယ်ကူသဖြင့် ဆားခါးအစား မည်ကျည်းသီးနှင့် ဆားကိုသာ အသုံးများကြလေသည်။ မည်သို့ရှိစေ အာနိသင်မှာ အတူတူသာလျှင် ဖြစ်၏။

ဦးပြည့်စုံသည် ကိုအောင်ဇင့်အပေါ် အတော့ကို မကျေမနပ်ဖြစ် ကာ တစ်လမ်းလုံး တဖျစ်တောက်တောက်လုပ်၍လာလေသည်။

“ခွေးသား အောင်ဇင်။ သူ့ကိုယ်သူ ခေတ်ပညာတတ်ဆိုပြီး လူ အထင်ကြီးအောင် မဂ္ဂဆဖ်လေး ဘာလေးနဲ့ စကားကြီး စကားကျယ်တွေ သုံးနေတာ။ နောက်ဆုံးတော့ ဘာမှမဟုတ်ဘူး။ သူ့နွားမကလေးကို ကျုပ်က ကြည့်ရှုပေးတဲ့အတွက် ဆေးဖိုးဝါးခ ပေးရနိုး ကမ်းရနိုး အောက် မေ့ပြီး ဆရာဆေးကောင်းလို့ မဟုတ်ဘူး။ ကျွန်တော် ဖင်ခေါင်းကျယ်လို့ ဝမ်းသွားတာဆိုတဲ့ အပေါက်မျိုး သုံးလိုက်တာ...ဖွီ”

ဦးပြည့်စုံသည် အိမ်သို့ ပြန်၍ ရောက်သည့်တိုင် ကိုအောင်ဇင် အပေါ် အခဲမကျေနိုင်သေးဘဲ ‘မဂ္ဂဆဖ်...မဂ္ဂဆဖ် ဘာမဂ္ဂဆဖ်လဲ။ နောက်တော့ သူ့ကိုအောင်ဇင်လို့ ရိုးရိုးမခေါ်ဘူး...ဆားခါးအောင်ဇင်လို့ နာမည်ပေးလိုက်မယ်...ဖွတ်’ဟု သူ့ရင်တွင်း၌ ရှိသမျှကို အခိုးထုတ်ပစ် လိုက်လေသည်။

ကျွန်တော်သည် ဦးပြည့်စုံနှင့် အတူလိုက်ပါ၍ သူ့ ပြောဆိုနိုင်

www.burmeseclassic.com

www.burmeseclassic.com



စေသမှုတို့ကို လုပ်ရခြင်းအတွက် စောစောက စိတ်ထဲတွင် တမျိုးတမည် ဖြစ်ခဲ့သော်လည်း နောင်တွင် ထိုသို့လိုက်ပါရခြင်းကြောင့် ကျွန်တော့်တွင် အသိမိတ်ဆွေ တိုးပွားခြင်း၊ ကျေးလက်တောင်သူတို့၏ စရိုက်သဘာဝတို့ကို ပိုမိုသိနားလည်ရခြင်း၊ အတွေ့အကြုံများခြင်း တည်းဟူသော အကျိုးတရားများ တိုးပွားခြင်းကို ထင်လင်းစွာ တွေ့ရသည့်အတွက် ဦးပြည့်စုံနှင့် တွေ့ရခြင်းသည် ကျွန်တော့်အဖို့ အထူးကံကောင်းသည်ဟု တွေးမိကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတော့သည်။

ကျွန်တော်တို့လို တိရစ္ဆာန်ဆေးကုဆရာများသည် ဆေးတက္ကသိုလ်ကျောင်းဆင်းများနှင့် မတူချေ။ ဆေးတက္ကသိုလ်မှ အမ်ဘီဘီအက်စ်ဘွဲ့ရရှိသူများသည် နောက်ဆုံးနှစ် အောင်မြင်ပြီးသည့်နောက် ဆေးရုံကြီးများတွင် တစ်နှစ်တိုင်အောင် အလုပ်သင်ဆရာဝန်အဖြစ်ဖြင့် လက်တွေ့ခွဲစိတ်ကုသမှုများ ပြုလုပ်ကြရလေသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး တက္ကသိုလ်မှ အောင်မြင်သူများ တိရစ္ဆာန်ဆေးကုသိပ္ပံကျောင်းထွက်များမှာမူ ထိုသို့ အလုပ်သင်သဘောမျိုး လုပ်ရခြင်းမရှိပေ။ တစ်ခါတည်း အလုပ်ဝင်၍ လုပ်နိုင်ကြသည်။ သို့ဖြစ်၍ တတ်သိကျွမ်းကျင် ပညာပြည့်ဝသော ဆရာသမားများနှင့် ဦးဦးဖျားဖျား တွဲ၍ လုပ်ရခြင်းသည် အလွန်အဖိုးတန်သော အခွင့်အရေးတစ်ရပ် ဖြစ်ပေတော့သည်။

ဦးပြည့်စုံသည် ကျွန်တော့်ကို တော်တော် ကျေနပ်ပုံရသည်။ သူသည် အိမ်သို့ပြန်၍ ရောက်ရှိသည့်အခါတွင် သူနှင့်အတူ ညစာထမင်းစားရန် ဖိတ်ခေါ်ခြင်းက ထိုအချက်ကို သက်သေခံ၍ နေပေ၏။

“ဘယ့်နှယ်လဲ၊ တော်တော်ကလေး ပင်ပန်းသွားသလား”

“ပင်ပန်းတယ်လို့ မအောက်မေ့ပါဘူးဆရာ။ ဒါပေမဲ့ ကျွန်တော်တို့အလုပ်ဟာ နေ့တိုင်း ဒီလိုပဲ ဖြစ်မယ်ဆိုရင်တော့ မစားသာဘူး ထင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုချည်းတော့လည်း အမြဲမဟုတ်ပါဘူး။ များတဲ့အခါလည်း များ နည်းတဲ့အခါလည်းနည်းပေါ့။ မိုးဦးကျအခါမှာတော့ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေလည်း လူတွေလို ရောဂါဘယ ထူပြောကြတာပဲ။ အထူးသဖြင့် အပူအအေးမညီမျှတဲ့ အချိန်မျိုးမှာ ခွာနာလျှာနာ အများဆုံး ဖြစ်လေ့ရှိတယ်။ ဒါကိုတော့ အထူးပြောနေစရာ မလိုပါဘူးလေ။ ကိုလွန်းဝေလည်း သိပြီးသားပဲဟာ။ နောက်ပြီး တိရစ္ဆာန်ဆိုတာကလည်း လူလိုပဲ အခု နေကောင်းနေရာက အခုပဲ နေမကောင်းဖြစ်ချင်ဖြစ်တတ်တာ။ အဲ... တိရစ္ဆာန်နဲ့ လူနဲ့ ကွာခြားတာက လူတွေက နေထိုင်မကောင်းရင် ဘာဖြစ်တယ် ဘယ်လိုဖြစ်တယ်ဆိုတာ ပြောတတ်တယ်။ တိရစ္ဆာန်က မပြောတတ်ဘူး။ အဲဒါကြောင့် တစ်ခါတစ်ခါ ရောဂါကျွမ်းနေမှ သိရတယ်။ ဒါ့ကြောင့် ကြိုတင်ကာကွယ်ရေးဟာ အရေးကြီးတာ"

ဦးပြည့်စုံသည် သူပြောနေသည့် စကားများကို ပုဒ်မ ဖြတ်သကဲ့သို့ ပြောရင်းက ရပ်၍ ထမင်းလုတ်များကို ပါးစပ်တွင်းသို့ အားရပါးရ သွင်းနေလိုက်သည်။

"ကျုပ်တို့အလုပ်ကလည်း တော်တော်ရယ်စရာ ကောင်းတယ်။ တစ်ခါတစ်ခါ ဦးသာရင်တို့လို ကျုပ်တို့ပညာကို အထင်ကြီးသူ၊ ကျေးဇူးတင်တတ်သူတွေ ရှိသလို ဆားခါး အောင်ဇင်တို့လို ကျေးဇူးကန်းတဲ့သူ အထင်မကြီးတဲ့သူတွေလည်း တွေ့ရတတ်တယ်။ နောက်ပြီး အသက်ကယ်တဲ့ အလုပ်မျိုးကို လုပ်ရတာခြင်း အတူတူ လူကို ဆေးကုတဲ့ဆရာဝန်ကိုမှ ကျုပ်တို့ထက် အထင်ကြီးတတ်ကြတယ်။ ငွေလည်းများများကန်တော့ချင်ကြတယ်။ ဆရာဝန်ကြီးတွေကို မပြောနဲ့တော့ ကျေးလက်ကျန်းမာရေး မှူးတောင် သူ့နေရာနဲ့သူ ဟုတ်နေတာပဲ။ ပြီးတော့ သူတို့က အရိပ်ထဲမှာ အိမ်ခန်းထဲမှာ ခုတင်သန့်သန့်ပြန့်ပြန့်ပေါ်မှာ ဆေးကုရတာ။ ခင်ဗျားတို့

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့က နေပူမရှောင် မိုးရွာမရှောင် လေထဲမိုးထဲ ပေပေရေရေ ညစ်ညစ်ပတ်ပတ်ထဲမှာ မရှုံမရှာ လုပ်ကြရတာ။ အဲဒါကို ကျုပ်က မကျေနပ်လို့ ညည်းညူတဲ့အနေနဲ့ ပြောနေတာ မဟုတ်ပါဘူး၊ အဖြစ်ကို ပြောတာပါ"

ဦးပြည့်စုံသည် ထမင်းလုတ်များကို အားရပါးရသွတ်သွင်းလိုက်ပြန်သည်။ သူ့စကားများကို ကြားရသည့်အခါ ကျောင်းမှာတုန်းက ဆရာတစ်ဦးက မှာဖူးသည့် စကားတစ်ခွန်းကို ပြန်ပြောင်းပြီး သတိရမိပါသည်။ 'မောင်တို့ဟာ တိရစ္ဆာန်ဆေးကုတဲ့အလုပ်နဲ့ အသက်မွေးမယ်ဆိုရင် ချမ်းသာကြွယ်ဝဖို့ကိုတော့ သိပ်ပြီး မမျှော်လင့်ကြနဲ့။ ဒါပေမယ့် ဇဟုသုတကြွယ်ဝမှာကတော့ သိပ် သေချာတယ်'

ဆရာသည် ထိုစကားများကို ကျွန်တော့်နားအနီးသို့ ကပ်၍ ပြောနေသကဲ့သို့ ယခုတိုင်အောင် ကြားယောင်နေပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

(၄)

ကျွန်တော်သည် စံပြရွာသစ်ကြီး၏ သာယာကုန်း၊ သပြေကန်၊ လက်ပန်တော၊ ရှမ်းစု အစရှိသည့် ကျေးရွာအုပ်စု တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးကျေးမှုးတာဝန်ကို မထမ်းရွက်ရသေးမီ ဦးပြည့်စုံနှင့်အတူ ကျေးရွာအသီးသီးကို ကွင်းဆင်းလေ့လာခဲ့ရခြင်းဖြင့် ကျေးရွာဇာတိ ဟူသုတကို အတော်အတန် လုံလောက်စွာ ရရှိနေပြီဖြစ်ပါ၏။

ကျေးလက်တောင်သူတို့သည် ကျွန်တော့်ကို တွေ့စတွင် ဆရာတစ်ယောက်၏ လက်ထောက်အဖြစ်ဖြင့် အထင်မကြီးကြချေ။ သို့ရာတွင် ကျွန်တော် သူတို့ရှေ့တွင် အင်္ကျီချွတ်ပြီး လက်တွေ့လုပ်ကိုင်ပြ၍ အောင်မြင်စွာ လုပ်ဆောင်နိုင်ခြင်းကို တွေ့ရသည့်အခါ ကျွန်တော်သည် သူတို့၏ မျက်စိထဲတွင် အကဲတက်၍လာပါတော့သည်။ ယင်းသို့ တစ်ခါတွေ့လိုက်ရုံမျှဖြင့် နဂိုကပင် ညှို့ဝတ်ကျေပွန် ဖော်ရွေတတ်ကြသော ကျေးတောသားတို့သည် အထူးတလည် ဖော်ရွေမှုကို ပြလာကြသည်။ 'လာပါဦး၊ ထမင်းဝင်ပြီး စားသွားပါဦး' ဟူသော စကားများကို ရောက်လေရာတိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com



ကြားနေရသည်။ ထိုသို့ ဖိတ်ခေါ်ခြင်းကိုငြင်းလျှင် သူတို့မကျေနပ်ချင်ကြပေ။ သို့ဖြင့် ကျွန်တော်သည် သူတို့က ထမင်းစားဖိတ်ခေါ်လျှင် ငြင်းဆန်ခြင်းမပြုဘဲ သူတို့နှင့် လက်ရေတပြင်စီး ဝင်ရောက် စားသောက်လေ့ရှိသည်။ ထိုသို့စားရာတွင် သူတို့ကျွေးမွေးသည့် ထမင်းဟင်းလျာများသည် ဆန်းပြားခြင်းမရှိသော်လည်း သူတို့၏စေတနာကြောင့်ပဲလားမသိ စားရသည်မှာ လွန်စွာမြိန်ယှက်လှတော့သည်။

သူတို့သည် ထမင်းမကျွေးရလျှင်လည်း သူတို့၏ခြံထဲယာထဲက ထွက်သော အသီးအရွက်များနှင့် ကြက်ဥဘဲဥ စသည်များကို မယူမနေရ အတင်းပေးလေ့ ရှိကြသည်။

သူတို့သည် အလုပ်ကြမ်းများကို လုပ်ကိုင်နေကြရသော်လည်း သူတို့၏ စိတ်ထားနှလုံးထားမှာ များသောအားဖြင့် သိမ်မွေ့နူးညံ့ကြသည်။ သူတို့၏အတွေးအခေါ် သူတို့၏ လောကအမြင်များသည် ဘာသာတရားနှင့် အမြဲယှဉ်တွဲနေပေသည်။ မြို့ကြီးသား မြို့နေလူထုများ အနေဖြင့် ဒုက္ခကြီးငယ် ကြုံတွေ့ကြရလျှင် အုတ်နံရံနှင့် ခေါင်းနှင့် ဆောင့်၍ သေလိုက်ချင်အောင် ဖြစ်ကြမည့်ကိစ္စမျိုးကို သူတို့အနေဖြင့် 'ဒါတွေဟာ လောကဓံတရားအတိုင်း ဖြစ်မြဲဓမ္မတာတွေပဲ'ဟု ဖြေသိမ့်နိုင်ကြလေသည်။

ကျွန်တော်သည် တောင်သူ လယ်သမား ဦးကြီးများ၏ အရေးယူဂရုစိုက်မှုကို တစ်စတစ်စ တိုးတက်ခံယူလာရသဖြင့် အားတက်မိသော်လည်း ရွယ်တူတန်းတူ ကွမ်းတောင်ကိုင်ပျိုဖြူတို့ကမူ ကျွန်တော့်ကို ကျေးလက်ကျန်းမာရေးမှူးလောက်မှ အထင်မကြီးကြသဖြင့် သူတို့အကြောင်း စဉ်းစားမိတိုင်း စိတ်ဓာတ် အကြီးအကျယ် ကျရလေသည်။ ပို၍စိတ်ဓာတ်ကျရသည်မှာ ဦးပြည့်စုံအိမ်သို့ ချောင်းပေါက်အောင် လာ၍ နေကြသော အမျိုးသမီး အပျိုအရွယ်မှန်သမျှတို့သည် ကျွန်တော့်ကို မျက်စိမှောက်

www.burmeseclassic.com



ကာ ကျော်၍ ကျော်၍ ဖြတ်သွားကြခြင်း ဖြစ်ပေသည်။

အမှန်အတိုင်းပြောရလျှင် ကျွန်တော်သည် မည်သူ့ကိုမျှ မနာလိုဝန်တိုခြင်း မဖြစ်မိပါ။ သို့သော် ကျွန်တော်နှင့် နှိုင်းစာလျှင် သူတို့အပေါ်တွင် ကျွန်တော့်ထက် ပို၍ မက်မောလောက်စရာ ဘာများရှိ၍ သူတို့ကိုမှ ငန်းငန်းတက် ဖြစ်နေခြင်းကို ကျွန်တော် နားမလည်နိုင်အောင် ရှိပါသည်။ ရုပ်ရည်လား၊ အသက်အရွယ်လား၊ ဝတ်ဟန်စားဟန်လား၊ စီစစ်တွေးကြည့်လိုက်သည့်အခါ ထိုဟာများနှင့် လားလားမျှ မဆိုင်သည်ကို ခပ်ရေးရေးမြင်ရလေသည်။ သို့ဖြစ်လျှင် ဘာလဲဟု အမေးထုတ်လိုက်သည့်အခါ ထွက်လာသော အဖြေမှာ ဂုဏ် ဂုဏ် ဂုဏ်ဟူ၍ အသံထွက်နေတော့သည်။

ကျွန်တော်သည် ဦးပြည့်စုံအား ငန့်စားမျှော်လင့်ကာ တန်းစီ၍ တိုးနေကြသူတို့အထဲတွင် ရီရီဝင်းကို မြင်လိုက်တိုင်း မျက်နှာမပြရဲဘဲ ငှက်ကုလားအုပ်ကဲ့သို့ မြေကြီးထဲ ဦးခေါင်းဝှက်ထားချင်သလိုလို ဖြစ်မိသည်။ သူသည် ကျွန်တော်နှင့် ဘာမျှ မဆိုင်သော်လည်း တစ်နေ့နေ့တွင် ဦးပြည့်စုံ၏ လက်ထဲသို့ သူပါ၍ သွားမည်ကို စိုးရိမ်မိကာ အလိုလို တွန့်တိုနေသည်။ သို့သော် ဦးပြည့်စုံကို ကြည့်ရသည်မှာ လူပျိုကြီးဘဝဖြင့် အရိုးထုပ်မည့် ပုံမျိုးမြင်နေရသဖြင့် ကျွန်တော့်အနေဖြင့် 'ကြိုးစားလျှင် မယားဖြစ်နိုင်သည်'ဟူ၍ မျှော်လင့်စရာ ဖြစ်ရပြန်သည်။

တစ်နေ့တွင် ဗိုလ်မှူးရဲဝင်းသည် ဦးပြည့်စုံထံသို့ ရောက်လာပြီးလျှင် သူမွေးထားသည့်နွားတွေ ချောင်းဆိုးနေသဖြင့် လိုက်၍ ကြည့်ရန်ပြောရာ ဦးပြည့်စုံက သူ မအားသဖြင့် ကျွန်တော့်ကို သွားရောက်ကြည့်ရန် တာဝန်ပေးလေသည်။ ဤတွင် ကျွန်တော်သည် ရီရီဝင်းနှင့် တွေ့ဖို့ရန် အခွင့်အရေးရလာသဖြင့် လိုအပ်သည့် ဆေးဝါးကိရိယာများကို ဆွဲယ်ပိုး ကာ ဗိုလ်မှူးရဲဝင်း၏ နွားခြံသို့ သုတ်ခြေတင်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးရဲဝင်း၏ခြံမှာ သူ့အိမ်နှင့် မလှမ်းမကမ်းမှာပင် ရှိသည်။ ခြံမှာ ဆယ်ကေခန့် ကျယ်ဝန်းပြီး ခြံထဲတွင် တစ်ဖက်က နွားနှင့်ကြက် ဝက်များ မွေးထားသည်။ တစ်ဖက်မှာ သပျစ်သီးနှင့် တရုတ်ဆီးသီးများကို စမ်းသပ်စိုက်ပျိုးထားသည်။ သူ့အိမ်တွင် မြင်းနှင့် ခွေးကို မွေး၍ထား လေသည်။

နွားသည် မြေပေါ်၌ပေါက်ရောက်သော မြက်နှင့်တကွ တွေ့ကရာ အပင်များကို စားတတ်သဖြင့် သူတို့၏ကိုယ်ထဲသို့ ပိုးမွှားမျိုးစုံ ဝင်ရောက် တတ်သည်။ သို့ဖြစ်၍ ရောဂါလည်း မျိုးစုံအောင် ဖြစ်တတ်လေသည်။ နွားများ ချောင်းဆိုးသွေးပါ ဖြစ်ခြင်းသည် လူများ တီဘီရောဂါ ဖြစ်ခြင်း နှင့် မခြားလှပေ။ ထိုရောဂါသည် နွားနွားချင်း ကူးစက်ရုံမက ရောဂါရှိသော နွားမမှ ရသည့်နွားနို့က တစ်ဆင့် လူကိုပါ ကူးစက်တတ်လေသည်။

ထိုသို့ကူးစက်တတ်သော ရောဂါဖြစ်သည့်အတွက် နွားငယ်ကလေး များကို ကျူဘာကူလင်ဆေးထိုး၍ စမ်းကြည့်ရပြီး ရောဂါရှိနေသော နွား များကို ချောင်းဆိုးပျောက်ဆေးများ တိုက်ကျွေးကုသရလေသည်။ ထို့ကြောင့် နွားငယ်များအတွက် ကျူဘာကူလင်ဆေးများ ယူဆောင်ခဲ့ရသည်။

ဗိုလ်မှူးရဲဝင်း၏နွားများသည် ထိုဒေသတစ်ဝိုက်တွင် အလွန်နာမည် ကြီးသော နွားများဖြစ်ကြ၏။ သူ့နွားများကို လွှတ်၍ထားလျှင် တွေ့ကရာ အိမ် တွေ့ကရာခြံထဲဝင်၍စားတတ်ကြသည်။ သို့သော် သူ့အရှိန်အဝါကြောင့် သူ့နွားများကို မည်သူကမျှ မထိရဲမတို့ရဲကြချေ။ ထိုနွားများသည် အထိန်း အကျောင်းမရှိဘဲ သွားချင်ရာ သွားတတ်ကြရာ တစ်ခါတစ်ရံ တစ်ရွာကျော် နှစ်ရွာလောက် ဝေးသည့်နေရာအထိ လိုက်လံကောက်ယူရလေသည်။ ထို သို့လိုက်၍ ကောက်ရာတွင် ထိုနွားများကို လူတိုင်းကိုင်ရဲကြသည်မဟုတ် ပေ။ ထိုနွားများသည်အနည်းငယ် ရိုင်း၍ နေကြရာ ခြံအလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျော့နှင့် ကိုငထိန်တို့သာ ကိုင်ရဲ ဖမ်းရဲကြလေသည်။

ကျွန်တော်သည် ခြံထဲသို့ တိုက်ရိုက်မသွားဘဲ ဗိုလ်မှူးထံ အရင်သွားရသည်။ ဗိုလ်မှူးသည် ကျွန်တော့်အလာကို စောင့်ပြီး ခြံထဲသို့ အတူလိုက်လာသည်။

"သမီးလည်း လိုက်ခဲ့ပါလား"

ဗိုလ်မှူးရဲဝင်းက ရီရီဝင်းကို ခေါ်နေသဖြင့် ကျွန်တော့်စိတ်ထဲတွင် အလွန်ပျော်သွားသည်။ သူလိုက်လာလျှင် ကောင်းမှာပဲဟု စိတ်ထဲက ထင်သည်။ သို့သော် ဘယ်လိုကောင်းမည်ကိုတော့ မသိချေ။

"သမီးလိုက်ဖို့လိုလို့လား"

"ကြည့်ရှုရအောင်ပေါ့ သမီးရယ်။ လိုအပ်ရင်လည်း ဖေဖေတို့ အကူအညီရတာပေါ့"

ရီရီဝင်းကို ကြည့်ရသည်မှာ သိပ်ပြီးလိုက်ချင်ပုံမပေါ်ပေ။ ဤနေရာတွင် ဦးပြည့်စုံနှင့်ဆိုလျှင် လိုက်ကောင်းလိုက်ချင်ပေလိမ့်မည်။ သို့ရာတွင် သူ့ဖခင်ဆန္ဒကို မဆန့်ကျင်လိုသည့်အတွက် 'ဒီလိုဆိုရင်လည်း သမီးလိုက်ပါ့မယ်' ဟူ၍ အဖြေထွက်လာလေသည်။ ကျွန်တော်ပျော်လိုက်သည် ဖြစ်ခြင်း။

ခြံထဲသို့ ကျွန်တော်တို့ ရောက်ရှိသွားကြသည့်အခါ နွားများကို မတွေ့ရချေ။ အားလုံးစားကျက်ထဲသို့ ရောက်နေကြလေပြီ။ သို့ဖြစ်၍ ဖိုးကျော့နှင့် ကိုငထိန်တို့အား နွားများကို အကောက်ခိုင်းရလေသည်။ သူတို့နှစ်ယောက်သည် ဗိုလ်မှူးရဲဝင်း၏ နွားများကို မွေးလာကတည်းက အခုထိ ကိုင်တွယ်လာသူများဖြစ်ကြရာ သူတို့ကိုယ်တိုင်ကပင် နွားကောင်းနီးနီး ခွန်အားကြီးနေကြလေသည်။

သူတို့နှစ်ယောက်သည် စားကျက်ထဲက နွားများကို မောင်း၍လာကြ

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ မောင်း၍ သွင်းကြသည်။ နွားများကို မ၍လာကြပြီး ခြံထဲသို့ မောင်း၍ သွင်းကြသည်။ နွားများသည် သူတို့ကို တစ်စုံတစ်ရာ ပြုလုပ်မည်ကို သိကြ၍လား မပြောတတ်ချေ။ သူတို့သည် ခြံထဲသို့ ဖြောင့်ဖြောင့်တန်းတန်း မဝင်ဘဲ ဟိုပြေးဒီလွှားလုပ်နေကြသဖြင့် ဗိုလ်မှူးရဲဝင်းရော ရီရီဝင်းပါ ဟိုတက်သည်ဘက်ကနေ၍ မောင်းသွင်းနေကြရသည်။

နွားများသည် မြန်မာနွားစစ်စစ် မဟုတ်ကြချေ။ မျိုးစပ်များ ဖြစ်သည်။ သူတို့သည် ခပ်ရိုင်းရိုင်း ဖြစ်ကြသည့်အထဲ ခြံသွင်းချိန်က လွဲပြီး တစ်နေကုန် ပေါက်လွှတ်ပဲစားထားသည့်အတွက် ပို၍ဆိုးချင် ရိုင်းချင်နေကြသည်။ သူတို့သည် မျက်ထောင့်နီနီ အမြီးတယမ်းယမ်းနှင့် လုပ်နေကြသည်။

ထိုနွားများထဲတွင် အဖမ်းရအခက်ဆုံးဖြစ်မည်မှာ နွားပေါက်ကလေးများ ဖြစ်သည်။ ကျွန်တော်၏ အဓိကအလုပ်မှာ ထိုနွားပေါက်ကလေးများကို ကျူဘာကူလင်ဆေးထိုးပေးဖို့ ဖြစ်ရာ အတော် အကိုင်ရ အဟွယ်ရ အလုပ်ရခက်မည်ကို ပြေး၍မြင်မိသည်။ သို့ဖြစ်၍ စိတ်ချရမှုရှိစေရန် ဖိုးကျော့နှင့် ကိုငထိန်တို့ကို မေးကြည့်ရသည်။

"ကဲ…ဆရာသမားတို့။ ခင်ဗျားတို့ ကောင်ကလေးတွေကို မိအောင် ဖမ်းနိုင်ကြပါ့မလား"

"ရအောင်တော့ ကြိုးစားရမှာပေါ့ ဆရာလေးရယ်"

နွားကလေးများကို ဖမ်းရသည်မှာ မလွယ်။ သူတို့ အမေရိကန် ကောင်းဘွိုင်ဇာတ်ကားထဲက နွားရိုင်းစီးပွဲတွင် မြင်ရသလို ခုန်သည် ပေါက်သည် ကျောက်သည် ကန်သည်။ အပြေးကလည်း သန်သည်။ ဖိုးကျော့နှင့် ကိုငထိန်တို့မှာ နွားကလေးများနှင့် လုံးထွေးနေကြသည်။ တစ်ယောက်က အတင်းဝင်၍ဖက်၊ တစ်ယောက်က ကြိုးနှင့် ချည်နေစဉ် နွားလေးက

www.burmeseclassic.com

www.burmeseclassic.com



ရန်းကန်ပြေး၍ ဒရွတ်ဒရွတ်နှင့် ပါသွားကြသည်ကို ကြည့် ရသည်မှာ ရယ်လည်းရယ်ရ ရင်လည်းမောရသည်။ ကျွန်တော်တို့ကလည်း ပွဲကြည့် ပရိတ်သတ်အဖြစ်ဖြင့် ငြိမ်ငြိမ်နေကြရသည်မဟုတ်ဘဲ ဟေးလား ဝါးလား လုပ်ကာ ညာသံပေးကြရသည်။

ကျွန်တော်သည် ပထမဆုံးမိလာသော နွားကလေးကို အရေပြား အောက်ထဲသို့ ဆေးထိုးထည့်ရန် အပ်ကို သွင်းလိုက်ရာ နွားကလေးက တစ်ချက်အော်လိုက်သည်နှင့် သူ့မိခင်နွားမကြီးက အဝေးကနေ၍ အသံပြန် ၍ပေးသည်။ ထို့နောက် ဆေးထိုးသွင်းလိုက်စဉ် နွားကလေးက အမေကို ခေါ်ပြန်ရာ နွားမတစ်ကောင်သည် တရှိန်ထိုးပြေးလာပြီး ကျွန်တော့်ကို သူ့ခေါင်းနှင့် တအားတွန်းဖယ်ပစ်လိုက်သည်။ နွားမသည် ကျွန်တော့်ကို မဇော့သဖြင့် တော်ပါသေးသည်။ သို့ဖြစ်သည့်တိုင်အောင် ကျွန်တော်သည် အွန့်ခနဲဖြစ်ကာ သုံးလေးလှမ်းလောက် လွင့်သွားသေးတယ်။

သို့ဖြစ်၍ နောက်ထပ်မိသော နွားကလေးများကို ဆေးမထိုးမီ နွားထီး နွားမအားလုံးကို နွားတဲကြီးထဲသို့ မောင်း၍ သွင်းထားရလေသည်။

နောက်တစ်ကောင်ကို ဆေးထိုးလိုက်သည့်အခါ အော်ရုံသာမဟုတ် သေးဘဲ စောစောက သူတို့စား၍ ထားကြသည့် မြက်များသည် စိမ်းပုတ်ပုတ် အရေများအဖြစ်ဖြင့် မီးသတ်ပိုက်နှင့် ပန်းလိုက်သလို စအိုထဲမှ ပန်းထွက် လာရာ ကျွန်တော်သည် လူမှန် နေရာမှန် နေမိ၍သာ နွားသကြိန်ကျခြင်း မခံရဘဲရှိတော့သည်။

နွားကလေးများကို ဆေးထိုးပေးရသည်မှာ နေ့တစ်ဝက်ကျိုး သည် ထို့နောက် ချောင်းဆိုးသော နွားများကို အခြားနွားများနှင့် ခွဲထား ခိုင်းလိုက်ရသည်။ ထိုနွားများကိုမူ နွယ်ချိုတစ်ဆယ်သား၊ သုံးထပ်ပဒိုင်း သုံးကျပ်သားနှင့် ပရုတ်သုံးမတ်သားစီရော၍ တိုက်ရန် မှာရသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလုပ်ကိုင်ပြီးစီးသည့်အခါ ကျွန်တော့် တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသဖြင့် ခြံထဲရှိ ရေတွင်းမှပင် ရေချိုးရသည်။ ရေကို ဖိုးကျော့က ဆွဲ၍ပေးသည်။

ရီရီဝင်းသည် စောစောက ခပ်တန်းတန်းဖြစ်နေခဲ့သော်လည်း ကျွန်တော်၏ စိတ်ရောကိုယ်ပါ လုပ်ပုံကိုင်ပုံများကို တွေ့မြင်ရသဖြင့် ကျွန်တော့်ကို စိတ်ဝင်စားလာပုံရသည်။ သူသည် ဦးပြည့်စုံ၏ အိမ်တွင် ကျွန်တော့်ကို ပထမအကြိမ် တွေ့စဉ်တုန်းကလို အဖက်မတန်သည့် အမူအရာမျိုး မပြတော့ချေ။ ထို့ထက် ကျွန်တော့်အဖို့ အလွန်ဝမ်းသာစရာဖြစ်ရသည်မှာ သူသည် ဖခင် ဗိုလ်မှူးရဲဝင်း ပြောစကားအတိုင်း ကျွန်တော် ရေချိုးသည့်နေရာသို့လာ၍ ဆပ်ပြာနှင့် မျက်နှာသုတ်ပဝါပေးခြင်း ဖြစ်ပေ၏။ သူသည် မပြုံးသော်လည်း သူ့ မျက်နှာပေါ်တွင် ရှင်ပြသောအရိပ်အရောင်ပေါ်နေသည်။

"ကဲ ...ကိုလွန်းဝေ ကျွန်တော်တို့နဲ့အတူတူ ဒီမှာပဲ ထမင်းစားပြီးမှ ပြန်ပေတော့"

ကျွန်တော် ရေတွင်းမှ ပြန်၍အလာတွင် ဗိုလ်မှူးရဲဝင်းက ယခုလိုပြောလိုက်ရာ ကျွန်တော်သည် ရေငတ်နေသည့်ငှား စမ်းချောင်းတွေ့ရသလိုဝမ်းသာ၍ မဆုံးနိုင်အောင် ဖြစ်မိလေတော့သည်။

"ကျေးဇူးပါပဲဗိုလ်မှူးရာ၊ ဆာနေတာနဲ့တော့ အတော်ပဲ၊ ဟဲဟဲ"

'ဒါပေမဲ့ ခဏတော့ စောင့်ရလိမ့်မယ်။ အခုမှ ကိုထိန် ကြက်ချေးနှုတ်တုန်း ရှိသေးတယ်'ဟု ဗိုလ်မှူးရဲဝင်းက ပြောပြီး 'သမီးရေ'ဟု ရီရီဝင်းကို လှမ်း၍ခေါ်လိုက်၏။

"ဟုတ်ကဲ့ ဖေဖေ"

"ကိုလွန်းဝေ ပျင်းမနေရအောင် ခြံထဲကအပင်တွေ လိုက်ပြပါလား။

www.burmeseclassic.com



ဒါမှ သမီးတို့ပြန်လာတာနဲ့ ထမင်းကျက်မှာနဲ့ အဆင်သင့်ဖြစ်နေမယ်"

ရီရီဝင်းသည် သူ့ဖခင်၏ စကားကို ပယ်ရှားခြင်းမရှိဘဲ ပြောလိုက်တိုင်း လိုက်နာတတ်သူလေး ဖြစ်ခြင်းကို ဤတစ်မနက်အတွင်းမှပင် တစ်ကြိမ်မက တွေ့နေရသဖြင့် သူ့ကို စိတ်ထဲကကြိတ်၍ ချီးကျူးမိသည်။ ထို့ပြင် သူသည် ကျွန်တော့်ကို လိုက်လိုက်ရောရော ဆက်ဆံခြင်းကို တွေ့လာရသဖြင့် စောစောက သူ့အပေါ်ထားရှိခဲ့သည့် ထင်မြင်ချက်တို့သည် အလိုလို လွင့်စင်သွားလေသည်။

သို့သော် သူသည် ကျွန်တော့်ကို ဦးပြည့်စုံကဲ့သို့ ဟက်ဟက်ပက်ပက် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းတော့ဖြင့် မရှိချေ။ မည်သို့ရှိစေ လူချင်းတွေ့ကြခါစတွင် ယခုလိုပင် ခပ်မှန်မှန် ဆက်ဆံနေဦးမည်ဖြစ်ရာ ကျွန်တော့်စိတ်ထဲတွင် တစ်နေ့တစ်လံ ပုဂ်ဘယ်ပြေးမလဲဟု အားခဲမိလေသည်။

ကျွန်တော်သည် ရီရီဝင်းတို့ထံမှပြန်ခဲ့ပြီး စံပြရွာသစ်ကြီးသို့ ပြန်၍အရောက်တွင် မြို့နယ်မှူးက အခေါ်လွှတ်လိုက်သည်ဟု သိရ၍ ဘာများအရေးကြီးလို့ပါလိမ့်ဟု စိုးရိမ်မကင်းဖြစ်ကာ ဆရာ ဦးပြည့်စုံထံသို့ ခပ်မြန်မြန်သွားရလေ၏။ သူသည် ရီရီဝင်းတို့ထံတွင် တစ်နေကုန်လုနီးနီး ကျွန်တော်နေခဲ့ခြင်းကို မလိုလား မနှစ်သက်၍လောဟု ကျွန်တော့်စိတ်ထဲတွင် မလုံမလဲ ဖြစ်မိ၏။ သည်လိုမှ မဟုတ်လျှင်လည်း ဘာများ ပြောစရာ မှာစရာ အပြစ်တင်စရာ ရှိလို့ပါလိမ့်မလဲ ဟူ၍လည်း ပူပင်မိ၏။

ဦးပြည့်စုံကို တွေ့ရသည်အခါ သူ့မျက်နှာသည် ခါတိုင်းကဲ့သို့ ရွှင်ရွှင်ပြပြမရှိသဖြင့် ကျွန်တော်၏ စိုးရိမ်မှုသည် ပိုကဲ၍လာလေသည်။

"ကိုလွန်းဝေကို ပြောစရာတစ်ခုရှိနေတယ်။ အဲဒါ ဦးသံပွဝရဲ့နွားမကိစ္စပဲ။ သူ ကျုပ်ကို လာပြီးတိုင်တယ်။ ဘာတိုင်သလဲဆိုတော့ ဟို

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ညက သူ့နွားမကို လာပြီးကြည့်ဖို့ ကိုလွန်းဝေဆီ လူလွှတ်ပြီး ပြောလိုက်တာ ချက်ချင်းလာမကြည့်ဘူးတဲ့ ဟုတ်ရဲ့လား"

"သူ လူလွှတ်ပြီးတိုင်တယ်ဆိုတာ မှန်ပါတယ်။ ကျွန်တော်ချက်ချင်း လိုက်မသွားဘူးဆိုတာလည်းမှန်ပါတယ်။ ဒါပေမဲ့ သူ့နွားမမှာ ဖြစ်နေတဲ့ ရောဂါက ချက်ချင်းလိုက်ကြည့်ဖို့လိုတာမဟုတ်ပါဘူး။ သူ့ဟာက နို့အုံ ရောင်နေတဲ့ရောဂါပါ။ ဖြစ်နေတာလည်းကြာပါပြီ။ အဲဒါကို စောစောစီးစီး ဖြစ်စတုန်းက လာပြီးပြောတာလည်း မဟုတ်ဘူး။ သူ့ဟာသူ ဟိုဒင်းလုပ် ဒီဒင်းလုပ်နဲ့ တွေ့ကရာရှစ်သောင်းတွေ လျှောက်လုပ်ပြီး မရတော့မှ လာ ပြောတာ။ ပြီးတော့ နွားမက နို့ပျစ်ခဲနေတာကလွဲလို့ ဘာမှလည်းမဖြစ်ပါ ဘူး။ အစားလည်းမပျက်ဘူး။ အဲဒါကြောင့် ချက်ချင်းထပြီး လိုက်သွားဖို့မလို တာကြောင့် နောက်မှ အေးအေးသွားမယ်ဆိုပြီး နေလိုက်တာပါ"

ဦးပြည့်စုံသည် သူ့ခေါင်းကိုကုတ်၍ အနည်းငယ် စဉ်းစားနေလိုက် သည်။

"ဦးလှဝဟာ ကျေးရွာကော်မတီ ဥက္ကဋ္ဌတစ်ယောက်လည်း ဖြစ် တယ်။ သူ့စိတ်သဘောထား ဘယ်လိုရှိတယ်ဆိုတာလည်း ကိုလွန်းဝေ သိနေသားပဲ။ ဒါပေမဲ့ ကျုပ်အခုပြောနေတာက ဦးလှဝဟာ ကျေးရွာကော် မတီ ဥက္ကဋ္ဌတစ်ယောက်ဖြစ်လို့ ပြောတာ မဟုတ်ပါဘူး။ ကျုပ်တို့ရဲ့ လုပ် ငန်းနဲ့ ပတ်သက်လာတဲ့ကိစ္စမှန်ရင် တခြားကိစ္စတွေ ဘေးချိတ်ပြီး အခု ဘာခေါ် အခုလိုက်သွားရမယ့် တာဝန်ရှိတယ်။ တိုတိုပြောရရင် ကျုပ်တို့ အသည်းနှလုံးထဲမှာ ခုခေါ်ခုလိုက်ဆိုတဲ့ စာလေးလုံးကို ထွင်းထားဖို့ လို တယ်"

ဦးပြည့်စုံက သင်တန်းပြဆရာကဲ့သို့ ညာလက်ညှိုးကို ထောင်၍ တလှုပ်လှုပ်လုပ်ရင်း ပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားလေးလုံးကို အမြဲမှတ်ထား။ ဒါဟာ အရာအားလုံးရဲ့ အခြေခံသဘောတရားဖြစ်တယ်။ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ်၊ နေပူပူ၊ မိုးရွာရွာ၊ ညအခါပဲ နေ့အခါပဲ ရွေးမနေနဲ့။ ဘယ်သူခေါ်ခေါ် ထပြီးလိုက်ရမယ်။ လိုက်တဲ့အခါမှာလည်း မညည်းမညူပဲ ကြည်ကြည်ရွှင်ရွှင်နဲ့လိုက်ရမယ်။ ခုနက ကိုလွန်းဝေပြောတဲ့စကားထဲမှာ လတ်တလောလိုက်ဖို့အရေးကြီးတာမဟုတ်လို့ဆိုတဲ့ အကြောင်းကို ပြတယ်။ ကိုလွန်းဝေက ကိုယ့်မျက်စိနဲ့ ကိုယ် ကြည့်လို့ပြောတာ မဟုတ်ဘူး။ လာပြောတဲ့လူရဲ့ စကားကို ချင့်မှန်းပြီး ကောက်ချက်ချလိုက်တာ။ တကယ်တော့ လာပြောတဲ့လူဟာ အရေးကြီးတယ် မကြီးဘူးဆိုတာကို ဆုံးဖြတ်နိုင်လောက်တဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့သူ ဖြစ်ချင်မှဖြစ်မယ်။ မဖြစ်ဖို့ကများတယ်၊ ပြီးတော့ နွားမကပဲ သူ ဘယ်လောက်တောင် နေမကောင်းဘူးဆိုတာလည်း ပြောလိုက်နိုင်တာ မဟုတ်ဘူး။ အဲဒါကြောင့် နောင်ကို ဘယ်အချိန်ဘယ်အခါမဆို လာခေါ်ရင် လိုက်သွားဖို့ မြဲမြဲမှတ်ထားပါလို့ ပြောချင်တယ်"

"ဟုတ်ကဲ့ဆရာ။ ကျွန်တော်အမြဲတမ်းသတိထားပါ့မယ်။ ကျွန်တော် သတိထားရုံတင်မကဘူး သူတို့ကိုလည်း ကျွန်တော်တို့ကို နေ့မရှောင် ညမရှောင် သန်းခေါင်သန်းလွဲ အိမ်ရာထဲက ဆွဲခေါ်နိုင်ပါတယ်လို့ မှာထားပါ့မယ်"

"ကောင်းပါ့ဗျာ။ သိပ်ကောင်း ကောင်းမှကောင်းဆိုတာလိုပေါ့"

ကျွန်တော်သည် ဦးပြည့်စုံကို ကျောပေးကာ ဘယ်ညာမှန်မှန်လှမ်းရင်း ပါးစပ်မှလည်း ခြေကျညီစွာဖြင့် 'ခု–ခေါ် ခု–လိုက်၊ ခု–ခေါ် ခု–လိုက်'ဟု ရွတ်ဆို၍ ထွက်လာခဲ့လေသည်။

တစ်ပတ်လောက်ကြာသည့်အခါ ဦးပြည့်စုံက ခေါ်သဖြင့် သူ့ထံသို့ သွားရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲဗျာ။ လူတွေဟာ တိရစ္ဆာန်ဆေးကုဆရာတွေကို ဝမ်းဆွဲတွေလို ကျွန်းမာရေးမှူးတွေလိုများ အောက်မေ့လေရောသလား မသိပါဘူး။ မနေ့ညက ကျုပ်ကို သန်းခေါင်ကျော် တစ်ချက်တီးလောက် လာပြီးနှိုးလို့ အိမ်မှုံစုံမွှားနဲ့ ဘာများလဲဆိုပြီး အိပ်ရာထဲက ထလိုက်ရသေးတယ်။ ပြီးတော့လဲ ဘာမှဟုတ်တာမဟုတ်ဘူး။ အဲဒါ ကိုလွန်းဝေရဲ့အပြစ်ပဲ"

"ကျွန်တော့်အပြစ်ဟုတ်လား။ ကျွန်တော် ဘာလုပ်ထားလို့လဲ"

"ကိုလွန်းဝေဟာ ဒီတောသားတွေကို အလိုလိုက်လွန်းတာ ကိုလွန်းဝေရဲ့အပြစ်ပေါ့။ ဒီတောသားတွေဟာ ဘာမှ အလိုက်ကမ်းဆိုး သိကြတာ မဟုတ်ဘူး။ သူတို့နွားတွေ တစ်ခုခုဖြစ်လာရင် နားမလည်ပါးမလည်နဲ့ သူပြောငါပြော ဆေးနည်းတိုတွေကို အဟုတ်မှတ်ပြီး လိုက်လုပ်နေတာ။ ကြည့်လေ ညက လာနှိုးတဲ့လူ နွားက အစာအိမ်ရောဂါဖြစ်နေတာ။ ဒါပေမဲ့ ရောဂါကတော့ သိပ်မကြီးပါဘူး။ မကြီးလို့လည်း အခုလောက်နေနိုင်တာပေါ့။ အဲသလိုဖြစ်နေတာကို သူက ကြက်ဆူဆီတိုက်၊ စားတဲ့ဆော်ဒါကျွေး၊ ဂျင်းရေတွေတိုက်နဲ့ လုပ်နေတယ်။ နောက်ဆုံး သူ မတတ်နိုင်တော့မှ မျက်လုံးပြူး မျက်ဆံပြူးနဲ့ ကျုပ်ဆီပြေးလာတယ်၊ လာတော့လည်း အချိန်မတော်ကြီး။ ဘယ့်နှင့်ဗျာ သူ့နွားမှာ ရောဂါဖြစ်နေတာ စောစောကလာပြီး မပြဘဲ။ အခုအထိနေနိုင်မှတော့ မနက်အထိ စောင့်ပါတော့လားဗျာ။ ဘာထူးဦးတော့မှာလဲ။ အခု သူလုပ်ပုံလည်း ကြည့်ပါဦး။ ကျုပ်ကို အချိန်မတော်လာပြီးနှိုးတဲ့အပြင် အားမနာပါးမနာပြောလိုက်သေးတယ်။ ကိုလွန်းဝေက အရေးကြီးရင် အိပ်ရာထဲလာပြီး ဆွဲလှဲ့ပါပြောလို့တဲ့"

"ကျွန်တော်က ဒီလိုပါ။ တိရစ္ဆာန်ဆိုတာ လူလိုပဲ ဘာမှသေချာအောင်ရေရာတာမဟုတ်လို့ အခုပဲကောင်းနေရာက အခုပဲ ဆန့်ငင် ဆန့်ငင်နဲ့ သေသွားနိုင်တာကြောင့် ဆရာပြောသလို နေပူမရှောင် မိုးရွာမရှောင်

www.burmeseclassic.com

www.burmeseclassic.com



နေ့မရှောင် ညမရှောင် လိုက်ပြီးကြည့်ရှုဖို့ လိုတယ်ဆိုတာ ဆရာပြောတဲ့ စကားရှိတဲ့အတွက်"

"နေပါဦး နေပါဦး၊ ဒီစကားကို ကျုပ်ဘယ်တုန်းကပြောခဲ့လို့လဲ"

"ဒါဖြင့် ကျွန်တော်နားကြားလွဲတာ ဖြစ်ပါလိမ့်မယ်၊ ဆရာရယ်၊ ဒါ ကျွန်တော့်အမှားပါ"

"ဒီမယ် ကျုပ်ပြောမယ် ဒီတောသားတွေကို သူတို့ နွားတွေ ဝက်တွေ ရောဂါဖြစ်ရင်ဖြစ်ခြင်း လာပြောဖို့ ကျုပ်တို့ပါးစပ်က ပြောနေလို့ နားလည်မှာ မဟုတ်ဘူး၊ သူတို့တိရစ္ဆာန်တွေ သေလို့ အဲဒီအသေကောင်တွေက ပြောပြတော့မှ နားလည်မှာ။ သူတို့ကို သိပ်ဂရုမစိုက်နဲ့ ပစ်သာ ထားလိုက်"

"ဟုတ်ကဲ့၊ ဆရာ"

ကျွန်တော်သည် ဦးပြည့်စုံကို ကျောပေးကာ ဘယ်ညာမှန်မှန် လှမ်းရင်း ပါးစပ်မှလည်း ခြေကျညီစွာဖြင့် 'ခုခေါ် ခုလိုက်၊ ခုခေါ် ခုလိုက်'ဟု ရွတ်ဆို၍ ထွက်လာခဲ့လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

(၅)

မိုလ်မှူးရဲဝင်းသည် သူစီးသောမြင်းကြီးကို ကျွန်တော်ကုသပေးခဲ့ရစဉ်က ကျွန်တော်နှင့် ကောင်းစွာ ခင်မင်ခြင်း မရှိသေးပေ။ ထိုစဉ်က ဦးပြည့်စုံက ကြပ်မတ်ကုသပေးခြင်း ဖြစ်၍လည်း ကျွန်တော့်ကို အထင်မကြီးခဲ့ချေ။ သို့သော် တစ်ယောက်နှင့်တစ်ယောက်တော့ မျက်မှန်းတန်းမိကြသည်။ သည့်နောက် သူ့နွားကလေးများကို ကျူဘာကူလင်ဆေးထိုးပေးသည့်ပြင် ချောင်းဆိုးနေသော နွားတို့ကို ရောဂါပျောက်ကင်းသွားအောင် ဆေးကုသပေးခဲ့သဖြင့် ကျွန်တော်ကို အလွန်ကျေးဇူးတင်သည့်ပြင် လူချင်းလည်း ပိုမိုရင်းနှီးခင်မင်လာလေသည်။

သို့အားဖြင့် ကျွန်တော်သည် ရဲရဲဝင်းနှင့် တွေ့ဆုံခွင့်ရရန် သူ့အိမ်သို့ အကြောင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မကြာခဏ ဝင်ထွက်သွားလာ၍ နေခဲ့ရာ သူ့အိမ်မှာ ကျွန်တော်၏ စားအိမ် သောက်အိမ်ဖြစ်၍ သွားလေသည်။

တစ်နေ့သော် သူ့အိမ်ရှေ့တွင် သူနှင့် ကျွန်တော် စကားပြော၍

www.burmeseclassic.com

www.burmeseclassic.com



နေကြစဉ် ဦးဘိုးမှန်ဆိုသော လယ်သမားကြီးတစ်ဦးက ကျွန်တော်တို့ကို လမ်းပေါ်မှ လှမ်း၍မြင်သဖြင့် အိမ်ခြံဝင်းထဲသို့ ဝင်ရောက်လာလေသည်။

"ဘယ့်နှယ့်လည်း ဗိုလ်ကြီး နေကောင်းရဲ့လား"

အဘိုးကြီးသည် အသက် ၇၀ ကျော်မျှရှိပြီး လည်ပင်းရေများ တွန့်လိပ်နေသော်လည်း သူ့အသံကို ကြားရရုံမျှဖြင့် ကျန်းမာသန်စွမ်းသော လူကြီးတစ်ယောက်ဖြစ်ခြင်းကို ခန့်မှန်းသိရှိနိုင်ပေသည်။

ဗိုလ်မှူးရဲဝင်းသည် သူ့အား ဦးဘိုးမှန်က ဗိုလ်ကြီးဟူ၍ ခေါ်လိုက်ခြင်းကို နှစ်ခြိုက်ပုံမရပေ။ သူ့ကို ဗိုလ်မှူးဟူ၍ လည်းကောင်း၊ ဗိုလ်ရဲဝင်းဟူ၍လည်းကောင်း ခေါ်မှကြိုက်သည်။ ဗိုလ်ကြီးဟူ၍ ခေါ်ဝေါ်နှုတ်ဆက်လိုက်ခြင်းသည် သူ့အား နှိမ်သည်ဟု အထင်ရှိလေသည်။ ထို့ကြောင့် သူသည် ဦးဘိုးမှန်ကို ချက်ချင်း စကားပြန်၍ မပြောသေးဘဲ နေပြီးမှ 'အဘကော နေကောင်းရဲ့လား'ဟု မေးဖြေ ဖြေလိုက်သည်။

"အင်း...ဘုရား ဟရား သံဃာ ဆရာမိဘများရဲ့ ဂုဏ်ကျေးဇူး ကြောင့် မြင်တဲ့အတိုင်း ကျန်းမာပါရဲ့။ အဲ...သွားတွေကတော့ တယ်ပြီး မကောင်းတော့ဘူး ဗိုလ်ကြီးရေ့"

ဗိုလ်မှူးရဲဝင်းသည် မျက်နှာတစ်ချက် ရှုံ့သွားလေသည်။

"အခု အဘ ဘယ်သွား ဘယ်လာမလို့လဲ"

"အဘ နွားငါးကောင် မျက်စိ တိမ်စွဲနေလို့၊ အဲဒါ မြန်မာနည်း နဲ့ ကုတာမပျောက်လို့ မကြာခင်က ရောက်လာတဲ့ တိရစ္ဆာန်ဆေးမှူးလေး တစ်ယောက် အင်မတန် တော်တယ်ဆိုတာနဲ့ သူ့ကို ပင့်ရအောင်လာတာ။ သူ့အိမ်မှာ မတွေ့ရဘဲ ဒီဘက်လာတယ်ဆိုလို့"

"ဟာ...အဆင်သင့်ပဲ အဘပြောတာ ဟောဒီဆရာလေးပဲ"

အဘိုးကြီးသည် ထူထဲစွာ မျက်မွေးများပေါက်နေသည့် သူ့မျက်ခုံး

www.burmeseclassic.com

www.burmeseclassic.com



များ ကြဲ့ကာ ကျွန်တော့်ကို စူးစိုက်ကြည့်ရှု အကဲခတ်လေသည်။ ဤတွင် ကျွန်တော်က ခေတ်လူငယ်ပီပီ ကျွန်တော့်ကိုယ်ကျွန်တော် မိတ်ဆက်လိုက်ရသည်။

"ကျွန်တော့်နာမည် မောင်လွန်းဝေပါ။ ဒီဘက်ပိုင်းအတွက် ကျေးရွာတိရစ္ဆာန်ဆေးမှူးပါ"

"အင်း ကျောင်းဆင်းခါစနဲ့ တူတယ်"

အဘိုးကြီး ပြောလိုက်သည့် စကားထဲတွင် သိပ်ပြီး အထင်မကြီးပုံ ပါနေသည်။ သို့သော် ကျွန်တော်က ယဉ်ကျေးစွာပင် သူထင်သည့်အတိုင်း ဟုတ်မှန်ကြောင်း ပြန်၍ ဖြေလိုက်ပါသည်။

"အင်း...ကျောင်းဆင်းစဆိုရင် ကောင်းတာပဲ ငွေလည်းမမက်ဘူး။ ပညာစွမ်းလည်း အင်မတန်ပြချင်တယ်။ ကြာလာရင်တော့ တယ်ပြီး မကောင်းဘူး"

ကျွန်တော်သည် သူ့စကားအတွက် အားတက်မိသော်လည်း ထိုစကားကို ဦးပြည့်စုံမကြားပါစေနှင့်ဟု ကျိတ်၍ ဆုတောင်းလိုက်ရသည်။

ကျွန်တော်သည် အဘိုးကြီး၏အဝတ်အစားများကို ကြည့်၍ ဆင်းရဲသော လယ်သမားကြီးတစ်ဦးဖြစ်လိမ့်မည်ဟု ထင်ခဲ့မိသော်လည်း သူ့နောက်သို့ လိုက်ရာတွင် ခြံကြီးဝင်းကြီးနှင့် အိမ်ကြီး ရခိုင်ပိုင်ဆိုင်သူ လယ်ပိုင်ရှင်ကြီးတစ်ဦးဖြစ်သည်ကို တွေ့နေရပေ၏။ သူ့တွင် ခိုင်းနွားငါးကောင်ရှိရာ ငါးကောင်စလုံး မျက်စိမမြင်မစမ်းဖြစ်နေကြပြီး ၎င်းတို့အနက် သုံးကောင်၏ အခြေအနေမှာ လွန်စွာ ဆိုးရွားလျက် ဟိုတိုးသည်တိုးနှင့် ဖြစ်နေကြသည်ကို တွေ့ရလေ၏။

"အဘ သားကလေးငါးကောင်စလုံး မျက်စိတိမ်စွဲနေတာ သိပ်ပြာစုပ်သွားလို့ ဖြစ်ရတယ်ဆိုတာပဲ။ အဘလည်း နေ့စဉ်မှန်မှန် ...ကြစောစော

www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါင်းပိုင်းကို ရေလောင်းပေးတယ်။ မျက်လုံးထဲကိုလည်း နပေ့ဆိုတဲ့ နနွင်းမှုန့်ကို မှုတ်သွင်းပေးတယ်၊ အဲဒါလည်း မပျောက်ဘူး။ ဒါနဲ့ စက္ကူကိုလိပ်ပြီး မီးခြစ်ဆံလောက်ရှိတဲ့ ပြောင်းကလေးလုပ်ပြီးတော့ အဲဒီပြောင်းကလေးနဲ့ ပြဒါးဖြူမှုန့်ကို တို့ယူပြီး မှုတ်သွင်းပေးတယ်။ အဲဒါကို တစ်ပတ်မှာ နှစ်ခါလောက် လုပ်ပေးတယ်။ ဒါလဲမရဘူး"

အဘပြောသည့် ကုထုံးမှာ နွားများမျက်စိတိမ်စွဲရောဂါနှင့် လိပ်ပြာစုပ်သည့်အခါများတွင် အသုံးပြုကြရသည့် ပွဲတွေ့ဆေးနည်းများ ဖြစ်သည်။ ထိုဆေးနည်းတို့ဖြင့် ကုသသော်လည်းမပျောက်ဟုဆိုသည့်အခါ ကျွန်တော့်အဖို့ ဦးနှောက်ခြောက်စရာ ဖြစ်ရတော့သည်။ မည်သို့ရှိစေ ကျွန်တော်သည် လုပ်ရိုးလုပ်စဉ်အတိုင်း နွားတစ်ကောင်၏ စအိုထဲကိုထိုး၍ ကြည့်လိုက်သည်။ ပြဒါးတိုင်မှာ လူမမာများ၏ အပူကို တိုင်းထွာသည့် ပြဒါးတိုင်မျိုးပဲဖြစ်သည်။ သို့ရာတွင် လူ၏သာမန်အပူချိန်သည် ၉၈.၆ ဒီဂရီရှိပြီး နွား၏ သာမန်အပူချိန်သည် ၁၀၂ဒီဂရီရှိရမည်ဖြစ်၏။

နွားများတွင် အဖျားရှိသည်ကို မတွေ့ရချေ။ တကယ်တော့လည်း လုပ်ရိုးလုပ်စဉ်ဖြစ်၍သာ အဖျားတိုင်းရသည်။ သူတို့၏ရောဂါမှာ ပြဒါးတိုင်စမ်းနေစရာမလို အမြင်နှင့်ပင် သိသာပေပြီ။ သို့ဖြစ်၍ ကျွန်တော်သည် နွားတစ်ကောင်၏ ပါးစပ်ကိုဖြဲပြီး လျှာကိုဆွဲကြည့်လိုက်သည်။

"ဒီနွားတွေ လျှာပိုးထတယ် ထင်လို့လား"

ဦးဘိုးမှန်၏ အမေးကို ကျွန်တော်ပြန်၍မဖြေဘဲ စစ်ဆေးစရာရှိသည်ကိုသာ ကျွန်တော် ဆက်၍ လုပ်နေသည်။ လျှာပိုးထသောနွားသည် လျှာပေါ်တွင် အနီဖုနှင့် အညိုဖုကလေးများ ထွက်နေသလို လျှာပိုးတို့သည် နွား၏ လျှာအသွေးအရောင်အလိုက် အနီရောင်နှင့် အညိုရောင် နှစ်မျိုးရှိကြလေသည်။ လျှာပိုးထသော နွားသည် အစားပျက် အအိပ်ပျက်ပြီးတိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ စာကျင်းကို လည်းကောင်း၊ လျှာနှင့် ပွတ်တိုက်နေတတ်သည်။

ဦးဘိုးမှန်သည် ကျွန်တော့်ထံမှ စကားပြန်မရသဖြင့် သူကပဲ စကားဆက်၍ ပြောသည်။

"ဟုတ်တယ် ဒီနွားတွေ တလောက တဲနံရံကို လျှာနဲ့လျက်လျက်နေတာတွေ့ရတယ်"

ကျွန်တော်သည် နွားများ၏ လျှာပေါ်တွင် မည်သည့်အဖု မည်သည့်ပိုးမျှ မတွေ့ရချေ။ သို့သော် ဦးဘိုးမှန်၏ စကားထဲက သဲလွန်စရသဖြင့် နွားတဲ၏ အတွင်းဘက် ပျဉ်ထရံကို စေ့စေ့ငုငုကြည့်ရှုကာ တစ်စုံတစ်ရာကို ရှာဖွေစစ်ဆေးရလေသည်။

"ဆရာလေးကြည့်ရတာ ကျူပ်ဖတ်ဖူးတဲ့ စာအုပ်ထဲက စုံထောက်ကိုစံရှားကျနေတာပဲ"

"ဟော...တွေ့ပြီအဘရေ။ အဘနွားတွေ မျက်စိတိမ်စွဲတာလည်း မဟုတ်ဘူး။ လျှာပိုးထလာလည်း မဟုတ်ဘူး။ ခဲဆိပ်တက်နေတာ အဘရေ၊ ခဲ ခဲ"

"အို...ကြံကြီးစည်ရာ ဆရာလေးရာ၊ အဘဆီမှာ ဘယ်ကလာခဲရှိလို့လဲ"

ကျွန်တော်သည် ပျဉ်ထရံကို အပေါက်ဖာထားသော ပျဉ်ပြားတစ်ချပ်ကို တအားဆွဲ၍ ခွာပြီး အဘိုးကြီးကို ပြလိုက်၏။

"ဟောဒီ ပျဉ်ပြားပေါ်က သဘော်ဆေးထဲမှာ ခဲတွေပါတယ် အဘရဲ့။ ဒီသဘော်ဆေးအဖတ်ကလေးတွေကို နွားတွေတွေ့ပြီး သွားနဲ့ခြစ်ကြ လျက်ကြလို့ ခဲက အဆိပ်ဖြစ်တာ၊ ဒီမှာကြည့်ပါလား သွားရာတွေ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးမှန်သည် ကျွန်တော့်လက်ထဲက ပျဉ်ပြားကိုယူ၍ ကြည့်ရင်း 'ဟုတ်…ဟုတ်ပါ့ဗျာ။ ဒီလိုဆိုရင် ဘာလုပ်ရမလဲ'ဟုမေး၏။

"ပထမဦးဆုံး ဟောဒီပျဉ်ပြားကို လွှင့်ပစ်လိုက်။ ပြန်ပြီးမတပ်နဲ့တော့။ ပြီးတော့ အဘနွားတွေကို ဆားခါးတိုက်။ ဆားခါးကော ရှိရဲ့လား။ မရှိရင် မန်ကျည်းသီးနဲ့ ဆားနဲ့လည်းဖြစ်ပါတယ်။

"ရှိပါ့ဗျာ။ ကျုပ်မှာ အိတ်နဲ့တစ်လုံးလောက်တောင် ရှိတယ်။ ဒါပေမဲ့ ဆားခါးအစား ဆေးကလေးဘာလေး ထိုးပေးလို့ မရဘူးလား"

"အဘနွားတွေရဲ့ ကိုယ်ထဲက အဆိပ်တွေ စင်သွားအောင် ဝမ်းအရင်နှုတ်လိုက်ပါဦးလေ။ ဒါနဲ့ ပျောက်ချင် ပျောက်သွားနိုင်ပါတယ်၊ ရှေးတုန်းက အာယုဒီဃဝမ်းနှုတ်ဆေးတစ်မျိုးတည်းနဲ့ နွားတွေလည်း ကျန်းမာ၊ဆေးတိုက်ပိုင်ရှင်လည်း ချမ်းသာသွားတယ်မဟုတ်လားအဘရဲ့"

"အဲဒီဆားခါးကို ဘယ်လိုတိုက်ရမှာလဲ ဆရာလေးရဲ့"

"ဟင်းစားဇွန်းနဲ့ နှစ်ဇွန်း၊ တစ်နေ့သုံးခါ တိုက်ကြည့်ပါ။ ဒါနဲ့ မရတော့မှဘဲ တစ်မျိုးစဉ်းစားသေးတာပေါ့။ ဒါပေမဲ့ ဆေးထိုးဖို့လိုမယ် မထင်ပါဘူး။ သတ္တုကြောင့် အဆိပ်ဖြစ်တာကို ထိုးဖို့ဆေးလည်းမရှိဘူး အဘရဲ့။ ဆားခါးနဲ့ပဲ ဝမ်းသွားတဲ့အထဲမှာ အဆိပ်တွေပါသွားအောင် လုပ်ကြတာပဲ"

နောက်ရက်များတွင် ကျွန်တော်သည် ဦးဘိုးမှန်ထံသို့မရောက်ဖြစ်ခဲ့ပါ။ ဦးဘိုးမှန်သည်လည်း ကျွန်တော့်ထံသို့မလာ။ သူမလာသည်မှာ သူ့နွားတွေ ကျန်းမာသွားပြီဖြစ်၍ဟု ယူဆရသည်။ ကျွန်တော် ယူဆသည့်အတိုင်း ဟုတ်မှန်နေခြင်းကို ဗိုလ်မှူးရဲဝင်းထံ ကျွန်တော် နောက်ထပ်ရောက်သည့်နေ့တွင် သိရပါသည်။ သူ့ထံသို့ ယခု ရောက်ရှိရခြင်းမှာ ဗိုလ်ဝင်းနှင့်တွေနိုင်ရန် တမင်အကြောင်းရှာပြီး သွားခြင်းမဟုတ်ပါ။ သူ၏ ခွေးကြီး

www.burmeseclassic.com



မမာသဖြင့်လာ၍ ကြည့်လှည့်ပါ ဆိုသည့်အတွက် စူဠ ရေထဲကျရခြင်းဖြစ်ပါ၏။ သူ့ခွေးကြီးမှာ အမွေးရှည်ရှည် နားရွက်ဖားဖား အမြီးဖွားဖွားနှင့် လက်ဘရေးဒါးခေါ် အမဲလိုက်ကောင်းသည့် ခွေးမျိုးဖြစ်သည်။

ကျွန်တော် ရောက်သွားသည့်အချိန်တွင် ဗိုလ်မှူးရဲဝင်းထံသို့ မျက်နှာဖြူ ဧည့်သည်တစ်ဦး အလည်ရောက်ရှိနေသည်ကို တွေ့ရ၏။ သူတို့သည် ဗိုလ်မှူးရဲဝင်းကပဲ ဧည့်ဝတ်ပြုလေသလား၊ဧည့်သည်ကပဲ ယူလာသလား မသိ ဂျော်နီဝါကား ဘလက်လေဘယ်ဝီစကီ သောက်နေကြလေသည်။

"လာ...ကိုလွန်းဝေ ကျွန်တော်တို့ဝိုင်းထဲဝင်ပါ"

"ကျွန်တော် အခုကလေးတင်ပဲ ထမင်းစားလာခဲ့တယ် ဗိုလ်မှူး၊ သောက်လို့မဖြစ်ဘူး"

ဗိုလ်မှူးသည် ကျွန်တော့်အား နောက်ထပ် မတိုက်တွန်းတော့ဘဲ သူ့ဧည့်သည်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပါသည်။ ထိုဧည့်သည်မှာ မြို့သစ်အနီးတွင် ဆောက်လုပ်လျက်ရှိသော ဆည်တော်ကြီးကို ကြည့်ရှုစီမံရသည့် နိုင်ငံခြားပါရဂူတစ်ဦးဖြစ်၏။ သူ့နာမည်မှာ မစ္စတာ ဂျိမ်းရစ်ချတ်ဆင်ဖြစ်၍ သူ့ကို ဗိုလ်မှူးက ဂျိမ်းဟူ၍ လည်းကောင်း၊ ဂျင်း(မ) ဟူ၍ လည်းကောင်း ရင်းရင်းနှီးနှီးခေါ်သည်။ သူသည် အမဲလိုက် ဝါသနာပါသူဖြစ်၍ ဗိုလ်မှူးနှင့် နီးစပ်ကာ မကြာမကြာ တောပစ်ထွက်လေ့ရှိသည်။

"သမီးရေ...ကိုလွန်းဝေ လာတယ်"

ရီရီဝင်းသည် ဧည့်သည်ရှိနေသည့်အတွက် အိမ်ရှေ့သို့မထွက်ဘဲ အခန်းထဲတွင် နေရာက သူ့ဖခင်ခေါ်လိုက်မှ ထွက်၍လာသည်။

"မိုးကြိုးကြီးကို ပြလိုက်ဦး၊ ဖေဖေအခုပဲ လာမယ်"

ရီရီဝင်းက ကျွန်တော့်ကို မိုးကြိုးထံခေါ်သွားသည်။ မိုးကြိုးသည်

www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်တွင် လေးခေါက်ခေါက်၍ ခင်းထားသော သက္ကလပ်စောင် အဟောင်းပေါ်တွင် လဲလျောင်းလျက်ရှိနေသည်။ သူသည်ခေါင်းကို တစ်ဖက် စောင်း၍ အိပ်နေသော်လည်း သူ့မျက်လုံးကြီးများက ကျွန်တော်တို့ လာ ရာဘက်သို့ စူးစိုက်ကြည့်နေသည်ကို တွေ့ရ၏။ မိုးကြိုးသည် တစ်ချိန်က အားခွန်ဗလ ကောင်းသည့် ခွေးကြီးဖြစ်ခဲ့ခြင်းကို သူ၏ အရိုးအဆစ်များက ဖော်ပြနေပေသည်။ ယခုမူ သူသည် ခွေးအိုကြီး ဖြစ်နေခြင်းကို ဖြူဆွတ် နေသော နှုတ်ခမ်းမွေးများက ဖော်ပြလျက်ရှိသည့်ပြင် သူ့မျက်လုံးများ သည် အကြည်ဓာတ်ကင်းမဲ့နေခြင်းအားဖြင့် သိရှိနိုင်ပေ၏။ ကျွန်တော် သည် မိုးကြိုးကို စမ်းသပ်နေစဉ် ဗိုလ်မှူးသည် အရက်ခွက်ကို ကိုင်လျက် ကျွန်တော်တို့အနီးသို့ ရောက်လာသည်။ သူ့ညီသည် ရစ်ချပ်ဆင်လည်း သူ့လိုပင် ခွက်ကိုင်၍ လိုက်လာသည်။

"သူတော်တော်ကို အိုနေပြီပဲ"

"ဟုတ်တယ်။ ဒီကောင်ကြီး မငယ်ဘူး၊ ဆယ့်လေးနှစ်လောက်ရှိနေ ပြီ။ ဒါပေမဲ့ အရင် တစ်လနှစ်လလောက် မတိုင်မီတုန်းကအထိ ခွေးငယ်လေး တွေအတိုင်းပဲ ခုန်ပေါက်မြူးကြွနေခဲ့သေးတယ်။ အဲဒီနောက်မှာ မစားချင် မသောက်ချင် ဖြစ်လာတယ်"

"နည်းနည်းလောက်တော့ စားသေးသလား"

"မစားတော့ပါဘူး။ အစာကို လုံးဝ ပစ်လိုက်တယ်"

မိုးကြိုးသည် သူ့သခင်၏အသံကို ကြား၍ သူ့အမြီးကို လှုပ်ပြ သည်။ သို့သော် သူ့အမြီးသည် သက္ကလပ်စောင်ပေါ်မှနှစ်ကြိမ်လောက်သာ မြှောက်ခွာနိုင်ပြီး ပြန်၍ ငြိမ်သက်သွားလေသည်။

ကျွန်တော်သည် သူ့ကိုယ်ကို စမ်းကြည့်ရာ ဗိုက်ကြီးမှာ ဖျဉ်းစွဲ သလို အလွန်အမင်း တင်းမာနေသည်ကို တွေ့ရသည်။ အသက်ရှူလည်း

www.burmeseclassic.com

www.burmeseclassic.com



မမှန်ဘဲ တစ်ချက်တစ်ချက် တုန့်ဆိုင်းနေသည်။ နှုတ်ခမ်းထောင့်နှစ်ဖက်မှာလည်း နောက်သို့ဆွဲနေသည်။ သူ့မျက်လုံးများမှာ သေဘေးကို ပူပန်စိုးရိမ်နေသော လူမမာ၏ မျက်လုံးများကဲ့သို့ ရှိနေသည်။ ဤရောဂါလက္ခဏာများအရ သူဘာဖြစ်နေသည်ကို သိနိုင်လောက်ပေသည်။

သို့သော် ပို၍သေချာအောင် ကျွန်တော်သည် သူ့ကိုယ်ကို တစ်ဖက်သို့ ပြောင်း၍ လှန်လိုက်သည်။ ထို့နောက် သူ့ဗိုက်ကိုစမ်း၍ ကြည့်ရာ တင်းမာပြီး အတွန့်အတွန့်ဖြစ်နေသော အလုံးကြီးကို စမ်းမိသည်။ မိုးကြိုးခံစားနေရသော ရောဂါဝေဒနာမှာ အသည်းကင်ဆာ ဖြစ်ပေသတည်း။

ကျွန်တော်သည် ကုသ၍ မဖြစ်နိုင်တော့သည့် အခြေအနေကို တွေ့ရသဖြင့် မိုကြိုးအား ခေါင်းကိုအသာအယာ ပွတ်သတ်၍ ချော့မော့နှစ်သိမ့်လိုက်လေသည်။

"ဘယ်လိုလဲ ကိုလွန်းဝေ နာတာရှည်ရောဂါများလား"

မိုးကြိုးသည် သူ့သခင်၏ အသံကို ကြားရသဖြင့် အမြီးကို လှုပ်ပြသည်။

"ကြာကြာအကုခံမယ် မထင်ဘူး ခင်ဗျ။ သူ့ရောဂါ အခြေအနေက တော်တော်လေး ဆိုးနေတယ်။ သူ့အသည်းကို စမ်းကြည့်ပါလား။ ကျောက်ခဲကြီး စမ်းရသလိုပဲ"

'ကိုလွန်းဝေဆိုလိုတာ ကင်ဆာလား'ဟု ဗိုလ်မှူးရဲဝင်းက မိုးကြိုးကြားသွားမည်ကို စိုးရိမ်သည့်အလား အသံကို တိုးတိုးအုပ်အုပ်လုပ်၍ မေးသည်။

ကျွန်တော်နားလည်သလောက်တော့ အဲဒီရောဂါဖြစ်နေတာပဲ ဗိုလ်မှူး၊ ရောဂါကလည်း ကုလို့ရနိုင်မယ့်အခြေအနေ မဟုတ်တော့ဘူး ခင်ဗျ၊ လွန်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မိုးကြိုးကို ဆက်လက်၍ စမ်းသပ်ကြည့်ရှုနေစရာ မလိုတော့သဖြင့် ထိုင်ရာမှထလိုက်သည်။ ကျွန်တော်အထတွင် ဗိုလ်မှူးသည် သူ့လက်ထဲက ဖန်ခွက်ကို ရီရီဝင်းအား ကိုင်ထားခိုင်းပြီး မိုးကြိုး၏ ဘေးတွင် ဒူးထောက်၍ ထိုင်ကာ မိုးကြိုးကိုပွတ်သပ်၍ နေလေသည်။ မိုးကြိုးသည် ဗိုလ်မှူး၏ အသံကို မကြားရသော်လည်း သူ့သခင်၏လက်မှန်း သိသဖြင့် အမြီးကို လှုပ်၍လှုပ်၍ ပြလေသည်။

ထို့နောက် ဗိုလ်မှူးရဲဝင်းသည် ထိုင်ရာမှထကာ ရီရီဝင်း၏ လက်မှ ဖန်ခွက်ကို ပြန်၍ယူပြီး အိမ်ရှေ့ခန်းသို့ လျှောက်၍ လာသည်။ ရစ်ချတ်ဆင်နှင့် ကျွန်တော်လည်း သူနှင့်အတူ လျှောက်လာကြသည်။

"ဒီလိုနဲ့ပဲ တဖြည်းဖြည်း သေသွားလိမ့်မယ် ထင်တယ်"

ဗိုလ်မှူး၏စကားကို အဖြေရ ခက်နေသဖြင့် ကျွန်တော်သည် စကားမစမီ တံတွေးကို တစ်ချက်လောက် မျိုချလိုက်မိသည်။

"ဒီလိုသေမှာပဲဆိုပြီး ကြည့်နေလို့တော့ မဖြစ်နိုင်ဘူးထင်တယ် ဗိုလ်မှူး၊ သူဟာ အခုပဲ တော်တော် ဝေဒနာ ခံစားနေရပြီ။ နောက်ဆိုရင် ဒီထက် ဆိုးဆိုးလာမယ်။ ဗိုလ်မှူးတို့လည်း ကြည့်ရက်မှာ မဟုတ်ဘူး။ ဒါကြောင့် သူ့ကိုသနားရင် အကောင်းဆုံးကတော့ တစ်သက်လုံး အိပ်ပျော်သွားအောင် ဆေးထိုးပေးဖို့ပဲ ရှိတာပဲ။ သူလည်း တစ်သက်လုံး ကောင်းကောင်းမွန်မွန် နေခဲ့ရပြီပဲ သေပျော်ပါပြီလေ"

ဤသို့ပြောလိုက်ရာတွင် ဗိုလ်မှူးရဲဝင်း၏ တုန့်ပြန်ချက်ကို မကြားရမီ ရီရီဝင်း ရောက်လာပြီး 'ဖေဖေ ကိုလွန်းဝေပြောတာကို နားမထောင်ပါနဲ့ မိုးမိုးကို သတ်ပစ်ဖို့ သမီးခွင့်မပြုနိုင်ဘူး'ဟု သွက်လက်စွာ ပြောပါသည်။ သူ့မျက်နှာမှာ နီမြန်းလျက်ရှိလည်း။

သည်တော့မှ ကျွန်တော်၏ စေတနာမှာ ကျွန်တော့်အတွက် ဝေဒ

www.burmeseclassic.com

www.burmeseclassic.com



နာ ဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုဝေဒနာကား ကျွန်တော့် အသည်းထဲက ခံစားရမည့် ဝေဒနာ ဖြစ်ပေ၏။

မစ္စတာရစ်ချတ်ဆင်သည် ကျွန်တော်တို့၏ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ကာ 'ခင်ဗျားတို့ သူ့ဘဝ ကံကြမ္မာကို အဆုံးအဖြတ်ပေးရေးနဲ့ ပတ်သက်လို့ အငြင်းပွားနေကြတယ် ထင်တယ်'ဟု မိုးကြိုးကိုရည်ညွှန်း၍ မေးမြန်းလေသည်။

"မှန်ပါတယ်။ ကျွန်တော့်မိတ်ဆွေက သူ့အပေါ်မှာ ကရုဏာရှေ့ထားပြီး သတ်လိုက်စေချင်တယ်။ ဒါကို ကျွန်တော့်သမီးက ကန့်ကွက်နေတယ်"

မစ္စတာရစ်ချတ်ဆင်သည် ရီရီဝင်း၏ မျက်နှာကို စေ့စေ့လှမ်းကြည့်လိုက်သည်။ ပြီးမှ ဗိုလ်မှူးဘက်လှည့်၍ 'ကျွန်တော့်ကိုယ်စား ဗိုလ်မှူးရဲ့သမီးကို တောင်းပန်ပေးပါ။ ကျွန်တော် သူ့စိတ်ထဲက ခံစားရမှုကို နားလည်ပါတယ်။ ဒါပေမဲ့ သူဟာ ဒီခွေးအိုကြီးရဲ့ စိတ်ထဲမှာခံစားရမှုကို သူမသိဘူး။ ခွေးအိုကြီးဟာ ဒီဝေဒနာကို ကြာရှည်ခံစား မနေချင်ပါဘူး။ သူဟာ လူလို စကားပြောတတ်ရင် အမြန်ဆုံး သူ့ဘဝကို ဇာတ်သိမ်းပေးပါလို့ တောင်းပန်မှာ အမှန်ပါပဲ။ ဒါ့ကြောင့် သူ့ကို ညင်ညင်သာသာနဲ့ အသက်ထွက်သွားအောင် လုပ်ပေးတာကို ကျွန်တော်ကလည်း ထောက်ခံတယ်ဆိုတာ ပြောပြပါ'ဟု ကျွန်တော့်ဘက်က ဝင်၍ ကူလိုက်သည်။

'ဗိုလ်မှူးရဲဝင်းသည် မစ္စတာရစ်ချတ်ဆင် ပြောသည့်စကားကို ရီရီဝင်းအား ရှင်းလင်းပြောပြရန် မလိုချေ။ ရီရီဝင်းသည် ရစ်ချတ်ဆင်၏ စကားကို အသင့်အတင့် ရိပ်စားနားလည်သဖြင့် သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့်အုပ်၍ ငိုရှိုက်ရင်း အိမ်တွင်းခန်းထဲသို့ ခပ်သုတ်သုတ် ဝင်သွားတော့၏။

ဗိုလ်မှူးရဲဝင်းသည် မိုးကြိုးကို အတန်ကြာ စိုက်ကြည့်နေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘက်သို့လှည့်ကာ ခေါင်းကို စောင်းငဲ့ပြီး မေးထိုးပြလေသည်။ သူ့အမူအရာမှာ 'ကိုင်း လုပ်စရာရှိတာ လုပ်ပေတော့'ဟု ခွင့်ပြုကာ စိတ် လျှော့လိုက်သည့်သဘောပင် ဖြစ်ပေ၏။

ကျွန်တော်သည် ဖန်ပြွန်ထဲသို့ ဆေးရည်ထည့်သွင်းရင် 'အဲဒါ ဘာမှတော့ မဟုတ်ဘူး မေ့ဆေးပါ။ ဒီမေ့ဆေးကို အတိုင်းအဆ ပိုလွန် ပြီး ထိုးပေးရတာပါပဲ။ ဒါဟာ အလွယ်ဆုံးဘဲခင်ဗျ' ဟု ပြောပြလိုက်ရပါ သည်။ ထို့နောက် အပ်ကိုထိုး၍ သွင်းလိုက်ပါသည်။

မိုးကြိုးသည် အပ်သွင်းလိုက်သည့်အတွက် နည်းနည်းမျှ မလှုပ်ရှေ ဆေးရည်များသည် သူ၏သွေးကြောထဲသို့ ဝင်လာသည်နှင့်အမျှ စောစော သူ့မျက်နှာတွင် တွေ့ရသော သောကရောက်မှုတို့သည် တဖြည်းဖြည် ကွယ်ပျောက်လာကာ သူ၏ အကြောအချဉ်များသည် တောင့်တင်းနေရာ ပြေလျော့၍လာသည်။ ထို့နောက် ဆေးပြွန်ထဲက ဆေးရည်များ ကုန်သွာ သည်နှင့် မိုးကြိုးလည်း အသက်ရှုရပ်သွားလေ တော့၏။

မစ္စတာရစ်ချတ်ဆင်သည် မိုးကြိုးအတွက် ကောင်းရာသုဂတိသို့ ရောက်ပါစေဟု သူ၏ ဘာသာတရားအတိုင်း ဆုတောင်းလေသည်။ ပြီး မှ ဖန်ခွက်ထဲရှိ အရက်လက်ကျန်ကို မော့ချကာ ထိုင်ရာမှ ထလိုက်၏။

"ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ ဒါပေမဲ့လည်း ဒီအဖြစ်မျိုးဟာ သက် သတ္တဝါအားလုံး သွားရမယ့် လမ်းစဉ်ပဲမဟုတ်လား။ ကောင်းပြီ ကျွန်တော် ပြန်ဦးမယ်"

မစ္စတာရစ်ချတ်ဆင်သည် ဗိုလ်မှူးရဲဝင်းအား လက်ဆွဲနှုတ်ဆက်ပြီး နောက် ကျွန်တော့်ဘက်လှည့်၍ 'မစ္စတာလွန်းဝေ ခင်ဗျားလုပ်တာ အကြံ ကောင်းပါတယ်'ဟု သူတတ်သမျှမှတ်သမျှ မြန်မာစကားဖြင့် ပြောပါသည်။

"ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ရီရီဝင်းကို မျက်နှာမပြရဲအောင် ရှိရပြန်ကာ မိုးကြိုးကို မြုပ်နှံ ပြီးစီးသည့်တိုင်အောင် စောင့်မနေတော့ဘဲ မစ္စတာရစ်ချတ်ဆင်နှင့် မရှေးမနှောင်း ပြန်ခဲ့လေသည်။

ကျွန်တော်သည် ဗိုလ်မှူးရဲဝင်း၏အိမ်သို့ ရက်အတန်ကြာ မသွားပဲ နေခဲ့သည်။ ခါတိုင်း၌ ကျွန်တော်သည် ရီရီဝင်းနှင့် တွေ့မြင်လိုသည့် ရှုပိုးထလာတိုင်း အကြောင်းတစ်ခုခုရှာပြီး သွားလေ့ရှိပါသည်။ ယခုမူ မိုးကြိုးကို ဇိဝိန်ချုပ်အောင် လုပ်ပေးခဲ့ရသဖြင့် ကျွန်တော်သည် ရီရီဝင်းမျက်စိထဲတွင် ခွေးသတ်သမားဖြစ်နေမည်ကို တွေးတောကာ ကိုယ့်လိပ်ပြာက ကိုယ့်ပြန်၍ချောက်ခြင်း ခံနေရသည့်အတွက် သူ့မျက်နှာမပြရဲဘဲရှိကာ သူမေ့လောက် ပျောက်လောက်တော့မှ သွားတော့မည်ဟု ဆုံးဖြတ်ချက်ချထားခဲ့မိပါသည်။

တစ်နေ့တွင် ဗိုလ်မှူးသည် ကျွန်တော့်ထံ ရောက်လာပါသည်။ ကျွန်တော်သည် သူ့ထံသို့မသွားသဖြင့် သူလိုက်လာခြင်း ဖြစ်သည်ဟု ထင်မိရာ သူတစ်ယောက်တည်းမဟုတ်ဘဲ သူနှင့်အတူ မစ္စတာရစ်ချတ်ဆင်လိုက်ပါလာသည်ကို တွေ့ရသဖြင့် ကျွန်တော်မသွား၍ သူလာရောက်ခြင်းမဟုတ်ဘဲ အကြောင်းတစ်ခုခုရှိ၍ ဖြစ်မည်ဟု စဉ်းစားမိသည်။

"ကဲ...ကိုလွန်းဝေ၊ ဟိုတစ်ခါက မိုးကြိုးကိုထိုးပေးတဲ့ ဆေးယူပြီး လိုက်သွားပါဦး"

"ကျွန်တော် ဘာလုပ်ရမှာမို့လဲ"

"မစ္စတာရစ်ချတ်ဆင်နဲ့ လိုက်သွားပါ။ ဟိုကျတော့ သူ ပြောပြပါလိမ့်မယ်"

"ဗိုလ်မှူးကော မလိုက်တော့ဘူးလား"

"ကျုပ်လိုက်ဖို့ မလိုပါဘူး။ ပြီးတော့ ကျုပ်လဲ ခရီးသွားစရာ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်။ သူက ကိုလွန်းဝေဆီ လိုက်ပို့ပေးပါဆိုလို့ ခေါ်လာခဲ့ရတာ”

ကျွန်တော့်မှာ ဘုမသိ ဘမသိနှင့် မစ္စတာရစ်ချတ်ဆင်၏နောက်သို့ လိုက်သွားခဲ့ရသည်။

သူ့အိမ်သို့ ရောက်ရှိသွားသည့်အခါ မစ္စတာ ရစ်ချတ်ဆင်က သူ့ ဇနီးချောကလေးနှင့် ဦးစွာ မိတ်ဆက်ပေးပါသည်။ ထို့နောက် ကျွန်တော့်အား ဝီစကီနှင့် လက်ဖက်ရည် သို့မဟုတ် အဖျော်ယမကာ တစ်ခုခု ကျွန်တော် အလိုရှိရာ မေးသည်။ ကျွန်တော်က လက်ဖက်ရည်ကို ရွေးချယ်လိုက်ရာ မစ္စတာ ရစ်ချတ်ဆင်က လက်ဖက်ရည်ကိတ်မုန့် ဘီစကစ်နှင့် ချောကလက် များဖြင့် ဧည့်ခံကျွေးမွေးလေသည်။

“ကျွန်တော်တို့ အင်မတန် သာယာလှပတဲ့ မြန်မာနိုင်ငံကြီးကို ခွဲခွာကြတော့မယ်။ ဒီမှာ ကျွန်တော်တို့ရဲ့တာဝန် ပြီးဆုံးသွားပါပြီ”

“ကျွန်မတို့ မြန်မာပြည်ကိုရောက်တာ သုံးနှစ်နီးနီး ရှိခဲ့ပါပြီ။ ဒါ လောက်ကြာအောင် နေခဲ့ပြီးမှ အလွန်ချစ်စရာကောင်းပြီး ဧည့်ဝတ်ကျေ ပွန်လှတဲ့ မြန်မာများနဲ့ ခွဲခွာရမှာကို ကျွန်မတို့စိတ်ထဲမှာ အလွန်မကောင်း ပါဘူး”

“ဟုတ်ကဲ့ ကျွန်တော်လည်း မစ္စတာရစ်ချတ်ဆင်နဲ့ သိရတာ ဘာမှ မကြာသေးခင်မှာပဲ ပြန်တော့မယ်ဆိုတော့ တစ်ယောက်နဲ့ တစ် ယောက် တွေ့ကြရတာဟာ အိပ်မက်လိုဖြစ်နေတယ်။ ထူးဆန်းတာက ကျွန်တော်နဲ့ ပထမဆုံးအကြိမ် တွေ့ရတာဟာ မိတ်ဆက်ပွဲဖြစ်ပြီး အခု ဒုတိယအကြိမ် တွေ့ရတာဟာ နှုတ်ဆက်ပွဲ ဖြစ်နေတယ်။

“ကျွန်တော်တို့ ခွဲခွာသွားမယ့်သူတွေထဲမှာ ခင်ဗျားပါဝင်သလို ခင်ဗျားချစ်တတ်တဲ့ မိတ်ဆွေတစ်ယောက်လည်း ပါသေးတယ်”

ကျွန်တော်သည် မစ္စတာရစ်ချတ်ဆင်၏ စကားကို အဓိပ္ပာယ်ရှာ

www.burmeseclassic.com

www.burmeseclassic.com



လင်းစွာ နားမလည် သဘောမပေါက်ဘဲ ရှိနေစဉ် မစ္စတာရစ်ချတ်ဆင်က လေချွန်လိုက်ရာ သူမွေးထားသော ခွေးတစ်ကောင် အမြီးနန့်ပြီး ပြေးဝင်လာလေသည်။ ခွေးမှာ အလေ့ကျမွေးသော ခွေးထဲက ဖြစ်သော်လည်း ကောင်းစွာ ကျွေးမွေးထားသဖြင့် တသွေးတမွေး ဖြစ်နေပါသည်။

ထိုခွေးသည် ပြေးလာရာက ကျွန်တော့်ကို မြင်ရသည်တွင် ဧည့်သည်ရှိနေသည်ဟူသော အသိဖြင့် ရှေ့သို့မတိုးဘဲ ရပ်တန့်ပြီး အမြီးနန့်နေလေသည်။ သို့ဖြစ်၍ ကျွန်တော်က သူရှေ့သို့တိုး၍ လာရဲပါစေတော့ဟု သူ့အသွေးအမွေးကိုကြည့်ကာ 'ကမ်းအွန်ဘလက်ကီ' ဟုခေါ်လိုက်၏။

သို့ရာတွင် ခွေးသည် ရှေ့သို့တိုး၍မလာသည့်ပြင် ကျွန်တော်ပြောသည့်စကားကို နားမလည်ဟန်ဖြင့် သူ့ခေါင်းကိုငဲ့၍ နားတစ်ဖက်ထောင်ကာ တွေဝေပြီး ကြည့်နေလေသည်။

"သူ့ကို ဘလက်ကီလို့မခေါ်ဘူး"

"ဒီလိုဆိုရင် ဘော်ဘီလား၊ ဂျော်နီလား"

"တစ်ခုမှမဟုတ်ဘူး၊ သူ့နာမည် အောင်နက် ဖြစ်ပါတယ်"

ကျွန်တော်သည် ရုတ်တရက် အူကြောင်ကြောင်ဖြစ်သွားပြီးမှ ဗမာခွေးကို ဗမာလိုနာမည်ပေးခြင်းမှာ သဘာဝကျပေသည်ဟု စိတ်ထဲက မှတ်ချက်ပြုမိလေသည်။

အောင်နက်သည် သူ့နာမည်ကို ကြား၍ ရှေ့သို့တိုးလာသည်။ မစ္စတာရစ်ချတ်ဆင်သည် အောင်နက်၏ လည်ပင်းနှင့် မေးအောက်ကိုပွတ်သပ်ပေးရင်း 'သူ့ကို အပြီးတိုင် အိပ်သွားအောင် ဆေးထိုးပေးစေချင်လို့ ခင်ဗျားကို ခေါ်လာတာပါ'ဟု ပြောသဖြင့် ကျွန်တော် အံ့အားသင့်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အို...ဘာကြောင့် သူ့ကိုသတ်ပစ်မှာလဲ၊ သူကျန်းမာနေတာပဲဟာ"

"ကျန်းမာတာတော့ ဟုတ်ပါတယ်။ သူ့ကို ငယ်ငယ်လေးထဲက ဂရုစိုက်ပြီး မွေးလာခဲ့ရတာ။ အလွန်လိမ္မာတယ်။ ဒါကြောင့် ကျွန်တော်တို့ သူ့ကို သိပ်ချစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြန်ကြရတော့မှာမို့ သူ့ကို ထားမပစ်ခဲ့ချင်ကြဘူး"

"မထားခဲ့ချင်ရင် ခေါ်သွားလို့ရသားပဲ မဟုတ်လား"

"မဖြစ်ဘူး လွန်းဝေ။ သူ့ကို ခွေးရူးရောဂါ ကာကွယ်ဆေး မထိုးရသေးဘူး။

"ဒီဆေးကို ထိုးချင်ရင် ပြောလေ။ ကျွန်တော် ထိုးပေးမှာပေါ့"

"ခင်ဗျားနဲ့ အရင်ခြောက်လလောက်တုန်းက တွေ့ရင် သိပ်ကောင်းမှာပဲ။ ဘာပြုလို့လဲဆိုတော့ သူ့ကို ခေါ်သွားရင်ခြောက်လလောက်က ကြိုတင်ပြီး ခွေးရူးရောဂါ ကာကွယ်ဆေးထိုးထားမှ ခေါ်လို့ရတယ်။ အခုတော့ သူ့ကိုလည်း ဆေးမထိုးရသေး၊ ကျွန်တော်တို့ကလည်း ဗြုံးခနဲ ပြန်ရဖို့ ဖြစ်လာတော့ သူ့ကိုလည်း ခေါ်မသွားနိုင်၊ ဒီမှာလည်း ထားမပစ်ရက်နိုင်လို့ သူ့ကိုမေ့ဆေးလွန်အောင်ထိုးပြီး ဒုက္ခငြိမ်းအောင်လုပ်ခဲ့တာ အကောင်းဆုံးပဲလို့ ဆုံးဖြတ်ထားကြတယ်"

"ဘာဖြစ်လို့ ဒီမှာ မထားခဲ့ချင်တာလဲ"

'သူ့ကို ထားပစ်ခဲ့ရင် ပထမဦးဆုံး သူကျွန်တော်တို့ကို လွမ်းနေမယ်။ ပြီးတော့ သူ့ကို ကျွန်တော်တို့ပြုစုသလို ပြုစုတာမခံရရင် သူ အလွန် စိတ်မချမ်းမသာဖြစ်မယ်။ ပြီးတော့ ကျွန်တော်ချိုးနှိမ်တဲ့ သဘောနဲ့ ပြောတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့တွေဟာ ခွေးကိုချစ်တတ်ကြပေမဲ့ ခွေးနဲ့တူအောင် မမွေးတတ်ကြဘူး။ ရက်စက်ချင်တဲ့အခါ အင်မတန်ရက်စက်ကြတယ် တချို့ကျတော့လည်း အိပ်ရာထဲမှာ ခွေးနဲ့ဖက်ပြီး အိပ်တဲ့အထိ

www.burmeseclassic.com

www.burmeseclassic.com



အချစ်လွန်ကဲပေမဲ့ အဲဒီခွေးကလေး သေသွားပြီဆိုရင် လက်ဖျားနဲ့တောင်မှ မထိချင်ကြဘဲ ခြေထောက်ကို ကြိုးနဲ့ဆွဲပြီး အမှိုက်ပုံမှာသွားပြီး ပစ်တတ်ကြတယ်။ အခုလို ကျွန်တော် ပြောတာ ကျွန်တော့်ကိုစိတ်မဆိုးဘဲ နားလည်သဘောပေါက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။'

"ဝမ်းနည်းပါတယ် မစ္စတာရစ်ချတ်ဆင် ကျွန်တော် အခုလို ကျန်းမာနေတဲ့ ခွေးကောင်းတစ်ကောင်ကို မသတ်နိုင်ပါဘူး။ ဘာသာရေးကလည်း ခွင့်မပြုဘူး။ လုပ်ငန်းပိုင်းအနေနဲ့ကလည်း မလုပ်ထိုက်ဘူး။ သူ့ကိစ္စနဲ့ မိုးကြိုးနဲ့လည်း မတူပါဘူး။ တကယ်လို့ သူ့ကို ခင်ဗျားတို့အတိုင်း မွေးမယ့် ကျွေးမယ့်သူရှိရင် ပေးမလား"

"တကယ်ပြောနေတာလား လွန်းဝေ။ မွေးမယ့်သူ ဘယ်သူရှိသလဲ"

"တခြားလူတော့ မဟုတ်ဘူး။ ခင်ဗျားယုံကြည်စိတ်ချတယ်ဆိုရင် ကျွန်တော်မွေးမယ်"

"ဟာ...ဒီလိုဆိုရင် ကျွန်တော်တို့ အလွန့်အလွန်ဝမ်းသာရမှာပေါ့ လွန်းဝေ"

အမှန်တကယ်ပင် သူတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ဝမ်းသာသွားကြသည်။ ကျွန်တော်လည်း ကောင်းမွန်စွာ မွေးကျွေးပြုစုထားသော ခွေးလိမ္မာတစ်ကောင်ကို ဓိဝိတဒါနအဖြစ် အလှူပေး၍ ရရှိသဖြင့် အလွန်ဝမ်းသာမိသည်။ အကယ်၍သာ ရစ်ချတ်ဆင်နှင့် ကျွန်တော် မတွေ့ခဲ့မိလျှင် အောင်နက်သည် တစ်နည်းတစ်လမ်းဖြင့် သတ်ဖြတ်ဖျက်ဆီးခြင်း ခံရရှာပေလိမ့်မည်။

အောင်နက်သည် သူ့အသက်ကို ကျွန်တော် ကယ်ခဲ့ရကြောင်း သိ၍လားမပြောတတ် ကျွန်တော့်အပေါ်တွင် ချစ်မြတ်နိုးမှု၊ သစ္စာရှိမှုတို့ကို သာမက ကျေးဇူးကြီးလှသော သခင်တစ်ယောက်ကဲ့သို့ သူ့အမူအရာမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ပြသလျက်ရှိပေသည်။ သို့ဖြင့် ကျွန်တော်သည် မိတ်ဆွေကောင်းတစ်ယောက်ကို ရရှိခဲ့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# (၆)

"ဟာ…အဘပါကလား၊ ဘယ်ကလှည့်လာသလဲ၊ နေကောင်းရဲ့နော်"

ဦးဘိုးမှန်သည် အိမ်ထဲသို့ တန်းတန်းမတ်မတ် ဝင်လာပြီးနောက် ကျွန်တော့်အနားသို့ ရောက်မှ 'အင်း…ရတနာသုံးပါး ဂုဏ်ကျေးဇူးကြောင့် နေလို့ကောင်းပါရဲ့။ ဒါပေမဲ့လည်း ကျုပ်နွားတစ်ကောင် နေမကောင်းလို့ ဆရာလေး ခေါ်ရအောင်လာတာ'ဟု ပြောပြရင်း အနီးရှိ ခုံတန်းလျားပေါ်တွင် ထိုင်ချလိုက်၏။

"ခဲဆိပ်မိတဲ့ နွားတွေ နေကောင်းကုန်ကြပြီ မဟုတ်လား။ ကျွန်တော်လည်း မအားတာနဲ့ အဘတို့အိမ်ဘက် မလာဖြစ်ဘူး။ အဘဆီကလဲလူမလာ ဘာမှလည်းမကြားရလို့ နေကောင်းကုန်ပြီထင်နေတာ…"

"အရင်ဆရာလေးလာကြည့်တဲ့နွားတွေ ဆရာလေးပြောသလို ဆားခါးကိုတိုက်တာနဲ့ပဲ ပျောက်ကုန်ပါပြီ။ အခု နေမကောင်းတဲ့နွားက နွားသိုး၊ ရွှေနီကြီးဖြစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်နေလို့လဲ"

"ဘယ်လိုဖြစ်တယ်ဆိုတာတော့ ဆရာလေးကိုယ်တိုင် လိုက်ကြည့်မှ သေသေချာချာ သိနိုင်မှာပဲ။ ကျုပ် ပြောပြရုံနဲ့တော့ ကျုပ်ဖတ်ဖူးတဲ့ ဝတ္ထုစာအုပ်ထဲက စုံထောက် ကိုစံရှားလို ထိုင်ရာကနေပြီးတော့ အမှုဖော်နိုင်မယ်မထင်ဘူး"

"အဘကလည်း ကျွန်တော်လိုက်မှာပေါ့အဘရဲ့။ ကျွန်တော် မေးတာက ဘာဆေးများ ယူလာရရင် ကောင်းမလဲဆိုတာ မှန်းနိုင်အောင်ပါ"

"အေးလေ ကျုပ်သိရတာတော့ ဒီကောင်ကြီးဟာ နှာခေါင်း ရှုံ့ရှုံ့ရှုံ့ရှုံ့နဲ့ ဖားဖိုဆွဲတာ ကျနေတာပဲ။ အဆုပ်အအေးမိတာပဲလား။ ဒီထက်ဆိုးတာပဲလား။ ဒါတော့ ဆရာကလေးမြင်ရုံနဲ့ သိမှာပါ"

"ဒီလိုဆိုရင် အဘသွားနှင့်၊ ကျွန်တော် ချက်ချင်း လိုက်လာခဲ့မယ်"

ကျွန်တော်သည် လုပ်စရာရှိသေးသည့် ကိစ္စများကို လုပ်ခဲ့ပြီးနောက် ဦးဘိုးမှန်ထံ လိုက်၍သွားရာ အချိန်အတော်ပင် ရောက်ရှိသွားခဲ့၏။ အဘိုးကြီးနှင့် သူ့သားများသည် ကျွန်တော့်ကို အသင့်စောင့်နေကြသည်။ သားများ၏ မျက်နှာမှာ များစွာ ရွှင်လန်းပုံ မရသော်လည်း အဘိုးကြီးကမူ ကျွန်တော့်ကို မြင်ရသည်နှင့် ရွှင်ပျ၍ သွားလေသည်။

"ကဲ...တို့ဆရာလေးလာရင်တော့ တို့ရွှေနီကြီးလဲ မြန်မြန်ကောင်းသွားမှာပါပဲ"

သို့သော် နွားတဲထဲသို့ ရောက်သည့်အခါ သူ့မျက်နှာမှာ စောစောကလို မရွှင်ပျတော့ချေ။

ဦးဘိုးမှန်၏ နွားသိုးကြီးသည် ခြေလေးဘက်စလုံး မြေပေါ်တွင် အမြစ်တွယ်၍နေသည့်အလား မလှုပ်မရှက်ရပ်နေသည်ကို တွေ့ရ၏။ သူသည် မနည်းကြိုးစား၍ အသက်ရှုနေရတာ သူ့နံပါးနှစ်ဘက်မှာ ပိန်

www.burmeseclassic.com

www.burmeseclassic.com



ချိုဖောင်းချို ရှုံ့ချိုကားချိုနှင့် ဖြစ်နေသည်။ သူ့ပါးစပ်နှင့် ပွယောင်းနေသော နှာခေါင်းများထဲက အမြှုပ်တရွဲရွဲ ယိုစီးလျက် ရှိလေသည်။ မျက်လုံးများကလည်း ပြူးကြောင်နေသည်။ သူ၏ရောဂါလက္ခဏာမှာ အဆုပ်ရောင်ရောဂါနှင့် မတူချေ။ သူသည် အသက်ကို လုနေရသည့်အသွင်မျိုး ဖြစ်နေသည်။ မြင်ရသည့်အတိုင်းမှာမူ သေဖို့ကများနေသည်။

ကျွန်တော်သည် နွားသိုး၏စအိုထဲသို့ ပြဒါးတိုင် ထိုး၍ထည့်လိုက်သည်။ သူသည် နည်းနည်းမျှမလှုပ်။ မိနစ်ဝက်ခန့်ကြာသော အခါ ပြဒါးတိုင်ကို နှုတ်၍ကြည့်သည်။ အပူချိန်မှာ ဖာရင်ဟိုက် ၁၁၀ ဒီဂရီ ရှိနေ၏။ တစ်နည်းဆိုရသော် အပူချိန်မှာ ပြဒါးတိုင်အဆုံး ရောက်နေသည်။ ထို့ကြောင့် ဟုတ်မှဟုတ်နိုင်ပါ့မလားဟု အောက်မေ့ကာ ပြဒါးတိုင်ကို ခပ်ပြင်းပြင်း လှုပ်ခါလိုက်ပြီး နွားသိုး၏ စအိုထဲသို့ ထည့်ရပြန်သည်။ ယခုတစ်ကြိမ်တွင် ပြဒါးတိုင်ကို စောစောကထက် အချိန်ပို၍ ထားကြည့်သည်။

“ဒီနွားဟာ တကယ်အဖိုးတန်တဲ့နွားဗျ။ နွားထီးအလှပြိုင်ပွဲမှာ ပထမစွဲတဲ့နွားပေါ့။ သူ့နဲ့သားဖောက်တဲ့ နွားမတွေလဲ နွားချောနွားကောင်းလေးတွေချည်း မွေးတာပဲ။ သန္ဓေကလည်း အင်မတန်ကောင်းတယ်။ ကန်လားဖော့လား မရှိဘူး။ အဘမြေးတွေ သူ့နဲ့ပဲ ဆော့ကြတာ”

ကျွန်တော်သည် နွားသိုးစအိုထဲမှ ပြဒါးတိုင်ကို နှုတ်၍ ဒုတိယအကြိမ် ကြည့်ရပြန်သည်။ အပူချိန်မှာ စောစောကအတိုင်း ၁၁၀ ဒီဂရီ ရှိသည်။ သို့ဖြစ်ရာ ကျွန်တော် မစဉ်းစားတတ်တော့ပေ။ ပြဒါးတိုင်သည် တစ်တောင်လောက်အရှည်ကြီးဖြစ်လျှင်လည်း အဆုံးအထိပင် အပူချိန်ပြနေမလား မသိချေ။

နွားသိုး၏ရောဂါသည် ဦးဘိုးမှန် ထင်သလို အဆုပ်ရောင်ရောဂါ မဟုတ်နိုင်။ သရက်ရွက်ကြီးရောဂါ ဖြစ်လေမည်လား။ သရက်ရွက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရောဂါဝင်နေလျှင် နွားသည် အမွေးစောင်းနေတတ်သည်။ အပူလည်း ကြီးသည်။ ထိုသို့ဖြစ်မဖြစ်ကို သိနိုင်ရန် တောင်သူလယ်သမားများသည် မြန်မာ့ရိုးရာနည်းအရ နွား၏ နောက်ကျော အလယ်တည့်တည့်ရှိ ဖွဲပေါ်တွင် ဆားအနည်းငယ် ပုံ၍ ကြည့်သည်။ ရောဂါရှိလျှင် ဆားရည်ပျော်ပြီး ချွေးပြန်လာသည်။ အပူရှိန်လည်း ပြင်းလာသည်။ ထိုရောဂါဖြစ်လာလျှင် အနောက်တိုင်းနည်းဖြင့် ကုသရန်မလွယ်။ မြန်မာဆရာများ၏ လက်သုံးဆေးမှာ 'ဆေးစုံ ကွမ်းစုံ'ဟု ခေါ်သည့်ဆေးဖြစ်၏။

မြန်မာဆေးဆရာများသည် ကျွန်တော်ရောက်လာမှ သူတို့၏ ကုသရမှု လျော့နည်းလာသည့်အတွက် ကျွန်တော့်အပေါ်တွင် စိတ်ထား မကြည်ကြချေ။ သူတို့သည် ကျွန်တော့်အမှားကို စောင့်နေကြသည်။ ဘယ်နေ့ ကျွန်တော်မှားမည်နည်း။ မှားလျှင် နာမည်ပျက်မည်။ ထိုအခါ သူတို့၏အလုပ်များ ပြန်၍ကောင်းလာမည်။ ကျွန်တော်က သူတို့နည်းကို လိုက်လျှင် သူတို့၏နောက်လိုက် ဖြစ်မည်။

ကျွန်တော်သည် မကြုံတတ်အောင်ရှိကာ ဤနွား၏ရောဂါကို ကျွန်တော့်ထက်တတ်ကျွမ်းသော ဆရာ ဦးပြည့်စုံအား ပြသကြည့်ရန် အကြံ ပေးရလျှင် ကောင်းမည်လားဟု စဉ်းစားကြည့်သည်။

ထိုစဉ် ကျွန်တော့်မျက်လုံးများသည် နွားတဲအပြင်ဘက်က စိုးရိမ် တကြီး လှမ်း၍ကြည့်နေကြသော ဦးဘိုးမှန်၏ သားများ၏ ခေါင်းပေါ် ကကျော်ပြီးလျှင် မိုးကောင်းကင်ဆီသို့ ရောက်သွားသည်။ ကောင်းကင်က အလင်းရောင်သည် ကျွန်တော့်မျက်စိများကို ကျိန်းစပ်သွားစေသည်။ သို့ ဖြစ်၍ ကျွန်တော်သည် မျက်စိကို ခေတ္တမျှစုံမှိတ်ထားလိုက်ရစဉ် ကျွန်တော်၏ နားထဲသို့ နွားခလောက်သံတစ်သံ ဝင်လာသကဲ့သို့ ကြားရပြီး တစ်ခုတစ်ရာ ကို တွေးတောမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဘက်က ဒီကောင်ကြီးကို အပြင်လွှတ်ထားသလား"

'ဟုတ်တယ်ဗျ။ ဒီနေ့ နေကလေး သာတာနဲ့ မြက်လဲစားရအောင် ခြေလဲဆန့်ရအောင်ဆိုပြီး တစ်မနက်လုံး ကွင်းထဲသွားပြီး လှန်ထားခဲ့တယ်' ဟု အဘ၏ သားတစ်ယောက်က ပြော၏။

ကျွန်တော်သည် ရွှေနီကြီး၏အဖြစ်ကို ကောင်းစွာ စဉ်းစားမိလေပြီ။

"ဒီမှာ ရေတွင်းက ရေစုတ်တင်တဲ့စက် ရှိတယ်မဟုတ်လား။ မရှိလည်းသွားရှာဗျာ"

"ရှိပါတယ်။ ရှိပါတယ်"

"ကဲ...ရှိရင် အဲဒါသွားပြီး ဆွဲခဲ့ပေတော့"

"နေပါဦး၊ ရေစုတ်စက်က ဘာလုပ်ရမှာလဲ"

"မြန်မြန်သာသွားပြီးဆွဲခဲ့ပါ။ အဘသားကြီးက နေပူမိသွားတာ"

"နေပူမိတာ ရေလောင်းလို့"

"အဲဒါ နောက်ကြမှရှင်းပါ့မယ်၊ ရေစုတ်စက်သာ မြန်မြန် ယူခဲ့စမ်းပါ။ ကြာလို့မဖြစ်ဘူး"

ဦးဘိုးမှန်၏ သားသုံးယောက်စလုံး အပြေးအလွှား အလုပ်လုပ်ကြရာ ခဏအတွင်းမှာပင် ရေတွင်းကရေကို ရေစုတ်စက်မှပိုက်နှင့် သွယ်၍ရကြပြီး ရွှေနီကြီးကို ပိုက်ဖြင့် ရေပက်ပေးနိုင်ကြလေသည်။ ရေကို ခေါင်းပေါ်သို့လည်းကောင်း၊ ကိုယ်ပေါ်သို့လည်းကောင်း၊ နံဘေးနှစ်ဖက်ကိုလည်းကောင်း၊ ခြေလက်များကိုလည်းကောင်း၊ ငါးမိနစ်ခန့်မျှ ပက်ဖြန်းပေးခိုင်းထားရသည်။ ထိုငါးမိနစ်မှာ ကျွန်တော့်အဖို့ ငါးနာရီလား ထင်ရသည်။ အကြောင်းမှာ နွား၏အခြေအနေ တိုးတက်မှုကို အာရုံစိုက်၍ ကြည့်နေရာတွင် ရုတ်တရက် ချက်ချင်းမတွေ့ရသောကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချက်ချင်းတိုးတက်မှုကို မတွေ့ရသဖြင့် ကျွန်တော် တလွဲတချော် လုပ်မိလေပြီလားဟု စိတ်ထဲတွင် ထင့်ကနဲဖြစ်မိစဉ်မှာပင် နွားသိုးသည် ရေကိုတစ်ကြိုက်လောက် မြိုလိုက်လေသည်။

ထိုသို့တွေ့ရသဖြင့် ကျွန်တော် အားတက်လာသည်။ သူသည် စောစောက အသက်ကို မနည်းကြိုးစား၍ ရှူရပြီး တံတွေးကိုပင် မမြိုနိုင်ဘဲ ရှိခဲ့ရာက ယခု ရေကိုပင် တစ်ကြိုက်လောက် မျိုနိုင်လာခြင်းကို တွေ့ရသည်မှာ မျှော်လင့်စရာ များစွာရှိနေသည်မဟုတ်ပါလော။ သူ့ကို ကြည့်ရသည်မှာ ယခင်ကလောက် ဝေဒနာ ခံစားနေရပုံ မပေါ်တော့ချေ။ အသက်ရှူလည်း မှန်စပြုလာသည်။

ကျွန်တော်သည် အခြေအနေတိုးတက်စ ပြုလာသည်ကို တွေ့ရ၍ ရေကိုဆက်ပြီး ပက်ဖြန်းခိုင်းရသည်။ ရေသည် တွင်းရေဖြစ်၍ အေးမြသည့်အတွက် ပို၍ ထိရောက်ဟန်တူသည်။ ခဏမျှအကြာတွင် ရွှေနီကြီးသည် သူ့ကိုယ်ကို ခါလိုက်ပြီး ကျွန်တော်တို့ဘက်သို့ ခေါင်းလှည့်ကာ စိုက်ကြည့်နေလေသည်။

"ဟာ...နေရာကျလိုက်တာ။ ဘုရား သိကြားမတာပဲ"

ယခုလို အဘ၏သားတစ်ယောက်က ဆိုသည်။ ကျွန်တော်ကလည်း သူ့လိုပင် ဘုရားသိကြားမသည်ဟု စိတ်ထဲမှာ အောက်မေ့လိုက်သည်။ သို့ကလို ဘုရားသိကြားသာ မမ,ခဲ့လျှင် ကျွန်တော် အတင့်ရဲပုံနဲ့တော့ ရွှေနီကြီးသည် ထိုနေရာတွင် ဘုံးဘုံးလဲပြီး သေပွဲဝင်ဖို့ ရှိသည်။ ကျွန်တော် လည်း ထိုနယ်က ပြေးရပေလိမ့်မည်။

ကျွန်တော်သည် ရွှေနီကြီးကိုကြည့်ပြီး အလွန်ကြည်နူးနေမိသည်။ အမှန်ကိုဆိုရလျှင် ယနေ့အထိ ကျွန်တော်၏ တစ်သက်တာဝတွင် ယခုလောက် ပျော်ရွှင်ခြင်းမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြုံရသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနီသည် သူ့ခေါင်းပေါ် ရေလောင်းခြင်းကို ပို၍ကြိုက်ပုံရ၏။ သူသည် ရေလုံးကို သူ့ခေါင်းဖြင့် ထိုး၍ ထိုး၍ ခံလေသည်။

နာရီဝက်ခန့်အကြာတွင် ရွှေနီကြီးသည် နဂိုပုံမှန်နီးနီး ဖြစ်၍ လာသည်။ ကျွန်တော်သည် သူ့ကို ပြဒါးတိုင်ထိုးကြည့်ပြန်သည်။ အပူ ဒီဂရီမှာ ၁၀၅ သို့ ကျဆင်းလာလေပြီ။

"မကြာခင် ကောင်းလာပါလိမ့်မယ်။ ကိုင်း...ကျွန်တော်လည်း သွားစရာ ရှိသေးတယ်၊ ပြန်ဦးမယ်"

"ဒီမှာ ထမင်းစားပြီးမှ ပြန်ပါလား ဆရာလေးရဲ့။ နေစောင်း နေပြီပဲဟာ"

"ကျေးဇူးတင်ပါတယ် အဘရယ်။ ကျွန်တော် မစားအားသေးဘူး ခင်ဗျ။ အိမ်ကိုလည်း စောစောပြန်ဖို့က အရေးကြီးတယ်။ ကျွန်တော် အရင်လို မဟုတ်တော့ဘူး။ တစ်ဝမ်းအပြင် နှစ်ဝမ်းဖြစ်လာလို့ပါ"

"အမယ်...တယ်လဲမြန်လိုက်ပါကလား။ ဘယ်သူနဲ့လဲ။ ဗိုလ်ကြီးသမီးနဲ့လား"

"အဘနှုတ်ခမ်းမှာ သူ့ရာသတီစီးပြီးပြောတာ ဖြစ်ပါစေဗျာ။ အခု အခြေအနေမှာတော့ အဘထင်တဲ့အတိုင်း မဟုတ်သေးဘူးခင်ဗျ။ ကျွန်တော့် အပြင် တခြားတစ်ဝမ်းဆိုတာက မစွတာရစ်ချတ်ဆင်ဆီက ရတဲ့ အောင် နက်ကို ပြောတာပါ"

ဦးဘိုးမှန်သည် ဣန္ဒြေမဆည်နိုင်အောင် ရယ်မောကာ ကျန်ရစ်ခဲ့ လေသည်။

အဘပြောလိုက်သည့် စကားများသည် ကျွန်တော်၏ အသည်း နှလုံးတို့ကို နှိုးဆွပေးလိုက်သလိုဖြစ်ကာ ယခုမှ ရီရီဝင်းကို ပိုပြီး သတိရ တမ်းတမိလေတော့၏။ သူနှင့် မတွေ့ရသည်မှာ သီတင်းနှစ်ပတ် ကျော်မျှ

www.burmeseclassic.com

www.burmeseclassic.com



ရှိပေပြီ။ သို့သော် ကျွန်တော့်စိတ်ထဲတွင် အသင်္ချေ ယကပ်နှစ်ကပ်မျှမက ကြာနေခဲ့ပြီဟု ထင်မိသည်။

ဗိုလ်မှူးရဲဝင်းသည် ကျွန်တော့်ထံသို့ မစ္စတာ ရစ်ချတ်ဆင်ကို ခေါ်လာခဲ့ပြီးသည့်နောက် သူနှင့်လည်း ထပ်၍ မတွေ့ရသေးချေ။ သို့ဖြစ်၍ မစ္စတာရစ်ချတ်ဆင်နှင့် ကျွန်တော် တွေ့ခဲ့ရသည့် အကြောင်းကို သူ့အား ပြောပြရန် လာသည့်အနေဖြင့် သူ့ထံသို့ သွားမည်။ ရီရီဝင်းက ကျွန်တော့်ကို စိတ်ဆိုးနေသေး၍ စကားမပြောဘဲ နေဦးတော့၊ သူ့မျက်နှာကလေးကိုတော့ မြင်ရနိုင်လိမ့်မည်ဟု မျှော်မှန်းကာ အဘဦးဘိုးမှန်ထံမှ ပြန်လာပြီးသည့် နောက်တစ်နေ့တွင် ဗိုလ်မှူးရဲဝင်းထံ ကျွန်တော် အရဲစွန့်၍ သွားလေသည်။

"ကိုလွန်းဝေလာတာ သိပ်နေရာကျတာပဲ။ မျှော်နေတာနဲ့ အဆင်သင့်ဖြစ်နေတယ်"

ကျွန်တော်သည် ကြားရသည့်စကားကိုပင် မယုံနိုင်အောင် ဖြစ်မိသည်။ ကျွန်တော် ဗိုလ်မှူးရဲဝင်းနှင့် စကားပြောနေစဉ် ကျွန်တော့်နောက်မှနေ၍ ပြောလိုက်သည့် ရီရီဝင်း၏ စကားကို ကြားရသဖြင့် ယင်းသို့ မယုံတယုံဖြင့် လှည့်ကြည့်လိုက်ရာ ပြုံးရွှင်နေသော ရီရီဝင်း၏ မျက်နှာကို တွေ့ရ၍ လွန်စွာ အံ့အားသင့်မိလေသည်။

'ကျွန်တော် ဘာလုပ်ပေးရမလဲ ရီရီ။ လိုတာသာပြော။ ကျွန်တော်ကတော့ လုပ်ပေးဖို့ အမြဲတန်း အသင့်ဘဲ' ဟု ဤနေရာတွင် ကျွန်တော်သည် ခိုင်းတော့သက်ဝေ သီချင်းကိုဆို၍ ပြလိုက်ချင်လေတော့သည်။

"တခြားမဟုတ်ပါဘူး။ ဥမ္မာလေးကို ကြည့်စေချင်လို့ပါ"

"ဥမ္မာ ဟုတ်လား"

ရီရီဝင်းက မဖြေမီ ဗိုလ်မှူးရဲဝင်းက ဝင်၍ ရှင်းပြလေသည်။

"ဥမ္မာဆိုတာ သမီးအတွက် သေသွားတဲ့ မိုးကြိုးကြိုးအစား ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးထားတဲ့ တယ်ရီယာမျိုး အမွေးစုတ်ဖွားနဲ့ ကောင်မလေးကို သူပေးတဲ့ နာမည်ပါ"

"ဘာဖြစ်လို့လဲ။ ဥမ္မာက"

"လမ်းကောင်းကောင်း မသွားဘူး။ လမ်းသွားရင် မောမောနေတယ်။ ကျွန်မ ယူလာပြီး ပြမယ်"

ကျွန်တော်သည် ပေါ့ပါးသွက်လက်စွာ ထွက်ခွာသွားသော ရီရီဝင်း၏ နောက်ပိုင်းကို တစိမ့်စိမ့်ကြည့်ပြီး ပီတိ ကျနေမိသည်။ နောက်မှ သူ့ဖခင်ကို သတိရပြီး ဟန်လုပ်နေလိုက်ရလေသည်။

ရီရီဝင်းသည် ဥမ္မာကို ပွေ့၍ယူလာပြီး ပြသည်။ ကျွန်တော်က ဥမ္မာကို ကိုင်၍ကြည့်မည်အပြုတွင် ဥမ္မာက ကျွန်တော့်လက်ကို ဖမ်း၍ ကိုက်မည်လုပ်သဖြင့် ရုတ်တရက် ရှောင်တိမ်းလိုက်ရလေသည်။

"ဒီကလေးမ တယ်စွာပါလား"

"ဥမ္မာက မကိုက်တတ်ပါဘူး ကိုလွန်းဝေ၊ သူက ကြည်စားတာပါ"

ကျွန်တော်က ဥမ္မာကိုကြည့်ပြီး သူ၏ဝလွန်းသော ခန္ဓာကိုယ်ကလေးကို မြင်ရ၍ သူ့ရောဂါကို အကဲခတ်မိသည်။ ရီရီဝင်းသည် ဥမ္မာကို အလွန်အလိုလိုက်ထားဟန် တူသည်။ အစာကိုလည်း မကြာခဏ ကျွေးနေပုံရသည်။ ထို့ကြောင့် သူသည် လမ်းသွားရင်း မောနေပြီး မကြာခဏ ရပ်ရပ်နေခြင်း ဖြစ်မည်။

"သူ့ကို တစ်နေ့ ဘယ်နှစ်ခါ အစာကျွေးသလဲ"

"ဘယ်နှစ်ခါရယ်လို့ မှတ်မထားပါဘူး။ သူ အစာတောင်းရင် ကျွေးလိုက်တာပဲ"

"ဘာတွေ ကျွေးသလဲ"

"ကျွေးတာတော့ စုံနေတာပဲ။ ရောက်စတုန်းကတော့ ကြက်သား

www.burmeseclassic.com

www.burmeseclassic.com



အမဲသား အစုံကျွေးတာပဲ။ နောက်တော့ အပြောင်းအလဲရအောင် ဘီစကစ် အသည်းကျွေး ကိတ်မုန့်လည်းကျွေး ကောင်းတာတွေ အကုန်ကျွေးတာပဲ"

"တစ်ခါတစ်ခါ ထိုင်ထိုင်ပြီး ဖင်မသီဘူးလား"

ရီရီဝင်းက ပြုံးပြီး ခေါင်းညိတ်ပြသည်။

"မြန်မာတွေက ခွေးဖင်သီရင် ညှော်လာတတ်တယ်လို့ နိမိတ်ကောက်တတ်ကြတယ်။ အခု ကျွန်တော်ရောက်လာတာ မဥမ္မာ ဖင်သီလို့လာတာ မထင်ဘူးလား"

ဗိုလ်မှူးရဲဝင်းနှင့် ရီရီဝင်းရော၍ ရယ်သည်။

"ဥမ္မာမှာ ဘာရောဂါမှ မရှိပါဘူး။ အစာတွေ များလွန်းလို့ ဖြစ်နေတာ၊ ပြီးတော့ ဘီစကစ်တွေဘာတွေ ကျွေးတာဟာ မကောင်းဆုံးဘဲ။ ဗိုလ်ခွေးတွေမွေး ဗိုလ်စာမှ ကြိုက်မယ်ထင်ပြီး ကျွေးတာလဲ မကောင်းဘူး။ ခွေးဆိုတာ မွေးကာစအရွယ်လောက်သာ တစ်နေ့နှစ်ခါသုံးခါလောက် ကျွေးဖို့ကောင်းတာ။ အဲဒါမှာလဲ နို့ကလေးဆန်ပြုတ်ကလေးလောက်ပဲ ကောင်းပါတယ်။ ခြောက်လသားအရွယ် လွန်လာတဲ့အခါမှာ သူတို့ သွားကလေးတွေကလဲ ထက်လာပြီ။ သူတို့အမေကလဲ နာလို့နို့မတိုက်တော့ဘူး။ တတ်နိုင်သမျှ ရှောင်ရှောင်ပြေးတယ်။ အဲဒီအခါမှာ လူကကြည့်ကျွေးရတယ်"

"အခု ဥမ္မာဟာ ခြောက်လသမီးမှ မဟုတ်တော့ဘဲဟာ အခါလည်တောင် ကျော်နေပြီ။ ဒါကြောင့် သူ့အသက်အရွယ်နဲ့ လိုက်အောင် ကျွေးရတာပါ"

"ဒီလိုရှိပါတယ်၊ ခွေးဟာ အလုပ်လုပ်ရ ပြေးရလွှားရတဲ့ ခွေးမျိုးမဟုတ်ဘဲ အိမ်မှာ လက်သပ်မွေးတဲ့ခွေးမျိုးဖြစ်ရင် တစ်နေ့ တစ်ခါပဲ ကျွေးတာ ကောင်းတယ်။ ကျွေးရင်လဲညနေ လေးနာရီငါးနာရီလောက်မှာ

www.burmeseclassic.com



ကျွေးတာအကောင်းဆုံးပဲ။ ပြီးတော့ ခွေးဆိုတာ အသားစားသတ္တဝါမျိုး ဖြစ်တဲ့အတွက် အသားကျွေးပေးရတယ်။ ဒါပေမဲ့ အသားဆိုလို့ ဈေးထဲက အသားကောင်းကို ဝယ်ပြီးကျွေးဖို့ မလိုပါဘူး။ ဒါမျိုးကို အကုန်အကျများလို့ ကြာရှည်လည်း ကျွေးနိုင်ကြမှာ မဟုတ်ဘူး။ ကောင်းတာက ဈေးထဲမှာ ခွေးစားဖို့ သက်သက်ရောင်းတဲ့ အမဲရိုးဆိတ်ရိုးကို ထမင်းနဲ့ ရောပြီး ခွေးစာကြိုကျွေး၊ အဲဒါ အကောင်းဆုံးပဲ။ နောက်ပြီး ခွေးတွေဟာ အရိုးကိုက်ရတာ သိပ်ကြိုက်တယ်။ အဲဒါကြောင့် အသား နဲနဲပါးပါးကပ်နေတဲ့ ဒူးခေါင်းရိုး၊ ခြေထောက်ရိုးလည်း ဝါးနိုင်းရတယ်။ ဒါပေမယ့် ထမင်းစားပြီးတဲ့ အခါမျိုးမှာ ကျွေးရတယ်။ ထမင်း ဆာနေတုန်းမှာ မကျွေးရဘူး"

"ဒါဖြင့် ဥမ္မာကို ဘယ်လိုလုပ်ရမလဲ"

"ဘီစကစ်တွေ ဘာတွေ ဖြတ်လိုက်ပြီး၊ အခုပြောတဲ့အတိုင်း တစ်နေ့တစ်ခါပဲ မှန်မှန်ကျွေးပေါ့"

"ဒီလို တစ်နေ့တစ်ခါထဲသာ ကျွေးရရင် အာဟာရပြတ်ပြီး သေမသွားလားရှင်"

"အို...ဒီလိုဘယ်ဟုတ်ပါ့မလဲ။ ကျွေးတဲ့အခါမှာသာ တစ်ခါထဲနဲ့ ဝအောင် ကျွေးလိုက်ပါ။ ကျန်းမာနေတဲ့ခွေးဟာ တစ်ခါထဲနဲ့ နှစ်ဆယ့်လေးနာရီစလုံးအတွက် လုံလောက်အောင် စားနိုင်ပါတယ်။ အဲသလိုစားတဲ့ခွေးဟာ ကြီးထွားတာလဲ မြန်တယ်။ အနံ့ခံလဲ ကောင်းတယ်။ အပြေးလဲ သန်တယ်။ ဒါပြီးတော့ ပြောရဦးမယ်။ လူတွေဟာ ကိုယ်လက်လှုပ်ရှားမှု လိုသလို ခွေးလဲလိုတယ်။ သူတို့ကို အိမ်ထဲမှာ အမြဲ လှောင်မထားသင့်ဘူး။ ပြေးနိုင်း၊ လွှားနိုင်း၊ ဆော့နိုင်းရမယ်။ လူနဲ့အတူတူ လမ်းလျှောက်ခေါ်ရမယ်။ ဒီလိုမလုပ်ဘဲ အိမ်ထဲမှာပဲ လှောင်ထားတဲ့ ခွေးဟာ ရှုမ်းဆိုရင် ကိုက်ချင်တယ်။ ခွေးကိုက်ခံရတဲ့အထဲမှာ ဒီလို အလိုလိုက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခွေးမျိုးအကိုက်ခံရတာ အဆိုးဆုံးပဲ"

"ဒီလိုဆိုရင် ကိုလွန်းဝေ ဥမ္မာအကိုက်မခံရတာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့နော်"

"ကံကောင်းလို့ပေါ့။ ကံမကောင်းရင် ဗိုက်ကို ဆေးထိုးနေရဦးမယ်"

"အို...ဥမ္မာက ခွေးရူးမှ မဟုတ်ဘဲ"

"မရူးပေမယ့် ခွေးဆိုတာ အဲဒီရောဂါ ကာကွယ်ဆေးထိုးထားမှ စိတ်ချရတယ်"

ယင်းသို့ပြောရင်း ကျွန်တော်သည် ဗိုလ်မှူးရဲဝင်းအား ပြောပြရန် ရည်ရွယ်သည့်အကြောင်းကို သတိရကာ 'ဟိုတလောက မစ္စတာရစ်ချတ်ဆင် ကျွန်တော့်ကို လာခေါ်သွားတဲ့ ကိစ္စကို ဗိုလ်မှူးသိသလား'ဟု မေးလိုက်ရသည်။

"သူ့ခွေးကို ဆေးထိုးပေးဖို့ ဆိုတာလောက်တော့ သိတယ်။ အပြည့်အစုံတော့ မသိဘူး"

"ဆေးထိုးပေးဖို့ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ ရိုးရိုး ဆေးထိုးဖို့ မဟုတ်ပါဘူး။ မေ့ဆေးထိုးပေးဖို့ပါ။ အကြောင်းကတော့ သူတို့ခွေးကို ခေါ်လဲမသွားနိုင် ထားလဲမပစ်ရက်နိုင်လို့တဲ့"

"ဒါနဲ့ သူလိုချင်တဲ့အတိုင်း လုပ်ပေးလိုက်ရသလား"

"လုပ်မပေးလိုက်ပါဘူး။ ခွေးကောင်းကြီးကို သတ်ပစ်လို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော် မွေးထားပါ့မယ်ဆိုပြီး တောင်းယူထားလိုက်တယ်"

"ဒီအတိုင်းဆိုတော့ ကိုလွန်းဝေမှာလဲ ခွေးတစ်ကောင် အိမ်းမှာလဲ ခွေးတစ်ကောင် တယ်ဟုတ်နေကြပါလား"

"အဲဒါကြောင့် တစ်နေ့ကျရင် သမီးလာပြီး တောင်းမလို့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးနေတယ်”

ကျွန်တော့်စကားမှာ အနှောင့်အသွား မလွတ်သဖြင့် ဗိုလ်မှူးရော ရီရီပါ မျက်နှာမထားတတ်သလို ဖြစ်သွားကြသည်။ ထိုအကြောင်းကို ကျွန်တော်ချက်ချင်းရိပ်မိလိုက်သဖြင့် ခပ်မြန်မြန် စကားပြင်၍ ပြောလိုက်ရသည်။

“မဥမ္မာကလဲ မျိုးကောင်းရိုးကောင်း ကျွန်တော့်သားကလဲ ဗိုလ်ကမွေးခဲ့တဲ့သားဆိုတော့ ရွှေနဲ့မြ နေနဲ့လလိုပေါ့ ဟဲဟဲ”

သည်တော့မှ သူတို့နှစ်ဦးစလုံး၏ မျက်နှာများမှာ ပြုံးရွှင်လာကြတော့သည်။

“ကိုလွန်းဝေရဲ့ ကောင်ကလေးနာမည်က ဘာတဲ့လဲ”

“အောင်နက်”

‘ဟင်...ဒါမျိုးနဲ့တော့ မပေးစားနိုင်ပေါင်’ ရီရီဝင်းက ပြောပြောဆိုဆို ချာခနဲလှည့်၍ ထွက်သွားလေသည်။

ကျွန်တော်သည် ရီရီဝင်းပြန်ပြီး ထွက်လာလို့ငြား စောင့်စားရင်း ဗိုလ်မှူးနှင့်ရောက်တတ်ရာရာ စကားစမြီပြောနေရာက သူပြန်၍ ထွက်လာပုံမပေါ်သဖြင့် ‘ကျွန်တော် ပြန်ပါဦးမယ်။ မနက်ဖြန် ကွင်းဆင်းအဖွဲ့လာမှာမို့ ပြင်ဆင်စရာတွေ ရှိနေလို့ပါ’ဟု နှုတ်ဆက်ပြန်ခဲ့ရ၏။

အခါရာသီမှာ နယုန်မိုးသေး မြက်သားမွေးဟု ဆိုစမှတ်ပြုကြသည့် မိုးဦးကျအချိန်အခါဖြစ်ပေ၏။ ယခုလို မိုးဦးကျရာသီတွင် လယ်ယာလုပ်ငန်းခွင်ဝင်ကြမည့် တောင်သူလယ်သမားများ၏ ကျွဲနွားများသည် ကျန်းမာရေးနှင့် အပြည့်အဝရှိကြရန် လိုအပ်လေသည်။ ယင်းသို့ ကျွဲနွားများကျန်းမာမှ လုပ်အားအပြည့်အဝ ပေးနိုင်ကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ တိရစ္ဆာန်ကုသရေးနှင့် မွေးမြူရေးဦးစီးဌာနမှ တိုင်းများ၊ ပြည်နယ်များ၊

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ်များအလိုက် မိုးရာသီအကြို ကူးစက်ရောဂါ ကာကွယ်ရေး စီမံချက်များဖြင့် အဖွဲ့လိုက် ကွင်းဆင်းကာ ကူးစက်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ အထွေထွေရောဂါများ ကုသပေးခြင်း၊ တုတ်ရောဂါခွဲစိတ် ကုသပေးခြင်းနှင့် မိုးအမှီ နိုင်းနွားများအဖြစ် အသုံးပြုလိုသော ကျွဲနွားများကို ခေတ်မီနည်းဖြင့် သင်းကွပ်ပေးခြင်း စသော လုပ်ငန်းများကို ဆောင်ရွက်ပေးလေသည်။

ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ တာဝန်ပိုင်းဖြစ်သော ကျေးရွာအုပ်စုအတွင်းမှ တောင်သူလယ်သမားကြီးများကို ကြိုတင် စုစည်းထားရလေသည်။

ကျွန်တော်တို့ မြို့နယ်နှင့် ကျေးရွာအုပ်စုသို့ ကွင်းဆင်းလာကြသော မိုးရာသီအကြို ကူးစက်ရောဂါကာကွယ်ရေးအဖွဲ့တွင် လယ်ယာနှင့် သစ်တောဝန်ကြီးဌာန တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးဦးစီးဌာနမှ ပုဂ္ဂိုလ်ကြီးများက ဦးဆောင်၍ နယ်ခံဦးစီးဌာန ဝန်ထမ်းများပါ လိုက်ပါလာကြသည်။ ဤအဖွဲ့သည် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက်သာမဟုတ်ဘဲ ပညာပေးဟောပြောရေးအတွက်ပါ အစီအစဉ်များ ပြုလုပ်ထားပါသည်။

ကျွန်တော်တို့သည် နွားများတွင် လျှင်မြန်စွာ ကူးစက်ပြန့်ပွားတတ်သော လျှာနာခွာနာ၊ လည်ချောင်းကွဲနာ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ သရက်ရွက်ကြီးရောဂါ စသည်တို့အတွက် တစ်ရွာဝင်တစ်ရွာထွက် ကြိုတင် ကာကွယ်ဆေးများ ထိုးနှံပေးကြရသည်။ နွားမအချို့တို့ကိုလည်း မေတုန်မှုနည်းဖြင့် သားတင်ပေးခဲ့ကြသည်။ နွားထီးအချို့ကို မိုးအမှီ နိုင်းလိုသူတို့အတွက် သင်းကွပ်ပေးရသည်။။

ရှေးက နွားများကို ဆုံးမသည်ဟုခေါ်သော သင်းကွပ်နည်းမှာ

www.burmeseclassic.com

www.burmeseclassic.com



သင်းကွပ်ခံရသော နွားအဖို့ ကြီးမားသော ဝေဒနာကို ခံစားရစေသည်။ နွားဇွေးသင်းဆရာသည် နွားကို မထနိုင် မလှုပ်နိုင်အောင် ပြုလုပ်ထားပြီးနောက် နွား၏ သိုရင်းကို ဝါးဆစ်ပိတ် နှစ်လုံးဖြင့် ဦးစွာညှပ်၍ ထားသည်။ ထို့နောက် ကပ်ပယ်အိတ်အတွင်းရှိ ဇွေးစေ့နှစ်လုံးကို ပျော့ပပ်သွားအောင် ပုလင်း သို့မဟုတ် လက်ရိုက်တစ်ခုခုဖြင့် သာသာမှ နာနာသို့ တဖြည်းဖြည်း တိုး၍ တိုး၍ တစ်ချက်ချင်း ထုနက်ပေးသည်။ ထိုသို့ နွားထီးကို ယဥ်ကျေးအောင် ဆုံးမပေးခြင်းဖြင့် ထိုနွားသည် သောင်းကျန်းသောစိတ် ပပျောက်ကာ နိုင်း၍ရအောင် လိမ္မာ၍ လာလေသည်။

ခေတ်မီ သိပ္ပံနည်းကျ သင်းကွပ်နည်းမှာ နွားကို မတ်တတ်ထားပြီး သုတ်ကြောနှစ်ဖက်စလုံးကို သင်းကွပ်သည့်ကိရိယာဖြင့် ဖျစ်ညှစ်ပေးလိုက်ရခြင်း ဖြစ်သည်။ ထိုသို့ ပြုလုပ်လိုက်သည့်အခါ သုတ်ကြောသည် အညှပ်ခံရသည့်နေရာတွင် ပြားချပ်သွားကာ သုတ်လမ်းကြောင်း ပိတ်သွားလေသည်။ နွားသည် စိုးစဉ်းမျှပင် ဝေဒနာမခံစားရ။ သူ့ကို ဘာလုပ်လိုက်မှန်းပင် မသိရချေ။ သူကား တခဏချင်း နွားသင်းဘဝသို့ ရောက်သွားလေတော့သည်။

ထိုကိစ္စများကို ပြုလုပ်ခဲ့ကြပြီးနောက် စံပြရွာသစ်ကြီး အစိုးရအလယ်တန်းကျောင်းတွင် ဟောပြောပွဲ ကျင်းပရပြန်သည်။ ထိုဟောပြောပွဲတွင် ကျွန်တော်က အခမ်းအနားမှူးလုပ်ရ၏။

ဟောပြောပွဲသို့ ကျေးရွာအုပ်စုတွင်းရှိ လ သမား အများအပြားတက်ရောက်ကြသည်။ ထိုသို့ တက်ရောက်လာကြသူတို့ အထဲတွင် ဘကြီးမိုး၊ အဘဦးဘိုးမှန်၊ အောင်ဒင် အောင်ဇင် ညီအစ်ကိုတို့နှင့် ဦးသာဆင်နှင့် ကိုစိန်ကဲတို့ သားအဖလည်း ပါရှိကြသည်။

ဦးစွာ ရန်ကုန်မှ လိုက်လာသော တိရစ္ဆာန်မွေးမြူရေးနှင့် ဆေး

www.burmeseclassic.com

www.burmeseclassic.com



ကုသရေးတက္ကသိုလ်မှ ဆရာတစ်ဦးက အဖွင့်မိန့်ခွန်းပြောကြားသည်မှာ 'ကျွန်တော်တို့နိုင်ငံဟာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်ချီတက်နေသော်လည်း တိုင်းပြည်ရဲ့ ရေမြေ သဘာဝအရ ကျွဲနွားကို လက်လွှတ်လို့မရပါဘူး။ ခေတ်မီတိုးတက်နေတဲ့ အင်္ဂလန်၊ ဥရောပလို နိုင်ငံအချို့မှာတောင် လယ်ယာလုပ်ငန်းမှာ လယ်ထွန်စက်တွေနဲ့ချည်း စခန်းသွားလို့ မဖြစ်နိုင်ဘဲ မြင်းကို အသုံးပြုနေရသေးသလို မြန်မာပြည်မှာလည်း တောင်သူလယ်သမားများဟာ နွားနဲ့ကျွဲနဲ့တွဲပြီး ရုန်းနေကြရဦးမှာပါ။ အခုအခါမှာ လယ်ယာမြေတိုးချဲ့စိုက်ပျိုးနေတဲ့အတွက် ခိုင်းနွားတွေ အများကြီး လိုနေပါသေးတယ်။ ထွန်စက်အကူအညီရတာတောင် မလုံလောက်သေးပါဘူး။ တစ်နိုင်ငံလုံးမှာမှ ခိုင်းနွားဦးရေ ၃၇ သိန်းကျော်လောက်နဲ့ ထွန်စက် ၅၀၀ လောက်ပဲ ရှိနေပါသေးတယ်။ ဒါ့ကြောင့် ကျွဲနွားဦးရေတိုးတက်အောင် မွေးမြူရေးလုပ်ငန်းကို အားသွန်ကြိုးပမ်းဖို့ လိုတာနဲ့အမျှ အချိန်မရောက်မီ သေပျောက်မှုများ လျော့နည်းအောင်လည်း အားထုတ်ရပါမယ်။ မနှစ်က လေဒဏ်မိုးဒဏ်ကြောင့် ခိုင်းနွားအကောင်ရေ ၅၀၀၀ နီးပါး ဆုံးရှုံးခဲ့ရပါတယ်။ အဲဒါကြောင့် ကျွဲနွားများ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ဆေးကုသရေးကို အထူးဂရုစိုက်ကြစေလိုတဲ့ အပြင် လေဘေးရေဘေးဆိုတဲ့ သဘာဝ အန္တရာယ်များကြောင့် ကျွဲ၊ နွား ရောဂါဖြစ်ပေါ် ကူးစက်မည့် အခြေအနေမျိုး မတော်တဆ ဖြစ်ပေါ်လာခဲ့လို့ရှိရင် သက်ဆိုင်ရာ ဦးစီးဌာနမှူးများကို ဆက်သွယ်အကြောင်းကြားဖို့ တိုက်တွန်းနှိုးဆော်ပါတယ်' ဟူ၍ ဖြစ်ပါသည်။

ဒုတိယ ဟောပြောသူမှာ တိုင်းဦးစီးမှူး ဖြစ်ပါသည်။ သူက ကျွဲနွားများ ရောဂါဖြစ်ပွားလျှင် ဆေးမြီးတိုများဖြင့် စမ်းတဝါးဝါး လုပ်မနေကြဘဲ နီးစပ်ရာ တိရစ္ဆာန်ဦးစီးဌာန ဝန်ထမ်းများအား ပြသသင့်ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



နွားများသည် အပူလွန်ကဲသောရာသီ၌ ကျောက်ပေါက်ရောဂါ ဖြစ်တတ်ပြီး တစ်ပတ်အတွင်း သေနိုင်ကြောင်း၊ ကူးစက်ခြင်းလည်း လျှင်မြန်ကြောင်း၊ ထိုရောဂါအတွက် ကြိုတင်ကာကွယ်ဆေးသာ ရှိ၍ သုံးနှစ်တစ်ကြိမ် ထိုးရန်လိုကြောင်း၊ ပေါင်ပုပ်လက်ပုပ်ရောဂါအတွက်လည်း တစ်နှစ်လျှင် နှစ်ကြိမ်မျှ ကာကွယ်ဆေးထိုးမှ စိတ်ချရကြောင်း။ ဒေါင့်တန်းရောဂါပိုးများသည် အနှစ်သုံးဆယ်တိုင်အောင် မသေနိုင်သဖြင့် ထိုရောဂါရသော နွားများကို ဖျက်၍ မစားသင့်ကြကြောင်း၊ လူမှတစ်ဆင့် ကူးစက်မှု မိုပိုပြန့်ပွားစေနိုင်ကြောင်း၊ လျှာနာဖြစ်လျှင် နွားသည် အစာမစားနိုင်၍ အားပြတ်သေနိုင်ကြောင်း။ ထိုရောဂါဖြစ်လာလျှင် နွားလျှာကို ပိုတက်စီယံ ပါမင့်ဂနိမ့် ဖျော်ရည်ဖြင့် တစ်နေ့လျှင် နှစ်ကြိမ်မျှ ဆေးကြောပေးရန် လိုကြောင်းဖြင့် ပြောသွားရာ အဘဦးဘိုးမှန်သည် ဘယ်လိုစိတ်ကူးပေါက်လာသည်မသိ။ ထိုင်ရာမှ ထလိုက်သည်။ ထိုသို့ အဘကို တွေ့ရသဖြင့် ဟောပြောသူက မိမိဟောပြောချက်ကို ရပ်ပြီးလျှင် 'ဦးကြီးဘာပြောစရာရှိလဲ။ ပြောပါ'ဟု ခွင့်ပြုလိုက်လေသည်။

"ဆရာဝန်ကြီးများက သိပ္ပံနည်းကျဆိုတဲ့ စကားတွေကို အတွင်ပြောနေကြတယ်။ အဘနွားတွေ လျှာပိုးထတာကို ဘယ်က ပိုတက်ဆလန်တွေ ပါတက်ဆလန်တွေနဲ့မှ မကုရပါဘူးဗျာ။ ဆားခါးဂ[illegible] ဟင်းစားဖွန်းနဲ့ နှစ်ဖွန်းစီ တိုက်ရုံနဲ့ ပျောက်တာပါပဲဗျာ။ နောက်ပြီး အဆုပ်ရောင်သလား၊ သရက်ရွက်ကြီး ရောင်သလား မသိဘူး။ ရေပိုက်နဲ့ ဖြန်းတာနဲ့ ချက်ချင်းကို ကောင်းသွားသဗျ။ ဘယ်သိပ္ပံနည်းမှ မပါဘူး။ ကုတာလဲ ဟောဒီ ရွာထဲက ဆရာလေးပါပဲဗျာ"

ပရိသတ်က ရယ်ကြသည်။ လူကြီးများက ပြုံးကြသည်။ ကျွန်တော့်မှာတော့ မျက်နှာပူရှိန်းပူရှိန်းနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားရသည်။

www.burmeseclassic.com



ဤသို့ဖြစ်နေစဉ် လူတစ်ယောက်က ထလိုက်ပြန်သည်။

ထိုသူသည် ရာမကွင်းက နွားဆေးကုဆရာဖြစ်ပြီး ကျွန်တော့်ကြောင့် သူ့တွင် အလုပ်ပါးနေသည့်အတွက် ကျွန်တော့်အကြောင်း အကောင်း မပြောချင်သူ တစ်ယောက် ဖြစ်ပါသည်။

"ကျွန်တော်က ကျွဲနွားအထူးကု မြန်မာဆေးဆရာပါ။ ကျွန်တော်တို့ မြန်မာဆေးဆရာများရဲ့ လက်စွဲဖြစ်တဲ့ နွားရောဂါ ကာကွယ်ကုသနည်းများဟာ ဘိုးတော်ဘုရား လေးဘက်သွားစဉ်ကတဲက ကျွန်တော်တို့ရဲ့ မိဘဘိုးဘွားတွေ လက်သုံးပြုခဲ့တဲ့ ဆေးနည်းများပါ။ ဒီဆေးနည်းများကြောင့် နွားများ ရှင်သန်ကျန်းမာခဲ့ကြတာကြောင့် စပါးတွေ တောင်လိုပုံခဲ့ပါတယ်။ အခုမှ သိပ္ပံနည်းကျဆိုတဲ့ နောက်မှပေါ်ပင် ရွှေကြာပင် ကုသနည်းတွေ ပေါ်လာမှ ဘယ်လောက်များ စပါးထွက် တိုးလာလို့လဲ။ ဒါကို ထားပါတော့။ အခုခေတ် သိပ္ပံပညာတတ်လို့ ဆိုကြတဲ့ ကျေးမှုးတွေ မြို့နယ်မှူးတွေ ဘာလုပ်နေကြသလဲ သိရဲ့လား။ သူတို့ရတဲ့ ဆ/မလက်မှတ်နဲ့ လူသုံးဆေးတွေဝယ်ပြီး မှောင်ခိုထုတ်နေကြတယ်။ တိရစ္ဆာန်တွေ ဆေးကုတော့ မန်ကျည်းသီးတို့ ဖီးဖြူသီးတို့ ပါလဒုဋ္ဌာတို့ ဇဝတ်သာတို့ ကြောင်ပန်းရွက်တို့လင်းနေတို့နဲ့ လုပ်နေကြတယ်။ အဲဒါ ကျွန်တော်တို့ မြန်မာရိုးရာ ဆေးနည်းကို သိပ္ပံနည်းက မမှီလို့ပေါ့"

ကျွန်တော်သည် ကြာလျှင် ခက်ရချည့်ဟု စိုးရိမ်မိစဉ် ကျေးရွာပြည်သူ့ ကောင်စီဥက္ကဋ္ဌက စည်းကမ်းတကျ လိုက်နာရန် ပြောဆို ဟန့်တားလိုက်သဖြင့် အဘ ဦးဘိုးမှန်ရော ထိုဆရာပါ ထိုင်လိုက်ကြလေသည်။ ထိုအခါမှ ကျွန်တော်သည် ဆရာဦးပြည့်စုံကို လှမ်း၍ကြည့်ကာ မျက်နှာရိပ် မျက်နှာကဲဖြင့် အကူအညီတောင်းလိုက်ရလေသည်။ ဦးပြည့်စုံသည် အခြေအနေကို သုံးသပ်မိကာ ထိုင်ရာမှ ထလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ဟာ မြန်မာ့ရိုးရာ ဆေးပညာကို မပစ်ပယ်ပါဘူး။ ကျွန်တော်တို့ထက် ကြီးမားတိုးတက်နေတဲ့ တရုတ်ပြည် အိန္ဒိယပြည်များမှာလည်း အရှေ့တိုင်းနဲ့ အနောက်တိုင်းနည်းများကို ပေါင်းစပ်ပြီး လက်တွေ့အသုံးပြုနေကြပါတယ်။ တစ်ခါတစ်ခါ တောတောင်ရေမြေ ရာသီဥတုကိုလိုက်လို့ အနောက်ကနည်းထက် အရှေ့က ပိုပြီး စွမ်းတာ သာတာတွေ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ရိုးရာဆေးကုတုံးတွေကို မပစ်ပယ်ကြဘဲ သိပ္ပံနည်းကျ သုတေသန ပြုထားကြပါတယ်။ လက်တွေ့လည်း သင်ကြားပို့ချနေပါတယ်။ မြန်မာ့အသံက တောင်သူလယ်သမားရေးရာ အစီအစဉ်ကို နားထောင်ကြည့်ရင် အစုပြောတဲ့ အချက်တွေကို ကောင်းကောင်းနားလည်သဘောပေါက်ပါလိမ့်မယ်။ ဆေးတွေ ထုတ်ပြီး မှောင်ခိုရောင်းတယ် ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ဖြစ်ရင်လည်း ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂလိကထဲက ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ အမှန်တကယ်လိုမယ့် ဗဟိုကာကွယ်ဆေး၊ ကုသဆေးတွေကိုတော့ ဆိုင်ရာဆိုင်ရာ ဌာနတွေကို လိုသလောက် ပေးထားပါတယ်"

ဦးပြည့်စုံက ရှင်းပြလိုက်တော့မှ ပရိသတ်လည်း ကျေနပ်အားရကာငြိမ်သက်သွားသည်။ သည်တော့မှ ကျွန်တော်လည်း မျက်နှာမော်နိုင်ပြီးအခမ်းအနားမှူးတို့ တပ်အပ်သော ပညာဖြင့် အစည်းအဝေးကို ရုတ်သိမ်းပစ်လိုက်ရသည်။ သဘာပတိပင် နိဂုံးစကားမပြောကြားလိုက်ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

# (၇)

ထိုနေ့သည်ကား နွားပွဲနေ့ ဖြစ်သဖြင့် စံပြရွာသစ်ကြီးတွင် တောင်သူလယ်သမားများ နွားပွဲစားများဖြင့် အလွန်စည်ကားလျက် ရှိပေသည်။ မြို့သစ် တစ်မြို့နယ်လုံးရှိ ကျေးရွာအုပ်စုများတွင် ရွာ ၄၀ ခန့်မျှရှိရာ ထိုရွာတို့မှ နွားရောင်းလိုသူ ဝယ်လိုသူတို့သည် ဤနွားပွဲသို့ လာရောက်ကြရသည်။ ဤအချိန် ဤရာသီမှာ လယ်ယာလုပ်ငန်းများ စတင်လုပ်ကိုင်ကြရမည့် အချိန်ဖြစ်ရာ အချို့က ခိုင်းနွားဝယ်ရန် လာကြ၏။ အချို့က မိမိတို့ လက်ဝယ်ရှိသောနွားကို ငွေလို၍ ရောင်းကြ၏။ အချို့ကလည်း လက်ရှိနွားထက်ကောင်းသော နွားကို အလိုက်ပေး၍ ဝယ်ကြ၏။ အချို့က ကြေးတက်လာမည့် နွားကို မွေးရန် ဝယ်ယူကြသည်။ ထိုသို့ နွားရောင်းဝယ်ကြရာတွင် ဝယ်သူဘက်က နွားကောင်းနွားသန့် ရရှိရေးနှင့် ရောင်းသူဘက်က မိမိနွား ဈေးကောင်းရရေးအတွက် နွားပွဲစားနှင့် ကြိုတင်မီးဝါး ရိုက်ထားကြရလေသည်။ ထို့ကြောင့် ဤအချိန်အခါမျိုးတွင် နွားပွဲစားများ မျက်နှာအပွင့်ဆုံး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွားပွဲရှိသည့်နေ့တွင် နွားပွဲဈေးမှာ နွားကကြိုးတန်ဆာရောင်းသော ဆိုင်၊ တောင်သူလယ်သမား အသုံးအဆောင်များရောင်းသောဆိုင်၊ အစားအသောက်ဆိုင် လူသုံးပစ္စည်းရောင်းသောဆိုင်များဖြင့် စည်ကားလှသည်။

ထိုနေ့က ကျွန်တော်သည် နွားပွဲထဲ၌ရှိနေစဉ် ဦးပြည့်စုံသည် သူ့ဂျစ်ကားကလေးနှင့် ရောက်လာသည်။ ကားပေါ်တွင် မိုလ်မှူးရဲဝင်းနှင့် ရီရီဝင်းတို့ သားအဖလည်း ပါလာကြလေသည်။ မိုလ်မှူးရဲဝင်းသည် တောလိုက်အဝတ်အစားနှင့် အမေရိကန်နွားကျောင်းသားဦးထုပ်နှင့် ဖြစ်ပြီး ဦးပြည့်စုံက စပို့ရှပ်နှင့် ဘောင်းဘီရှိုးရှိုးနှင့် ဖြစ်၏။ ရီရီဝင်းကမူ များစွာ ဖီးလိမ်းပြင်ဆင်ခြင်း မရှိသော်လည်း ခေါင်းကို ခေါင်းစီးနီနီပတ်လျက် နေကာမျက်မှန်အဝိုင်းကြီးကြီးကို တပ်ဆင်ထားလေသည်။ သူတို့သားအဖသည် နွားပွဲကိုလေ့လာရန် လာကြခြင်း ဖြစ်ပေသည်။

နွားပွဲသို့ ငွေအိတ်ကိုပိုက်၍ လာသူမှာ အမဲသားကုလား အီစွပ်ဘိုင်ဖြစ်ပြီး သူနှင့်အတူ ရန်ကုန်မှ ကုလားအချို့ ပါလာကြသည်။ သူတို့သည် နွားများကို ခိုင်းရန် သို့မဟုတ် နို့စားမွေးမြူရန် မဟုတ်ဘဲ အမဲဈေး ကောင်းနေသည့်အတွက် သားသတ်ရန် ဖြစ်လေသည်။

လယ်ယာလုပ်ငန်းခွင်အတွက် ခိုင်းနွားလိုနေကြသောလယ်သမားများသည် မိမိတို့၏ ငွေအင်အားနှင့် နွားဈေးကို ချင့်ချိန်ပြီး ဝယ်နေကြရသော်လည်း အီစွပ်ဘိုင်တို့ လူသိုက်ကမူ အမဲသားဈေးနှင့် နွားဈေးကို နှိုင်းယှဉ်ပြီး ဝယ်နေကြရာ ဦးကြီးအချို့တို့က ဦးပုည၏ ဆန်ရေစိမေတ္တာစာမှာ ပါသလို 'ငွေသားမူ ဖြစ်စေတော့ဟု ဈေးကုန်အောင် လျှော့ပြီးလျှင် နွားပေါ့ကို ထုတ်သကဲ့သို့' ထုတ်၍ ရောင်းသည့်နွားများသာမက နွားကောင်းများပါ သားသတ်သမားများ၏ လက်သို့ ရောက်ရှိကြရလေသည်။ နွားပွဲစားတို့ကလည်း အီစွပ်ဘိုင်တို့အတွက် အဆွယ်ကောင်းကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖို့လည်း အတော်ပင် ဝင်ငွေဖြောင့်ကြလေသည်။

လူတို့က နွားများသည် ထုံသည် အသည်ဆိုကာ လူအ လူနမျာ:ကို နွားနှင့် နှိုင်းယှဉ်ပြောဆိုလေ့ရှိသည်။ မည်သို့ဆိုစေ နွားသည် နွားအလျောက် အသိဉာဏ်ရှိသော သတ္တဝါဖြစ်သည်။ အထူးသဖြင့် သူတို့သည် နွားသတ်သမားနှင့် လူကောင်း ခွဲခြား၍ သိနိုင်စွမ်း ရှိကြပုံရကြသည်။ အချို့သော နွားများသည် နွားသတ်သမား၏ လက်ထဲသို့ ရောက်ရှိသည်နှင့် ရုန်းကန်ပြီး ထွက်ပြေးတတ်ကြသည်။

အီစွပ်ဘိုင်တို့ ဝယ်ထားသော နွားတစ်ကောင်သည် ထိုသို့သိ၍ပဲလား သို့မဟုတ် တစ်စုံတစ်ရာကြောင့် လန့်သွားလေသလား မသိ၊ ရုန်းကန်ကာ လွတ်၍ပြေး၏။ ထိုသို့လွတ်သွားသဖြင့် ဟိုကခြောက် သည်ကလှန့်နှင့် ဝိုင်း၍ မ,ကြရာ နွားသည် ပို၍လန့်ပြီး မဲမဲမြင်သမျှဝင်၍ ဝှေ့လေတော့သည်။

နွားများသည် နီသောအရောင်၊ တောက်ပသောအရောင်ကို မြင်လျှင် မျက်စိနောက်ကာ ဝင်၍ ဝှေ့တတ်လေသည်။ ကျွန်တော်သည် ရီရီဝင်းနှင့်မလှမ်းမကမ်းတွင် ရှိရာ နွားသည် ကျွန်တော့်ဘက်သို့ စွတ်၍ပြေးလာသဖြင့် ကျွန်တော်သည် ရီရီဝင်းအတွက် စိုးရိမ်လိုက်မိသည်။ ထိုသို့စိုးရိမ်ခြင်းမှာ ရီရီဝင်းသည် ခေါင်းကို ပဝါနီစည်းထားသည့်အတွက်ကြောင့် ဖြစ်ပေသည်။ နွားသည် ကျွန်တော်စိုးရိမ်မိသည့်အတိုင်း ရီရီဝင်းထံ ဦးတည်ပြေးလာသည်။ သို့ဖြစ်၍ ကျွန်တော်သည် ရီရီဝင်းအား ပြေး၍ ဆွဲလိုက်ရသည်။ နွားသည် သူ့အရှိန်နှင့်သူ လွန်၍ အသွားတွင် တအားဆောင့်ကန်ပစ်လိုက်သည်။ သို့သော် နွားသည် ဘာမျှမဖြစ်။

ကျွန်တော် ဆွဲလိုက်သည့်အတွက် ရီရီဝင်းသည် နွား၏ဦးချိုများမှ သိသိကလေး လွတ်သွားခဲ့သည်။ သို့သော် နွားသည် သူ့ကို ကန်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ရန်မူရန် ပြန်၍လှည့်လာရာ ရီရီဝင်းသည် ကြောက်အားလန့်အားနှင့် ကျွန်တော့်ကို ဖက်ထားလေသည်။ ကျွန်တော်ကလည်း သူ့ကို လက်တစ်ဖက်ဖြင့် ပြန်၍ ဖက်ထားရင်း လက်တစ်ဖက်က ကာကွယ်ရန်အသင့်ပြင်၍ ထားရလေသည်။ ဤအချိန်တွင် ကျွန်တော်တို့အား ရှောင်ဖို့ပြေးဖို့ ဝိုင်း၍ ပြောနေကြသော အသံများနှင့် နွားကို ချောက်လှန့်မောင်းနှင်သံများဖြင့် ဆူညံလျက် ရှိလေသည်။ ကျွန်တော်သည် မရှောင်သာလျှင် ရီရီဝင်းကိုဆွဲပြီး နှစ်ယောက်သား လှဲချဖို့စိတ်ကူးထားရုံမှတစ်ပါး ရတ်တရက်မကြံတတ်အောင် ဖြစ်နေသည်။

နွားသည် ကျွန်တော်တို့ထံ တအားပြေး၍လာရာ ဝါးတရိုက်လောက်အကွာတွင် 'ဒိုင်း'ခနဲ မြည်ဟိန်းသွားသော သေနတ်သံတစ်ချက်ထွက်ပေါ်လာပြီး နွားလည်း ပုံ၍လဲကျသွားလေသည်။

သေနတ်သံလာရာဘက်သို့ ကြည့်လိုက်သည့်အခါ ပစ်လိုက်သူမှာ ဗိုလ်မှူးရဲဝင်းဖြစ်သည်ကို တွေ့ရှိရလေသည်။ သူ့လက်ထဲက ပြောင်းကိုသေနတ်ဝမှ မီးခိုးငွေ့ငွေ့ ထွက်နေဆဲပင် ရှိသည်။

ကျွန်တော်သည် ခေတ္တမျှ ယောင်ယောင်ကန်းကန်းဖြင့် ရီရီဝင်းကိုဖက်ထားနေမိရာ ကျွန်တော်တို့ဆီသို့ ဗိုလ်မှူးလာနေသည်ကို တွေ့ရသည့်ပြင် ရီရီဝင်းကလည်း ကျွန်တော့်လက်ထဲက တွန်းရုန်းထွက်လိုက်မှ ကျွန်တော်လည်း သူ့အားဖက်၍ထားသည့်လက်ကို လွှတ်ရန် သတိရလေတော့သည်။

ထိုအချိန်တွင် အီစွပ်ဘိုင်သည် ကျွန်တော်တို့ရှိရာသို့ ခပ်သုတ်သုတ်လျှောက်၍လာသည်ကို တွေ့ရသဖြင့် ပြဿနာလုပ်ချင်လို့လားဟု ထင်မိသည်။ သို့သော် ကျွန်တော်ထင်သလို မဟုတ်ချေ။ သူသည် လူပါး လူနပ်တစ်ယောက်ဖြစ်သည့်အားလျော်စွာ ဗိုလ်မှူးရဲဝင်းအား ကျေးဇူးတင်စကားပြောလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆစ်ကို ဘို့သ်မာရ်ဗာနီး။ ဆစ် ဂိုင်းကို ဆစ်သေနတ်နဲ့မပစ်ရင် လူတွေ အများကြီး ဒုက္ခဖြစ်မှာပဲ။ ကျွန်တော်ဝယ်တဲ့နွား သေတာ ကိစ္စမရှိဘူး။ ပါရဝါးနိမ်း။ လူသေရင် အများကြီးကိစ္စဖြစ်မယ်။ သိပ်ကျေးဇူးတင်တယ်။ ဆစ်။ ဆစ် ဘာလိုချင်သလဲ၊ ကျွန်တော် အမဲသား ကောင်းကောင်း ပို့လိုက်မယ်"

"ကိစ္စမရှိပါဘူးကွာ။ မင်းကျေနပ်ရင် ပြီးတာပဲ။ ငါ ဘာမှမလိုပါဘူး"

ဗိုလ်မှူးက အီစွပ်ကို စကားဖြတ်လိုက်ပြီးနောက် 'ကဲ...သမီးရေ ပြန်ကြစို့လား'ဟု ပြောလိုက်ရာ ကျွန်တော့်ဘက်သို့ မျက်နှာလှည့်လာ၏။

ကျွန်တော်သည် ဗိုက်မှူး၏ ပြစ်တင်ဝေဖန်ခြင်းကို ခံရမည်လားဟု သူ့မျက်နှာကို မကြည့်ရဲကြည့်ရဲနှင့် စိုက်ကြည့်နေစဉ် 'ကိုလွန်းဝေ လျှင်ပေလို့ပဲ။ မဟုတ်ရင်တော့လား ပထမအလှည့်မှာပဲ ရီရီဒုက္ခဖြစ်တယ်' ဟု ပြောတော့မှ ကျွန်တော် ရင်ထဲက အပူလုံးကြီး ကျသွားရပါတော့၏။

ရီရီဝင်းသည် အလန့်မပြေသေးဘဲ ထိတ်ထိတ်ပြာပြာနှင့်ပင် ဗိုလ်မှူး၏နောက်သို့ လိုက်လာရာ ဗိုလ်မှူးက 'ကိုလွန်းဝေကို ကျေးဇူးတင်တဲ့စကား ပြောခဲ့ဦးလေ' ဆိုလိုက်သည်။

သူသည် ကျွန်တော့် ဘက်သို့လှည့်၍ ပြုံးပြသည်။ ပါးစပ်ကမူ ဘာမျှမပြော။ ပြောရန်လည်း မလိုချေ။ သူ၏ အပြုံးထဲတွင် အဓိပ္ပာယ် အပြည့်အဝ ပါရှိနေပေသည်။ သူသည် ပရိတ်သတ်ဗိုလ်ပုံအလယ်တွင် ယောကျ်ားပျိုတစ်ဦး၏ ပွေ့ဖက်ခြင်းကိုခံထားခဲ့ရသည့်အတွက် အရှက်မပြေ သလိုလို ဖြစ်၍နေလေသည်။

ထို့နောက် ဦးပြည့်စုံနှင့် ဗိုလ်မှူးရဲဝင်းတို့ သားအဖက ရှေ့က သွားကြ၍ ကျွန်တော်က သူတို့နောက်မှ လိုက်သွားခဲ့သည်။ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်သို့ရောက်ကြပြီးနောက် ဦးပြည့်စုံက ကျွန်တော့်ဘက်သို့ လှည့်ကြည့်ကာ ပြုံးရွှင်သောမျက်နှာဖြင့် မျက်စိတစ်ဖက်ကို မှိတ်ပြလျက် ကားမောင်း၍ ထွက်သွားလေ၏။ ကျွန်တော်သည် ဦးပြည့်စုံဆိုလိုသည့် အဓိပ္ပာယ်ကို အတိအကျ နားမလည်သော်လည်း အကောင်းဘက်သို့ လှည့်၍တွေးကာ ပြုံးရယ်၍ လက်ပြရင်း ကျန်ရစ်ခဲ့လေသည်။ ထို့နောက် ကျွန်တော်လည်း နွားပွဲထဲမှ ထွက်ခွာလာခဲ့သည်။

နွားပွဲသည် ခေတ္တခဏမျှ ပွဲလန့်သွားပြီးနောက် ဆက်လက်၍ စည်စည်ကားကား အရောင်းအဝယ်ဖြစ်လျက် ရှိပေတော့သည်။

ကျွန်တော်သည် အိမ်သို့ ပြန်ရောက်သည့်အခါ နေ့စဉ်လုပ်ဆောင်ဖွယ်ရာရှိသည့် ကိစ္စများကို လုပ်ဆောင်နေရသဖြင့် နွားပွဲတွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်တို့ကို ပြန်ပြောင်း၍ မစဉ်းစားအားခဲ့ပေ။ သို့သော် အလုပ်အားသည်အချိန်သို့ ရောက်လာသည်နှင့် မနက်ဘက်က ဖြစ်ရပ်တို့သည် ရုပ်ရှင်ဇာတ်ကားကို နောက်ကြောင်းပြန်ပြသည့်အလား တစ်ကွက်ပြီးတစ်ကွက် မျက်စိထဲတွင် ပြန်လည်ပေါ်ထွက်လာလေသည်။

ထိုသို့ ပြန်လည်ပေါ်ပေါက်လာသည့် ရှုကွက်များသည် ရီရီဝင်းအား ကျွန်တော် ပွေ့ဖက်ထားသည့် အခန်းသို့အရောက်တွင် ရုပ်ရှင်ရိုက်ထားသည့်အလား လှုပ်ရှားပြောင်းလဲခြင်း မရှိဘဲ ရပ်တန့်နေလေတော့၏။ ထိုအဖြစ်သည် ယခုလက်ငင်း ကျွန်တော်ကြုံတွေ့နေရသကဲ့သို့ ရှိလေရာ ကျွန်တော့်တစ်ကိုယ်လုံး ဖိန်းဖိန်းရှိန်းရှိန်းနှင့် ငှက်ဖျားတက်သလို ဖြစ်၍လာလေသည်။ ကျွန်တော်ပင် ဤမျှဖြစ်နေလျှင် ရီရီဝင်း ဘယ်လိုနေမည်နည်း။ ကျွန်တော်ထက်ပင် ခံစားရမှု ပိုကဲပေလိမ့်မည်ဟူ၍လည်း စိတ်ကူးယဉ်လို့ရမိပေသေးသည်။

အမှန်ကိုပြောရလျှင် ကျွန်တော်သည် ဦးပြည့်စုံ၏ အိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရီရီဝင်းကို စတင်တွေ့ရကတည်းက သူ့ကို စွဲမက်မိခဲ့သည်။ သို့သော် သူသည် ကျွန်တော့်ကို အဖက်မလုပ်သည့်အပြင် သူ့အခြေအနေနှင့် ကျွန်တော့်အခြေအနေမှာ လူရူးနှင့် နတ်သမီး၊ ဆီးစေ့နှင့် မြင့်မိုရ်တောင်၊ ရွှေနန်းဆောင်နှင့် တဲစုတ်၊ သမုဒ္ဒရာနှင့် နွားခြေရာလို ကွာချင်တိုင်း ကွာ နေသည့်အတွက် ကျွန်တော်လို လူပါးများက ချစ်စကားပြောခဲ့သော် 'ငါး ကြင်းခေါင်းအမြီးတန်ကို တစ်လမျက်ဆန် ဆန်ခွဲနှင့်၊ ဈေးထဲမှာဆိုင်သည်' ဆိုသလိုဖြစ်မည်မြင်၍ အသာကလေးနောက်ဆုတ်ကာ ခပ်ကုတ်ကုတ် နေခဲ့ရသည်။ သို့ရာတွင် တစ်စတစ်စဖြစ်ပေါ်လာသည့် အကြောင်းအရာ များက သူ့အား မစဉ်းစားဘဲ မနေနိုင်အောင် ဖြစ်၍လာခဲ့လေရာ သူ့ကို တွေးတိုင်းတွေးတိုင်း ကျွန်တော်၏ ရင်ထဲအသည်းထဲတွင် ထူးကဲသော ဝေဒနာတစ်ခုကို ခံစားရလေသည်။ ထိုဝေဒနာသည် တစ်ချိန်ထက်တစ်ချိန် ရင့်သန်လာခဲ့သည်။ တစ်နေ့တွင်မူ ကျွန်တော်၏ ချစ်ဓာတ်ဟုန် လှိုင်းဂရက် တို့သည် လိမ့်၍လိမ့်၍ တက်လျက်ရှိကြလေ၏။

သို့ဖြင့် ကျွန်တော်သည် နောက်တစ်ကြိမ် ရီရီဝင်းနှင့် တွေ့ရသည့် အခါ အခွင့်အရေးပေါ်လျှင် ပေါ်သလို ကျွန်တော့်၏ ရင်တွင်း၌ ဖြစ်ပေါ်ခံစား ရသမျှတို့ကို ရီရီဝင်းအား ဖွင့်ဟပြောပြရန် စိတ်ပိုင်းဖြတ်ထားလိုက်လေ သည်။

ကျွန်တော်သည် ထိုအခွင့်အရေးကို ကြာမြင့်စွာ စောင့်မျှော်၍ မနေရတော့ပေ။ သူနှင့် ကျွန်တော် မိုမတွေ့ထိမှုဖြင့် အချစ်မီးတောက်ခဲ့ နှစ်ရက်လောက်အကြာမှာပင် မိုလ်မှူးရဲဝင်း၏ခြံစောင့်တစ်ဦးဖြစ်သူ ကို ကျွန်တော့်ထံသို့ ရောက်လာပြီး မိုလ်မှူး၏ ဝက်မလေးတစ်ကောင် သာ မဖွားနိုင်၍ အခက်အခဲတွေ့ရကြောင်း ပြောပြကာ ခြံထဲသို့ အမြန်လိုက် ခဲ့ရန် ခေါ်သဖြင့် ကျွန်တော်လည်း ကြာကြာမဆိုင်းဘဲ လိုက်သွားခဲ့ရသည်

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲသို့ ရောက်သည့်အခါ အသင့်စောင့်နေသော ဗိုလ်မှူးကို တွေ့ရသည်။ သူက ကျွန်တော့်အား 'နားဦးမည်လား တခါတည်း ကြည့်မည်လား' ဟု မေးသည်။ ကျွန်တော်က ဝက်တဲထဲတွင် တစောင်းလှဲကာ မနည်းကြိုးစား၍ ညှစ်အားပေးနေသော ဝက်မကို လှမ်းပြီး မြင်နေရသဖြင့် ယခုချက်ချင်းပင် ကြည့်မည်ဟု ပြောလိုက်ရသည်။

ဗိုလ်မှူးသည် သူမွေးထားသည့် တိရစ္ဆာန်များကို ကောင်းကောင်း မှန်မှန် ကျွေးမွေးပြုစုထားသော်လည်း ဖိုးကျော့နှင့် ကိုထိန်တို့က ပေါ့ လျော့ကြလေသလားမသိ၊ ဝက်မကလေး၏ အောက်တွင် ကောက်ရိုးများ ကို ထပ်၍ ခင်းထားခြင်းမရှိဘဲ ကြိုးတိုးကြဲတဲမျှသာ ခင်းထားကြသည်ကို တွေ့ရ၏။ ဝက်မသည် သူ့နံရိုးနှင့် တင်ပါးကြားက တလှုပ်လှုပ်ရှိနေသည် မှလွဲ၍ တစ်ကိုယ်လုံးငြိမ်သက်ကာ မလှုပ်မရှက် ဖြစ်နေလေသည်။

သူသည် ညှစ်အားပေးလိုက် နားလိုက် အသက်ရှူလိုက် ညှစ် အားပေးလိုက်နှင့် ရှိလေသည်။

"ဒီဝက်မဟာ ဝက်မဒမ်းကလေးနဲ့ တူတယ်။ ဒါ ပထမဆုံး သား ရတာ ဖြစ်မယ်"

'ဟုတ်တယ်ဗျ။ ဒါအပျိုဗိုက်ပေါ့' ဟု ဖိုးကျော့က အဖြေပေး၏။

ဝက်မသည် ညှစ်အားပေးလိုက် တုန်သွားလိုက် ငြိမ်နေလိုက်နှင့် ဖြစ်နေပြန်သည်။

"ကလေးညှစ်ပြီး၊ မွေးလို့မရအောင် သားဖွားလမ်းမှာ တစ်ခုခုပိတ် ဆို့နေလို့ ဖြစ်လိမ့်မယ်။ ကဲ...လက်ဆေးဖို့ ရေတစ်ပုံးနဲ့ ဆပ်ပြာပေးပါ။ ရေနွေးရရင် ကောင်းတယ်။

"ရေနွေးတော့အသင့်မရှိဘူး ကြိုရဦးမယ်"

"စောင့်နေလို့မဖြစ်ဘူး။ မြန်မြန်လုပ်မှ ဖြစ်မယ်။ ရေနွေးရှိရင်

www.burmeseclassic.com

www.burmeseclassic.com



ရေအေးပဲပေး”

ကိုငထိန်က အပြေးအလွှား ရေတစ်ပုံးနှင့် ဆပ်ပြာတစ်ခဲယူလာပြီး ပေးသည်။ ကျွန်တော်သည် လက်ကို စင်စင်ဆေးပြီးလျှင် ဆပ်ပြာမြှုပ်များကို လက်တစ်ဖက်လုံး ရွှဲနေအောင် သုတ်လိမ်းပြီး နောက်ဝက်မအင်္ဂါစပ်ထဲသို့ တဖြည်းဖြည်း ထိုးသွင်းလိုက်၏။ ကျွန်တော်၏ လက်ဖဝါး လက်ဆစ်နှင့် တတောင်တို့သည် ဝက်မ၏ ကိုယ်ထဲသို့ ရောက်အသွားတွင် ကျွန်တော်သည် ဝက်မ၏ နောက်က တစောင်းလှဲလိုက်ရသည်။ ကျွန်တော်သည် မာကျောအေးစက်သော သံမံတလင်းပေါ်တွင် ဒုက္ခခံရခြင်းကို သတိမထားနိုင်၊ ကျွန်တော့်လက်ဖျားနှင့် ဝက်မြီးကလေးကို စမ်းမိနေခြင်းကိုသာ အာရုံပြုမိလေသည်။ ထိုဝက်ကလေးသည် တော်တော်ထွားသည့် ဝက်ငယ်လေးဖြစ်ပြီး ပုလင်းထဲသို့ ကျွံ၍ဝင်သွားသော ဖူးဆို့ကို ထုတ်ရခက်သလို ဝက်မ၏သားထွက်ပေါက်ကို ကန့်လန့် ဆို့ပိတ်လျက်ရှိနေလေသည်။ ကျွန်တော်သည် ဝက်ငယ်၏ နောက်ခြေနှစ်ချောင်းကို လက်ညှိုးဖြင့်လိုက်၍ စမ်းသပ်ကြည့်ပြီးနောက် ထိုခြေကလေးနှစ်ချောင်းကို ဆုပ်ကိုင်ပြီး ဝက်ပေါက်စကလေးကိုဆွဲ၍ ထုတ်လိုက်ရလေသည်။

“ဟောဒီကောင်ကလေး ဒုက္ခပေးနေတာ။ သူ့အနေအထားဟာ ကန့်လန့်ဖြတ်ပြီး မထွက်နိုင်ရတဲ့အထဲ ဝက်မညှစ်အားပေးလိုက်တိုင်း နောက်မှာရှိတဲ့ ဝက်ကလေးတွေက ဖိဖိပြီးနေကြလို့ ဒီကောင်လေး သေ... က များနေတယ်။ ကျန်တဲ့ကောင်တွေတော့ အသက်ရှင်မှာပါ။ ထပ်ပြီး နှိုက်စမ်းလိုက်ဦးမယ်”

ကျွန်တော်သည် လက်ကိုဆေးကျော၍ ဆပ်ပြာလူးပြီး ... ပြန်မနှိုက်ရပြန်သည်။ ထိုသို့နှိုက်လိုက်ရာတွင် နောက်တစ်ကောင်၏ ... ပေါက်ထဲသို့ လက်ညှိုးနှင့်ထိုးမိရာ ဖမ်း၍ ကိုက်လိုက်သဖြင့် ...မယ်လေးတလို...

www.burmeseclassic.com

www.burmeseclassic.com



မိလေသည်။

"နောက်ကောင်တွေ မသေဘူး။ ရှင်တယ်။ ဒီရေ့က အကောင်ကို ဆွဲထုတ်လိုက်ဦးမယ်"

ကျွန်တော်က ထိုဝက်ကောင်ကလေးကို လွယ်လွယ်နှင့်ဆွဲယူ၍ရမည် ထင်သည်။ သို့သော် ကျွန်တော် ထင်သလို မဖြစ်ချေ။ ကောင်ကလေးသည် သူ့မိခင်၏ ဝမ်းကြာတိုက်ထဲတွင် နေရခြင်းမှာ လူတောထဲတွင် နေရခြင်းထက် သူ့ဘဝလုံခြုံမှုရှိသည်ဟု ထင်ရှာသလား မပြောတတ်၊ သူ့ခြေထောက်ကို အဆွဲမခံဘဲ နောက်သို့ ရုပ်ရုပ်သွားသဖြင့် သူ့ခြေထောက်နှစ်ဖက်ကို ဖမ်း၍မိအောင် အတန်ကြာမျှ ကြိုးစားရလေသည်။ ထိုသို့မိလိုက်သည်နှင့် ဝက်ကောင်လေးသည် မရုန်းနိုင်တော့ဘဲ ပါလာလေသည်။ သို့နှင့် သူသည် အပြင်လောကသို့ ရောက်၍လာခဲ့ရာသည် အခါတွင်မူ ဘယ်ကိုမှ ထွက်မပြေးဘဲ မိခင်၏ဝမ်းဗိုက်ဆီသို့ မလှမ်းတတ် လှမ်းတတ်ဖြင့် ချိုချိုစို့ရန် ချဉ်းကပ်၍ သွားလေ၏။

'ဝက်မတော့ ညှစ်အားမပေးနိုင်တော့ဘူး။ ပျော့နေပြီ။ သူ့ကို ဆေးထိုးပေးမှ ဖြစ်တော့မယ်'ဟု ပြောကာ ကျွန်တော်သည် လဲလျောင်းနေရာက ထလိုက်ရသည်။

ကျွန်တော်သည် လက်ကို ထပ်မံဆေးကြောလိုက်ရပြန်သည်။ ထို့နောက် ဆေးထိုးပြွန်နှင့် အပ်ကို ဆေးအိတ်ထဲကထုတ်၍ သားအိမ်ညှစ်အားကောင်းစေသည့် ပီကျူထရင် ထိုးဆေးကိုထည့်ပြီး ဝက်မ၏ပေါင်ထဲသို့ ထိုးသွင်းလိုက်သည်။ ထိုးဆေးသည် မိနစ်အနည်းငယ်အတွင်းမှာပင် အစွမ်းပြကာ ဝက်မ၏သားအိမ်သည် အင်အားကောင်းစွာဖြင့် ပိန်ချီဖောင်းချီဖြစ်၍လာသည်။ ခဏအတွင်း ဝက်ပေါက်စ ကလေးများသည် ဝက်မ၏ အင်္ဂါစပ်ထဲမှ တစ်ကောင့်နောက် တစ်ကောင်လိုက်၍ ထွက်လာကြလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

'အင်း...စက်ရုံထဲက မော်တော်ကား အသစ်ကလေးတွေ တစ်စင်းပြီး တစ်စင်းထွက်လာတာကျနေတာဘဲ' မိုလ်မှူးက ဝမ်းသာရွှင်ပြသော မျက်နှာဖြင့် ပြောသည်။

'ကျွန်တော်ကတော့ ဝက်မ မမွေးနိုင်တာနဲ့ ဝက်သားတော့ ပေါ်တော့မှာပဲလို့ ထင်နေတာ'ဟု ဖိုးကျော့က ပြော၏။

'ကျုပ်လဲ ဒီလိုပဲ ထင်နေတာ။ မတတ်သာရင် ဝက်မကို စေဒနာကြာကြာမခံစားရအောင် သတ်ပစ်ရမှာပဲလို့ တွက်ထားပြီးသား' ဟု မိုလ်မှူးက ရည်ရွယ်ချက်ကို ပြောပြသည်။

"ဒီနေရာမှာ ကျွန်တော်တို့ အမြင် ကျွန်တော်တို့ အတွေးအခေါ်ကို ပြောပြပါရစေ၊ နွားမ ဝက်မ တစ်ကောင်ကောင်ဟာ သားမဖွားနိုင်အောင် ဗိုက်ထဲက ကလေးဟာ ကိုးလို့ကန့်လန့်ဖြစ်နေတယ်ဆိုရင် သားဖျက်ချတာ မိခင်ကို သတ်ပစ်ရတယ်ဆိုတာ ဘယ်လိုမှ လုပ်မရဘဲ နည်းလမ်းဆုံးနေပြီဆိုမှ လုပ်ရတာပါ။ ကျွန်တော်တို့ဟာ နွားမဖြစ်ဖြစ် ဝက်မဖြစ်ဖြစ် သူတစ်ကောင်တည်းအတွက် မစဉ်းစားပါဘူး။ သူနဲ့ သူ့ဗိုက်ထဲကကလေးတွေအတွက်ချည်းလည်း မစဉ်းစားရဘဲ ဒီနွားမ သို့မဟုတ် ဝက်မ အသက်ရှင်မယ် သူမွေးတဲ့ ကလေးတွေလည်း အသက်ရှင်မယ်ဆိုရင် နောက်ကို သူတို့ကပြန့်ပွားလာမယ့် ကလေးတွေဟာ ဘယ်လောက်များမလဲ ဆိုတာ အထိ စဉ်းစားရတာပါ"

"ကိုလွန်းဝေပြောတာဟာ ဟိုပုံကလေးတစ်ပုံနဲ့ တူနေတယ်။ ကချင်အမျိုးသားတစ်ဦးရဲ့ ကြက်မတစ်ကောင်ကို ဗိုလ်တစ်ယောက်ရဲ့ကား က တက်ကြိတ်မိတဲ့အခါ ကချင်အမျိုးသားက နှစ်ကျပ်ခွဲလောက် တန်ဖိုးရှိတဲ့ ကြက်မအတွက် ငွေတစ်ရာ့အစိတ်လျော်ကြေးတောင်းတယ်လို့ ဆို

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား။ အဲဒါ ကချင်အမျိုးသားက ကြက်မတစ်ကောင်တည်းရဲ့တန်ဖိုးကို မတွက်ဘဲ ဒီကြက်မက ဥမယ့်ကြက်ဥတွေရဲ့တန်ဖိုး။ ဒီကြက်ဥတွေက မွေးလာကြဦးမယ့်ကြက်တွေရဲ့တန်ဖိုး တစ်ခါ အဲဒီကြက်တွေက မွေးလာကြဦးမယ့်ကြက်တွေရဲ့တန်ဖိုး အဲသလိုတွက် ပြီး တောင်းတာလို ဖြစ်နေတယ်"

"မှန်ပါတယ် ကျွန်တော်တို့တိုင်းပြည်မှာ ကျွဲနွားတိရစ္ဆာန်တွေကို နိုင်းဖို့ရော စားသုံးဖို့ရော သူတို့ကထွက်တဲ့ပစ္စည်းတွေကို ကုန်ကြမ်းလုပ်ဖို့ရော အများကြီးလိုပါတယ်။ ဒါကြောင့် မွေးမြူရေးနဲ့ ဆေးကုရေးဟာ အင်မတန်အရေးကြီးပါတယ်။ ဒီလိုအခါမှ နွားတစ်ကောင်ကို တစ်ကောင်ရဲ့တန်ဖိုး၊ ဝက်တစ်ကောင်ကို တစ်ကောင်ရဲ့တန်ဖိုးနဲ့ တွက်ကြည့်ရင် မမှန်ပါဘူး။ ကျွဲတွေ၊ နွားတွေ၊ ဝက်တွေ၊ ကြက်တွေ တိုးပွားရေးအမြင်နဲ့ ကြည့်မှ မှန်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီကိစ္စမျိုးမှာ မရှုံမရှာ မမောမပမ်း လုပ်နေကြတာပါ"

"သာဓု ဗျာ၊ သာဓု သာဓု"

ကျွန်တော်သည် ဗိုလ်မှူးရဲဝင်း၏ သာဓုခေါ်သံကိုကြားရသည်ထက် ဝက်ပေါက်စကလေးများ သူတို့၏မိခင်ဝမ်းဗိုက်က နို့သီးတန်းနှစ်တန်းရှိရာသို့ သူတို့၏ သဘာဝအသိဖြင့် ရှာဖွေသွားရောက်ကာ တပြွတ်ပြွတ်နို့စို့နေကြသည်ကို လည်းကောင်း ဝက်မသည် စောစောက ပင်ပမ်းနွမ်းနယ်မှုကို အာရုံမပြုဘဲ သူ့သားငယ်များ ကိုယ်စီ သ်င့ နို့ဝဝစို့နိုင်ကြစေရန် သူ့ကိုယ်ကို လှန်၍ပေးနေသည်ကိုလည်းကောင်း ကြည့်ရှုကာ ပီတိဖြစ်နေမိပေတော့၏။

ကျွန်တော်သည် မိခင်၏ နို့ကို တပြွတ်ပြွတ်စို့နေကြသည့် ဝက်ကလေးများကို လည်းကောင်း နွားကလေးများကို လည်းကောင်း မြင်ရ

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများလှပေပြီ။ သို့သော် ဘယ်အခါမှ ကြည့်၍မငြီး ရှု၍မဝနိုင်ပါ။ မြင်ရတိုင်း မြင်ရတိုင်း ပီတိလှိုင်းတွေ ဖြာဖြာဝေမိပါသည်။

"ကဲ...ကိုလွန်းဝေ ဒီမှာပဲ ထမင်းစားကြမယ်၊ ရေလေးမိုးလေး ချိုးချင်ချိုးလိုက်ဦး"

"ဟုတ်ကဲ့၊ ရေမချိုးလို့တော့ မဖြစ်ဘူး၊ တစ်ကိုယ်လုံး ပေရေနေတာ"

ကျွန်တော်သည် ရေလဲနှင့် မျက်နှာသုတ်ပဝါတစ်ထည်ယူ၍ ရေတွင်းသို့လာခဲ့ရာ ဖိုးကျော်က ရေခွဲပေးရန် လိုက်လာသည်။ ရေတွင်းသို့ရောက်ပြီး ရေတစ်ပုံးနှစ်ပုံးလောက် လောင်းလိုက်ပြီးကာမှ ဆပ်ပြာပါမလာသည်ကို သတိရပြီး 'ကိုထိန်ရေ ဆပ်ပြာကလေး တဆိတ်လောက် ယူခဲ့ပါ'ဟု လှမ်း၍အော်လိုက်ရ၏။

သို့သော် ဆပ်ပြာယူလာသူမှာ ကိုထိန်မဟုတ်ဘဲ ရီရီဝင်းဖြစ်နေသည်ကို တွေ့ရ၍ ကျွန်တော် အံ့သြသွားမိလေသည်။

"ကျေးဇူးပါပဲ ရီရီရယ်"

" အို...ကိုလွန်းဝေက ကျေးဇူးတင်ရမှာ မဟုတ်ပါဘူး၊ ကျွန်မတို့က ကျေးဇူးတင်ရမှာပါ"

"နေ...နေပါဦး၊ ရီရီ ဘယ်တုံးကရောက်လာတာလဲ"

"အခုတင်ကလေ။ ဝက်မကလေးမွေးပြီလို့ ကြားကြားချင်း ဝက်ကလေးတွေကို ကြည့်ရအောင် လိုက်လာတာ"

ရီရီဝင်းသည် ပြောပြောဆိုဆို ပြန်၍သွားသည်။

ဖိုးကျော်က ကျွန်တော့်ကို ကြည့်ပြီး ပြုံးသည်။ သူ့အပြုံးထဲမှာ အဓိပ္ပာယ်တွေ အများကြီးပါ၍နေသဖြင့် 'ကိုယ့်လူက ဘာသဘောကျပြီးပြုံးတာလဲ'ဟု မေးလိုက်ရ၏။

"အစ်မက ဆရာလေးကို ဂရုစိုက်တာတွေ့ရလို့ပါ၊ ပြီးခဲ့တဲ့ နွား

www.burmeseclassic.com

www.burmeseclassic.com



ပွဲတုန်းက အစ်မနဲ့ဆရာလေး ဘယ်လိုဖြစ်ကြတယ်ဆိုတာ ကျွန်တော်တို့ ကြားပြီးပါပြီ။ အဲဒီအထိအတွေ့နဲ့ အစ်မက ဆရာလေးကို စွဲနေပြီနဲ့ တူတယ်။ အခုကြည့်လေ ဆပ်ပြာကို ကိုထိန်လာမပေးရဘဲ သူကိုယ်တိုင် လာပေးဘာ ကြည့်"

"ကိုထိန်ထမင်းချက်နေရလို့ မအားတာနဲ့ သူလာပေးတာဖြစ်လိမ့်မယ်။ ဘာပဲဖြစ်ဖြစ် သူက ကိုယ့်ကို စွဲမစွဲတော့ မသိဘူး၊ ကိုယ်ကတော့ သူ့ကို အကြီးအကျယ်စွဲနေပြီ မောင်ရေ့"

"ဒီလိုဆိုရင် ဆရာလေးအပေါ်မှာ သူဘယ်လို သဘောထားတယ်ဆိုတာ သိရအောင် ဆရာလေးက ရင်ဖွင့်ပြလိုက်ပေါ့၊ ခက်တာမှတ်လို့"

ဖိုးကျော့ကတော့ လွယ်လွယ်ကလေးပဲ ပြောလိုက်သည်။ သူက 'ခက်တာမှတ်လို့'ဟု ဆိုသော်လည်း ကျွန်တော့်အဖို့တော့ တကယ်ခက်နေသည်။ ကျွန်တော်သည် အလုပ်နှင့်ပတ်သက်၍ ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲသော်လည်း ယခုကိစ္စမျိုးတွင် အတွေ့အကြုံရှိသူတစ်ယောက်မဟုတ်သဖြင့် စတင်ရန်ခက်ပါဘိ အသက်ကြောင့် မောင်ပုဆိုသည့်စကားကဲ့သို့ သူ့ကို စကားစရဲဖို့ သူ့အနားကပ်ရုံမျှဖြင့် ဒူးတုန် ရင်ခုန် ဖြစ်မိလေသည်။

"ကိုယ်ကတော့ ဒီနေရာမှာ သတ္တိမရှိဘူး၊ မစရဲဘူး ကိုယ့်လူက ပြောပေးပါလား"

"ဆရာလေးက တကယ်မေတ္တာရှိနေတယ်ဆိုရင် ပြောပေးရမှာ မခဲယဉ်းပါဘူး"

"တကယ်မေတ္တာရှိနေလို့ ပြောတာပေါ့ ဖိုးကျော့ရာ၊ ကျားကိုက်ပါတယ်ဆိုနေမှပဲဟာ နာတာရှည်လားလို့ မေးတာမျိုးကျနေပြီ"

"ဒီလိုဆိုရင် စိတ်သာချ၊ ချက်ချင်း အကြောင်းသိရစေမယ်"

ဖိုးကျော့က ယခုလို ရဲရဲကြီးအာမခံလိုက်သော်လည်း ထိုနေ့အဖို့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှအကြောင်းမထူးဘဲ အိမ်သို့သာ ပြန်ခဲ့ရလေသည်။

ထိုသို့ အကြောင်းမထူးသည့်အတွက် ဖိုးကျော့ အဖြေကြိုးလွှန်းသည်ဟု ကျွန်တော် ထင်မိသည်။ သို့သော် ကျွန်တော်ထင်သလို မဟုတ်ပါ။ နှစ်ရက်ခန့်ကြာသောအခါ ပြုံးစိစိမျက်နှာဖြင့် ကျွန်တော့်ထံသို့ ရောက်လာသည်။

"ဘယ့်နှယ်လဲကိုယ့်လူ အကြောင်းထူးရဲ့လား"

"ထူးလို့ လာတာပေါ့ ဆရာလေးရာ၊ မထူးဘဲနေပါ့မလား"

'ပြော...ပြော...ပြောစမ်းပါဦး' ကျွန်တော်သည် သီလိုဇောဖြင့် အလောတကြီး မေးလိုက်ပါသည်။

"ထူးတာကတော့ ဒီလိုဆရာလေးရေ၊ ကျွန်တော်က သူ့ကို ဆရာလေးမေတ္တာရှိနေတဲ့အကြောင်း ပြောပြလိုက်တယ်။ ဒီတော့ သူက ဘာပြန်ပြောသလဲဆိုရင် ဒီအကြောင်းကို ဆရာလေးကိုယ်တိုင် ဘာလို့ မပြောဘဲ သူများနဲ့ တစ်ဆင့်ပြောခိုင်းရတာလဲတဲ့"

ကျွန်တော်သည် အစစရာရာ ပါးသည်နပ်သည်ဟု ကိုယ့်ကိုယ်ကို ထင်ထားသော်လည်း ဤနေရာတွင်မူ ရီရီဝင်း၏သဘောထားကို အကဲမခတ်တတ်အောင် ဖြစ်မိလေသည်။

"အဲဒါ ရီရီဝင်းက ဘာကိုဆိုလိုတာလဲ"

"သူဆိုလိုတဲ့ သဘောအစစ်အမှန်ကိုတော့ ကျွန်တော်လည်း မပြောတတ်ဘူး ဆရာလေးရေ၊ တွေးလို့ ရတာကတော့ ကျွန်တော်ပြောတဲ့ စကားကို မယုံလို့ရင်လည်းဖြစ်မယ်။ ဒါမှမဟုတ် သူ့အဖြေကို ကျွန်တော် မသိစေချင်လို့ရင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် ဆရာလေးရဲ့ ပါးစပ်က တိုက်ရိုက်ထွက်လာတဲ့ စကားကို သူ့နားနဲ့ ဆတ်ဆတ်ကြားချင်လို့ရင် လည်း ဖြစ်မယ်။ ဒါမှမဟုတ် ဆရာလေးဟာ အချစ်ကိစ္စမှာ သူ့ရဲဘောနည်း

www.burmeseclassic.com

www.burmeseclassic.com



တာကို အားမလိုအားမရဖြစ်လို့ရင်လည်းဖြစ်မယ်။ ဒါမှမဟုတ်"

"တော်ပြီ၊ တော်ပြီ၊ ဒါလောက်ဆိုရင် သဘောပေါက်ပြီ။ အဓိက အချက်ကတော့ ကိုယ်က သူ့ကို တိုက်ရိုက်ပြောတဲ့ စကားကြားချင်တယ်။ ဒီစကားပေါ်မှာ စဉ်းစားပြီး အဖြေပေးမယ်။ အဲဒါပဲဖြစ်လိမ့်မယ်။ အခု လည်း စဉ်းစားတော့နေမှာပါပဲ"

"ဒီလိုဆိုရင် သူနဲ့ နှစ်ယောက်ချင်းတွေ့ပြီး ရဲရဲတင်းတင်း ပြောပြရုံ ရှိတာပဲ။ ကြောက်ရင်လပ်လွဲ ရဲရင်မင်းဖြစ် ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ကြောက်စရာလည်းမရှိပါဘူး။ သူအခုပြောတဲ့စကားဟာလည်း ဆရာလေးကို ဖိတ်ခေါ်လိုက်တာပါ"

"အဲဒီတော့ သူနဲ့တွေ့ရအောင်ကြံမှပဲ။ သူနဲ့ကိုယ်နဲ့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ရမှလဲဖြစ်မယ်။ သူ့အဖေကြီးရှေ့မှာတော့ ဘာမှပြောလို့မဖြစ်ဘူး"

"အခုသူနဲ့ တွေ့ရဖို့ရာ မခဲယဉ်းပါဘူး ဆရာလေးရယ်။ သူ နေတိုင်းလိုလို တစ်နေ့တစ်ခေါက်တော့ သူတစ်ယောက်တည်း ခြံထဲကို လာလာပြီး ဝက်ပေါက်စကလေးကို ကြည့်နေတာပဲ။ ညနေဆိုရင်သူရောက် လာပြီ။ အဲဒီအချိန်မှာ ဆရာလေးအနေနဲ့ နွားကလေးတွေ ကြည့်ဖို့ လာ သလိုလို ဝက်ကလေးတွေကြည့်ဖို့ လာသလိုလို လာရင်ပြီးတာပဲ။ ဆရာ လေးကို ဘယ်သူမှ တားမဲ့သူမရှိဘူး။ ကျွန်တော်တို့ကဆိုရင် အမြဲတမ်း စောင့်ကြိုလျက်ပါပဲ ဟဲ ဟဲ"

"ကောင်းပြီ။ မနက်ဖြန်လာမယ်။ ဒီနေ့တော့ ကတိုက်ကရိုက်နဲ့မို့ အချိန်မရှိတော့ဘူး"

ကျွန်တော်သည် ဖိုးကျော့ ပြောလိုက်သည့်အတိုင်း နောက်နေ့တွင် ရိုရိုဝင်းလာတတ်သည့် အချိန်ကိုမှန်း၍ ခြံထဲသို့ရောက်သွား၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ရီရီဝင်းကို မတွေ့ရသဖြင့် လာမှလာပါ့မလားဟုစိတ်ထဲက ပူလိုက်မိသေးသည်။ အမှန်မှာ ကျွန်တော်မှာ စောင့်မျှော်သူဖြစ်၍ ယခုလို ပူပင်မိခြင်းဖြစ်၏။ စောင့်ရသည်မှာလည်း ရှည်ကြာမြင့်ညောင်းလှသည်ဟု ထင်မိ၏။ ရီရီဝင်းသည် လာနေကျအချိန် ရောက်မြဲရောက်၍ လာလေသည်။

"ဩော်...ကိုလွှန်းဝေ ဒီရောက်နေပါလား။ ဘာလုပ်စရာရှိနေလဲ"

ကျွန်တော်သည် ကိုယ့်အကြံကိုယ်သိနေ၍ လိပ်ပြာမလုံဘဲရှိကာ ရုတ်တရက် အဖြေပေးရခက်နေလေ၏။ ပြီးမှ ဖိုးကျော့ပြောထားသည့်စကားကို သတိရ၍ အဖြေကို စဉ်းစားမိလေသည်။

"ဟို...ဝက်ကလေးတွေ ဘယ်လိုနေသလဲလို့ ကြည့်ရအောင် လာတာ။ ရီရီကော ဘာလုပ်လာသလဲ"

"ကျွန်မလဲ ပျင်းတာနဲ့ ခြံထဲလာလည်တာပဲ။ ဝက်ကလေးတွေလည်း ကြည့်ချင်လို့"

ဝက်ပေါက်ကလေးများသည် အမိနို့ကို အလုအယက်စို့နေကြသည်။ သူတို့သည် မိမိစို့နေသည့်နို့တံထက် တခြားနို့တံက ပို၍ နို့ထွက်မည်ထင်ကာ တစ်ကောင့်အပေါ်တစ်ကောင် ကျော်လွှား၍ မိခင်၏ နို့ကိုလုစို့နေကြသည်မှာ ပျော်စရာကောင်းသည်။ တစ်ခါတစ်ခါ တစ်ကောင့်အပေါ် တစ်ကောင်ကျော်ရင်း တလိမ့်ခေါက်ကွေးကျသွားသည်ကို တွေ့ရသည်မှာ ရယ်ရလေသည်။ ရီရီဝင်းသည် ဝက်ကလေးများ၏ အပြုအမူကို ကြည့်ကာ တပြုံးပြုံးဖြစ်နေလေသည်။

"ဝက်ပေါက်စကလေးတွေဟာ ဒီအရွယ်မှာ ချစ်စရာအကောင်းဆုံးပဲ။ နည်းနည်းကြီးလာလို့ ဝက်စာစားရပြီဆိုတဲ့အခါကျရင်တော့ တစ်ကောင်နဲ့တစ်ကောင် တွန်းကြ တိုးကြ လုကြနဲ့ ဆိုးချင်လာကြတယ်။ နို့ဖြတ်ပြီး အစာစားပြီဆိုတာနဲ့ တွေ့ကရာအကုန်စားကြတာပဲ။ စားသမျှလဲ

www.burmeseclassic.com

www.burmeseclassic.com



အသားဖြစ်တယ်။ စားနိုင်လေ ထွားလေပဲ။ ကြီးထွားတာလည်း မြန်တယ်။ သူ့မှာ တစ်ခုကောင်းတာက ဟင်းသီး ဟင်းရွက်အပုပ်အစပ် အညစ်အကြေး သန့်ရှင်းရေးလုပ်ငန်းမှာတော့ သူတို့ဟာ စံပြလုပ်သားတွေပဲ။ သူတို့ကို မွေးရတာ အင်မတန် တွက်ခြေလိုက်တယ်”

ကျွန်တော်သည် ချစ်စကားကြိုက်စကား ပြောရမည့်အရေးတွင် မေတ္တာတရားကို စကားပလ္လင်ပျိုးရမည့်အစား မဆီမဆိုင် ဝက်မွေးမြူရေးကို အလေးပေးကာ အခြေခံမှား၍ နေခြင်းကို ရုတ်ချည်း သတိရသဖြင့် ပြောလက်စ စကားကို ခပ်မြန်မြန်ဘရိတ်အုပ်လိုက်ရလေ၏။

တော်ပါသေးသည်။ ရီရီဝင်း ကျွန်တော့် စကားနောက်လိုက်ပြီး မွေးမြူရေးကိစ္စနှင့် စကားမဆက်သဖြင့် သူ့ကိုပဲ ကျေးဇူးတင်ရသေးသည်။

“ကြည့်ပါဦးနော် မိဘမေတ္တာများ ဘယ်လောက်ကြီးမားတယ် ဆိုတာ။ ဝက်မဟာ သူ့ကလေးတွေ အလုအယက် နို့စို့နေကြတာကို သိပ်ပြီး ကျေနပ်အားရပုံမျိုး သူ့ မျက်နှာမှာ ပေါ်နေတယ်”

“မေတ္တာဆိုတာ လူမှာပဲဖြစ်ဖြစ် ကျေးငှက်တိရစ္ဆာန်မှာပဲ ဖြစ်ဖြစ် အတူတူပဲ။ ဝက်မဟာ သူ့သားသမီးတွေ အသက်ရှည်ရေး ကျန်းမာသန်စွမ်း ရေးအတွက် နို့ချိုတိုက်ကျွေးသလို သူ့သားသမီးတွေ ဘေးအန္တရာယ်နဲ့ ကြုံ တွေ့ရမယ့် အရေးဖြစ်လာရင်လည်း အသက်ပေးပြီး ကာကွယ်မှာပဲ။ လူ မှာလည်း ဒီလိုပဲ ကိုယ့်ချစ်သူ ဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတာကို မြင် တဲ့အခါ အသက်ပေးပြီး ကာကွယ်တာဟာ မေတ္တာအရင်းခံတရားကြောင့် ဖြစ်တယ်။ ကြည့်လေ၊ နွားပွဲနေ့တုန်းက ရီရီဝင်းကို နွားဖော့မယ်လုပ် တော့ ဗိုလ်မှူးက နွားကို သေနတ်နဲ့ပစ်ပြီး ကာကွယ်လိုက်တာဟာ မိဘ မေတ္တာကြောင့်ပေါ့။ အဲသလိုပဲ ရီရီ့ကို ကျွန်တော်ကာကွယ်ခဲ့တာလည်း မေတ္တာကြောင့်ပါ။ ဒီမေတ္တာနှစ်ခုမှာ ကျွန်တော့် မေတ္တာက ပိုပြီးကြီးမား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကို ရဲရဲကြီးပြောပါရစေ”

“ကိုလွန်းဝေဟာ ကျွန်မကို ပွေ့ဖက်ထားတာဟာ မေတ္တာကြောင့်လား”

ကျွန်တော့်မှာ ရီရီဝင်းက ယခုလိုပြောလိုက်သည့်အတွက် ရုတ်တရက် စကားမပြောနိုင်ဘဲ အိုးတိုးအတ ဖြစ်သွားလိုက်ရသေးသည်။

“ရီရီမယုံရင်လည်းနေ၊ ကျွန်တော်ကတော့ နွားမြေးလာပြီး မော့ရင် ရီရီ့ကို မထိရအောင် ကျွန်တော့်ကိုယ်နဲ့ အသက်ပေးပြီး ကာကွယ်ဖို့ အသင့်ပြင်ထားတာပါ။ တကယ်လို့ ရီရီ့နေရာမှာ တခြားမိန်းမပျိုတစ်ဦး ဖြစ်နေရင် တတ်နိုင်သမျှတော့ အကာအကွယ်ပေးဖို့တော့ အသင့်ပြင်ထားမှာပါပဲ။ ဒါပေမဲ့ အခုလို အသက်ပေးပြီး ကာကွယ်ဖို့တော့ အသင့်ပြင်ထားတာ မဟုတ်ဘူး။ ရီရီအတွက်ဆိုရင် ဘယ်အခါမဆို ကျွန်တော် အသက်ပေးပြီး ကာကွယ်ဖို့၊ ကူညီဖို့၊ ဆောင်ရွက်ပေးဖို့ အသင့်ပါ ရီရီရယ်”

ရီရီဝင်းသည် အနည်းငယ် ပြုံးလိုက်၏။

“အခုလို ကိုလွန်းဝေရဲ့ စေတနာနဲ့ မေတ္တာကို သိရလို့ ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမဲ့ ကိုလွန်းဝေရဲ့ မေတ္တာက ဖေဖေ့မေတ္တာထက် ကြီးမားတယ်ဆိုတာ ဘယ်လိုနှိုင်းယှဉ်ပြီး ပြောတာလဲ။ ၅၂စသွယ် မေတ္တာနဲ့ ၁၅၀၀ မေတ္တာကို ဂဏန်းအရေအတွက် နှိုင်းယှဉ်ပြတာလားလို့”

“ကျွန်တော့်မေတ္တာကတော့ ၁၅၀၀ မေတ္တာပါ။ ဒါကိုတော့ အတိအလင်းပဲ ပြောပါရစေ။ ဒါပေမဲ့ ကျွန်တော့်မေတ္တာက ဗိုလ်မှူးမေတ္တာထက် ပိုတယ်ဆိုတာကတော့ ဂဏန်းအရေအတွက်နဲ့ ပြောတာမဟုတ်ဘူး။ ဟိုအချိန်တုန်းက ဗိုလ်မှူးလက်ထဲမှာ သေနတ်အဆင်သင့် မရှိလို့ သူ့အဘမှ မလုပ်နိုင်ဘဲ ငေးကြည့်နေရမှာပါ။ ဒီအခြေအနေမျိုးမှာ ကျွန်တော်ကသာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အကာအကွယ်ပေးရမှာပါ”

ရီရီဝင်းသည် ခေတ္တမျှ ငြိမ်သက်စွာ စဉ်းစားနေပြီးမှ ‘ကျွန်မက ကိုလွန်းဝေကို ကျေးဇူးမတင်ချင်လို့ ပြောနေတာ မဟုတ်ပါဘူးရှင်။ ကျေးဇူးတင်ပါတယ်။ တကယ့်ကိုတင်တာပါ။ အခုလို ကျွန်မက ပြောနေတာ ဟာလည်း အရွဲ့တိုက်ပြီး ကပ်သီးကပ်သတ် ပြောနေတာ မဟုတ်ပါဘူး။ အမှန်တကယ်ပြောရရင် ကိုလွန်းဝေ ကျွန်မကို မေတ္တာရှိနေတယ်လို့ ဖိုးကျော့က လာပြီးပြောထားလို့ တကယ်ပဲလား ဘယ်လောက်များ မေတ္တာ ရှိသလဲ ဆိုတာသိချင်လို့ပါ’ ဟု အနည်းငယ် ရက်ဟန်ဖြင့် ပြောပြလေသည်။’

ဤတွင် ကျွန်တော် အလွန်အားတက်လာပြီး ‘ဘယ်လောက် ချစ် သလဲဆိုသိချင်ရင် ယောသလောက်ကြီး အများကြီးချစ်တယ်’ ဟု ကလေး များ လုပ်ပြသလို လုပ်ပြလိုက်လေသည်။

ရီရီဝင်းသည် စကားမဆက်ဘဲ မပြုံးတပြုံးကလေးလုပ်နေသည်ကို တွေ့ရ၏။

“ကဲ...ရီရီသိချင်တာ သိရပြီမဟုတ်လား။ ကျွန်တော်သိချင်တာ လည်း သိပါရစေ”

“ကိုလွန်းဝေက ဘာကိုသိချင်တာလဲ”

“ကျွန်တော်ချစ်သလို ရီရီက ကျွန်တော့်ကိုပြန်ပြီး ချစ်မချစ် ဆို တာပါ”

• “ချစ်တယ်ဆိုတာ လွယ်ပါတယ် ကိုလွန်းဝေ၊ ဒါပေမဲ့ ကိုလွန်းဝေ က ကျွန်မကို ချစ်တယ်ဆိုလို့ ကျွန်မက ပြန်ပြီး ချစ်ရမှာလား၊ ဒီလိုတော့ မဖြစ်နိုင်ဘူး။ ကိုလွန်းဝေဟာ ကျွန်မရဲ့အသက်သခင်ကျေးဇူးရှင် တင် ယောက်ဖြစ်လို့ ကျွန်မက ချစ်ရမှာလား။ ဒီလိုလည်း မဖြစ်နိုင်ဘူး။ နို့ပေတဲ့ ကျွန်မဟာ အချိန်တန် အရွယ်ရောက်လာလို့ ဘဝကြင်ဖော်ရှာ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဒီလိုရှာတဲ့အခါမှာ ကိုယ်ချစ်ကို မရှာဘဲ သူချစ်ကို ရှာမယ်ဆိုရင်တော့ ကိုလွန်းဝေကို ကျွန်မရဲ့ဖူးစာဖက်စာရင်းထဲမှာ ထည့်ပြီးစဉ်းစားရမှာပါပဲ"

"ရီရီဟာ တော်တော်စကားတတ်တာပဲ။ ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောပါ့မယ်။ ကျွန်မနဲ့ ကိုလွန်းဝေဟာ ချစ်စကား ကြိုက်စကား ပြောနေကြဖို့ မလိုဘူး ထင်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကျွန်မရဲ့ဘဝ နောင်ရေးတစ်ခုလုံးဟာ ကျွန်မဖေဖေ မိုလ်မှူးရဲ့ဝင်းပေါ်မှာ တည်နေပါတယ်။ သူဆုံးဖြတ်ရာကို ကျွန်မ နာခံရမှာပါ။ ဒါကြောင့် ကိုလွန်းဝေက ကျွန်မကို ချစ်တယ်ဆိုတာ ကျွန်မရဲ့ဘဝကြင်ဖော်အဖြစ် ရယူပါရစေဆိုတဲ့ သဘောနဲ့ပြောတာဖြစ်ရင် ဖေဖေ မိုလ်မှူးရဲ့ဝင်းကိုပဲ ပြောပါ။ သူ့အဖြေဟာ ကျွန်မအဖြေပါပဲ"

"တကယ်လို့ မိုလ်မှူးက ရီရီ ကျွန်တော့်ကို မေတ္တာရှိမရှိ မေးရင်ကော"

"ဒါကိုတော့ မေးဖို့မလိုဘူး ထင်ပါတယ်။ သူကလည်း မေးမှာမဟုတ်ပါဘူး။ မေးလာရင်လည်း ကိုလွန်းဝေဘက်က ကျွန်မရှိမှာပါ"

"အခုလိုသိရတာ ဝမ်းသာပါတယ် ရီရီရယ်။ ရီရီပွင့်ပွင့်လင်းလင်းပြောတတ်တာကိုလည်း ချီးကျူးပါတယ်"

"ဒီလိုဆို ပြီးပြီပေါ့၊ ရီရီပြန်မယ်"

"အတူတူပြန်တာပေါ့။ ကျွန်တော်လိုက်ပို့မယ်လေ"

"ကိုလွန်းဝေ သဘောပဲ"

ကျွန်တော်တို့သည် လယ်ကွက်ကလေးတစ်ခုကို ဖြတ်၍ ပြန်လာကြ၏။ ကျွန်တော်သည် ဤလယ်ကွက်ထဲက ဖြတ်၍ လာခဲ့ရပေါင်း များခဲ့ပေပြီ။ သို့သော် ထိုလယ်ကွက်ကလေးနှင့် တကွ ပတ်ဝန်းကျင် ရှု

www.burmeseclassic.com

www.burmeseclassic.com



မျှော်ခင်းသည် ယနေ့လောက် သာယာကြည်နူးဖွယ်ကောင်းသည်ဟု မထင်ခဲ့မိပေ။ အမှန်တော့လည်း ယနေ့မှပင် ပို၍လှနေဟန်တူပေသည်။ စောစောက မိုးတစ်ပြိုက်ရွာချလိုက်သဖြင့် သစ်ပင် မြက်ပင်များသည် မြူမှုပင် မတင်ဘဲ မြရောင်စိမ်းစို၍ နေလေသည်။ မိုးပုလဲဥကလေးများသည် သစ်ရွက်များအပေါ်တွင် တွဲလွဲခို၍ နေကြသည်။ ကောင်းကင်ပြင်မှာ မိုးသားစင်သွား၍ ကြည်လင်နေသလို မြက်ခင်းများအကြားရှိ ရေပွက်ရေအိုင်ကလေးများသည်လည်း ကောင်းကင်၏ အရိပ်ထင်ကာ ပြာလဲ့ကြည်လင်သောအသွင်ကို ဆောင်နေကြလေသည်။

သည်အတွင်းဝယ် ယာတဲကလေးတစ်ခုဆီမှ ပြန့်လွင့်လာသော မြွေသံကလည်း ပို၍ စိတ်ကြည်နူးဆွတ်ပြန့်အောင် ဖန်တီးပေးနေလိုက်ပြန်သေးသည်။

"မြက်နုတွေ ရေကြည်ရာမှာ ပေါပါဘိသနဲ့။ တောတလျှောက်တောင်တခိုမှာနော်ကွယ်၊ ဝါးတန်တို ခွာညိုက ပေါက်ပြန်တော့ နွားနောက်က ကိုတောင်သူရယ်၊ ဇီးဖြူပင့်စခန်း။ ။ သုံးတောင်ပြည့် ကလန်၊ အင်မတန် ကြိုက်ခါးတောင်းရယ်နဲ့ မြိုင်စောင်းမှာ နေစွယ်ခပြန်တော့၊ ကိုတောင်သူ နလ်ထတို့မှာ၊ နွားရေချတဲ့လမ်း။ ဇီးဖြူပင်စခန်း၊ နွားရေချပါတဲ့လမ်း။"

ဤခွန်းထောက်ကလေးမှာ လွန်စွာ ရိုးနေပြီ ဖြစ်သော်လည်း ထိုနေ့ကမူ ပြန်လည်ဆန်းသစ်လျက် ရှိလေတော့၏။

ရေကြည်ရာ မြက်နုရာဆိုသည်မှာ လွန်စွာ မှန်လှပါပေသည်။ တောတောင်ရေမြေတို့ သာယာမှလည်း ကျေးလက်တောင်သူ လူအပေါင်းတို့၏ ဘဝသည် သာယာပေလိမ့်မည်။ နွားနောက်က ကိုတောင်သူတို့၏ ဘဝသာယာမှလည်း လူ့လောကကြီး အေးချမ်းသာယာမည် ဖြစ်ပေသည်။

ကျွန်တော်လည်း တကိုယ်တည်း အတွေးကြွယ်၍ လာခဲ့ရာ သွား

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်နော်’ ဟု ရီရီဝင်း၏ နှုတ်ဆက်သံကို ကြားရတော့မှ သူ့အိမ်နားသို့ပြန်၍ ရောက်လာပြီဖြစ်ခြင်းကို သတိပြုမိကာ ပြန်လည် နှုတ်ဆက်ရင်း လှူချင်း ခွဲခွာခဲ့ရလေ၏။

❐

www.burmeseclassic.com

www.burmeseclassic.com

## (၈)

ကျွန်တော်သည် တစ်လမ်းလုံး ပျော်၍လာခဲ့ပြီးမှ အိမ်သို့ပြန်၍ ရောက်သည့်အခါ ရီရီဝင်း၏ကိစ္စအတွက် ဗိုလ်းမှူးရဲဝင်းနှင့် တွေ့ဆုံရေးကို တွေးလိုက်ရာတွင် စိတ်မရှင်ဘဲ မကြည်မလင် ဖြစ်လာလေသည်။ သို့ဖြစ်ရခြင်းမှာ ဗိုလ်မှူးရဲဝင်းနှင့် ရီရီဝင်းတို့၏ ဆက်ဆံပုံသည် ကျွန်တော့်အဖို့ အတွေးရခက်သည့် ပဟေဠိတစ်ခုလို ဖြစ်နေသောကြောင့်ပေတည်း။

သူတို့သည် ဖခင်နှင့် သမီးဖြစ်ကြသည်မှာ မှန်သည်။ ဗိုလ်မှူးက ရီရီဝင်းကို သမီးဟု ခေါ်သလို ရီရီဝင်းကလည်း ဗိုလ်မှူးအား ဖေဖေဟု ခေါ်သည်။ သို့သော် သူတို့နှင့် ကျွန်တော် သိကျွမ်းခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ယနေ့တိုင် ဗိုလ်မှူး၏ဇနီး သို့မဟုတ် ရီရီဝင်း၏မိခင်နှင့် ပတ်သက်သည့် စကားဆို၍ တစ်ခွန်းတပါဒမျှ မကြားမိ။ အိမ်မှာလည်း ဓာတ်ပုံကို မတွေ့ရချေ။

ထို့ပြင် ရီရီဝင်းက သူ့ဖခင်နှင့်တွေ့ပါဟု ပြောလိုက်သည့် စကားမှာ ကျွန်တော့်ကို မေတ္တာမရှိကြောင်း အတိအလင်းမပြောလို၍ ပရိယာယ်

www.burmeseclassic.com



သုံးလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ သူ ကျွန်တော့်အပေါ် မေတ္တာရှိလျှင် သူ့ဖခင်ကို သူကိုယ်တိုင် ပြောမည်သာ ဖြစ်မည်။ ထိုသို့ မဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင် ပြောစေခြင်းသည်။ ဗိုလ်မှူးရဲဝင်းထံမှ ကျွန်တော် ရရှိမည့်အဖြေကို သူသိနေ၍ ဖြစ်မည်။ ထိုအဖြေမှာ ငြင်းပယ်မည့် အဖြေသာလျှင် ဖြစ်ဖို့ရှိရာ သူ ပြောလိုက်သည့် စကားသည် ကျွန်တော့်ကို သူမလိုချင်ကြောင်း အလိမ္မာသုံးလိုက်ခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်တော် တွေးသည့်အတိုင်းမှန်လျှင် ဗိုလ်မှူးသည် သူ့သမီးအတွက် ရည်မှန်းထားသူရှိနေပြီလော။ ထိုသူသည် ဆရာဦးပြည့်စုံများလော။ ဦးပြည့်စုံကလည်း ရီရီဝင်းအပေါ်တွင် စွဲစွဲလမ်းလမ်းရှိပုံမရ။ သို့ဖြစ်လျှင် မည်သူ ဖြစ်မည်နည်း။ ထိုသူသည် မည်သူပဲဖြစ်ဖြစ် ကျွန်တော့်ထက် သာမည့်သူသာ လျှင် ဖြစ်မည်။ သို့ဖြစ်လျှင် ကျွန်တော့်အဖို့ မျှော်လင့်စရာရှိနိုင်ပါမည် လော။

ကျွန်တော်သည် မုန့်ဆီကြော်မစားရခင်က နှုတ်ခမ်းနာနှင့် တည့်ပါ့ မလားဟု ကိုယ့်အတွေးနှင့်ကိုယ် စိုးရိမ်သူလို ဖြစ်နေသည်။ မည်သို့ရှိစေ ရီရီဝင်း၏ စကားတိုင်း ဗိုလ်မှူးရဲဝင်းနှင့်တွေ့ဖို့ကို အရင်မလိုဘဲ သူ့အကြောင်း ကို ဦးစွာစနည်းနာဖို့ရန် ဆုံးဖြတ်လိုက်ရသည်။

သို့ဖြင့် မည်သူ့ထံဦးစွာ သွားရောက်စုံစမ်းရပါမည်နည်းဟု စဉ်းစား လိုက်သည့်အခါ ကိုငထိန်ကို တွေးမိသည်။ သို့ရာတွင် သူနှင့်တွေ့လိုက် တော့မှ ကျွန်တော့်ပြဿနာသည် ပြေလည်ရှင်းလင်းမသွားဘဲ ပို၍ရှုပ်လာ လေသည်။

"ဆရာလေးရေ...ဗိုလ်မှူးနဲ့ ကျွန်တော်နဲ့ တွေ့ကြတာတော့ကြာပြီဗျ ဒါပေမဲ့ သူနဲ့စပြီးတွေ့ကတည်းက သူ့မိန်းမလည်း တစ်ခါမှမတွေ့ရ မမြင်ရဖူးပါဘူး။ သူ့ မိန်းမနဲ့ ပတ်သက်တဲ့ စကားလည်း တစ်ခါမှမကြား

www.burmeseclassic.com

www.burmeseclassic.com



ရဘူး။ တစ်ခါတစ်ခါတော့ ကျွန်တော်က သူ့ကို လူပျိုကြီးများလားလို့တောင် ထင်မိတယ်။ ဒါပေမဲ့ ရီရီဝင်းဆိုတဲ့ သမီးတယောက်ကလည်း အထင်အရှား ကြီးရှိနေတာမို့ လူပျိုကြီးလို့ ပြောဖို့ကလည်း ခက်နေပြန်တယ်။ အဲဒါပဲ ဆရာလေးရေ့၊ ဒီထက်လည်း ပိုပြီး မပြောတတ်ဘူး"

နောက်ဆုံးတွင် ကျွန်တော်သည် ဆရာဦးပြည့်စုံထံသွား၍ မေးရန် စိတ်ကူးလိုက်သည်။ သူ့ကို ကျွန်တော်နှင့် ရီရီဝင်းတို့အကြောင်း ဖွင့်၍ ပြောတန်ပြောမည်။ ထိုသို့ပြောသည့်အတွက် သူနှင့် ကျွန်တော် ဘာမျှ ခိုးလိုးခုလု ဖြစ်ရာမမြင်။ သူနှင့် ရီရီဝင်းလည်း ဘာမျှမဖြစ်ကြသေး။ ရီရီဝင်းကို သူလည်း သိပ်ပြီးစိတ်ဝင်စားပုံမပေါ်။ သို့ဖြစ်၍ သူ့ကို မေးလည်းမေး တိုင်လည်းတိုင်ပင်ခြင်းသည် အကောင်းဆုံးဖြစ်မည်ဟု ကျွန်တော် မြင်မိလေသည်။

သို့နှင့် ကျွန်တော်သည် ဦးပြည့်စုံထံသို့ ရောက်သွားရာ ဦးပြည့်စုံက ကျွန်တော့်အား ဝမ်းသာရွှင်လန်းသော မျက်နှာဖြင့် ဆီး၍ ကြိုလေသည်။

"ကိုလွန်းဝေလာတာ အတော်ပဲ။ ကျုပ်ကလည်း ကိုလွန်းဝေကို မျှော်နေတာ"

"အရေးကြီးရင်လည်း အခေါ်လွှတ်လိုက်ပေါ့ ဆရာ"

"အရေးကတော့ ကြီးလှတယ်လည်း မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုလွန်းဝေပါရင် ကောင်းမှာမို့" .

"ကျွန်တော် ဘာလုပ်ပေးရမလဲဆရာ၊ ခိုင်းစရာရှိရင် ခိုင်းပါ"

ကျွန်တော်က ရှေ့ရေးကိုမျှော်ပြီး လောကွတ်လုပ်လိုက်ရသည်။ သို့သော်...ဦးပြည့်စုံ၏စကားကို ကြားရသည့်အခါ တကယ်ပဲလား၊ နောက်သလားဟု စဉ်းစားမရအောင် ဖြစ်သွားရသည်။

"ကိစ္စကတော့ မြင်းသိုးတစ်ကောင် ဇာ့သင်းပေးဖို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"မြင်းတော့ ကျွန်တော်တစ်ယောက်တည်း မကိုင်ရဲဘူးဆရာ၊ ပြီးတော့ လုပ်ရမှာကလည်း..."

"ဒါအတွက်တော့ မပူပါနဲ့၊ ကျုပ်လည်း လိုက်လာမှာပါ"

ကျွန်တော်သည် ချစ်ရေးကြိုက်ရေးအတွက် သေရေးရှင်ရေးဟမျှ အရေးကြီးနေရသည့်အထဲမှာ မြင်းဖေ့သင်းသည့် ကိစ္စပေါ်မှ ပေါ်လာတတ်ပလေတယ်ဟု ရင်ထဲတွင် ငိုချင်ရယ်ချင် ဖြစ်မိလေတော့၏။

"အလုပ်က ဘယ်တော့လဲ၊ အခုလား"

"မနက်ဖြန်မှပါ၊ ကျုပ်လူတစ်ယောက်က သူ့မြင်းကို ခိုင်းချင်လို့ သင်းပေးဖို့ လာလာပြီး ပူစာနေလို့ပါ၊ မြင်းကလေး သနားလို့ အရပ်ထဲက ဆရာနဲ့လဲ မလုပ်ချင်လို့တဲ့"

"ဒါဆိုရင် ဖြစ်ပါတယ်ဆရာ၊ မနက်ဖြန် ကျွန်တော် ဆက်ဆက် လာပါ့မယ်"

'ကိုလွန်းဝေ လာမနေပါနဲ့၊ ကျုပ်လာပြီး ခေါ်ပါ့မယ်'ဟု ဦးပြည့်စုံက ပြောလိုက်ပြီးနောက်...'ကဲ...ကျုပ်ကိစ္စပြီးပြီ၊ ကိုလွန်းဝေ ကိစ္စကို ပြော'ဟု စကားတောင်းလိုက်၏။

"ကျွန်တော် ဗိုလ်မှူးရဲဝင်းအကြောင်း သိချင်လို့ပါ"

"သူ့အကြောင်း ကိုလွန်းဝေကို ကျုပ်ပြောခဲ့ဖူးပြီမဟုတ်လား၊ သူဟာ တပ်မတော်က ဗိုလ်မှူးအဆင့်နဲ့ ထွက်ပြီး ဒီမှာ ဂျုန်းတီးလ်မင်း ဖမ္မားလာလုပ်နေတယ်ဆိုတာ၊ ဒီထက် ဘာများထူးပြီး သိချင်တာ ရှိသေးလို့လဲ"

"ဗိုက်မှူးရဲ့ နောက်ကြောင်းရာဇဝင်နဲ့ သမီးတစ်ယောက် ဘယ်လို ရတယ်ဆိုတာ"

"ကိုလွန်းဝေ ဒီစကားမျိုးကို တစ်ခါမှ မပြောဖူးပါဘူး...၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com



များ အကြောင်းထူး ရှိနေလို့လဲ၊ ကျုပ်မသိရဘူးလား”

သည်တွင် ကျွန်တော်သည် ရီရီဝင်းအား ကျွန်တော် မေတ္တာရှိနေပုံ။ ထိုကိစ္စနှင့် စပ်လျဉ်းပြီး ရီရီဝင်းနှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ပုံ၊ ဗိုလ်မှူးနှင့်ပတ်သက်ပြီး ကျွန်တော် သံသယဖြစ်ရပုံ၊ စိုးရိမ်သောကရောက်နေရပုံများကို တရားသူကြီးတစ်ဦး၏ ရှေ့မှောက်တွင် တရားခံတစ်ယောက်က ဖြောင့်ချက်ပေးသလို အိတ်သွန်ဖာမှောက် ဖွင့်ဟပြောလိုက်ရ၏။

“ဗိုလ်မှူးနဲ့ ရီရီဝင်းဟာ ဘာမှ သွေးသားတော်စပ်ကြတာ မဟုတ်ဘူး”

‘ခင်ဗျာ’ဟု ကျွန်တော်သည် အံ့ဩစိတ်ဖြင့် အာမေဋိတ်သံထွက်သွားမိသည်။

“သူတို့ရာဇဝင်ကတော့ အရှည်ကြီးပဲ။ တိုတိုပြောရရင်တော့ ဂျပန်တော်လှန်ရေးက စရလိမ့်မယ်။ ဂျပန်တော်လှန်ရေးဆိုတော့ ၄၅ ခုနှစ်မတ်လထဲကပေါ့။ အဲဒီအချိန်မှာ ဂျပန်တွေ မန္တလေးနဲ့ မိတ္ထီလာကရန်ကုန်ကို ဆုတ်ပြေးလာကြရတာနဲ့ တော်လှန်ရေး စတာနဲ့ တွေ့ကြပြီးဘုရားကြီးနဲ့ ဝေါအကြားမှာ အကြီးအကျယ် တိုက်ပွဲဖြစ်ခဲ့ကြတာပေါ့။ အစတုန်းကတော့ ဂျပန်တွေဟာ ရန်ကုန်အထိ ဆင်းလာကြမလို့ပဲ။ နောက်တော့ အခြေမလှတာနဲ့ ဘုရားကြီးကနေ ဝေါဘက်လှည့်ပြီး မော်လမြိုင်အထိ ဆုတ်ပြေးဖို့ အစီအစဉ်ပြောင်းလိုက်ကြတယ်။ အဲဒီမှာ ရန်ကုန်ကပြေးလာကြသူတွေနဲ့ ဂျပန်တွေနဲ့ လုံးထွေးပြီး သတ်ကြဖြတ်ကြနဲ့ ဂျပန်တွေ တော်တော်သေ အရပ်သားတွေလဲ တော်တော်နာတယ်။ တော်လှန်ရေးရဲဘော်တွေကြောင့် သက်သာတာ”

“ဒီဘက်ပိုင်းမှာ ဗိုလ်ရဲဝင်းက တာဝန်ကျတယ်။ ဘာ့အတူတူ

www.burmeseclassic.com

www.burmeseclassic.com



တွဲပြီး တိုက်ရတဲ့သူက ဗိုလ်စည်သူ။ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် ရဲဘော်ရဲဘက် သေဖော်သေဖက်ပီပီ သိပ်ပြီး ချစ်ကြတယ်။ တစ်ယောက်အပေါ် တစ်ယောက် သစ္စာလည်းရှိကြတယ်။ တိုက်ပွဲတစ်ပွဲမှာ ဗိုလ်ရဲဝင်းဟာ ရှေ့ကိုမဲပြီး တိုက်နေတုန်း သူ့တပ်စုကလေးကို ဂျပန်က ဝိုင်းမိတယ်။ ဒါပေမဲ့ ဂျပန်တစ်ယောက်က သူ့နောက်ကနေပြီး သူ့ကို သတ်မယ်အလုပ်မှာ ဗိုလ်စည်သူက လှမ်းပြီး ပစ်လိုက်လို့ သူမသေဘဲ လွတ်သွားတယ်၊ အဲဒီဂျပန်ကျသွားတဲ့နောက် ဗိုလ်စည်သူတို့က အတင်းဝင်တိုက်ကြရတယ်။ ဒီမှာတင် ဗိုလ်ရဲဝင်းတို့ကို ဝိုင်းထားကြတဲ့ ဂျပန်တွေလည်း အားလုံးပြုတ်သွားတယ်။

"ဗိုလ်စည်သူဟာ အဲဒီတိုက်ပွဲမှာ နိုင်လိုက်ပေမဲ့ ရှေ့ကို ဆက်ပြီး မလိုက်နိုင်တော့ဘူး။ တော်လှန်ရေးကာလအတွင်းမှာပဲ ငှက်ဖျားရောဂါရပြီး အဲ...ဟိုအနီးအနားက ရွာကလေးတစ်ရွာမှာ ကျန်ရစ်ခဲ့တယ်။ ရွာနာမည်တော့ ကျုပ်လည်း မမှတ်မိတော့ဘူး။ ဗိုလ်ရဲဝင်းမှပဲ သိမယ်။ အခု ကျုပ်ပြောနေတဲ့ အကြောင်းတွေလည်း သူ့ဆီကသိရတာ။ တိုတိုပြောရရင် ဗိုလ်စည်သူဟာ အဲဒီရွာမှာ ကျန်ရစ်ရာက နောက်တော့ သူ့ကိုပြုစုထားတဲ့ အိမ်က အိမ်ရှင့်သမီးနဲ့ ရတာပါပဲ"

"ဆရာပြောနေတာ ရုပ်ရှင်လိုကျနေတာပဲ"

"ရုပ်ရှင်လိုကျနေမှာပေါ့။ ရုပ်ရှင်တွေက ဒါတွေ ဒီအဖြစ်အပျက်မျိုးတွေ ပြနေတာပဲဟာ"

"ကျွန်တော် စကားဖြတ်ပြောတာ စိတ်မရှိပါနဲ့ဆရာ။ ဆက်ပြီး ပြောပါဦး"

"ဗိုလ်စည်သူလည်း မိန်းမရပြီးနောက် တပ်ထဲ ပြန်မဝင်တော့ဘူး။ အဲဒီမှာ အင်မတန်ချစ်ကြတဲ့ မိတ်ဆွေနှစ်ယောက်ဟာ တစ်ဦးနဲ့တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားကြတယ်။ ဗိုလ်ရဲဝင်းလည်း တော်လှန်ရေးကြီးပြီးတဲ့နောက် ဗမာ့တပ်မတော်ကြီး ပေါ်ပေါက်လာတဲ့အထိ စစ်တာဝန်ထမ်းနေသေးတယ်။ ဒီအတောအတွင်းမှာ ဗိုလ်စည်သူက သူ့ကိုလာပြီးကြည့်ဖို့ စာရေးလိုက်တဲ့အတွက် ဗိုလ်ရဲဝင်းလိုက်သွားတယ်။ ဟိုရောက်တော့ ဗိုလ်စည်သူဟာ ငှက်ဖျားရောဂါနဲ့ပဲ သေဆုံးလုနီးနီး အခြေအနေမှာ ရှိနေတာကို တွေ့ရတယ်။ ဗိုလ်စည်သူဟာ ဒီရောဂါနဲ့ပဲ သေရလိမ့်မယ်ဆိုတာ သူ့ကိုယ်သူ သိတယ်။

"ဒါပေမဲ့ သူဟာ သေရမှာကို မကြောက်ပါဘူး။ မကြောက်ပေမဲ့လည်း သူ့မှာ စိုးရိမ်သောကကြီးတစ်ခု ရှိနေတယ်။ အဲဒါကတော့ အခါလည်လောက်ပဲရှိသေးတဲ့ သူ့သမီးကလေးအတွက်ကြောင့် အသေမဖြောင့်နိုင်အောင်ကို နောက်ဆံတင်းနေတဲ့အဖြစ်ပဲ။ သူ့မိန်းမဟာ အဲဒီသမီးကလေးကို မွေးပြီး မီးတွင်းမှာပဲ ဆုံးသွားတယ်။ ဒါ့ကြောင့် သူသေလို့ရှိရင် ဒီသမီးလေးဟာ မျက်စိသူငယ်နဲ့ဖြစ်ပြီး ကျန်ရစ်မှာကိုလည်း စိုးရိမ်တယ်။ လူ့ဘဝမှာ အင်မတန်အောက်ကျနောက်ကျဖြစ်လှတဲ့ တောရွာဇနပုဒ်မှာလဲ မကြီးပြင်းစေချင်ဘူး။ အဲဒါကြောင့် ဗိုလ်ရဲဝင်းလက်ထဲ သူ့သမီးလေးကို အပ်ခဲ့ရအောင် မှာလိုက်တာဖြစ်တယ်။

"ဗိုလ်ရဲဝင်းအနေနဲ့တော့ ဗိုလ်စည်သူဟာ သူနဲ့ သေဖော်သေဖက်ရဲဘော်ရဲဘက်လဲ ဖြစ်တယ်။ သူ့အသက်ကို ကယခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်လဲဖြစ်တယ်။ သူဟာ ဘာပဲဖြစ်ဖြစ် ဗိုလ်စည်သူရဲ့ ဆန္ဒကို ဖြည့်စွမ်းရမယ့်တာဝန် ရှိနေတယ်။ ဒါပေမဲ့ သူ့မှာ သားမယားလည်းမရှိ။ မွေးစားရမှာကလည်း မိန်းကလေး။ ဒီကလေးရှိတဲ့အတွက် မိန်းမယူလို့လည်း မဖြစ်။ မိန်းမက မကြည်ဖြူရင်လည်း ခက်ဦးမှာကိုး။ ပြီးတော့ ဒီကလေးဟာ အခုနေတော့ အရေးမကြီးလှသေးဘူး။ ဒါပေမဲ့ ယောကျ်ားလေးမောင်ပဉ္စင်း မိန်းကလေးပုခက်တွင်း ဆိုတဲ့စကားကို အခုနေမှာ အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းမတူပေမဲ့ နောင်ကြီးလာတဲ့အခါကျတော့ ဗိုနဲ့မအဖြစ်နဲ့ ငယ်တယ်ကြီးတယ်လို့ ပြောလို့မရတော့ဘူး။ အဲဒီအရေးကို ဗိုလ်ရဲဝင်းက မြင်ပြီး ဒီအတိုင်း ဗိုလ်စည်သူကို ဖွင့်ပြောတယ်။

"ဗိုလ်စည်သူကလည်း ဒါကိုမြင်ပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့အဖို့မှာကတော့ သူ့သမီးကလေးကို လူကောင်းသူကောင်းတစ်ယောက်ယောက်လက်ထဲ ရောက်စေချင်တယ်။ လူတလုံးသူတလုံး ဖြစ်လာစေချင်တယ်။ နောက်ဆုံး အဲဒီသူနဲ့ပဲရရ သူကျေနပ်တယ်။ သူကလဲ ဒီအတိုင်းပဲ ဗိုလ်ရဲဝင်းကို အတိအလင်းဖွင့်ပြောပါတယ်။ ဒီလောက်အထိပြောလာတော့ ဗိုလ်ရဲဝင်းကလည်း ဒီကလေးကို မွေးရမှာကို ငြင်းပယ်ဖို့ခက်နေပြီး သူကောင်းကောင်းမွန်မွန် မွေးပါ့မယ်။ အချိန်တန်အရွယ်ရောက်လို့ သူ့အိမ်ထောင်ပြုချင်တယ်ဆိုရင်လည်း သင့်တော်မယ့်သူနဲ့ နေရာချပေးပါ့မယ်ဆိုတဲ့ကတိနဲ့ မွေးစားခဲ့တယ်။ ကလေးနာမည်ကိုလည်း သူ့နာမည် ဝင်းကိုထည့်ပြီး ရီရီဝင်းလို့ မှည့်ထားတယ်။ အဲဒါပဲ၊ နောက်ထပ် ဘာသိချင်သေးလဲ"

"ဒါတွေ ရီရီဝင်း အားလုံးသိသလား ဆရာ"

"ဒီလောက်အထိတော့ ကျုပ်လည်းမသိဘူး။ ဒါပေမဲ့ ငယ်ငယ်လေးက မွေးထားတာဖြစ်လို့ ရီရီဝင်းက ဗိုလ်ရဲဝင်းကို သူ့အဖေအရင်းလို့ပဲ ထင်ဖို့အကြောင်းရှိတာပဲ။ နောက်ပြီး ဗိုလ်ရဲဝင်းကလည်း ဒီအကြောင်းတွေကို ရီရီဝင်းမသိစေချင်လို့ ရီရီဝင်းကို ဒီခေါ်လာပြီး တောက သူ့ဆွေတွေမျိုးတွေနဲ့ အဆက်ဖြတ်ထားခဲ့တာပဲ။ သူမိန်းမယူရင် ဒါတွေဟာ တစ်နေ့ပေါ်လာနိုင်တာမို့ သူလည်း မိန်းမ မယူဘူး။ နောက်ဆုံးမှာ တပ်ထဲကထွက်ပြီး ဒီမှာ ဂျန်းတီးလ်မင်းဖမ္မားလုပ်နေတာပဲ"

"ကျွန်တော် နောက်တစ်ခု ထပ်ပြီးမေးပါရစေဦး"

"မေးပါ၊ ဘာမေးချင်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာနဲ့သူနဲ့...သူနဲ့ဆိုတာ ဗိုလ်မှူးရဲဝင်းကို ပြောတာပါ၊ သိတာတော်တော်ကြာပြီလား။ ဘယ်လိုသိကြတာလဲ ဆရာ"

"သိတာကတော့ ကျုပ် ဒီကိုရောက်ကတည်းက သိကြတာပဲ။ ဒါကတော့ မဆန်းပါဘူး။ သူက တိရစ္ဆာန်တွေ မွေးထားတယ်။ ကျုပ်က တိရစ္ဆာန်ဆေးကုတတ်တယ်။ ဒီလို လူနှစ်ယောက်မှ တစ်ဦးနှင့်တစ်ဦး မတွေ့ကြရင် ဘယ်သူနဲ့တွေ့ဦးမှာလဲ။ နောက်ပြီး မေးချင်သေးသလား။ ကျုပ်နဲ့ ရဲရဲဝင်းနဲ့ ဘယ်လိုသိကြတယ်ဆိုတာ"

ကျွန်တော်က 'ဟဲ...ဟဲ'ဟု အသံမထွက်ရုံမျှ ပါးစပ်ကြီးဖြဲပြီး ပြုံးရယ်၍ နေမိသည်။

"အဲဒါလည်း မဆန်းပါဘူး၊ အဖေနဲ့သိမှ သမီးနဲ့လည်း သိရောပေါ့"

'ဟဲ...ဟဲ' သည်တစ်ခါတော့ အသံထွက်အောင် ရယ်လိုက်ရလေသည်။

"ကဲ...ကျေနပ်ပြီလား"

"ကျေနပ်ပါပြီ ဆရာ။ ကျေးဇူးလည်း အထူးတင်ပါတယ်။ ဆရာ အခု ကျွန်တော့်ကို ခိုင်းစရာမရှိသေးဘူးဆိုရင် ကျွန်တော်ပြန်ပါဦးမယ်။ မနက်ဖြန် ကျွန်တော် အိမ်က စောင့်နေပါ့မယ်။ ဟုတ်ပြီလား ဆရာ"

"အိုကေ"

ဦးပြည့်စုံထံမှ ပြန်၍ရောက်လာပြီးသည့်နောက်ပိုင်းတွင် ကျွန်တော့် ဦးနှောက်များသည် ခါတိုင်းထက်ပို၍ အလုပ်များနေကြလေတော့သည်။ သို့သော် ထွေရာစိတ်ကူးခြင်းမျှသာ ဖြစ်ပြီး ဘာမျှ မယ်မယ်ရရတော့ မဟုတ်ပေ။ တကယ်တော့လည်း ရဲရဲဝင်းနှင့်ပတ်သက်၍ ကျွန်တော့်အဖို့ အထူးအထွေ စဉ်းစားနေစရာ မလိုတော့ပေ။ အားလုံး ရှင်းရှင်းလင်းလင်း သိနေပြီမဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးရဲဝင်းသည် ရီရီဝင်းကို ဦးပြည့်စုံထံ အဟာန့်အတားမရှိဘဲ ဝင်ထွက်သွားလာခွင့် ပြုထားခြင်းမှာ ဦးပြည့်စုံက နှစ်သက်စုံမက်၍ သူတို့အချင်းချင်း 'ဖြစ်'သွားကြလျှင်လည်း သဘောတူကြည်ဖြူမည့်စိတ် ထားရှိခြင်းကို ပြသနေပေသည်။ သူသည် ကိုယ်မွေးသည့်ကြက်ကို ကိုယ် ရိုက်၍ စားမည့်သူမဟုတ်ပေ။ အရေးကြီးသည်မှာ သူသည် မည်သည့် အဆင့်အတန်းရှိသည့်လူစားမှ ရီရီဝင်းနှင့် ထိုက်တန်သည်ဟု သတ်မှတ် ထားခြင်း ရှိမရှိကို သိဖို့ရန်ဖြစ်ပေသည်။ ထိုသို့သိဖို့ရန် မည်သူ့ထံ စုံ စမ်း၍ ရနိုင်ပါမည်နည်း။ အဖြေမှာ လွယ်မယောင်နှင့် ခက်နေသည်။ အကယ်၍သာလျှင် ရီရီဝင်းက ကျွန်တော့်အပေါ် မေတ္တာရှိနေပါသည်ဟု အဖြေပေးခဲ့လျှင်လည်း ဤကိစ္စမှာ ပြီးနေပြီ။ ယခုတော့ သူကလည်း မပြတ်မသားလုပ်နေသည်။ ထိုသို့ လုပ်လိုက်ခြင်းမှာ သူ့စိတ်ကို ယတိပြတ် မဆုံးဖြတ်နိုင်သေးဘဲ သူ့ထက်သူ ကောင်းနိုးရာရာ ရွေးချယ်ချင်သေးဟန် တူပေသည်။

ကျွန်တော်သည် အတော်ညဉ့်နက်သည့်တိုင်အောင် အတွေးပင်လယ် ကြောတွင် နစ်မျောနေခဲ့ရာ အိပ်ရေးပျက်၍ မနက်စောစောမနိုးဘဲ ဦးပြည့်စုံ လာ၍နှိုးမှ အိပ်ရာက လူးလဲ၍ ထရလေတော့သည်။

မိုးဦးကျရာသီတွင် မိုးသားကင်းစင်သော နံနက်ခင်းသည် လွန်စွာ သာယာအေးချမ်းလှပေသည်။ နေရောင်ခြည်ပဝင်း၍ သန့်ရှင်းသော လေပြည်သည် ကျွန်တော့်အား ကြည်လင်လန်းဆန်းလျက် အိပ်ရေးပျက် သည်ဟု မထင်ရအောင် ရွှင်ပြအားတက်စေပေတော့သည်။

"ကဲ...ဒီမှာ ဘာမှစားမနေနဲ့တော့၊ ကျုပ်သွားရမယ့် အိမ်ကိုရောက် တော့မှ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်နဲ့ စားတော်ပဲနဲ့ လက်ဖက်ရည်နဲ့ ဝအောင် စားကြမယ်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဘာမျှပြောမနေတော့ဘဲ ကမန်းကတန်း အဝတ်လဲပြီး လိုအပ်သော ပစ္စည်းကိရိယာကိုယူကာ ဦးပြည့်စုံ၏ ကားပေါ်သို့ တက်၍ ထွက်လာခဲ့ရလေသည်။

ခါတိုင်း၌ ဦးပြည့်စုံသည် ကားလမ်းကြီးပေါ်ရောက်သည်နှင့် သူ့ကား၏ လျှင်မြန်အားကို အစွမ်းပြတတ်သော်လည်း ယခု နံနက်မှာမူ ညက ရွာထားသောမိုးကြောင့် လမ်းပေါ်မှာ ရေစိုနေသေးသည့်အတွက် ခပ်မှန်မှန်မောင်း၍ လာလေသည်။ ထို့ကြောင့် ကားစီးရသည်မှာ တငြိမ့်ငြိမ့်ရှိပြီး လမ်းတလျှောက်ဝဲယာကို တစိမ့်စိမ့်ကြည့်၍ မငြီးနိုင်အောင် ရှိပေသည်။ ။

လယ်ကွင်းတချို့၌ ပျိုးပင် ကောက်ပင်တို့သည် စိမ်းရောင်ရှိန်းလျှက်လေယူရာယိမ်း၍ နေကြလေသည်။ လမ်းဘေးဝဲယာတွင် ခြံစည်းရိုးပြုလုပ်ထားကြသည့် ပုဏ္ဏရိပ်ပင်များမှ ပွင့်ကားလန်းဆန်းသော ပန်းနီနီလေးတို့သည် မြို့ကပန်းများနှင့် မတူဘဲ တောရွာရေမြေသဘာဝကြောင့် ပို၍ ပွင့်လန်းကာ ပို၍ လှကြသည်။ ဗုဒ္ဓ သရဏံပန်းနှင့် ခေါင်ရမ်းတို့ကလည်း အလှချင်းပြိုင်နေကြသည်။ ပင်မြင့်ထက်မှ တရုတ်စကားတို့ကလည်း ခန့်ညားသန့်စင်သည့်အသွင်ကို ဆောင်ကြသည်။ နံ့ပြည်စုတ်တို့ ဝတ်ရည်သုံးနေကြသည့် ဆယ့်နှစ်ရာသီပင်တို့လည်း ဝါလွင်သော အဆင်းဖြင့် လောကကို တန်ဆာဆင်၍ နေကြလေသည်။

ကျွန်တော်သည် ဤရှုမြင်ကွင်းတို့ကြောင့် ရင်တွင်း၌ ကြည်နူးလျှက်ရှိနေသည့်အကြားက ယခုသွား၍ လုပ်ရမည့် ကိစ္စကို တွေးမိလိုက်ရာ တောင်ဆီက မိုးသားများတက်လာကာ ကြည်လင်သော ကောင်းကင်ပြင်ကို မှုန်မှိုင်းညိုမှောင်သွားစေသကဲ့သို့ စိတ်ထဲတွင် နောက်ကျိ၍ သွားလေသည်။ အကယ်၍သာ ဤကိစ္စသည် ကျွန်တော်၏

www.burmeseclassic.com

www.burmeseclassic.com



အဆက်လူကြီး ကျွန်တော့်ဆရာ ဦးပြည့်စုံ၏ ကိစ္စ သူက ခိုင်းသည့်အလုပ် ဆောက်ခဲ့ပါမှ ကျွန်တော်သည် ဝိနည်းရှောင်၍ နေလိုက်မည်ဖြစ်၏။

ကျွန်တော်သည် မြင်းနှင့်ပတ်သက်၍ သင်ရိုးကြေခဲ့သော်လည်း မြင်းကို မကိုင်ရဲပါ။ မြင်းသည် နွားနှင့်မတူ။ နွားသည် လုပ်ချင်ရာလုပ် ခံနေတတ်သော်လည်း မြင်းကို ထိုသို့လုပ်၍မရ။ မြင်းသည် နွားထက် အသိအလိမ္မာကြီးသည်။ သူ့ကို ကိုင်တွယ်သူသည် တကယ်တတ်ကျွမ်းခြင်း ရှိမရှိကို သိသည်။ သူ့ကို ပိုင်ပိုင်နိုင်နိုင် မကိုင်တတ်လျှင် သူက ပညာပြ လိုက်လိမ့်မည်။ ဤအကြောင်းကို ကျွန်တော်ပြောခဲ့ဖူးသည် ထင်ပါသည်။ မြင်းကို ကိုင်တတ်သူသည် မြင်းကို ချော့တတ်သည်။ ငြိမ်အောင်လုပ်တတ် သည်၊ မြင်းကိုနိုင်နင်းသော စိတ်တန်ခိုးရှိသည်။ ကျွန်တော့်မှာ ထိုအရည် အချင်းမျိုး မရှိခြင်းကို ကိုယ်တိုင်သိထားပြီးသားဖြစ်၍ ဘယ်အခါမှ မြင်း သွားပြီး မစမ်းခဲ့ဘူးချေ။ ဗိုလ်မှူးရဲဝင်း၏မြင်းကြီးကို ခွာနာကျ၍ ပေးခဲ့စဉ်က ဦးပြည့်စုံရှိ၍ လုပ်ရဲခြင်း ဖြစ်သည်။ ယခုလည်း ဦးပြည့်စုံခေါ်၍သာ လိုက် ခဲ့ရခြင်း ဖြစ်ပေသည်။

မြင်းကို သင်းကွပ်ရသည်မှာ တစ်ခါလည်နှစ်ခါလည်သားအရွယ် တွင် ကောင်းသည်။ ကိုင်ရပြုရသည်မှာလည်း နိုင်နိုင်နင်းနင်း ဆုပ်မိကိုင်မိရှိ သည်။ ကြီးလျှင် မကောင်းတော့ချေ။

ရှေးယခင်က မြင်းကို သင်းကွပ်သည့်အလုပ်မှာ နွားကို ဆုံးမသည့် အလုပ်နှင့် မခြားနားလှချေ။ ကြက်ကို ခြေနှစ်ချောင်း ကြိုးနှင့်တုပ်ပြီး မထနိုင်အောင် လုပ်သလို မြင်းကိုလည်း ဆွဲလှဲပြီး မလှုပ်နိုင်အောင် တုပ် နှောင်ထားပြီးမှ သင်းကွပ်ပေးရလေသည်။ လူရောမြင်းပါ အလွန်ပင်ပန်း လှ၏။

ယခုခေတ်တွင် နွားရောမြင်းပါ သိပ္ပံနည်းကျ သင်းကွပ်နည်းကို

www.burmeseclassic.com

www.burmeseclassic.com



အများလက်ခံအသုံးပြုနေကြလေပြီ။ ထိုနည်းမှာ မြင်းကို ခွာစုံရပ်စေပြီး အထက်နှုတ်ခမ်းကို ကြိုးကွင်းလျှော့ဖြင့် တင်းတင်းဆွဲထားပြီးလျှင် မြင်း၏ဇေ့းစေ့နှစ်လုံးကို တစ်ဖက်စီ ထုံဆေးထိုးပေးပြီးနောက် ခွဲထုတ်ပေးလိုက်ရသည်။ ဤနည်းမှာ သမရိုးကျ သင်းကွပ်နည်းထက် မြန်သည်။ ကောင်းလည်းကောင်းသည်။ သို့သော် သင်းကွပ်ဆရာနှင့် သူ့အား ကူညီရသူတို့အဖို့မှာ ဆယ်ဆလောက် အန္တရာယ်ကြီးလှသည်။

ကျွန်တော် တိရစ္ဆာန်ဆေးကု သိပ္ပံတွင် သင်ကြားရစဉ်က ဧည်းကုန်းသို့သွား၍ လက်တွေ့ပြသခြင်းကို လေ့လာရဖူးသည်။ ဧည်းကုန်းတွင် လှော်ကားနှင့် ပြေးဆွဲနေသောမြင်းလှည်းများရှိရာ မြင်းလှည်းဆရာ ကိုသော်ဒါဆိုသူက ကျွန်တော့်ကို ပြသရန်အတွက် သူ့မြင်းကလေးတစ်ကောင်ကို သင်းကွပ်ဖို့ ခွင့်ပြုသည်။ ကိုသော်ဒါက ထိုရွာတွင် သူ့မြင်းသည် ပထမဆုံး သိပ္ပံနည်းကျ သင်းကွပ်သည့် မြင်းဖြစ်ရခြင်းကို ဂုဏ်ယူလိုသည်လည်း တစ်ကြောင်း ပါသည်။

တိုသို့ သိပ္ပံနည်းကျ သင်းကွပ်ကြမည်ဆို၍ မြင်းလှည်းဆရာအချို့က စိတ်ဝင်စားစွာလာ၍ ကြည့်ကြသည်။ ကိုသော်ဒါက သူ့မြင်းကလေး၏ အထက်နှုတ်ခမ်းကို ကြိုးကွင်းလျှော့ဖြင့် ချိန်နှောင်ကာ တင်းတင်းဆွဲထားပြီး ဟန်ပါပါဝင့်ကြွားနေလေသည်။ သူ့တပည့်တစ်ယောက်က မြင်း၏ ကပွယ်အိတ်ကို ပိုမွှားစင်ကြယ်အောင် အရက်ပျံဖြင့် ဆေးကြောသုတ်သင်ပေးသည်။ ထို့နောက် မြင်းအထူးကု စပယ်ရှယ်လာစ်က မြင်းငယ်၏ ဇေ့းစေ့တစ်လုံးကို ထုံဆေးအပ်ထိုးသွင်းလိုက်သည်။ လျှပ်တပြက်အချိန်ကာလအတွင်း မြင်းသည် ပတတ်ရပ်ကာ ခွာစုံပေါက်ချလိုက်သည်ကို မြင်ရပြီးနောက် ကိုသော်ဒါတစ်ယောက် ဝမ်းလျားမှောက်လဲ၍ ထိုင်ပြီနေသည်ကို တွေ့ကြရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်နေကြသည့် မြင်းလှည်းသမားများမှာ တဝါးဝါး တဟားဟား ဖြစ်သွားကြသည်။ သူတို့သည် တစ်လနီးပါး၌ ထိုအကြောင်းကို ပြော၍မပြီး ရယ်၍မဆုံး ရှိကြလေသည်။ သို့ရာတွင် ထိုအဖြစ်အပျက်ကြောင့် သူတို့သည် သူတို့၏ မြင်းများကို သိပ္ပံနည်းကျ သင်းကွပ်ရန် နောက်တွန့်မသွားကြချေ။ ယခု ဤနောက်ဆုံးပေါ်နည်းကို လူကြိုက်များနေလေသည်။ မြင်းကြိုက်မကြိုက်တော့ မသိရချေ။

ဤတွင် အတွေးဆုံးပြီး တစ်ချိန်တည်းမှာပင် ကျွန်တော်တို့လည်း ဦးပြည့်စုံ၏ မိတ်ဆွေအိမ်သို့ ရောက်လာကြလေသည်။ ထိုမိတ်ဆွေသည် ကျွန်တော့်အား စားသောက်ဖွယ်ရာများနှင့် အသင့်စောင့်ကြိုလျက် ရှိနေသည်။

"လာကြပါ၊ လာကြပါ မုန့်ကလေး ပဲကလေး အရင်စားလိုက်ကြပါဦး။ ပြီးတော့မှ ဆရာတို့ လုပ်စရာရှိတာ လုပ်တာပေါ့"

ကျေးလက်တောင်သူတို့နှင့် ပေါင်းသင်းရသည်မှာ ယခုလို ဧည့်ဝတ်ကျေပွန်မှုများကြောင့် ကျေနပ်ဝမ်းမြောက်စရာ အလွန်ကောင်းသည်။ သူတို့ဆီသွားလျှင် 'ထမင်းကလေး' စားသွားစေချင်သည်။ အနည်းဆုံး 'မုန့်ကလေး ပဲကလေး' လောက်တော့ ကျွေးလိုက်ရမှ ကျေနပ်ကြသည်။အလုပ်ကိစ္စရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သူတို့ထံလာလျှင် ဝမ်းသာကြသည်။

ကျွန်တော်တို့သည် ဦးပြည့်စုံ၏မိတ်ဆွေ ကိုရေချမ်း ကျွေးမွေးသည့် မုန့်ပဲသရေစာတို့ကို မြိန်ရှက်စွာ စားကြပြီးသည်နောက် အလုပ်စကြလေသည်။ တကယ်တော့ ကျွန်တော်ပဲ လုပ်ရမည်။ ဦးပြည့်စုံက ဆရာသမားပီပီ ပါးစပ်နှင့် လုပ်သူဖြစ်သည်။ သို့ဖြစ်၍ ကျွန်တော့်အဖို့ လက်တွေ့အကူအညီပေးနိုင်သူ တစ်ယောက်လိုနေသည်။ ထိုသူမှာ မြင်း၏နှုတ်ခမ်းကို ချုပ်ကိုင်ထားရမည့်သူ ဖြစ်သည်။

ထိုသို့ အကူအညီလိုကြောင်း ပြောပြလိုက်သဖြင့် ကိုရေချမ်းက

www.burmeseclassic.com

www.burmeseclassic.com



အားကောင်းမောင်းသန် လူတစ်ယောက်ရှာ၍ ပေးသည်။ သို့သော် မြင်းကိုကြည့်လိုက်သည့်အခါ ဒေါက်ကောင်း ပေကောင်းဖြစ်သည်ကို တွေ့ရ၍ နောက်ထပ် အကူအညီတစ်ယောက် တောင်းရသည်။

ကိုရေချမ်း၏ လူနှစ်ယောက်သည် မြင်းစောင်းထဲသို့ ကျွန်တော့် အလျင်ဝင်သွားကြပြီး မြင်းကို အာ ဒေါက်တပ်၍ ဆွဲထားကြသည်။ ထို့နောက် ကျွန်တော် ဝင်မည်အပြုတွင် စောင်းထဲကမြင်း၏ ခုန်သံပေါက်သံနှင့် မြင်းဟီသံကို ကြားရသဖြင့် ကျွန်တော် ကြက်သီးထကာ မရဲတရဲနှင့် ဝင်၍ လိုက်သွားရလေသည်။ ထိုခဏတွင် မြင်းသည် စောင်းထဲမှ ရုန်းကန်ထွက်ပြေးလာရာ ကျွန်တော် ခပ်သွက်သွက် ဘေးသို့ ရှောင်၍ ပေးလိုက်ရသည်။ ကိုရေချမ်း၏ လူနှစ်ယောက်မှာ အာ ဒေါက်ကြိုးကို တစ်ဖက်တစ်ချက်ဆွဲရင်း မြင်းခေါ်ဆောင်ရာသို့ တရွတ်တိုက်၍ ပါသွားကြလေသည်။ သူတို့သည် မလှမ်းမကမ်းသို့ ရောက်မှ မြင်းကို ထိန်းထားနိုင်ကြကာ စောင်းထဲသို့ ဆွဲလာခဲ့ကြသည်။

ထို့နောက် ထိုလူနှစ်ယောက်သည် မြင်းကို မြင်းစောင်းနံရံဘက်သို့ ဖင်ပေးထားစေပြီး တစ်ယောက်က အထက်နှုတ်ခမ်းကြိုးကွင်းလျှောကို ကိုင်၍ တစ်ယောက်က အာ ဒေါက်ကြိုးကိုဆွဲကိုင်ထားကာ 'ကဲ ဆရာလေး လုပ်ပေတော့'ဟု အသင့်ဖြစ်နေကြောင်း ပြောလေသည်။

ကျွန်တော်သည် ပုလင်းပေါ်က ရာဘာပြွားအဖုံးကလေးထဲသို့ ဆေးထိုးအပ် ထည့်လိုက်ပြီး ဆေးရည်များကို တဖြည်းဖြည်း စုတ်ယူလိုက်၏။ သည့်နောက် ကြည်လင်သော ဖန်ပြွန်ထဲသို့ ဆေးရည်များ ဝင်လာလျက်နေသည်ကို ကြည့်ရှုမှတ်သားနေသည်။ ခုနစ်စီစီ၊ ရှစ်စီစီ၊ ကိုးစီစီ၊ ဆယ်စီစီ။ တော်ပြီ။ မြင်း၏ ကပ္ပယ်အိတ်ထဲသို့ ထိုမျှလောက် တုံ့ဆေးပင်လျှင် ရဲရဲအလုပ်လုပ်၍ ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆေးထိုးအပ်ကိုင်ထားသော ကျွန်တော့်လက်မှာ တုန်နေသဖြင့် လက်ငြိမ်အောင် စောင့်နေရသေးသည်။ လက်ငြိမ်မှ ဆေးထိုး၍ဖြစ်မည်။

ခဏကြာ၍ လက်ငြိမ်လာသောအခါ ကျွန်တော်သည် ဆေးထိုးအပ်ကိုင်ထားသော လကျ်ာဘက်လက်ကိုမြှောက်၍ မြင်းအနီးသို့ ချဉ်းကပ်လိုက်သည်။ ထို့နောက် ဘယ်ဘက်လက်ဖြင့် မြင်း၏တင်ပါးကို အသာအယာပုတ်၍ ချော့မော့ကာ ထိုလက်ကို တဖြည်းဖြည်း အောက်သို့ လျှောချလာပြီး မြင်း၏သိုကို ဆုပ်ကိုင်လိုက်ရသည်။ မြင်းသည် နားရွက်နှစ်ဖက်စလုံးကို နောက်သို့ ပစ်လိုက်ပြီး ကျွန်တော့်ဘက်က သူ့မျက်လုံးဖြင့် ကျွန်တော့်ကို စေ့၍ကြည့်လေသည်။ မည်သို့ရှိစေ သူ၏ သိုကို ကျွန်တော်ဆုပ်ကိုင်နေပြီဖြစ်ရာ ဘာမျှ စောင့်ဆိုင်းနေဖို့ရာ မလိုတော့၍ အပ်ကိုထိုးစိုက်လိုက်ရလေ၏။

မြင်းသည် သူ၏ ကြီးမားလှသော ခန္ဓာကိုယ်ကြီးကို တစ်စက္ကန့်အတွင်း မည်သို့လှည့်လိုက်နိုင်သည်မသိ။ ကျွန်တော်သည် ခပ်ဝေးဝေးသို့ လွင့်သွားပြီး ဖင်ထိုင်ကျ၍ သွားတော့မှ မြင်းက ကန်ထည့်လိုက်သည်ကို သိရတော့၏။ ဆရာပီမိုးနင်း၏ 'ဒလဘက်သီးသုံးလုံး' ဝတ္ထုထဲတွင် 'မြင်းကန်သလို ပြင်းထန်၏'ဟူသော အသုံးအနှုန်းကို တွေ့ရှိ ဖတ်ရှုရစဉ်က စိတ်ကူးဖြင့် ခန့်မှန်းကြည့်ရုံသာ ကြည့်နိုင်ခဲ့သည်။ ယခု ကျွန်တော် ခံရသလောက်တော့ ပြင်းထန်လိမ့်မယ်ဟု မထင်ခဲ့မိပေ။ စာတွေ့ထက် ကိုယ်တွေ့ကျမှ လူပါလွင့်ပြီး ဖင်ထိုင်ကျကာ မထနိုင်အောင် ပြင်းထန်လှသည်ကို သိရလေတော့သည်။

ကျွန်တော်သည် ညာဘက်ပေါင်ကို မြင်းကန်သည့်ဒဏ်ကြောင့် ကျိုး၍ မသွားသော်လည်း မလှုပ်နိုင်အောင် ဖြစ်နေသည်။ အကန်ခံရစဉ်က

www.burmeseclassic.com

www.burmeseclassic.com



ထုပ္ပသွား၍ ဘာမျှဖြစ်မည် မထင်ရသော်လည်း ထလိုက်တော့မှ ခွာနှင့် ပေါက်ခံရသည့် နေရာတွင် လှံဖြင့် ထိုးခံရသလိုဖြစ်ကာ ပေါင်တစ်ခုလုံး နာကျင်စူးရှခြင်းကို ပြင်းပြစွာ ခံရကာ ပြန်၍ လှဲချလိုက်ရလေ၏။

ကျွန်တော်သည် ပြင်းပြလှသည့် ဝေဒနာကြောင့် မျက်စိမှိတ်ပြီး အံကြိတ်ထားရရာက မျက်စိကိုပြန်၍ ဖွင့်လိုက်သည့်အခါ ကျွန်တော့်ကို ထူရန် ပြေးလာသော ကိုရေချမ်းကို တွေ့ရလေသည်။

"ဆရာလေး ဘယ်လိုနေလဲ။ တော်တော် နာနေလား"

"နာတာတော့ မပြောနဲ့...၊ တော်တော့ ပိုဘက် နှစ်ဘူတာ လောက်လွန်လိမ့်မယ်ထင်တယ်။ ဒါပေမဲ့ သေတော့မသေနိုင်ပါဘူး"

ကျွန်တော်သည် နာကျင်နေရသည့်အထဲက ယခုလို ပြက်လုံးထုတ် နိုင်သည်ကိုပင် ကိုယ့်ဟာကိုယ် အံ့ဩမိသည်။ တကယ်တော့ ကျွန်တော်သည် လူကြီးရှက်တော့ ရယ်သည်ဆိုသလို အရှက်ပြေ ပြောလိုက်ခြင်းသာလျှင် ဖြစ်ပေသည်။

"ဒီနေ့တော့ မဖြစ်တော့ဘူး ထင်တယ် ကိုရေချမ်းရေ။ မြင်းက အကိုင်ခံတော့မှာ မဟုတ်တော့ဘူး။ ကျုပ်ကိုင်ရင်လည်း ကိုလွန်းဝေအတိုင်း ဖြစ်မှာပဲ။ ကျုပ်ဖြစ်လို့တော့ အရေးမဟုတ်ပါဘူး။ အပြန်မှာ ကားမောင်း ပို့မယ့်လူ မရှိလို့ ခက်နေမယ်"

"ဒီလိုဆိုတော့လည်း နောက်တစ်နေ့နေ့ပေါ့ ဆရာကြီးရယ်။ မတတ်သာလည်း ဒီအတိုင်း ခိုင်းရုံပေါ့"

"ဖြစ်ပါတယ်၊ ဒီကောင်ကြီးကို ဒီလိုလုပ်လို့မရရင် နောက်တစ်ခါ ကလိုရှိဖောင်းပေးပြီး လုပ်မယ် မဟုတ်လား"

"ဖြစ်ပါတယ်၊ ဖြစ်ပါတယ်။ ဒါက အရေးမကြီးပါဘူး။ ဆရာ လေးကို ကားပေါ်တင်ပေးကြပါဦး။ ဖြစ်မှဖြစ်ရလေ ဆရာလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းလိုက်တာ"

"ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော်က မရဲဘဲနဲ့ ကျွဲပြိုင်စီးဆိုတာလို မရဲတရဲသွားပြီး ကိုင်မိလို့ ဖြစ်ရတာပါ။ ကားမောင်းတဲ့လူဟာ ကားတိုက်မှုမှ ချောက်ထဲကျမှုမှ ကားမောင်းကျင်လည်သလို မြင်းကို ကိုင်တဲ့လူလည်း အခုလို ဖြစ်ပြီးမှ နားလည်တယ်။ အခု ကျွန်တော် လက်တွေ့စာမေးပွဲ အောင်သွားပြီ။ နောက်တစ်ခါဆိုရင် မကြောက်တော့ဘူး"

ထိုသို့ပြောလိုက်ရသော်လည်း ကျွန်တော်သည် ကိုရေချမ်းထံသို့ နောက်တစ်ခါ လာဖို့ရန် စိတ်မရှိတော့ပေ။ ကျွန်တော်ရရှိသည့် ဒဏ်ရာမှာ ခြေကျိုးရလောက်အောင် မဖြစ်သော်လည်း ပေါင်တွင် မြင်းကန်ခံရသည့်နေရာ၌ သွေးများဥကာ အကြိတ်အခဲကြီး ဖြစ်၍နေလေသည်။ ပေါင်တစ်ခုလုံးမှာလည်း အညိုအမဲ စွဲကာ ဖြူနီညိုပြာ ရောင်စုံဖြာ၍ နေပေတော့၏။

ကျွန်တော်သည် လဆန်းပက္ခ လတစ်ဝက်လုံး ချိုင်းထောက်ကို သုံးကာ စစ်ပြန်ရဲဘော်ပမာ ဖြစ်နေခဲ့ပါ၏။ ဘယ်ကိုမှလည်း မသွားနိုင်။ ဘာမျှလည်း မလုပ်နိုင်။ အချိန်ရှိသမျှ ကျွန်တော်၏ ချစ်လှစွာသော ခွေးကလေး အောင်နက်နှင့်သာ အဖော်လုပ်၍ နေခဲ့ရလေသည်။

ထိုအချိန်အတွင်း ကျွန်တော်၏ စိတ်သည် ရီရီဝင်းထံသို့သာ ရောက်နေသည်။ သို့သော် စိတ်သွားတိုင်း ကိုယ်မပါ ဆိုသည့် စကားသည် ကျွန်တော့်အဖို့ တကယ်မှန်ပေသည်။ ကျွန်တော်သည် ရီရီဝင်းထံ စိတ်သာရောက်သည် လူမရောက်နိုင်။ ထိုသို့မရောက်နိုင်သည့်အတွက် ဗိုလ်မှူးရဲဝင်းအား ကျွန်တော့်ချစ်ကိစ္စကို ဖွင့်ဟပြောပြရေးမှာ ရေစုန်မျှောသော့မည့် အဖြစ်သို့ ရောက်ရှိခဲ့လေတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

# (၉)

တစ်နေ့တွင် ကျွန်တော့်အိမ်ထဲသို့ မိန်းမပျိုတစ်ဦး ဝင်လာသည်။ သူ့လက်ထဲတွင် အမွှေးစုတ်ဖွားနှင့် ခွေးကလေးတစ်ကောင်ကို ပိုက်၍လာသည်။ ထိုသို့တွေ့ရသဖြင့် ကျွန်တော်သည် ကိုယ့်မျက်စိကိုပင် ကိုယ်မယုံချင်အောင် ဖြစ်မိသည်။ အကြောင်းသော်ကား အိမ်ထဲသို့ ဝင်လာသူမှာ ရီရီဝင်းဖြစ်၍ နေသောကြောင့် ဖြစ်ပေသည်။ ကျွန်တော်သည် ယခုလို ကျွန်တော့်ထံသို့ သူလာရောက်လိမ့်မည်ဟု ဘယ်အခါကမျှ မမျှော်လင့်ခဲ့မိချေ။ ထို့ကြောင့် ကျွန်တော်သည် ရုတ်တရက် အံ့အားသင့်ပြီး ငေးကြောင်၍ ကြည့်နေမိသည်။ နောက်မှ သတိရကာ သူ့အား ဆီးကြိုနှုတ်ဆက်လိုက်သည်။

"ဟာ…ရီရီပါလား။ မလာစဖူး အလာထူးလို့ ရီရီဟုတ်မှဟုတ်ပါမလားလို့တောင် ထင်ပြီး ကြည့်နေမိတာ။ လာပါ၊ လာပါ"

"ဥမ္မာကို ပြချင်လို့လာတာ။ ကိုလွန်းဝေ ရှိမှရှိပါ့မလားလို့ စိတ်ထဲက တထင့်ထင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အမြဲရှိပါတယ်။ ဘယ်မှ မသွားနိုင်တာ နှစ်ပတ်လောက် ရှိပါပြီ။ ပေါင်ကို မြင်းကန်ထားခံရလို့"

"ဟုတ်လား။ ကျွန်မ မသိလို့ပါရှင်။ သိရင်မနေပါဘူး။ လာပြီး မေးပါတယ်။ ကိုလွန်းဝေ အခုတလော ကျွန်မတို့ဘက် ရောက်မလာတာ အလုပ်တွေများနေလို့ပဲလို့ ထင်နေတာ"

ရီရီဝင်းထံမှ သည်စကားကို ကြားရသည့်အတွက် ကျွန်တော် ဝမ်းသာရလေသည်။

"အို...ရီရီဝင်း လာပြီး မေးရမြန်းရလောက်အောင် ကြီးကြီးကျယ် ကျယ် ဖြစ်တာမဟုတ်လို့ ဘယ်သူ့ဆီကမှ မကြားရတာ ဖြစ်ပါလိမ့်မယ်၊ ကျွန်တော်ကလည်း အကြောင်းကြားစရာ မလိုတဲ့ဟာမို့ အပြောမလွှတ် ခဲ့တာပါ"

"အခု ဘယ့်နှယ်နေသေးသလဲ"

"ကောင်းနေပါပြီ၊ ဘာမှမဖြစ်တော့ပါဘူး၊ မှတ်လောက်သား လောက် သေရာပါ အမှတ်တစ်ခုတော့ ရထားတာပေါ့လေ၊ ဒါထက် ဥမ္မာ ဘာဖြစ်လို့လဲ"

"ဥမ္မာလည်း အခုတလော ထမင်းကောင်းကောင်းမစားဘူး၊ အရင် က သူ့ကို ကျွေးစရာရှိလို့ ခေါ်လိုက်ရင် ဝမ်းသာအားရ ပြေးလာတတ် တယ်၊ အခု ဒီလိုမဟုတ်ဘူး၊ ခေါ်ပေမဲ့ မလာချင်မလာဘူး၊ ချောင်ထဲ သွားပြီး ကုတ်နေတဲ့အခါ နေတယ်၊ သူ့သွားခေါ်ရင် မာန်ချင်တယ်"

"ကဲ...ဥမ္မာကို လက်ထဲက ချပါဦး စမ်းကြည့်ရအောင်"

ရီရီဝင်းက ဥမ္မာကို အသာအယာ ချပေးသည်။

"ဝုတ်...ဝုတ်"

ထိုအသံမှာ ဥမ္မာ၏ ဟောင်သံမဟုတ်ချေ။ ဥမ္မာသည် တယ်ရီယာ

www.burmeseclassic.com

www.burmeseclassic.com



ခွေးငယ်မျိုးဖြစ်၍ ထိုခွေးမျိုး ဟောင်သံမှာ သံသေးသံကြောင်ဖြစ်ပြီး စူးရှသည်။ ယခုကြားရသည့် ဟောင်သံမှာ ခွေးကြီးဟောင်သံဖြစ်ပြီး အသံကျယ်သည်။ ထိုအသံကို ကြားရသည်နှင့် အသံရှင်မှာ အောင်နက်ဖြစ်ကြောင်း သိရသည်။ သို့သော် သူဟောင်လိုက်ခြင်းသည် ဖိုသံပေးလိုက်ခြင်းလော၊ သို့မဟုတ် ရန်ထောင်လိုက်ခြင်းလော ဆိုသည်ကို ကျွန်တော်မသိ။ ကျွန်တော်သည် ခွေးရောဂါကိုသာ နားလည်သည်။ ခွေးစကားကိုကား နားမလည်၊ သို့ဖြစ်၍ အောင်နက်ကို ဘာမျှမလုပ်ရန် ဟန့်တားလိုက်ရသည်။

"အောင်နက်နော်"

အောင်နက်သည် နောက်ထပ်၍ မဟောင်တော့သော်လည်း သူ့ပါးစပ်က တကျွီကျွီလုပ်၍ နေလေသည်။ သူသည် အမွေးစုတ်ဖွားနှင့် သတ္တဝါမကလေးကို ချစ်စရာလေးဟု မမြင်ဘဲ စားစရာလေးတစ်ခု ထင်လေသလား မသိ။ သူသည် တစ်စုံတစ်ရာကို စားချင်ဝါးချင်လျှင် သို့မဟုတ် ကိုက်ချင်ခဲချင်လျှင် ယခုလို အသံပေးတတ်သည်။ သူသည် ကျွန်တော့်ထံသို့ ရောက်ခါမှ ကျွန်တော်မရှိရိုက် ပေါက်လွှတ်ပဲစားသွားလာလည်ပတ်တတ်ပြီး စားချင်ရာ စားတတ်လာသည်။

သူသည် ဖိနပ်ကိုတွေ့လျှင် ဖိနပ်ကိုကိုက်သည်။ ဝါးသည်။ စားသည်။ တစ်ခါတစ်ခါ တခြားအိမ်က ဖိနပ်ကို ကိုက်ချီလာပြီး ဆွဲဖြဲကိုက်ဝါး ဖျက်ဆီးပစ်သဖြင့် ဖိနပ်ဖိုး လျော်ရသည်မှာ တစ်ကြိမ်မကတော့ပေ။ အိမ်သို့ စက်ဘီးနှင့်လာသူတစ်ဦးတစ်ယော[illegible]သည် အိမ်ရှေ့တွင် စက်ဘီးထောင်၍ ထားခဲ့လျှင် စက်ဘီးတာရာကို ဝါးတတ်သည်။ သူသည် တွေ့မရှောင် အကုန်စားတတ်နေရာ ရီရီဝင်း၏လက်ထဲက စုတ်ဖွားကလေးကိုလည်း မနက်စာအဖြစ် ပွဲတော်တည်ချင်နေဟန် တူပေသည်။

ကျွန်တော်က ဥမ္မာကို စမ်းသပ်ကြည့်မည်အပြုတွင် ဥမ္မာသည်

www.burmeseclassic.com

www.burmeseclassic.com



အစမ်းမခံလို၍ ငြင်းဆန်သည့်အလား 'ဂဲ ငဲ ငဲ'ဟူသော အသံကိုပြုကာ ကျွန်တော့်လက်ကို ဖမ်း၍ ဟပ်လိုက်ရာ ကျွန်တော် အရှောင်ကောင်း၍ ကျွန်တော့်လက်မှာ ဥမ္မာ၏မနက်စာ ဖြစ်မသွားခဲ့ရပေ။

ခွေးများသည် သခင့်အပေါ်တွင် သစ္စာရှိကြသည်။ သခင့်ကျေးဇူးကိုသိသည်။ သခင်၌ အန္တရာယ်ကျရောက်မည်ကိုမြင်လျှင် အသက်စွန့်၍ ကာကွယ်တတ်ကြသည်။ အောင်နက်သည် စားကောင်းသောအရာလော၊ မစားကောင်းသောအရာလောဟု ဝေခွဲမရ ရှိနေစဉ် ဥမ္မာက ကျွန်တော့်အား ကိုက်မည်လုပ်သည်ကို တွေ့ရသဖြင့် ထိုစုတ်ဖွားကလေးကို အပြတ်ရှင်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ ဝုန်းခနဲရှေ့သို့ ခုန်ထွက်လိုက်သည်။

ဥမ္မာသည် အောင်နက်ခုန်လွှားလိုက်သည်ကို မြင်သည်နှင့် လှစ်ခနဲ ထွက်ပြေးလေတော့၏။ အောင်နက်သည် ဥမ္မာကို မမိလိုက်ချေ။ ဥမ္မာသည် ယခင်က အဆီအအိမ့်များကို အီဖောင်းနေအောင် စားခဲ့သဖြင့် လမ်းကိုပင် ကောင်းစွာ မသွားနိုင်ခဲ့သော်လည်း ယခုမှာမူ ကြောက်အားလန့်အားနှင့် ထွက်ပြေးခဲ့ရာ အောင်နက်သည် သူ့ကို မမှီနိုင်အောင် ရှိလေ၏။

"လုပ်ကြပါဦး၊ လုပ်ကြပါဦး၊ ကျွန်မခွေးကလေး သေပါတော့မယ်"

ရီရီဝင်း၏ စိုးရိမ်တကြီး အကူအညီတောင်းသံကြောင့် ကျွန်တော်လည်း ဝုန်းခနဲထွက်၍ လိုက်ရလေသည်။ အပြင်သို့ရောက်သည့်အခါ အောင်နက်က ဥမ္မာကို သဲကြီးမဲကြီး လိုက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်လည်း ပြေး၍လိုက်ရလေသည်။ ဥမ္မာက ရှေ့ကပြေး အောင်နက်က နောက်ကလိုက်။ အောင်နက်က ရှေ့ကပြေး ကျွန်တော်က နောက်ကလိုက်နှင့် ကျွန်တော်တို့၏ တာပြေးပွဲအစီအစဉ်မှာ ဥမ္မာက ပထမပေါက်က ပြေးနေပြီး အောင်နက်က ဒုတိယပေါက်မှ မေး၍လိုက်နေလျက် ကျွန်တော်က တတိယပေါက်က ခြေကုန်သုတ်နေရသည့်အဖြစ်မှာ ရှိနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင် လက်သပ်မွေးထားသော ခွေးများသည် လူတောထဲသို့ မတိုးတတ် မသွားတတ် မလာတတ်ကြချေ။ သူတို့သည် ပြေးချင်ရာကို စွတ်၍ ပြေးတတ်ကြရာ ဟိုလူဒီလူက ခြောက်လိုက်မောင်းလိုက် နှင်လိုက်လျှင် လန့်ဖျပ်ပြီး မိမိတို့ကိုယ်ကို ကာကွယ်သည့်အနေဖြင့် ပြေးရင်း လွှားရင်း မဲမဲမြင်သမျှ ကိုက်တတ်ကြလေသည်။

"အောင်နက်...အောင်နက်"

ကျွန်တော် အော်၍ ခေါ်လိုက်သည့်အသံကိုကြား၍ အောင်နက်သည် မပြေးဘဲ တန့်ရပ်သွားပြီး ကျွန်တော့်ကို လှည့်ကြည့်လေသည်။ ဦးမှာကမူ ပြေးမြဲ ဆက်၍ ပြေးနေရာက သူ့ရှေ့တွင် လမ်းပိတ်ထားသလို ကန့်လန့်ခံနေသည့် ကလေးတစ်ယောက်ကို ကိုက်ပြီး ပြေးလေတော့သည်။ ဤတွင် လမ်းပေါ်ရှိ လူများက 'ခွေးရူး...ခွေးရူး'ဟု အော်ဟစ်ကာ ဦးမှာ နောက်သို့ လိုက်ပြီး ခဲများဖြင့် ပစ်ကြခတ်ကြလေ၏။ ရှေ့ခပ်လှမ်းလှမ်းရှိ လူများကလည်း ဦးမှာကိုဆီး၍ ရိုက်ကြ နှက်ကြလေသည်။

"မရိုက်ကြပါနဲ့၊ မရိုက်ကြပါနဲ့။ ခွေးကောင်းပါဗျို့ ခွေးကောင်းပါ"

ယခုလို ကျွန်တော်က ဟစ်အော်၍ပြောသော်လည်း ရှေ့က လူများက မကြားကြချေ။ 'ခွေးရူး...ခွေးရူး'ဟူသော အော်သံများက ကျွန်တော့် အသံကို လွှမ်းဖုံးလျက် ရှိလေတော့သည်။

ဦးမှာသည် သတ္တဝါနှင့် လက်နက်နှင့် မမျှဘဲ အရိုက်ခံရသဖြင့် ပုံ၍ လဲကျသွားသည်ကို လှမ်း၍မြင်လိုက်ရသည်။ သူ့အနားသို့ ကျွန်တော် ရောက်ရှိသွားသည့်အခါ ဆန့်ငင်ဆန့်ငင်နှင့် ဖြစ်နေလေပြီ။ ကျွန်တော် သည် နောက်သို့ လှည့်ကြည့်လိုက်သည့်အခါ ရီရီဝင်းပြေးလာနေသည်ကို တွေ့ရ၏။

အောင်နက်သည် အခြေအနေကို သုံးသပ်မိလေရော့သလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာမှ ကြည့်၍မမြင်။ ကြက်ပျောက် ငှက်ပျောက် ပျောက်၍ သွားလေသည်။

'ဥမ္မာသေပြီထင်ပါရဲ့၊ လုပ်ကြပါဦး၊ လုပ်ကြပါဦး'ဟု ဆိုကာ ရီရီဝင်းပြေးလာပြီး ဥမ္မာကိုကောက်၍ ပွေ့လိုက်ရင်း 'အမယ်လေး၊ ရက်စက်လိုက်ကြတာ၊ ကျွန်မဥမ္မာကလေး သေပါပြီရှင်'ဟု ဆိုရာက မျက်ရည်များ ယိုစီး၍ ကျလာလေ၏။

ရီရီဝင်းသည် ဝမ်းနည်းဖိုလှိုက်ကာ ငိုရှိုက်နေရာက ဥမ္မာကို ကြည့်ရင်း ကြည့်ရင်း သူ့မျက်နှာတွင် ဒေါသအရိပ်အရောင်များ ဖြာသန်းနီမြန်းလာကာ သူ့ပတ်ဝန်းကျင်ကို လှည့်၍ကြည့်လိုက်လေသည်။ 'ရှင်တို့ဟာ ခွေးရူးနဲ့ ခွေးကောင်းကိုမှ ခွဲခြားပြီး မသိတတ်ကြဘူးလား။ ဒီခွေးမျိုးဟာ ခွေးလေခွေးလွင့်လား၊ အိမ်မှာလက်သပ်မွေးတဲ့ ခွေးလား၊ ကြည့်စမ်းပါဦး။ ရှင်တို့ဟာ ဒီလိုသဘော်ခွေးမျိုးကိုမှ မြင်ဖူးကြရဲ့လား'

ပတ်ဝန်းကျင်ရှိလူများသည် စောစောက ဥမ္မာကိုဝိုင်း၍ ရိုက်တုန်းက ရိုက်ကြသော်လည်း ယခုမူ မိမိတို့နှင့်မဆိုင်၊ မိမိတို့ ဘာမျှမသိကြသကဲ့သို့ မသိကျိုးကျွန်လုပ်ကာ တစ်ယောက်ပြီးတစ်ယောက် ရှောင်ခွာသွားကြလေ၏။ သည်တွင် ရီရီဝင်းသည် ကျွန်တော့်ဘက်သို့ လှည့်လာလေသည်။

ကျွန်တော်သည် ခြေမကိုင်မိ လက်မကိုင်မိနှင့် ယောင်နနဖြစ်နေစဉ် ရီရီဝင်းသည် ဒေါသအနိုးအလျှံများ ထကြွနေသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို စားတော့မလို ဝါးတော့မလို စူးစိုက်၍ ကြည့်နေသဖြင့် ကျွန်တော်မှာ မျက်နှာမထားတတ်အောင် ဖြစ်ရလေသည်။

"ကျွန်မ ရှင့်ဆီကိုလာမိတာ မှားတာပဲရှင်။ ရှင့်ဆီမှာ ခွေးစုတ်ခွေးယုတ်တစ်ကောင်ရှိနေမှန်းသိရင် ဥမ္မာကိုခေါ်မလာပါဘူး ရှင့် ခွေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ယုတ် လိုက်ကိုက်လို့ ကျွန်မ ဥမ္မာကလေး အခုလို ဖြစ်ရတာ"

"ကျုပ်ကလည်း ခင်ဗျားခွေးကို ခေါ်ခဲ့ပါလို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး။ ခင်ဗျားကိုလည်း ကျုပ်အိမ်ကို လာပါလို့ မဖိတ်ခေါ်ခဲ့ပါဘူး။ ခင်ဗျားဟာခင်ဗျား သွားနေကြ ဦးပြည့်စုံဆီကို မသွားဘဲ ကျုပ်ဆီ ဆတ်ဆော့ပြီးလာတာ ကျုပ်ဘာတတ်နိုင်မှာလဲ"

ရီရီဝင်းသည် ကျွန်တော်နှင့် မသင့်မြတ်သူ ဖြစ်ခဲ့ပါလျှင် သည်အတိုင်းပဲ ကျွန်တော် ပြောဖို့ရှိသည်။ သို့သော် သည်လို ကျွန်တော် မပြောရက်ပါ။ ပြောဖို့လည်း အကြောင်းမရှိပါ။ တကယ်တော့ ကျွန်တော်က သူ့ကိုအမြဲ ကြိုဆိုနေသူမဟုတ်ပါလား။ ကျွန်တော်မှာ ရတ်တရက် မချော်လင့်ဘဲ ဖြစ်လာခဲ့သည့်ကိစ္စအတွက် စိတ်မကောင်းဖြစ်ရသည်မှတစ်ပါး ဘာမျှမပြောတတ် မဆိုတတ် ဖြစ်နေရ၏။

"ကျွန်...ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် အောင်နက်ကိုလည်း ဆုံးမပါမယ်"

"ရှင့်ခွေး ရှင်ဆုံးမပေမဲ့ ကျွန်မ ဥမ္မာကလေး ပြန်ရှင်လာမှာ မဟုတ်တော့ပါဘူး။ ရှင် စောစောက အဆုံးအမ မရှိလို့ ရှင့်ခွေးဟာ အခုလို လိုက်ကိုက်တာပေါ့"

"စိတ်မဆိုးပါနဲ့ ရီရီ၊ အောင်နက်ဟာ မြန်မာခွေးဖြစ်ပေမဲ့ ခွေးစုတ်ခွေးယုတ် မဟုတ်ပါဘူး။ အင်မတန်လိမ္မာတဲ့ ခွေးပါ။ ဒီနေ့မှ ဘယ်လိုဖြစ်တယ် မသိပါဘူး ရီရီရယ်"

'ခွေးစုတ်မဟုတ်လို့ ခွေးလိမ္မာဆိုရင် ခွေးမမြင်ရင် ငန်းငန်းတက်နေတဲ့ ခွေးဖြစ်လို့ပေါ့' ရီရီဝင်းသည် ကျွန်တော့်ကို မျက်စောင်းတစ်ချက် ထိုးကြည့်ပြီး 'ဟင်း...သူ့သခင်အတိုင်းပဲ'ဟု ဆိုလိုက်၏။

သူ့စကားကြောင့် ကျွန်တော် ရယ်လည်းရယ်ချင်၊ ငိုလည်းငိုချင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိသည်။ ရုက်လည်း အလွန်ရှက်သည်။ ကံအားလျော်စွာ ဘေးပတ်လည်က လူများ ရှောင်ရှားသွားခဲ့ကြပြီး လူရှင်းနေသဖြင့် ကျွန်တော် ချက်နှာမော်ရဲတော့သည်။ သို့သော် ရီရီဝင်းကို ကျွန်တော် စိတ်မဆိုးပါ။ သူသည် ဥမ္မာအတွက် ယူကျုံးမရ ဖြစ်နေသည့်အတွက် ပြောမိပြောရာ ပြောလိုက်ခြင်းဖြစ်သည်ဟု ကျွန်တော်ခံယူမိပါသည်။ သူဘာယ်လိုပဲ ပြောပြော သူ့ကိုတော့ ကျွန်တော် ခွင့်လွှတ်ရန် အမြဲအသင့်ရှိပါသည်။

"ရီရီ ကျွန်တော့်ကို ပြောချင်သလို ပြောပါ။ ပြောနိုင်ပါတယ်။ ါပေမဲ့ ဒီနေရာမှာ ဒီစကားတွေ မပြောသင့်ဘူးလို့ ထင်ပါတယ်။ ကျွန်တော် အခုလို ပြောတာ ဆုံးမတာ မဟုတ်ပါဘူး။ အသနားခံနေတာ ါ။ အခု ကျွန်တော် ဘာလုပ်ပေးရမလဲဆိုတာကိုသာ ပြောပါ ရီရီရယ်"

"ဥမ္မာကို ကျွန်မယူပြီး ပြန်မယ်။ ကျွန်မ အချစ်ကလေးကို ခွေးတ်ခွေးယုတ် ခွေးသေကောင်ပုပ်တွေလို လမ်းပေါ်မှာ ပစ်မထားခဲ့ရက်ဘူး"

"ဒီလိုဆိုရင် ကျွန်တော်လိုက်ပြီး ပို့ပေးပါမယ်"

"အို...ရှင်လိုက်မလာနဲ့။ ကျွန်မကို မြင်းလှည်းသာ ခေါ်ပေးပါ။ ကျွန်မဘာသာ ကျွန်မပြန်မယ်"

ကျွန်တော်သည် ရီရီဝင်းကို စတင်တွေ့ရကတည်းက သူသည် သတ္တိခဲကလေးတစ်ယောက်ဖြစ်ခြင်းကို အကဲခတ်မိခဲ့ပါသည်။ ယခုတော့ သူသည် သတ္တိခဲမလေးတစ်ယောက် ဖြစ်ရုံသာမက မာနခဲကလေးလည်း ဖြစ်ခြင်းကို ပို၍ သိလာရပါသည်။ ကျွန်တော်သည် ဦးပြည့်စုံထံမှ သူ့အကြောင်းကို သိရှိထားရပြီး ဖြစ်၍ သူ ဘာကြောင့် သတ္တိခဲကလေး ဖြစ်နေသည်ဆိုခြင်းမှာ ကျွန်တော့်အဖို့ ရှင်းနေပါသည်။ သူသည် ဗိုလ်မှူးတစ်ယောက်၏ သမီးအနေဖြင့်လည်း မာနကြီးမည်ဆိုက ကြီးနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်အဖို့မှာ ကျွန်တော်သည် သူနှင့် စကားအချီအချ ပြော မနေဘဲ မြင်းလှည်းတစ်စီးကိုခေါ်၍ သူနှင့် ဥမ္မာကို လှည်းပေါ်တင်ပြီး ပေးလိုက်ရန်သာ ရှိပေတော့သည်။

ကျွန်တော်သည် ရပ်ထဲရွာထဲတွင် လူသိများ၍ လေးစားခြင်း ခံရသူတစ်ဦး မဖြစ်ခဲ့ပါလျှင် မြင်းလှည်းငှား၍ လွယ်မည် မဟုတ်ပါ။ မြန်မာတို့သည် ခွေးသေကောင်ကို ကြိုးနှင့်ဆွဲ၍ အမှိုက်ပုံး သို့မဟုတ် ရွာပြင်သို့ စွန့်ပစ်လေ့ရှိကြပါသည်။ ခွေးသေကို မြင်းလှည်းဖြင့် တင်ယူပြီး မြှုပ်နှံကြရန် စိတ်မကူးကြပါ။ အငှားမြင်းလှည်းများကလည်း မတင်ချင်ကြ ပါ။ ယခုမူ ကျွန်တော့်မျက်နှာကြောင့် တစ်ကြောင်း၊ ရီရီဝင်းကလည်း ဗိုလ်မှူးတစ်ဦး၏ သမီးဖြစ်နေ ခွေးကလည်း ချစ်စရာသဘော်ခွေးကလေး ဖြစ်နေသည်က တကြောင်းကြောင့် မြင်းလှည်းကို အလွယ်တကူ ခေါ်၍ ရလေသည်။

ရီရီဝင်းသည် ဥမ္မာကို ကျွန်တော့်အကိုင်ပင်မခံဘဲ သူကိုယ်တိုင် မြင်းလှည်းပေါ်သို့ ပွေ့ချီ၍တင်ပြီး ကျွန်တော့်ကိုလည်း အဘက်လုပ်၍ နှုတ်မဆက်ဘဲ ထွက်ခွာသွားလေသည်။

ကျွန်တော်သည် စိတ်မချမ်းမသာဖြင့် အိမ်သို့ ပြန်ခဲ့ရသည်။

အိမ်သို့ရောက်သောအခါ ကျွန်တော့်အရင် အောင်နက်ရောက်နှင့် နေသည်ကို တွေ့ရလေ၏။ သူသည် ကျွန်တော့်ကိုမြင်ရသည်နှင့် တောင်းပန် သလိုလို တစ်စုံတစ်ရာ ပြောချင်သလိုလို တကွိကွိ လုပ်၍နေသည်။ ကျွန်တော်က သူ့ကို ဆုံးမပါမည်ဟု ရီရီဝင်းအား ကတိပြုခဲ့သော်လည်း သူ့ကို ရိုက်နှက်ဆုံးမစရာ အကြောင်းကို ရှာ၍မတွေ့သဖြင့် ထိုကတိအတိုင်း မလိုက်နာနိုင်ခဲ့ပေ။

အောင်နက်သည် စောစောက တွေ့ရသလို ဂမူးရှူးထိုး အလုပ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို ဘယ်ခါကမှ မလုပ်ခဲ့ဘူးချေ။ ယခုမူ ကျွန်တော်နှင့် ရီရီဝင်းတို့၏ ဆက်ဆံရေးပျက်ပြားအောင် ကြံမှာငင်လေရော့သလား မသိ။ အိမ်ကို လာသည့်ချေ့သည် ခွေးပျိုမကလေးကို သူ ရန်ရှာခဲ့လေသည်။

'ဖြစ်သမျှအကြောင်း အကောင်းချည်း'ဟု ဆိုရိုးရှိသော်လည်း ကျွန်တော့်အဖို့မှာကား တစ်ခုမျှမကောင်းပါ။ အထူးသဖြင့် ရီရီဝင်းနှင့် ပတ်သက်၍ ဖြစ်လာသမျှတို့တွင် အကောင်းတစ်ကွက်မျှ မတွေ့ခဲ့ရပါ။ မိုးကြိုးတုန်းကလည်း ကျွန်တော့်အပေါ် သူအထင်လွဲခဲ့သည်။ ယခုလည်း ဖြစ်ရပြန်ပြီ။

တကယ်တမ်းပြောရလျှင် ဥမ္မာသေရသည့်ကိစ္စ ပေါ်မလာခဲ့လျှင် ကျွန်တော်၏ အချစ်ခရီးလမ်းမှာ ဖြောင့်တန်းသာယာစရာ အကြောင်းများစွာ ရှိပေသည်။ ရီရီဝင်းသည် ဦးပြည့်စုံထံ သွားနေကြဖြစ်ရာ ဥမ္မာကို ပြစရာ ရှိလျှင် ဦးပြည့်စုံထံသို့ပဲ သွားဖို့ရန်ရှိသည်။ ယခုမူ ထိုသို့မဟုတ်ဘဲ ကျွန်တော့်ထံ သူလာသည်။ ထိုသို့ သူလာခြင်းမှာ ကျွန်တော်က ဦးပြည့် စုံထက် သာ၍တော်သောကြောင့် မဟုတ်နိုင်ပေ။ သူ့ကို ဘယ်မှာ ကျွန်တော် မှီနိုင်ပါမည်နည်း။ သို့ဖြစ်လျှင် သူ ဘာကြောင့် ကျွန်တော့်ထံ လာသနည်း။ အကြောင်းရှိရပေမည်။ ထိုအကြောင်းမှာ သူသည် ကျွန်တော့်ကို တွေ့ချင်၍ ဖြစ်ရပေမည်။ သူက သူ့ကို ကျွန်တော် မေတ္တာရှိနေသည့်အကြောင်းနှင့် သူ့ကိုလိုချင်သည့်အကြောင်း ဗိုလ်မှူးရဲဝင်းကို ပြောပါဟု ဆိုခဲ့သည်။ သို့သော် ကျွန်တော်၏ တုန့်ပြန်ချက်ကို မတွေ့ရသဖြင့် ထိုအကြောင်းကို သူ သိချင်ပေလိမ့်မည်။

ထိုအကြောင်းကို သိလို၍ သူသည် ဥမ္မာနေ၍မကောင်းသည်ဟူသော အကြောင်းရှာကာ ကျွန်တော့်ကို လာ၍တွေ့ခြင်း ဖြစ်ပေလိမ့်မည်။ သို့ ဖြစ်လျှင် သူသည် ဘယ်လိုပင် ဟန်ဆောင်စေကာမူ ကျွန်တော့်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



တိမ်းညွှတ်လာခြင်းမှာ ထင်ရှားနေပေပြီ။ ထိုအခြေအနေသို့ ရောက်လာကာမှ ယခုလိုဖြစ်ရခြင်းသည် 'စားတော့မည့်စားပွဲ ကြောင်ကန်၍ လှဲသည်' ဆိုသလို ဖြစ်ရလေရာ ကျွန်တော့်အဖို့မှာ ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့ဖို့ ရှိပေတော့၏။

ကျွန်တော်သည် အောင်နက်ကို တရားခံလုပ်နေလျှင် ကျွန်တော်သည်သာလျှင် အောင်နက်ထက် (ဝါ) ခွေးထက်မိုက်မဲရာ ကျပေတော့မည်။

မည်သို့ရှိစေ ကျွန်တော်သည် ရီရီဝင်းနှင့် ဟန်တော့မည့်အခြေအနေသို့ ရောက်ရှိလာကာမှ ယခုလို ဖြစ်ရခြင်းအတွက် ကြိတ်မနိုင် ခဲမရ ဖြစ်ရလေတော့သည်။

ယင်းသို့ ဖြစ်ခဲ့ရပြီးသည့်နောက် ကျွန်တော်သည် ကျွန်တော်၏ ရင်ထဲ၌ ခံစားချက်တို့ကို တစ်ဦးဦးထံ ဖွင့်အန်ပြချင်သည်။ သို့သော် ကျွန်တော်၏ အရင်းနှီးဆုံးဖြစ်သူမှာ အောင်နက်ပင်ဖြစ်၍နေသည်။ သူ့ကို ဖွင့်ဟပြောဆို၍လည်း သူနားလည်နိုင်မည်မဟုတ်ပေ။ အကယ်၍ သူသည် ဤကိစ္စနှင့်ပတ်သက်၍ သူနားလည်နိုင်စွမ်း ရှိပါကလည်း သူ့ကြောင့် ယခုလို ဖြစ်ရသည်ဟူ၍သာ နားလည်ကောင်း နားလည်ပေလိမ့်မည်။ သို့ဖြစ်ရာ ကျွန်တော်သည် ရင်ဖွင့်စရာလိုက်၍ရှာသည့်အခါ ဦးပြည့်စုံကိုသာ မြင်မိလေသည်။

သို့သော် ကျွန်တော်သည် ဤကိစ္စကို ဦးပြည့်စုံနှင့် တိုင်ပင်ရန် သင့်မသင့် ချင့်ချိန်နေသဖြင့် ထိုသို့ဖြစ်သည့်နေ့က ဦးပြည့်စုံထံ ရောက်မသွားခဲ့ပေ။ နောက်နေ့ကျမှ ဘာပဲဖြစ်ဖြစ် ဆရာနှင့်တပည့် ဘယ်အရာမဆို တိုင်ပင်သင့်သည်ဟု ဆုံးဖြတ်ကာ ဦးပြည့်စုံထံ ရောက်ရှိသွားခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် သူ့အား အကြောင်းစုံ ဖွင့်ဟ၍ ပြောပြလိုက်ပါသည်။ သူသည် ကျွန်တော်ပြောသည့် စကားများကို ငြိမ်သက်စွာ နားထောင်နေသော်လည်း ရီရီဝင်းနှင့် ကျွန်တော်၏ ကိစ္စကို သိပ်ပြီး စိတ်ဝင်စားပုံ မရပေ။ ထိုကိစ္စထက် ဥမ္မာ၏ ကျန်းမာရေး အခြေအနေကိုသာ လျှင် ပိုမို၍ စိတ်ဝင်စားသည်ကို တွေ့ရပေ၏။

"ခွေးမလေးက ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်သလဲဆိုတာ ကျွန်တော် စမ်းတောင်မကြည့်လိုက်ရဘူး ခင်ဗျ။ ရီရီဝင်းက ပြောတော့ နေမကောင်းဘူး၊ အစာမစားဘူး၊ မြူးမြူး ရွှင်ရွှင်မရှိဘူး။ ချောင်ကုတ်ပြီး နေတတ်တယ်လို့ ဆိုတာပဲ"

"မျက်စိအကြည့်ကကော"

"တယ်ရီယာအမွေးစုတ်ဖွားကလေးဆိုတော့ မျက်လုံးတောင် မမြင်ရဘူး ဆရာ"

"ခွေးကလေးဟာ စိတ်မှကောင်းရဲ့လား"

"အင်တီရှေဘီးဆေးထိုးဖို့တော့ ကျွန်တော် ပြောဖူးတယ်။ ဒါပေမဲ့ ရီရီဝင်းက အိမ်မှာ ကောင်းကောင်းမွန်မွန် မွေးထားတဲ့ ခွေးပဲ မလိုပါဘူးလို့ ဆိုတာပဲ။ ဆရာ့ဆီ မလာဘူးလား"

"ဒါကိုတော့ တစ်ခါမှလာပြီး မပြောဘူး။ ခက်တာက အိမ်မှာ မွေးထားတဲ့ ခွေးဖြစ်တာကြောင့် မရူးဘူးလို့ မပြောနိုင်ဘူး။ အဲဒီခွေးမျိုး ရူးမှ ပိုပြီးဆိုးတယ်။ အိမ်ကခွေးကလေး ကိုက်တာပဲ။ ဘာမှ မဖြစ်ပါဘူး ဆိုပြီး နေရာက ခွေးရူးပြန်ပြီး သေတဲ့လူတွေ များလှပြီ။ ခွေးဆိုတာ ကိုက်မှရူးတာ မဟုတ်ဘူး၊ ငယ်ငယ်လည်း ရူးတတ်တာပဲ။ အဲဒီ ဗိုင်းရပ်စ်ဟာ တစ်ခါတစ်ခါ တမေ့တမောနေပြီးမှ ထချင်ထတာ။ များသောအားဖြင့်တော့ လေးရက်အတွင်း ဒုက္ခပေးတတ်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်စုံ ပြောပြနေသည့် အကြောင်းအရာများမှာ ကျွန်တော်သိပြီး နားလည်ပြီးသား ဖြစ်သော်လည်း ဆရာသမားတစ်ယောက်က ယခုလို ပြောပြနေခြင်းကို ကျွန်တော်က သင်တန်းသားတစ်ယောက်ကဲ့သို့ အာရုံစူးစိုက်၍ နားထောင်နေရလေသည်။

"အိမ်မှာ ငြိမ်ငြိမ်နေတဲ့ ခွေးဟာ ရူးပြီဆိုရင် သိပ်ကိုက်တတ်တယ်။ အိမ်မှာ ကိုက်တတ်တဲ့ ခွေးများဟာ ရူးလာရင် ငြိမ်တယ်။ အဲဒါ မဆန်းဘူးလား။ ပြီးတော့ ခွေးရူးများဟာ ရေကိုကြောက်တယ်။ ခွေးရူးပြန်တဲ့လူဟာ ရေကို မျိုလို့မရဘူး။ ရေကိုမြင်ရင်ပဲ သူ့လည်ချောင်းဟာ ကျဉ်းလာတယ်။ မချိမဆန့်ဖြစ်လာတယ်။ အဲဒါကြောင့် ရေကို ကြောက်တယ်ဆိုတာ။ ပြီးတော့ ခွေးရူးဟာ လူရယ်ဘာရယ်ဆိုပြီး ရွေးကိုက်တာ မဟုတ်ဘူး။ သူ့မျက်စိထဲမှာ မဲမဲမြင်သမျှ သူနဲ့ တွေ့ထိသမျှဟာ စားစရာ ဝါးစရာမှတ်ပြီး ကိုက်တဲ့သဘောပါ။ ကျုပ်ပြောတာ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ ဆရာ"

ဦးပြည့်စုံသည် နဂိုက စကားကြွယ်ရသည့်အထဲ လေမိသွားဟန်တူသည်။ ဆက်လက်၍ ခွေးရူး 'လက်ချာ'ပို့ချနေပါလေတော့သည်။

'ခွေးရူးဆိုတာ သူ့ကို လူတွေက ဝိုင်းပြီး ရိုက်မသတ်လည်း သူရနေတဲ့ ရောဂါကြောင့်ပဲ လေးဆယ့်နှစ်နာရီအတွင်းမှာ သေသွားနိုင်တယ်။ အဲဒါကြောင့် ခွေးရူးကောင်းစား တမွှန်းတဲ့ ဆိုတဲ့စကား ရှိတာပေါ့'

ဦးပြည့်စုံသည် သူ့လက်ချာကို ခေတ္တနားလိုက်ပြီး 'အဲဒီ ခွေးမကလေးမှာ ရောဂါရှိမရှိ ပီအမ်လုပ်ကြည့်ရင် သိမှာပေါ့'ဟု ဆက်၍ ပြောလေသည်။

'ပီအမ်'ဆိုသည်မှာ အသေကောင်ကို ခွဲစိတ်၍ ရောဂါရှာဖွေစူးစမ်းခြင်းဖြစ်သည့် 'ပို့စ်မော်တမ်'ကို အတိုကောက် ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ 'ပီအမ်'ကို ကျွန်တော့်အဆင့်ဖြင့် မလုပ်နိုင်ပါ။ ခွဲစိတ်ကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်သူ ဆရာဝန်များက ပြုလုပ်ရပြီး စူးစမ်းတွေ့ရှိရချက်တို့ကို အထက်သို့ အစီရင်ခံစာ တင်သွင်းရပါသည်။ ခွေးရူးရောဂါသည် ခွေးရူးကိုက်ခံရမှ ရရှိသည်မဟုတ်ပါ။ ခွေးရူး သို့မဟုတ် ခွေးရူးပြန်သူ၏ သွားရည်များကို ထိမိကိုင်မိ၍ ပွန်းပဲ့နေသော အရည်ပြားထဲသို့ ထိုသွားရည်များ စိမ့်ဝင်သွားလျှင်လည်း ထိုရောဂါကူးစက်ရရှိတတ်လေသည်။ ထို့ကြောင့် ခွေးရူးကို ခွဲစိတ်ကြည့်ရှုသည့်အခါ လက်အိတ်ရှည်ကြီးကို စွပ်၍ ကိုင်တွယ်ရလေသည်။ ဦးပြည့်စုံက 'ပီအမ်' ကို ပြောသဖြင့် ကျွန်တော်က ဥမ္မာအကြောင်း ပြောပြရလေသည်။

"ဥမ္မာကို ပီအမ် လုပ်ကြည့်ရင်တော့ ဆရာလုပ်မှ ဖြစ်မယ်။ ဒါပေမဲ့ မနေ့ကပဲ မြေမြှုပ်ပစ်လိုက်ရောပေါ့။ ပြန်ဖော်ပြီး လုပ်နေလို့လည်း မထူးတော့ပါဘူး ထင်ပါတယ် ဆရာရယ်..."

"အေးလေ ဥမ္မာဟာ သူ့ကံကြမ္မာ သူဖန်လာပြီး သေချိန်တန်လို့ သေတယ်လို့သာ အောက်မေ့ရမှာပေါ့လေ"

"ဟုတ်ပါတယ် ဆရာရယ်။ ဒါပေမဲ့ သူ့ကံကြမ္မာက သူ့အတွက်သာ ဖန်တီးတာ မဟုတ်ဘဲ ကျွန်တော့်အဖို့ ရင်နာစရာဖြစ်လာရတာကတော့ ဆိုးပါတယ် ဆရာရယ်"

"ယူဇက်တား ဖော် ဂက်တစ်"

ဦးပြည့်စုံက ဖြစ်ပြီးသည့် ကိစ္စကို တနုံ့နုံ့ပြန်၍ တွေးမနေဘဲ မေ့ပစ်လိုက်ရန် ပြောသော်လည်း ကျွန်တော့်မှာ အသည်းကို ခိုက်ထားသည့် ဝေဒနာ ခံစားနေရခြင်း ဖြစ်သည့်အတွက် မေ့ပစ်၍ မရနိုင်ပါ။ သို့သော် ကျွန်တော်သည် ဦးပြည့်စုံအား ခွန်းတုန့်ပြန်၍ မဖြစ်သည့်အတွက် သူပြောသည့် စကားကို ငြိမ်သက်စွာ နာယူနေလိုက်ရတော့သည်။

"ကိုင်း...ဒါတွေမေ့ပျောက်သွားအောင် အလုပ်တစ်ခု ပေးလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



ဦးစို့လား”

“ကိုရေချမ်းရဲ့မြင်းကို သင်းပေးဖို့ဟာလား...ဆရာ”

ကျွန်တော်က ဟိုအရင် ဒူနာတေး ကြောက်လှချည်ရဲ့လေး ဟူသော လေသံဖြင့် မေးကြည့်လိုက်သည်။

“မြင်းတော့မြင်းပဲ ဒါပေသိ ကိုရေချမ်းရဲ့မြင်းတော့ မဟုတ်ဘူး၊ သင်းပေးဖို့လည်း မဟုတ်ဘူး၊ ကုန်းဘောင်းက ကိုချစ်စံရဲ့မြင်း မိုက်အောင့်တယ်ဆိုလား ဘာဆိုလား သွားကြည့်မှ သိမှာပဲ။ အရေးတော့ကြီးပုံရတယ်။ ကျုပ်တို့ကလည်း ဘာဖြစ်ဖြစ် တိုင်လှည့်ပါ၊ ကြားလှည့်ပါလို့ ဖိတ်မန္တက ပြုထားလေတော့ အရေးမကြီးလည်း လာခေါ်နေကြတာပဲ”

ဟုတ်ပါတယ်။ ကျေးလက်တောင်သူတို့သည် ရေးကနှင့်မတူကြတော့ပဲ ခေတ်မီ တိရစ္ဆာန် ဆေးဝါးကုသနည်းများကို ပို၍ ယုံကြည်အားထားလာကြသည်။ ထို့ပြင် ကျွဲဈေး၊ နွားဈေးများကလည်း ရေးကလို မဟုတ်တော့ဘဲ ခေါင်ခိုက်၍နေရာ ကျွဲနွားများ နာမကျန်းဖြစ်လျှင် ပေါ့ပေါ့ဆဆ မလုပ်ကြတော့ဘဲ အနီးဆုံး ကျေးမှူး သို့မဟုတ် မြို့နယ်မှူးများထံသို့ အပြေးအလွှား လာလေ့ရှိကြသည်။ သိပ္ပံနည်းကျဟူသော စကားသည် ကျေးရွာများတွင် ခေတ်စား၍နေလေပြီ။ ထို့ကြောင့် ကျွန်တော့်မှာလည်း ဦးပြည့်စုံပြောသလို အလုပ်နှင့်လက် မအားရအောင် ဖြစ်နေတော့သည်။

ကျွန်တော်သည် ဦးပြည့်စုံနှင့် လိုက်ရသည့်အခါတိုင်း ကျေနပ်မှုနှစ်ခုရရှိပါသည်။ တစ်ခုမှာ ကားနှင့်လိုက်ရသည့်အတွက် ပင်ပန်းသက်သာခြင်းဖြစ်ပြီးနောက် တစ်ခုမှာ ပညာတိုးခြင်း ဖြစ်ပါသည်။ အထူးသဖြင့် မြင်းကုသရေးနှင့်ကြုံလာလျှင် ဦးပြည့်စုံကိုပဲ အားကိုးစရာ ရှိပါသည်။ ကျွန်တော်ချည်းဆိုလျှင် မြင်းကို မကိုင်ရဲပါ။

ကျွန်တော်သည် ကားပေါ်တွင် ငြိမ်သက်စွာ လိုက်၍လာသော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ခေါင်းထဲ၌မူ အလုပ်များလျက် ရှိနေလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဦးပြည့်စုံက မေးတတ် မြန်းတတ်သည့်အတွက် မြင်းနှင့်ပတ်သက်၍ ကျောင်းမှာတုန်းက သင်ကြားကျက်မှတ်ခဲ့ရသည့် သင်ခန်းစာများကို ပြန်၍နွေးရခြင်းကြောင့် ဖြစ်ပါသည်။

ကိုချစ်စံသည် ကျွန်တော်တို့လာကြသည်ကို တွေ့ရ၍ ဝမ်းသာစွာ ဆီး၍ကြိုဆိုလေသည်။

သူသည် မြင်းကို အတော်ကလေး ကောင်းအောင် ပြုလုပ်ထားသည်။ အထဲတွင် အုန်းခွံရောင်မြင်းထီးကြီးသည် မြင်းဇောင်းအတွင်းက နံရံကိုကပ်၍ ပတ်ချာလှည့်ကာ တုန်တုန်ချိချိနှင့် လျှောက်သွားနေသည်။ သူ့တစ်ကိုယ်လုံးမှာ နှာဖျားမှ အမြီးဖျားအထိ ချွေးရွှဲလျက် ရှိသည်။ နှာခေါင်းပေါက်များကလည်း ပွလျက်ရှိပြီး သူ့မျက်လုံးများက ကြောင်တောင်ကန်းနေသည့်အလား ရှေ့ကိုသာ စိုက်၍ကြည့်နေလေသည်။ သူသည် ခြေလှမ်းတိုင်းလှမ်းတိုင်း ခေါင်းတရမ်းရမ်းနှင့်ရှိပြီး သူ၏ စေ့ထားသော သွားများအကြားက အမြှုပ်များ တစက်စက်ကျလျက် ရှိနေလေသည်။

"ခင်ဗျာ့အကောင်ကြီး ဒီလိုဖြစ်နေတာ ဘယ်လောက် ကြာပြီလဲ"

ဦးပြည့်စုံက ကိုချစ်စံ၏မြင်းကိုကြည့်၍ မေးလိုက်သည်။

"ဒီမနက်တင်ပဲ၊ ဗိုက်နည်းနည်းနာတာက စလာတာပဲဗျာ"

'အခု ဘာလုပ်ထားသလဲ'ဟု ဦးပြည့်စုံက ဆက်၍ မေးသည်။

"ပွေးကိုင်းနဲ့ ဆားခါးနဲ့ ရောပြီး တိုက်ထားတယ်"

"ဟာ...ခင်ဗျားတို့ တွေ့ကရာတွေ လျှောက်လုပ်နေတာကိုး။ ဒါ ရိုးရိုးဗိုက်နာ လေထိုးတာ မဟုတ်ဘူး။ ကဲ...ကိုလွှန်းဝေ မြင်းကိုယ်ကို နည်းနည်းစမ်းကြည့်လိုက်စမ်း"

ကျွန်တော်သည် မြင်း၏ အနားသို့ ကပ်မိရုံနှင့် ငါးဖာလုံ

www.burmeseclassic.com

www.burmeseclassic.com



ဟင်းဒီးကက်ပွဲပြေး၍ ပန်းဝင်ခဲ့သည့် ပြိုင်မြင်းကဲ့သို့ သူ့ကိုယ်မှာ တရှိန်ရှိန် ကိုယ်ငွေ့ပြန်နေသည်ကို တွေ့ရလေ၏။

"အားကြီးပူတယ် ဆရာ၊ တော်တော့်ကို မခံနိုင်အောင် ဖြစ်နေပုံပဲ"

"ဘာဖြစ်နေတယ် ထင်သလဲ၊ ဆရာလေး"

မေးသူမှာ ကိုချစ်စံ ဖြစ်သည်။

'စမ်းမကြည့်ရသေးဘဲတော့ မပြောတတ်သေးဘူး။ ဒါပေမဲ့ အခုလို ဆက်တိုက်ကြီး နာနေတာ ထောက်ရရင်တော့ အူခေါက်တယ်လို့ ထင်တာပဲ'ဟု သူ့ကို ပြန်၍ ဖြေလိုက်ပြီးနောက် ဆရာဦးပြည့်စုံဘက်သို့ လှည့်ကာ 'တောရှင်း ထင်တယ် ဆရာ' ဟု ထင်မြင်ချက်ပေးလိုက်ပါသည်။

ဦးပြည့်စုံက ကျွန်တော့်ကို ထောက်ခံသည့်အလား ခေါင်းကို ဖြည်းညင်းစွာ ညိတ်နေသည်။

"အဟုတ်ပဲလား ဆရာလေးရာ။ ဆီးချုပ် ဝမ်းချုပ်တာ မဖြစ်နိုင်ဘူးလား။ တစ်မနက်လုံး ဘာမှ မသွားသေးဘူး"

"အဲဒါ ဆီးချုပ် ဝမ်းချုပ်ဖြစ်တာ မဟုတ်ဘူးဗျ။ ခင်ဗျားမြင်းအူခေါက်နေတာ၊ အဲဒါကို ခင်ဗျားက ဝမ်းနှုတ်ဆေးသွားကျွေးတော့ ပိုဆိုးနေတယ်။ ဝမ်းနှုတ်ဆေးက အူကို ညှစ်ညှစ်နေတော့ ပိုနာတာပေါ့"

ကိုချစ်စံ ဘာမျှထပ်၍ မပြောတော့ချေ။

"မြင်းကို ဇက်ခွံ့လိုက်ပါဦး"

ဦးပြည့်စုံ ပြောစကားအတိုင်း ကိုချစ်စံက မြင်းကို ဇက်ခွံ့၍ ကိုင်ထားလိုက်သဖြင့် မြင်းရပ်သွားလေသည်။ ထို့နောက်...ဦးပြည့်စုံက ခုံးနှင့် လက်မောင်းကြားကို လက်ဖြင့် ထောက်၍ သွေးစမ်းကြည့်သည်။ ပြီးလျှင် မြင်း၏ မျက်ခွံကို လှန်၍ကြည့်လိုက်သည်။ မြင်း၏ မျက်သားများ

www.burmeseclassic.com

www.burmeseclassic.com



မှာ နီပုတ်ပုတ်နှင့် အုတ်နီခဲရောင်ထနေသည်။

"ကိုလွန်းဝေ အပူချိန်စမ်းဗျာ"

ကျွန်တော်သည် မြင်း၏ စအိုထဲသို့ ပြဒါးတိုင်ကို ထိုးထားပြီး မိနစ်ဝက်ခန့်အကြာတွင် ဆွဲထုတ်၍ ကြည့်လိုက်ရာ ၁၀၃ ဒီဂရီ ရှိသည်ကို တွေ့ရသည်။

"ရေနွေးနဲ့ ဆပ်ပြာနဲ့ လက်သုတ်ပဝါသန့်သန့်တစ်ခုပေးဗျာ"

ကိုချစ်စံက ဦးပြည့်စုံ တောင်းသည့် အရာအားလုံး ယူလာပြီး ပေးသည်။ ကျွန်တော်က သူကိုယ်တိုင် လုပ်မည် ကိုင်မည် ထင်၍ ငေးကြည့်နေစဉ် ဦးပြည့်စုံက ကျွန်တော့်ဘက်လှည့်၍ 'ကဲ...ကိုလွန်းဝေ အင်္ကျီလေး ဘာလေး ချွတ်လိုက်ပါဦး'ဟု ဆိုသဖြင့် ကျွန်တော်ပဲ တစ်ချီတစ်ပွဲနွှဲရဦးမည့်အဖြစ်ကို မြင်ရလေတော့သည်။ ကျွန်တော် လုပ်ရမည့်အလုပ်မှာ မြင်း၏ ကိုယ်ထဲသို့လက်နှိုက်၍ စမ်းရန် ဖြစ်ပါ၏။

ကျွန်တော်မှာ နွားမဖင်လည်း နှိုက်ခဲ့ရပြီ။ ဝက်မဖင်ကိုလည်း နှိုက်ခဲ့ရပြီ။ ယခုတစ်ဖန် မြင်းဖင်ကို နှိုက်ရဦးတော့မည်။ သို့သော် အပြောင်းအလဲအနေဖြင့် အမ မဟုတ်ဘဲ အထီးကို နှိုက်ရမည် ဖြစ်၏။ သို့ဖြစ်၍ 'တိရစ္ဆာန်ဆေးကုဆရာလုပ်လို့တော့ ချမ်းသာချင်မှ ချမ်းသာမယ်။ ဗဟုသုတတော့ စုံမယ်၊ အတွေ့အကြုံတော့ များမယ်'ဟု ဆရာတစ်ဦးပြောဖူးသည့်စကားကို ထပ်မံ၍ ကြားယောင်မိပြန်သည်။ မှန်ပါသည်။ အတွေ့အကြုံကတော့ စုံပါသည်။ စုံသမှ ဝက်မ နွားမ၏ကိုယ်ထဲသို့ လက်နှိုက်ရသည့်အထိ တွေ့ရကြုံရပါ၏။

ကျွန်တော်သည် အပေါ်အင်္ကျီကို ချွတ်လိုက်ပြီးနောက် လက်ကို စင်အောင်ဆေး၍ ဆပ်ပြာသုတ်လိမ်းကာ မြင်း၏ စအိုထဲသို့ လက်ကို ဖြည်းဖြည်းသက်သာ ထိုး၍ သွင်းလိုက်၏။ ကျွန်တော် စမ်းမိသည့်အရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ မြင်း၏လက်ဝဲဘက်က အူသိမ်နေရာလွဲနေပြီး လေများဖောင်းကြွကာ စည်ကျက်ထားသလို တင်းမာနေသော အရာတစ်ခုဖြစ်လေသည်။ ထိုအစိုင်အခဲကြီးမှာ ထိုနေရာတွင် ရှိရသည့် အရာမဟုတ်ပေ။ ထိုအရာကို ကျွန်တော့်လက်ဖြင့် ထိလိုက်မိသည်နှင့် မြင်းကြီးမှာ တစ်ကိုယ်လုံး တုန်ခါသွားပြီး ညည်းရှာလေသည်။ ကျွန်တော်က လက်ကိုထုတ်ပြီး ကျွန်တော်၏ စမ်းသပ်တွေ့ရှိရချက်ကို ဦးပြည့်စုံအား ပြော၍ ပြလိုက်သည်။

"သေချာပါတယ် ဆရာ၊ တောရှင်းမှ တောရှင်းအစစ်ပဲ"

ကျွန်တော်က ထိုသို့ပြောပြီး လက်ကို ဆေးကြောကာ လက်သုတ်ပဝါနှင့် သုတ်လိုက်သည်။

"ဘယ့်နှယ်လဲ ပြီးပလား၊ ဆရာလေးရဲ့ လုပ်ပါဦး"

ကျွန်တော်သည် ကိုချစ်စံ၏အမေးကို ကျွန်တော် ဖြေခြင်းထက် ဦးပြည့်စုံ ဖြေခြင်းက ပို၍ အရာရောက်လိမ့်မည်ဟု နှလုံးပိုက်ကာ 'ဆရာကြီးပြောပါလိမ့်မယ်'ဟု ဆိုပြီး တိုင်တွင် ချိတ်ထားသော ဆေးအိတ်ကို လှမ်း၍ ယူလိုက်သည်။

"ခင်ဗျားမြင်းကို ဘာဆေးနဲ့မှ ကုလို့ရမှာမဟုတ်ဘူး။ ဘယ်သူမှလည်း မတတ်နိုင်ဘူး။ အကောင်းဆုံးကတော့ အင်္ဂလိပ်နည်းပဲ ရှိတယ်"

"အဲဒီနည်းနဲ့မှ ဖြစ်မယ်ဆိုရင်လည်း ဒီနည်းပဲ လုပ်ပါရစေ။ ဘယ်လောက်ပဲ ကုန်ကုန်"

ဦးပြည့်စုံ ဖြူးဖြူးကြီး လုပ်နေလုံ့ကာပြီးမှ ထိုနည်းကို ပြော၍ ပြလိုက်သည်။

"အင်္ဂလိပ်နည်းကတော့ သေနတ်ကျည်ဆံတစ်တောင့်ပဲ ကုန်တယ်။ အဲဒါက ဒီကောင်ကြီးကို ဝေဒနာ တာရှည်ခံစားမနေရအောင် ယိုဆိုပ်ကို မြင်းစီးသေနတ်နဲ့ တစ်ချက်တည်း ပစ်လိုက်ရုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ကိုယ်ကျိုးနည်းပါပြီဗျာ"

ကိုချစ်စံသည် ထိုစကားတစ်ခွန်းပဲ ပြောနိုင်ပြီး ရင်ထဲတွင် ဆို့နင့်သွားသည့်အလား မျက်လုံးကြီးများကိုသာ ပြူးပြီး ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေလေတော့သည်။

"လာ...သွားကြစို့"

ဦးပြည့်စုံသည် ကိုချစ်စံအား သူ့မြင်းအတွက် အကောင်းဆုံးဆေးနည်းကို ပေးခဲ့ပြီ ဖြစ်သည်။ ထိုဆေးကို ရေလဲနှင့် သုံးစရာမလိုချေ။ သို့ဖြစ်သည့်အတွက် ဆက်လက်၍ မပြောတော့ဘဲ ကိုချစ်စံ သဘောအတိုင်း လိုက်နာချင်လိုက်နာ မလိုက်နာချင်နေဟု ဥပေက္ခာပြုကာ မြင်းဇောင်းအပြင်သို့ ထွက်သွားလေသည်။ ကျွန်တော်လည်း ဆရာကောင်းတပည့်ပီပီ ဆေးအိတ်ကို ထမ်းကာ သူ့နောက်က လိုက်သွားပြီး သူ့ဂျစ်ကားနှင့် ပါသွားခဲ့ရလေသည်။

❒

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မိမိအလုပ်ကို မိမိမြတ်နိုးသူသည် ထိုအလုပ်ကို လုပ်နေရလျှင် ပတ်ဝန်းကျင်ကို သတိမပြုနိုင်ချေ။ မိမိအလုပ်ထဲမှာပင် စိတ်ဝင်စားနေလေ့ ရှိသည်။ အနားတွင် ကပ်၍ အမြောက်ပစ်နေသော်လည်း မကြား။ သို့သော် အလုပ်နှင့်လက်နှင့် ဝေးကွာနေသောအချိန်တွင်ကား ထွေရာလေးပါး စိတ်ကူးနေမိမည်သာ ဖြစ်သည်။

ကျွန်တော်ကား အလုပ်ရှိလျှင် အလုပ်ထဲတွင် စိတ်ဝင်စားနေကာ အခြား ဘာကိုမျှ သတိမရသော်လည်း အလုပ်မရှိသည့် အခါများတွင် ရီရီဝင်းကိုသာ တွေးနေမိတော့သည်။ သို့ပါသော်လည်း သူ့ထံသို့ ကျွန်တော် မသွားလို။ သူက ကျွန်တော့်အား ခါးခါးသီးသီး ပြောကြားသွားမှတော့ ကျွန်တော် သူ့ထံသွားပါက မျက်နှာပြောင်လွန်းရာကျနေမည်။ သွား၍ ကော ဘာအကျိုးထူးဦးမည်နည်း။ သည်လိုပဲ စိတ်ဖြေကာ ဦးပြည့်စုံပြော ခဲ့သလို ဖြစ်သမျှကို မေ့ပစ်ရန် ကြိုးစားရတော့သည်။

တစ်နေ့တွင် မြင်းလှည်းသမား ကိုအောင်ထူး ကျွန်တော့်ထံသို့

www.burmeseclassic.com

www.burmeseclassic.com



ရေးကြီးသုတ်ပျာ ရောက်၍လာသည်။ သူသည် ရီရီဝင်းနှင့် ဉမ္မာကို သူ့မြင်းလှည်းနှင့် အိမ်ပြန်၍ ပို့ခဲ့သူ ဖြစ်သည်။

"ဆရာလွှန်း ဆရာလွှန်း ဟိုနေ့က ခွေးကိုက်ခံရတဲ့ကလေး သေပြီ"

"ဘာဖြစ်လို့လဲ"

"ခွေးရူးပြန်တယ်လေ၊ ခွေးရူးပြန်ပြီး သေတာပဲ။ မသေခင် ခွေးလိုအော်အော်နေတာ သနားစရာကောင်းလိုက်တာ ဆရာလွှန်းရယ်"

ထိုသတင်းဆိုးကို ကြားလိုက်ရသည်နှင့် ကျွန်တော့်ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားသည်။

"ဘယ်တုန်းက သေတာလဲ"

"ခုတင်ပဲ ဘာမှမကြာသေးဘူး၊ ကျွန်တော် ကြားကြားချင်း ပြေးလာတာ"

ကျွန်တော်သည် ထိုကလေး ခွေးကိုက်ခံသည့်ရက်ကို တွက်ကြည့်လိုက်သည်။ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ကျွန်တော်သည် လက်ချိုးရေတွက်ရာက မျက်လုံးပြူးသွားသည်။ ရူးနေသည့်ခွေးကိုက်လျှင် အကိုက်ခံရသူသည် လေးရက်အတွင်း ရောဂါပိုးများ တစ်ကိုယ်လုံး ပြန့်ပွားကာ ရူး၍သေတတ်လေသည်။ ယခုမှ ကျွန်တော်သည် ခွေးကိုက်ခံရသည့်ကလေးကို ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့ မညွှန်ကြားခဲ့မိသည့်အမှားကို တွေးမိလေသည်။

ထိုသို့ မညွှန်ကြားမိသည်မှာလည်း ကျွန်တော် နားမလည်၍ မဟုတ်ဘဲ ထိုကိစ္စဖြစ်သည့်အချိန်က ကျွန်တော်သည် ဉမ္မာသေရသည်လည်းတစ်ကြောင်း၊ ရီရီဝင်းကြောင့်လည်း တမှောင့်ဖြစ်ကာ ခေါင်းထဲတွင် ထုပူနေသဖြင့် ခွေးကိုက်ခံရသည့်ကလေးကို မစဉ်းစားခဲ့မိခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ ကလေး၏ မိဘများကလည်း အခင်းဖြစ်သည့်နေ့ကပင် ရှိရှိဝင်းက မြည်းလှည်းဆရာကိုအောင်ထူးကတစ်ဆင့် လျော်ကြေးပေးလိုက်သဖြင့် ကြေအေးနေခဲ့ကြကာ ကျွန်တော့်အား ဘာမျှလာ၍ မပြောကြသည့်အတွက် ကျွန်တော်လည်း ထိုကလေးကို လုံး၀ သတိမရဘဲ ရှိခဲ့ရလေသည်။

ယခု ထိုကလေးသည် ခွေးရူးပြန်ပြီး သေရှာပြီဟု ကြားရသည့်အခါ ထိုကလေးနှင့်အတူ နေထိုင်ကြသည့်အိမ်သူအိမ်သားများအား ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးရန် လိုခြင်းကို မြည်းလှည်းဆရာမှတစ်ဆင့် အကြောင်းကြားကာ သူတို့အတွက် ဆေးထိုးပေးရန် ပြင်ဆင်ရလေသည်။ ထိုသို့ ကာကွယ်ဆေးထိုးပေးရခြင်းမှာ ခွေးရူးပြန်သည့် ကလေးကို ပြုစုသူများသည် ထိုကလေး၏ သွားရည်များမှတစ်ဆင့် ရောဂါကူးစက်တတ်သောကြောင့် ဖြစ်ပေသည်။

အမှန်အားဖြင့် သူတို့ကို ကျေးလက်ဆေးပေးဌာနသို့ လည်းကောင်း၊ အနီးဆုံးဆေးရုံသို့ လည်းကောင်း သွားရောက်၍ ကာကွယ်ဆေးထိုးရန် ညွှန်ကြားလျှင်လည်း ဖြစ်ပါသည်။ သို့သော် တစ်ရက်နောက်ကျလျှင် နောက်ကျသလို ဒုက္ခရောက်နိုင်သောကြောင့် ကျွန်တော်က ဦးဦးဖျားဖျား ဆေးထိုးပေးရခြင်း ဖြစ်ပေသည်။

သူတို့ကို ဆေးထိုးပေးနေစဉ်မှာပင် သပြေကန်က လယ်သမားကြီး ဦးစံထိုက် ရောက်လာလေသည်။ ဦးစံထိုက်က သူ့မွေးစန္ဒားမတစ်ကောင် နို့ငန်းဖျားဖြစ်နေ၍ အမြန်လိုက်လံ ကြည့်ရှုပေးရန် ခေါ်လာသည်။

'ခက်ပြီ'။ ယခုလို ကျွန်တော် စိတ်ထဲက ရေရွတ်ညည်းတွားလိုက်မိသည်။ ကျွန်တော်သည် ခွေးရူးပြန်သော ကလေး၏ အိမ်သားများကို ကာကွယ်ဆေးထိုးပြီးလျှင် ရှိရှိဝင်းထံသို့ အပြေးအလွှားသွားရောက်

www.burmeseclassic.com

www.burmeseclassic.com



ကာ အချိန်မီ ကာကွယ်ဆေးထိုးပေးဖို့ရန် ကြံရွယ်ထားရာ ယခု အရေး တကြီးကိစ္စပေါ်လာသည့်အတွက် မကြံတတ် မစည်တတ်အောင် ဖြစ်သွား ရသည်။

ခွေးရူးပြန်သော ကလေးသည် ဥမ္မာအကိုက်ခံရ၍ သေရခြင်းဖြစ် သည်။ ဥမ္မာသည် ဦးပြည့်စုံ မသက်ဘဖြစ်မိသလို စိတ်နောက်စပြုနေသော ခွေးဖြစ်သည်။ ရီရီဝင်းသည် ဥမ္မာကို မသေမီကလည်းကောင်း၊ သေပြီး နောက်လည်းကောင်း ကိုင်တွယ် ပွေ့ဖက်နေခဲ့ရာ သူ့ကိုလည်း ရောဂါကူး စက်နိုင်လေသည်။ သို့ဖြစ်၍ သူလည်း ထိုရောဂါကာကွယ်ဆေးကို အချိန်မီ ထိုးရန် လိုလေသည်။

ဦးစံထိုက်၏ နွားမဖြစ်သော ရောဂါမှာလည်း အရေးတကြီး ကုသ ရန် လိုသည့် ရောဂါဖြစ်သည်။ အဆင်မသင့်လျှင် နွားမသည် ထိုရောဂါဖြင့် အမြန်ဆုံးသေနိုင်လေသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။

ယခုအရေးမှာ လူနှင့် နွားကို ရွေးချယ်ရမည့် ကိစ္စဖြစ်သည်။ လူသည် အရေးကြီးသလား။ နွားသည် အရေးကြီးသလား။ ဤသတ္တဝါ လောကကြီးတွင် လူသာလျှင် ပဓာနဟု ဆိုကြသည်။ မြတ်စွာဘုရား သခင်ကလည်း မနုသတ္တဘာဝေါဒုလ္လဘောဟု ဟောတော်မူခဲ့သည်။ သို့ဖြစ် ၍ လူနှင့် နွားကို ဘယ်သူ့အား ဦးစားပေး၍ အသက်ကယ်ရေးကို ရွေး ချယ်ရမည်ဆိုလျှင် လူကိုသာ ဦးစားပေးရပေလိမ့်မည်။

သို့ရာတွင် ကျွန်တော့်အဖို့မှာ နှလုံးသားနှင့် တာဝန်ကို ခွဲခြား ရွေးမည်ဆိုပါက တာဝန်ကို ရှေ့တန်းတင်ရဖို့ ရှိသည်။ ကျွန်တော်၏ အဓိကတာဝန်မှာ တိရစ္ဆာန်များအား ကယ်ဆယ်ရန်နှင့် ၎င်းတို့၏ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ယင်းတိရစ္ဆာန်များအနက် အထူးသဖြင့် လယ်ယာ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ထုတ်လုပ်ငန်းအတွက် အဓိကကျသော ကျွဲနွားများ၏ အသက်ကယ် ဆယ်ရေးနှင့် ၎င်းတို့၏ တိုးပွားရေးကို ဦးစားပေး၍ အရေးယူ ဆောင်ရွက် ရမည်ဖြစ်သည်။

ကျွန်တော်သည် ရိုရိုဝင်းထံ ဦးစွာသွားရောက်ပြီး အကျိုးအကြောင်း ပြောပြမည်ဟု စိတ်ကူးမိသေးသည်။ သို့သော် သူ့ထံသို့သွားပြီးမှ ဦးစံထိုက် နောက်သို့ လိုက်၍သွားမည်ဆိုလျှင် အချိန်ရမည်မဟုတ်ချေ။ ဤသို့ စဉ်းစားနေစဉ် နားထဲသို့ အသံတစ်သံဝင်၍လာသည်။ ထိုအသံမှာ ဦးပြည့် စုံ၏ အသံဖြစ်ပြီး 'ခုခေါ် ခုလိုက်' ဟူ၍ ထပ်ကာ ထပ်ကာ ကြားနေရ လေသည်။

"ကဲ...ဘကြီးထိုက် ပူမနေနဲ့ ကျွန်တော် အခုပဲလိုက်ခဲ့မယ်"

နိုင်ငံဖျားရောဂါမှာ နွားမများသာကျပြီး နို့ရည်ဝင်လာသည်နှင့် တစ်ပြိုင်နက် အဖျားဝင်လာတတ်သော ရောဂါဖြစ်၏။ ထိုရောဂါမှာ နွားမ၏ အခြေအနေကို မြင်ရုံမျှနှင့် သိသာလေသည်။ သို့ရာတွင် ဦးစံ ထိုက်၏ နွားမကို မြင်ရသည့်အခါ ရောဂါအခြေအနေမှာ အတော်ဆိုးနေ သည်ကို တွေ့ရသဖြင့် နိုင်ငံဖျားမှ ဟုတ်ပါလေစဟု ထင်ရလေသည်။

နွားမသည် ရေကန်ထဲ၌ ဖင်နောက်ပြန် လျှောကျလျက်ရှိကာ ရေတစ်ပိုင်း ကုန်းတစ်ပိုင်းဖြစ်နေသည်။ သူ့မွေးစနွားပေါက်ကလေးသည် သူ့ဘေးတွင် ကပ်လျက်ရှိပြီး တဖွဲဖွဲကျလျက်ရှိသော မိုးရေထဲတွင် စိုရွှဲ တုန်ယင်ကာ သနားစရာ ဖြစ်နေသည်။ နွားမသည် ကျောက်တုံးတစ်ခုပေါ် တွင် မေးတင်ကာ ဘေးစောင်းလဲလျက် ရှိလေသည်။ နွားများ ယခုလို နေပုံမှာ အသေနှင့် တူလှလေသည်။

"ကျုပ်တို့ အရောက်များ နောက်ကျလေရော့သလား ဆရာလေး ရေ။ နွားမကလေးတော့ သေပြီဆင်ပါရဲ့။ သူ့ကြည့်ရတာ အသက်ရှူနေပုံ

www.burmeseclassic.com

www.burmeseclassic.com



မရဘူး"

ဘကြီးထိုက်က နွားမကိုကြည့်ကာ စိုးရိမ်ခြင်း ပြင်းပြစွာဖြင့် ပြောလေသည်။

"လွန်တော့ လွန်နေပြီ။ ဒါပေမဲ့ အသက်တော့ မှီပါသေးတယ်။ အခုနေမှာ သူ့အကြောထဲကို ကာလ်စီယမ်ထိုးပေးလိုက်ရင် ပြန်ပြီးတော့ လည်လာစရာ ရှိပါသေးတယ်"

"လုပ်ပါဦး ဆရာလေးရေ။ ဒီကောင်မလေးဟာ ကျုပ်နွားမတွေထဲမှာ နို့အရဆုံးပါ။ အဲသလို အကျိုးပေးတာကလေးတွေဟာ အခုလို ဖြစ်တာချည်း တွေ့ရသဗျာ"

"ဟုတ်တယ်အဘရေ၊ နို့အားကောင်းတဲ့နွားမတွေဟာ အခုလို ဖြစ်ကြတာများတယ်။ ကဲပါလေ၊ သောကတွေ များမနေပါနဲ့ အဘရာ၊ ကျွန်တော် တတ်နိုင်သမျှ ကြိုးစားပါ့မယ်၊ ကျွန်တော့်သာ ထီးကလေး တဆိတ် မိုးပေးထားပါ"

မိုးသည် စဲသည်ဟူ၍မရှိဘဲ ဖွဲလိုက် သဲလိုက်နှင့် ဖြစ်နေသည်။ ဘကြီးထိုက်က ဝါးဖတ်ဦးထုပ်ကို ဆောင်း၍ထားသဖြင့် သူ့ခေါင်းကို မိုးမစိုသော်လည်း ကျွန်တော့်ကို မိုးပေးထားသည့် ဖဲထီးကိုင်းတစ်ချောင်းကြီးမှာ ခေါင်းပေါ်သို့ တည့်တည့်မရောက်ဘဲ လွဲချင်ရာလွဲ ချော်ချင်ရာချော် နေသဖြင့် ကျွန်တော့်နောက်စေ့က စီး၍ကျသည့်မိုးရေများသည် ကုပ်ကြားထဲက စီးဆင်းကာ ကျောတစ်ပြင်လုံး ရွှဲလျက်ရှိလေတော့သည်။ ထို မိုးရေများကြောင့် တစ်ကိုယ်လုံး ခိုက်ခိုက် တုန်နေပါတော့၏။

ကျွန်တော့်လက်ဖျားများမှာ အအေးဒဏ်ကြောင့် ထုံနေပြီး တုန်လည်းတုန်နေသည်။ သို့ဖြစ်၍ ပွတ်နွှေးပြီး လက်ငြိမ်နိုင်အောင် လက်ပွတိုက်ပေးရသည်။ ထိုစဉ် ကျွန်တော်သည် ကျွန်တော့်ဘဝကို ပြန်ပြောင်းစဉ်း

www.burmeseclassic.com

www.burmeseclassic.com



စားကာ ဆရာဝန် 'လိုင်း' မလိုက်နိုင်ခဲ့ရသည်ကို အတော် စိတ်မကောင်းဖြစ်မိသည်။ အနည်းဆုံး ကျေးလက်ကျန်းမာရေးမှူးဖြစ်ဦးတော့ လူနာကို ဆေးခန်းရှိ သန့်ပြန့်သော ခုတင်ပေါ်မှာကြည့်ရမည်။ လူနာက မိမိထံလာရမည်။ ယခုမူ ကျွန်တော့် 'လူနာ'ထံသို့ ကျွန်တော်က သွားရသည်။ မိုးထဲရေထဲမရှောင် ကြည့်ရှုရကုသရသည်။ အဖြစ်ချင်းကတော့ မတူပါချေ။ သို့သော် ကျွန်တော့် 'လူနာ'များသည် လူအပေါင်းတို့ အာဟာရပြည့်ရဖို့ အတွက် ရွံ့ဗွက်ထဲရုန်းကြရသည့် 'လယ်ယာလုပ်သား' ကောင်းများဖြစ်ကြသည့်ပြင် သူတို့သေပြန်လျှင်လည်း သူတို့၏ ခန္ဓာကိုယ်ကို လူအများစားသုံးရန် ပေးစွန့်ကြသူများဖြစ်ကြလေရာ သူတို့ကိုပြုစုရခြင်းသည် အသက်ကယ်ရမှုအတွက် ကုသိုလ်ရခြင်းအတူတူ တိုင်းပြည်အတွက် ကျွန်တော်က ပို၍ အကျိုးပြုရာရောက်သည်ဟု နှလုံးပြုကာ ကိုယ့်ကိုယ်ကို နှစ်သိမ့်ရလေတော့သည်။

လက်များ ပူနွေးလာတော့မှ ကျွန်တော်သည် အပ်ဗူးထဲမှ အပေါက်ကျယ်ကျယ်နှင့်အပ်ကို ရွေးယူလိုက်ပြီးလျှင် နွားမဘေးတွင် ဒူးထောက်ကာ နွားမ၏ လည်ကုပ်ကိုစမ်း၍ ဇက်ကြောထဲသို့ အပ်ကိုထိုးစိုက်လိုက်ရာ အပ်ထဲမှထွက်လာသော မဲနက်ပူနွေးသည့် နွားမ၏ သွေးများ ကျွန်တော့် လက်ပေါ်သို့ စီးကျလာလေသည်။ ထို့နောက် ကာလ်စီယမ်ဆေးပုလင်းကို ပိုက်နှင့်တပ်ပြီး ပိုက်ကို အပ်နှင့်ဆက်လိုက်ရသည်။ ထို့နောက် ပုလင်းကိုမြှောက်ပေးလိုက်ရာ ကာလ်စီယမ်ဆေးရည်များ အကြောထဲသို့ စီးဝင်လာကြသည်။

ဦးစံထိုက်က ကျွန်တော့်ကို ထီးမိုးပေးထားသဖြင့် ခေါင်းကို ရေမစိုသော်လည်း ဒူးဆစ်အထိ ရေထဲသို့ ဆင်း၍ လုပ်ကိုင်ရသည့်အတွက် ခြေသလုံးများ ကြွက်တက်မတတ် အေးစိမ့်၍ နေလေတော့၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော်သည် မိမိ၏ ကာယိကဒုက္ခကို ဂရုမစိုက်အားပေ။ နွားမ၏ ချမ်းသာရေးကိုသာ အာရုံပြုကာ ပုလင်းထဲမှ ဆေးရည်များ ကျဆင်းနေသည်ကိုသာ ကြည့်ရှုနေမိလေသည်။

ပုလင်းထဲက ဆေးရည်များသည် နွားမ၏ အကြောထဲသို့ ကုန်စင်အောင် စီးဝင်သွားသည်နှင့် အပ်ကိုဆွဲဖြုတ်လိုက်ပြီး ပုလင်းလွတ်ကို မြက်တောထဲသို့ ပစ်ချလိုက်သည်။ နွားမသည် ဆေးတစ်ပုလင်းလုံးဝင်သွားသော်လည်း မည်သို့မျှလှုပ်ရှားခြင်းမပြုချေ။ ဆေးသည် သူ့ရောဂါကို မတိုးနိုင်ဘဲ ရှိနေလေသလော။ ဆေးတစ်လုံးတည်းနှင့် မလုံလောက်သေး၍လော။ ကျွန်တော်သည် နောက်ထပ်၍ ဆေးပုလင်းထုတ်ပြီးလျှင် အကြောအစားအရေပြားအောက်ထဲသို့ ခပ်များများ ထိုးပေးလိုက်လေသည်။ ထိုတစ်လုံးနှင့်မရသေးလျှင် နောက်ထပ်တစ်လုံးထိုးရန် စိတ်ကူးထားသည်။ ယခုအတိုင်း နွားမကို ကြည့်ရသည်မှာ ဘယ်လိုမှ ထူးပုံမပေါ်ချေ။ သို့သော်ကျွန်တော်သည် အရေပြားအောက်ထဲသို့ ဆေးထိုးပေးပြီးနောက် ဆေးပြန့်နှံ့သွားအောင် ဆေးထိုးသည့်နေရာကို လက်ဖြင့် ပွတ်ချေပေးနေစဉ်မှာပင် နွားမသည် မျက်တောင်များ လှုပ်လာသည်ကို တွေ့ရလေ၏။

ကျွန်တော် ဝမ်းသာလိုက်သည့်ဖြစ်ခြင်း သက်ပြင်းချကာ တစ်ကိုယ်လုံး ပီတိဖြာ၍ သွားလေတော့သည်။ ဦးစံထိုက်ကို လှမ်း၍ ကြည့်လိုက်ရာ သူ့တစ်မျက်နှာလုံး ရွှင်ပြုံးအားရနေသည်ကို တွေ့ရလေသည်။

"ဘုရားသိကြားမလို့ ကျုပ်နွားကလေး မဆုံးတော့ဘူးဗျို့"

ကျွန်တော်သည် နွားမ၏ နားရွက်ကို လက်ညှိုးနှင့် တောက်ကြည့်လိုက်သည်။ နွားမသည် မျက်လုံးကို အကုန်ဖွင့်၍ ကြည့်လေသည်။

"ခဏ စောင့်ကြည့်ကြဦးစို့။ ပြီးမှ နွားမကို ဝပ်ခိုင်းကြည့်မယ်။ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မိနစ် ဆယ့်ငါးမိနစ်ခန့်အကြာတွင် နွားမသည် ခေါင်းလှုပ်လာသည်။ ထိုသို့တွေ့ရသည်နှင့် 'ကဲ...နွားမကို ဆွဲယူကြစို့'ဟု ကျွန်တော်က ပြောလိုက်သည်။

ထိုသို့ပြောလိုက်ပြီးလျှင် ကျွန်တော်က နွားမ၏ ဦးချိုကို ကိုင်၍ဆွဲပြီး ဘကြီးထိုက်နှင့် သားတစ်ယောက်က နွားမ၏ ပခုံးကို တွန်း၍ပေးကြသည်။ သို့သော် တစ်ချက်တည်းနှင့် ထူ၍မရ။ ဘကြီးထိုက်တို့သားအဖသည် နွားမ၏ ပခုံးကိုတွန်းရင်း ပါးစပ်ကလည်း 'ဟဲ'တိုက်ကာတွန်းအားပေးနေကြရလေသည်။ နွားမသည် သူတို့၏ အားပေးမှုကြောင့်အားတက်လာသည့်အလား သူကိုယ်တိုင် အားယူ၍ ကိုယ်ကိုထူကာ မြေပေါ်တွင် ဝပ်လိုက်လေသည်။

ထိုအချိန်တွင် မိုးလည်း စဲသွားပြီဖြစ်ရာ အခြေအနေအားလုံးကောင်းစပြုလာသည်ကို တွေ့ကြရပေသည်။ နွားမသည် အဖျားပျောက်ဖို့ရန်ရာနှုန်း ၉၀ လောက် သေချာနေသည်။ မည်သို့ရှိစေ သူ့ကို သည်အတိုင်းထားပြီး မပစ်ရက်နိုင်ပေ။ ကျွန်တော့်အဖို့ ရီရီဝင်းကို ပြေး၍တွေ့ရေးကရှိနေစေကာမူ နွားမကို အပြီးအစီးကြည့်ဖို့က လိုသေးသည်။ နိုင်ငံဖျားရောဂါဖြစ်သော နွားမများသည် ယခုလို မထဘဲ နေတတ်ကြသော်လည်းသည်နွားမမှာမူ မကြာခင်မှာပင် ထနိုင်လိမ့်မည်ဟု ကျွန်တော်မြင်ယောင်နေသည်။ သို့ဖြစ်၍ ပို့မည့်ပို့ ကူးတို့ရောက်အောင်ပို့ရန် ကျွန်တော် ဆုံးဖြတ်လိုက်လေသည်။

နွားမကလည်း ရေကစ်ပိုင်းကုန်းတစ်ပိုင်း နေလိုဟန် မတူပေ။ သူသည် ထဖို့ရန် အတန်တန်ကြိုးစားသည်။ သို့ဖြစ်၍ ဘကြီးထိုက်၏သားက ရေထဲသို့ဆင်းပြီး နွားမ၏နောက်ပိုင်းကို တွန်းပေးသည်။ ဘကြီးထိုက်က နွားကလေးကို ဆွဲခေါ်သည်။ ဤတွင် နွားမသည် သားငယ်၏အော

www.burmeseclassic.com



ဖြင့် ကုန်း၍ထကာ သားကလေးကို ခေါ်လိုက်သည်။ သားငယ်က မိခင်အနားသို့ ပြန်၍ကပ်သွားရာ နွားမက သူ့သားကို လျှာနှင့် လျက်ပေးလေသည်။

"ကောင်းလိုက်လေဗျာ။ ကျုပ်ကဖြင့် နွားမတော့ တော်တော်နဲ့မှ ထနိုင်ပါ့မလားလို့ စိတ်တထင့်ထင့်နဲ့ ဖြစ်နေတာ။ အင်း... ဒီခေတ်ဆေးများက တယ်လည်းစွမ်းတာပဲကိုး"

မှန်ပါသည်။ ယခင်က နွားမများ သားဖွားပြီးစ အဖျားတက်လျှင် သေသည်ကများသည်။ ထိုသို့ဖြစ်လာလျှင် အင်္ဂလိပ် ကုထုံးတစ်မျိုးမှာ နို့ပူအေးသွားအောင် နွားမ၏ နို့အုံထဲသို့ လေထိုး၍ သွင်းပေးခြင်း ဖြစ်သည်။ ဤနည်းဖြင့် အသက်ချမ်းသာရာ ရသလောက်ရကြသည်။ သို့သော် အကြောဆေးလောက် မြန်လည်းမမြန် စိတ်လည်းမချရပေ။ ကာလ်စီယမ် ထုံးဓာတ်ကို အကြောထဲသို့ ထိုးပေးလျှင် ယခု တွေ့ရသလို နာရီပိုင်းအတွင်း နွားမသည် ထပြီးလျှောက်နိုင်သည်။ ကျွန်တော်သည် နွားမကို ယခုလို ချက်ချင်းကောင်းလာအောင် လုပ်ပေးလိုက်နိုင်သည့်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် သူသေကို ဆေးတောင်ဝှေးဖြင့် အသက်သွင်းပေးလိုက်ရသည့် ဝိဇ္ဇာဓော်ဂျီပမာ စိတ်ထဲမှာ ခံစားမိလေသည်။

ရေကန်သည် ဦးစံထိုက်၏ အိမ်နောက်က လယ်ကွင်းအစပ်တွင် ရှိရာ အဘိုးကြီးသားအဖတို့က ဂုံနီကို ပခက်လုပ်ကာ နွားကလေးကို ထည့်၍ တံပိုးလျှိုပြီး ထမ်းလျက် ရှေ့ကသွားကြသည်။ ကျွန်တော်က နွားမ၏ တင်ပါးကိုပုတ်၍ အားပေးကာ နောက်ကလိုက်ခဲ့ရလေသည်။ နွားမသည် အားမရှိသေးသဖြင့် မလှုပ်တလှုပ်လှမ်းနေသလို ကျွန်တော်ကလည်း ဗွက်ထဲတွင် ရုန်းနေရသဖြင့် သူ့လိုပင် မလှုပ်တလှုပ်နှင့် ချီတက်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ရောက်သည့်အခါ တင်းကုတ်ထဲတွင် ကောက်ရိုးများကို ဒူးမြုပ်အောင်ခင်း၍ နွားမရော သားပေါက်ကလေးပါ နွေးနွေးထွေးထွေး ရှိအောင် လုပ်ပေးကြရလေသည်။ ထိုသို့ လုပ်ကိုင်နေကြစဉ်မှာပင် ခြံထဲသို့ လူတစ်ယောက်ဝင်လာလေသည်။

"ဘကြီးရေ ဆရာလေးကိုလွန်းဝေတစ်ယောက် လာတယ်ဆို..."

"အေး...ရှိတယ်ဟ ဒီမှာ။ ဘာလုပ်မလို့လဲ"

ဘကြီးထိုက်၏စကားမဆုံးမီမှာပင် တဲထဲသို့ ထိုရွာသားတစ်ဦးဖြစ်သူ ကိုလူရွှေ ဝင်၍ လာလေသည်။ 'ဆရာ ကိုလွန်းဝေ ကျွန်တော့်နွားမကလေး လာပြီးကြည့်ပေးပါဦးဗျာ"

"ဘာဖြစ်လို့လဲ...ခင်ဗျားနွားမ"

"သားအိမ်ကျနေလို့ပါ"

ကျွန်တော်သည် ရေးမိုးချုး၍ပြီးလျှင် ရီရီဝင်းထံ အမြန်ပြေးမည်ဟု စိတ်ကူးထားရာ အလုပ်တစ်ခုက မပြီးခင်မှာပဲ နောက်တစ်ခု ပေါ်လာနေသည့်အတွက် အကြံအိုက်သွားတော့မယ်။

"အချိန်မရှိတော့ဘူးဗျာ၊ မိုးပဲချုပ်တော့မယ်"

"အချိန်မရှိတာကတော့ ဟုတ်ပါတယ်။ ဒါပေသိ နောက်တစ်ခါဆိုရင် ကြာနေမယ်။ အခု ရောက်တုန်းရောက်ခိုက် တလက်စတည်းဆိုတော့ ပြီးတော့လည်း သိပ်ကြာမှာမဟုတ်ပါဘူး။ ကြည့်ရုံပဲဖြစ်ဖြစ် လိုက်ခဲ့ပါဦးဆရာလေးရာ၊ ဆရာလေး အပြန်နောက်ကျနေရင် ကျွန်တော်တို့ လိုက်ပို့ပါ့မယ်"

"ကျွန်တော် မိုးချုပ်ရင် ပြန်ရမှာကြောက်လို့ ပြောနေတာမဟုတ်ပါဘူး။ ဒီနယ်ထဲ ဘယ်အချိန်မဆို ကျွန်တော် သွားရဲပါတယ်။ ကျွန်တော် တစ်နေ့လုံးလည်း ပင်ပန်းနေပြီ။ ပြီးတော့လည်း လမ်းမှာ ဝင်စရာရှိနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရှိကြီးခိုးပါရဲ့ ဆရာလေးရာ။ ဆရာလေးကျေးဇူး တစ်သက်လုံး မမေ့ပါဘူး"

"ကိုလူရွှေကလည်းဗျာ၊ ကျွန်တော်က ကျေးဇူးအတင်ခံချင်လို့ ဒီအလုပ်လုပ်နေတာမှ မဟုတ်ဘဲ၊ ပြောနေဖို့ မလိုပါဘူး။ ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ ခုလိုငြင်းနေတာ။ ဒါပေမဲ့ ကျွန်တော့် အရေးထက် ခင်ဗျားကိစ္စကို ကျွန်တော် ဦးစားပေးရမယ့် ဝတ္တရားရှိလို့ ကျွန်တော်လိုက်ခဲ့မယ်ဗျာ...လိုက်ခဲ့မယ်"

ကျွန်တော်လည်း ပြီးမှပဲ ရေမိုးချိုး၍ အဝတ်အစားလဲတော့မည်ဟု ဆုံးဖြတ်ကာ ပေပေရေရေနှင့်ပင် ကိုလူရွှေနှင့် လိုက်၍ သွားရလေသည်။

သားအိမ်ကျခြင်းမှာ နွားမသည် သားကျပြီး ဆက်၍ ညှစ်နေသည့်အတွက် သားအိမ်ထွက်ကျရခြင်း ဖြစ်သည်။ ထွက်ကျသော သားအိမ်သည် နောက်ခြေထောက် ပေါင်ရိုးစွန်းအထိ တွဲလောင်းကြီး ဖြစ်နေလေ့ရှိသည်။ ထိုအရာသည် ကြီးမားသောအင်္ဂါ အစိတ်အပိုင်းတစ်ခုဖြစ်ရာ ပြန်၍ထည့်ရသည်မှာ မလွယ်ချေ။ နွားမကလည်း သားအိမ် မရှိလျှင် သားမမွေးရ၍ အေးသည်ဟု အောက်မေ့လေရော့သလား မသိ။ သိပ်ပြီး ဂရုမစိုက်၊ ပြန်၍ ဝင်စေလိုဟန် မတူပေ။ ထိုသားအိမ်ကို ပြန်၍ဝင်အောင် သွင်းရသည့်အလုပ်မှာ ဝါးလုံးခေါင်းထဲသို့ ဝက်ကို သွင်းရသည်ထက် ခက်သေးသည်။ နွားမနှင့် လူ သူနိုင်ငါနိုင် အပြိုင်ကြိုးကြရာတွင် နွားမ၏ညှစ်အားက လူ၏သွင်းအားထက်ကောင်းသဖြင့် နွားမကသာလျှင် အလေးသာစမြဲဖြစ်ပေသည်။ ယင်းသို့ ခဏခဏ ပြန်၍ထွက်ကျလာတတ်သဖြင့် အချို့က သားအိမ်ကို အိတ်စွပ်ပြီး နွားမပေါင်မှာ ချည်နှောင်ထားတတ်ကြသည်။ နှောင်အခါတွင် နွားမ၏ ကျောရိုးအဆုံးနားရှိ အာရုံကြောသို့ ထုံဆေးထိုး၍ ကုသနည်း ပေါ်လာတော့မှပင် နွားမသည် သားအိမ်ကို ကိုင်၍လည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုင်မှန်းမသိ၊ ညစ်လည်း မညစ်တော့သဖြင့် လုပ်ရကိုင်ရလွယ်ကူလာသည်။ သို့ဖြစ်သည့်တိုင်အောင် သားအိမ်ကျသည်ဟူသော အသံကြားလျှင် ကျေးမှုတိုင်း ဖျားချင်နာချင်ကြလေသည်။ ကျွန်တော့်မှာမူ ရီရီဝင်းထံသို့ သွားလိုသည့်ဇောကပ်နေရသည့်အထဲ ယခုလိုကိစ္စမျိုးကို ကြုံရသဖြင့် ဖျားချင်ရဲ့သာမက သေချင်စော်ပင် နံနေလေတော့သည်။

ကိုလူရွှေ၏ နွားတဲသို့ ရောက်သွားသည့်အခါ နွားမကို ကြည့်လိုက်ရာတွင် မချောကမူ ဘာမျှ အရေးမစိုက်ဘဲ ခပ်အေးအေး လှဲလျောင်း၍ နေသည်ကို တွေ့ရလေသည်။ သူ့နောက်နားတွင် သွေးများ ပေကျံနေသော သားအိမ်၊ အချင်း၊ နွားချေးနှင့် ကောက်ရိုးများသည် ရေအညစ်အကြေးများ စီးဆင်းရန် ပြုလုပ်ထားသည့် အုတ်မြောင်းထဲသို့ ဖရိုဖရဲ ကျရောက်၍ နေလေသည်။ အချို့သော နွားမများသည် အချင်းကို လူမယူလျှင် ဆွဲ၍ စားပစ်တတ်ကြသည်။ ကိုလူရွှေ၏ နွားမကတော့ ဘာကိုမျှဂရုမစိုက်ချေ။ ထရမှာပင် ပျင်းနေပုံရလေသည်။ ထို့ကြောင့် သူ့ကိုထအောင် အော်ရငေါက်ရ သူ့ကိုယ်ကို တွန်းရထိုးရနှင့် လုပ်ကြရလေသည်။

နွားမသည် အသားအရေ အလွန်ဆူဖြိုးသည့်အတွက် မြီးညောင်ရိုးနားက အာရုံကြောထဲသို့ အပ်ထိုးစရာ နေရာကို မနည်း စမ်းသပ်ရှာဖွေရလေသည်။ ထို့နောက် ဟုတ်မည်ထင်သည့်နေရာကို မှန်း၍ ထုံဆေးများကို ထိုးသွင်းလိုက်သည်။ ပြီးလျှင် အချင်းကို ဆွဲဖယ်လိုက်ပြီး သားအိမ်ကို ကောင်းမွန် သန့်ရှင်းစွာ ဆေးကြောကာ အပတ်သန့်သန့်ပေါ်တွင် တင်၍ ကိုလူရွှေနှင့်ကိုလူဖေတို့ ညီအစ်ကိုနှစ်ယောက်အား ထို...ဝတ်ကို တစ်ဖက်တစ်ချက်စီ ကိုင်ထားခိုင်းရသည်။

သူတို့နှစ်ယောက်သည် ယခုလို လုပ်ကိုင်ပေးရုံမှတစ်ပါး ...တော့်အား များစွာ အကူအညီပေးနိုင်သူများ မဟုတ်ကြသဖြင့် ...

www.burmeseclassic.com



သော သားအိမ်ကို ကျွန်တော်တစ်ယောက်တည်း အပ်နဖားထဲသို့ ဝက်အူ ချောင်းသွင်းသလို ခက်ခက်ခဲခဲ ကြိုးစားပြီး သွင်းရလေသည်။

နွား၏သားအိမ်မှာ သွေးများဖြင့် ပြည့်ဝ ဖောင်းကား၍ နေလေရာ မူလရှိရင်းစွဲထက်ပို၍ ကြီးနေသဖြင့် တစ်နာရီလောက်ကြာအောင် သွင်း၍ ယူရလေသည်။ အစတွင် သွင်းလိုက် ထွက်လိုက်နှင့် ဖြစ်နေရာ သေသေ ချာချာ ကြည့်တော့မှ အပေါက်မှားပြီး ထိုးသွင်းနေမိခြင်းကို တွေ့ရလေ သည်။ ထို့ကြောင့်လည်း မကြာသင့်ဘဲ ပို၍ ကြာရခြင်း ဖြစ်သည်။ ထိုသို့ ကြာခဲ့ခြင်းသည် ရီရီဝင်းထံသို့ အရောက်နောက်ကျဖို့ ဖြစ်ရလေသည်။

ကျွန်တော်သည် ရီရီဝင်းတို့အိမ်သို့ ရောက်သည့်အခါ အချိန်မှာ ည ၉ နာရီကျော်နေပြီ။ တစ်အိမ်လုံး တံခါးပိတ်ပြီး မီးမှိတ်ထားလျက် ရှိသည်။ ဤအရပ်သည် မြို့ဖျားလည်းကျသည်။ မိုးကလည်း အေးသည်။ ထို့ကြောင့် အနီးအပါးရှိ အိမ်များလည်း တံခါးပိတ် မီးမှိတ်ထားကြလေပြီ။ ငွေကြေးချမ်းသာသူတို့က စည်းစိမ်ချမ်းသာနှင့် အိပ်စက်နေနိုင်ကြသော် လည်း အနီးအပါးရှိ ဆင်းရဲနွမ်းပါးသူတို့၏ အိမ်တစ်အိမ် နှစ်အိမ်မှာကား မီးကလေး မှိတ်တုတ်နှင့် ရှိနေကြသေးသည်။ သူတို့သည် ညစာကိုပင် မစားကြရသေး၍လော။ ပရိယေသန ဝမ်းစာရေးကိစ္စ မပြီးကြသေး၍လော။ ကျွန်တော်သည် ထိုပြဿနာကို အဖြေရှာမနေပါ။ ရီရီဝင်း၏ နေအိမ်ကို တံခါးခေါက်ပြီး နိုးရန်သင့်မသင့်ကိုသာပဲ တွေဝေပြီး စဉ်းစားနေသည်။

အမှန်ပြောလျှင် ကျွန်တော်သည် ရီရီဝင်းတို့အိမ်သို့ ရောက်လျှင် ရီရီဝင်း တစ်စုံတစ်ရာဖြစ်၍ ပြာလောင်ခတ်နေကြသည်ကို တွေ့ရမည်လား။ မီးထိန်ထိန်လင်းကာ အလောင်းပြင်၍ ထားသည်ကို တွေ့ရမည်လားဟု အမျိုးမျိုးတွေး၍ ပူမိခဲ့သည်။ ယခု ထိုသို့ မတွေ့ရသဖြင့် တစ်ချက်တော့ စိတ်အေးရသည်။ သို့သော် ဥမ္မာ့ထံမှ ရီရီဝင်း၏ ကိုယ်ထဲသို့ ဝင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းရပ်ပိုးသည် အချိန်တန်လျှင် ဒုက္ခပေးနိုင်လေရာ ထိုအချိန်ကို ခန့်မှန်းရန်ခက်လေသည်။ ပိုးမွှားရောဂါဗေဒအရဆိုလျှင် လေးရက်က ကျော်သည်နှင့် ဒုက္ခဖြစ်နိုင်သည်ဟု ဆိုထားသဖြင့် တစ်နေ့က ဥမ္မာသေခဲ့ရပြီး ယနေ့နံနက်က ဥမ္မာ အကိုက်ခံရသည့်ကလေး ချွေးရှူးပြန်ပြီး သေရသည့်အကြောင်းကို ပြောပြကာ ချွေးရှူးရောဂါ ကာကွယ်ဆေးကို အချိန်မီ ထိုးဖို့ သတိပေးမှ ဖြစ်မည်။ သို့ရာတွင် အချိန်မတော် တံခါးခေါက်၍ နှိုးပြီးပြောရမှာ ခက်နေသည်။

သည့်ထက်ခက်သည်မှာ ရီရီဝင်းက ဘာမျှမဖြစ်ဘဲ ကျွန်တော်ကအဖြစ်သဲရာ၊ သူနှင့် တွေ့ရအောင် ကြံဖန်အကြောင်းရှာ၍လာသည်ဟု ထင်ရာရောက်မှာ စိုးရိမ်ရခြင်းဖြစ်လေသည်။

နောက်ဆုံးတွင် ကျွန်တော်သည် မနက်ကျမှပဲ ပြန်၍လာတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သည်အတောအတွင်း ရီရီဝင်း တစ်စုံတစ်ရာဖြစ်ခဲ့လျှင်လည်း သဗ္ဗေသတ္တာ ကမ္မသကာဟူ၍ သဘောထားရပေတော့မည်။

ကျွန်တော်သည် အိမ်သို့ပြန်၍ ရောက်လာပြီးသည့်နောက် တော်တော်နှင့် အိပ်၍မပျော်။ ရီရီဝင်းသည် ယခု အချိန်အထိ ဘာမျှ မဖြစ်သေးသော်လည်း ထိုညအတွင်း အခြေအနေပြောင်းချင် ပြောင်းသွားနိုင်သည့်အတွက် စိုးရိမ်မကင်း ဖြစ်နေမိသည်။

သို့သော် မနက်ဘက်တွင် ဗိုလ်မှူးရဲဝင်းအိမ်သို့ ရောက်ရှိသွားသည့်အခါ တစ်စုံတစ်ရာလှုပ်ရှားမှု ဘာမျှမတွေ့ရသဖြင့် စိတ်အေး တန်သလောက်အေးသွားသည်။ သို့ရာတွင် အိမ်ထဲရောက်၍ ရီရီဝင်းကို ကြည့်ရာ မမြင်သဖြင့် နည်းနည်းတော့ ပူမိသေးသည်။

"ဟာ…ကိုလွန်းဝေ စောစောစီးစီး ဘာများအရေးကြီးလာသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူး၏ အမေးကို ကျွန်တော် ချက်ချင်း မဖြေနိုင်ဘဲ ဟိုကြည့် သည်ကြည့်နှင့် ရီရီဝင်းကို ရှာ၍ကြည့်နေပြီး မမြင်ရတော့မှ 'ပြောစရာ အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ၊ အပြေးအလွှားလာရတာ မောလိုက် တာ၊ ရေကလေးတစ်ခွက်လောက်ပေးပါ'ဟု ပြောလိုက်ရသည်။

"သမီးရေ ကိုလွန်းဝေက ရေသောက်ချင်လို့တဲ့၊ ရေတစ်ခွက် လောက်"

ကျွန်တော်သည် ရီရီဝင်းရှိလျှင် ထွက်လာအောင် ဉာဏ်နီဉာဏ်နက် ဆင်လိုက်ခြင်းဖြစ်ရာ ရီရီဝင်းရှိသည်ကို သိရ၍ ဝမ်းသာသွားသည်။ သို့ သော် ကျွန်တော် အကွက်ဆင်လိုက်ခြင်းမှာ သည်တစ်ခုတည်းအတွက်သာ မဟုတ်ပေ။

"ဟုတ်ကဲ့ ဖေဖေ"

ရီရီဝင်းကို မြင်ရအောင် ဖန်တီးလိုက်ခြင်း ဖြစ်ရာ သူ့အသံကို ကြားရသည်တွင် မျှော်လင့်ချက် ပြည့်ဝတော့မည်ကို မြင်၍ ပိုပြီးဝမ်းသာ ရပြန်သည်။

ထိုခဏတွင် အိမ်အတွင်းခန်းထဲမှ ဖန်ခွက်ကျကွဲသံကို ကြားလိုက် ရရာ ကျွန်တော့်မျက်လုံးပြူးသွားသည်။ ရီရီဝင်းသည် ရေကိုမြင်၍ ထိတ် လန့်ပြီး လက်ထဲက ဖန်ခွက်လွတ်ကျသွားလေသလား။ လူသည် ခွေးရူး ရောဂါဖြစ်လျှင် ရေကိုမြင်သည်နှင့် လည်မျိုကျဉ်းကာ မချိမဆန့်နှင့် ထိတ်လန့်ကြောက်ရွံ့စိတ်များ ပေါ်လာတတ်လေသည်။

"အန်ကယ် ရီရီဘာများ ဖြစ်သလဲ"

ကျွန်တော်သည် ဗိုလ်မှူးရဲဝင်းအား မခေါ်စဘူး၊ အန်ကယ်ဟု ခေါ်လိုက်မိပြီး ကိုယ့်စကားကိုယ် အံ့ဩမိသည်။ ဗိုလ်မှူးကလည်း ကျွန်တော် ထိုသို့ခေါ်သည်ကို မကြားစဖူး ကြားရ၍ အံ့အားသင့်သည့်အမူအရာကို

www.burmeseclassic.com

www.burmeseclassic.com



ပြပြီးမှ 'ဘာမှမဖြစ်ပါဘူး။ မတော်တဆ ဖန်ခွက်လွတ်ကျတာ ဖြစ်မှာပါ။ ဘာဖြစ်တယ်ထင်လို့လဲ'ဟု ကျွန်တော့်ကို ပြန်၍ မေးလိုက်သည်။

"ကျွန်တော် အခုလာတာ ရီရီ့အတွက် စိုးရိမ်တာတစ်ခု ရှိလို့ပါ။ ဘာကြောင့်လဲဆိုတော့ တစ်နေ့က ဥမ္မာ့အကိုက်ခံရတဲ့ သူငယ်ကလေး မနေ့က ခွေးရူးပြန်ပြီး သေသွားတယ်"

"အဲဒါ ဘာဖြစ်သလဲ"

"ဥမ္မာကို ရီရီက အမြဲပွေ့ပိုက် ချီပိုးနေတာဖြစ်တော့ ဥမ္မာရဲ့ မိုင်းရပ်ပိုးတွေဟာ ကူးစက်နိုင်တယ်။ တစ်နေ့က ဥမ္မာကို ကျွန်တော့်လာပြကတည်းက ဥမ္မာဟာ စိတ်နောက်နေပြီခင်ဗျ။ အခုဆိုရင် ဥမ္မာသေသွားတာ လေးရက်ကျော်ပြီ။ ဒီရောဂါပိုးဟာ လေးရက်က ဆယ့်လေးငါးရက် အတွင်းမှာ လူကိုဒုက္ခပေးနိုင်တယ်။ ဒီရောဂါဖြစ်လာရင် ရေကိုမြင်တာနဲ့ လည်ချောင်းကျဉ်းပြီး ဆန့်ငင်ဆန့်ငင်နဲ့ ဖြစ်လာတတ်ပါတယ်။ ခုနက ရီရီ့လက်ထဲက ဖန်ခွက်ကျကွဲတာ အဲဒါကြောင့် ဖြစ်မလားလို့ပါ"

ထိုသို့ပြောစဉ်မှာပင် ရီရီဝင်းသည် ဖန်ခွက်သစ်ဖြင့် ရေခပ်၍ ယူလာလေသည်။

မိုလ်မှူးရဲဝင်းက ဘာမှလည်း မဖြစ်ပါလား ဆိုသည့်အမူအရာမျိုးဖြင့် ကျွန်တော့်ဘက်သို့ လှည့်ကြည့်လေသည်။

ကျွန်တော့်မှာ ကြောင်အန်းအန်းဖြစ်ကာ ဘာကိုပြောရမှန်းမသိဘဲ ရီရီဝင်းကို ငေး၍ကြည့်နေမိလေသည်။ သူက ကျွန်တော့်ကို ကြည့်ပြီး မခိုးမခန့် ပြုံးလိုက်၏။

"ကိုလွန်းဝေက ကျွန်မကို ခွေးရူးပြန်နေပြီထင်လို့လား၊ ကိုလွန်းဝေ ပြောတဲ့စကားတွေ ကျွန်မအားလုံးကြားတယ်"

"ကျွန်တော် စိုးရိမ်လို့ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"စိုးရိမ်ရင်လည်း ဘာဖြစ်လို့ စောစောကလာပြီး မပြောတာလည်း ရှင့်..."

"မနေ့က ပြောဖို့ပဲ။ ဒါပေမဲ့ ရှောင်လွှဲလို့ မရနိုင်တဲ့ တာဝန်တွေ ရှိနေတာနဲ့ လာပြီးပြောဖို့ ကြိုးစားရင်း ကြိုးစားရင်း မိုးချုပ်သွားတယ်။ ဒီကိုရောက်တော့ ရောက်ပါသေးတယ်။ အိမ်တံခါးပိတ် မီးမှိတ်ပြီး အိပ်နေကြပြီဖြစ်လို့ ညက မနှိုးတော့ပဲ ဒီမနက်ကျမှ အစောကြီး ထလာခဲ့ရတယ်။ အဲဒါ ရီရီ အင်တီရေးဘီးစ်ဆေးထိုးဖို့လိုတာ ပြောမလို့ပါ"

"အို...ကျွန်မ ဘာမှမဖြစ်တာပဲ။ အသားအနာမခံနိုင်ပါဘူး"

ကျွန်တော် ဗိုလ်မှူးရဲဝင်းဘက်သို့လှည့်ပြီး 'အန်ကယ်'ဟု ခေါ်လိုက်ပြန်သည်။ ထိုသို့ခေါ်လိုက်ခြင်းမှာ ကျွန်တော့်ဘက်က ကူပြီးပြောစေလိုသဖြင့် စကားစလိုက်ခြင်း ဖြစ်သည်။ သို့ပြောဆိုရာတွင် အန်ကယ်ဟု ခေါ်လက်စရှိ၍လည်း တစ်ကြောင်းကြောင့် ဖြစ်ပါသည်။ တကယ်လည်း ရင်းနှီးချင်ပါ၏။ ဗိုလ်မှူးကမူ ထိုသို့ခေါ်သံကို နောက်ထပ်ကြားရသဖြင့် တွန့်၍သွားလေသည်။

"အန်ကယ် သူ ကျွန်တော့်ကို စိတ်ဆိုးနေလို့ အခုလို ပြောနေတာပါ။ သူစိတ်ဆိုးတာက အရေးမကြီးပါဘူး။ ရောဂါပိုးပေါက်ပွားပြန့်နှံ့သွားရင် အားလုံးဒုက္ခရောက်ကုန်လိမ့်မယ်။ အဲဒါ အန်ကယ်ကြည့်ပြီး ပြောပါဦး"

"သူပြောတာ ဟုတ်တာပဲ သမီးရယ်၊ သူက စေတနာနဲ့ လာပြီး ပြောနေတာပဲဟာ"

"သူ့စေတနာကို သမီးစော်ကားပြီး ပြောတာမဟုတ်ပါဘူး ဖေဖေ၊ သမီးမှာ ဘာမှမဖြစ်ပဲနဲ့ အသားအနာမခံနိုင်လို့ ပြောတာပဲဟာ"

"မဟုတ်ဘူး ရီရီ၊ အခု ရောဂါမဖြစ်တာကတော့ ဟုတ်ပါတယ်၊ ဖြစ်လာပြီဆိုတော့ ဘာမှလုပ်လို့ မလွယ်တော့ဘူး၊ ပြီးတော့ ဒီရောဂါဟာ

www.burmeseclassic.com

www.burmeseclassic.com



တချို့လည်းမြန်မြန်ဖြစ်တယ်။ တချို့တော့လည်း နှေးနှေးဖြစ်တယ်၊ ဒါကြောင့် အခုမဖြစ်တာနဲ့ မဖြစ်တော့ဘူးလို့ ယူဆထားလို့မရဘူး။ ကျွန်တော့်သဘောပြောရရင် တစ်အိမ်လုံးကို ဆေးထိုးစေချင်တယ်"

"အို...ကျွန်မ ဗိုက်ကြီးလှန်ပြီး ဆေးထိုးခံရမှာ ရှက်တယ်ရှင်။ ပြီးတော့ ဆေးထိုးရတာကလည်း တစ်ခါနဲ့ပြီးတာမဟုတ်ဘူး။ ဆယ့်လေးငါးခါ ဆက်ပြီးထိုးရတာ"

"ဒါဟာ အသက်ကို ထိခိုက်နိုင်တဲ့ အန္တရာယ်မို့ ရှက်နေဖို့ မသင့်ပါဘူး ရီရီရယ်၊ မြန်မာစကားမှာ အသက်နဲ့ လူလုပ်တာမဟုတ်ဘူး၊ အရှက်နဲ့ လူလုပ်တာ ဆိုပေမဲ့ ဒီနေရာမှာ ဒီလိုစဉ်းစားရင် မှားပါလိမ့်မယ်၊ ရှက်တယ်ဆိုတာ မဟုတ်တာလုပ်ရမှသာ ရှက်စရာကောင်းတာပါ။ အခုလို အသက်အန္တရာယ်နဲ့နီးလို့ ကာကွယ်ရမယ့်ဟာကို ရှက်တယ်ဆိုရင် အဲဒါဟာ လွဲမှားတဲ့ အရှက်ဆိုရလိမ့်မယ်"

"အို...ဘာပဲဖြစ်ဖြစ် ကျွန်မအသားလည်း အနာမခံနိုင်ဘူး။ ဘယ်သူ့ကိုမှလည်း ဗိုက်လှန်ပြီး မပြချင်ဘူး။ ကျွန်မ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုလွန်းဝေကို ရှက်တယ်"

ကျွန်တော်က ဗိုလ်မှူးရဲဝင်းကို ကြည့်လိုက်ရာ သူက သူ့ပခုံးကို ပင့်၍ပြလေသည်။

ဗိုလ်မှူးရဲဝင်း၏ အမူအရာမှာ ကျုပ်လည်း မတတ်နိုင်ဘူးဆိုသည့် အဓိပ္ပာယ်ပေါက်နေသည်။ ဟုတ်ပါသည်။ သူ ဤမျှ အလိုလိုက်ထားသူကို သူဘယ်မှာပြော၍ ရနိုင်ပါမည်နည်း။ သို့ဖြစ်၍ သူ့ကို ကျွန်တော် အပြစ်မတင်လိုပါ။ တင်ရမည့်သူလည်း မဟုတ်ပါ။ သို့သော် ရီရီဝင်းက သူ့ဗိုက်ကို ကျွန်တော့်အား မပြချင်ဟု ဆိုလိုက်ခြင်းကိုကား ကျွန်တော့်စိတ်ထဲတွင် အောင့်သက်သက် မဖြစ်မိသော်လည်း နည်းနည်းတော့ ရှက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော်သည် သူ့ဗိုက်သားကို ကြည့်ချင်၍ ဆေးထိုးဖို့ရန် ဆွယ်တရားဟောနေသည်ဟူ၍များ ထင်လေရော့သလားမသိ။

"ကျွန်တော် အန်ကယ့်လည်း အားနာပါတယ်။ ဒါပေမဲ့ ရီရီက သူ့ဗိုက်သားဝင်းဝင်းကလေးကို ကျွန်တော်ကြည့်ချင်လို့ အခုလို လာပြီး ပြောတယ်လို့ ထင်ရင်တော့ မှားပါလိမ့်မယ်။ ဒီဗက္ကဆင်ကို ထိုးဖို့ဟာ ကျွန်တော်လုပ်မှ ဖြစ်မှာမဟုတ်ပါဘူး။ ဆရာဝန်တွေ အများကြီးရှိပါတယ်။ ကျွန်တော်က ပြောအပ်တဲ့ ဝတ္တရားရှိတယ်ထင်လို့ လာပြီးပြောရတာပါ။ လုပ်ဖို့မလုပ်ဖို့ကတော့ ကာယကံရှင်တွေရဲ့ သဘောပါပဲ"

ကျွန်တော်သည် ပြောပြောဆိုဆို ထိုင်ရာမှထလိုက်သည်။ ရီရီဝင်းက ကျွန်တော်လာခြင်း ပြန်ခြင်းသည် သူ့အရေးမဟုတ်သကဲ့သို့ ကြည့်နေသည်။ ဗိုလ်မှူးရဲဝင်းကသာ 'ကိုလွန်းဝေ...ပြန်တော့မလား။ မြန်လှချည်လား' ဟု ပြောပါသည်။

"ဟုတ်ကဲ့...ကျွန်တော့်ဝတ္တရားကုန်ပါပြီ။ ပြန်ပါဦးမယ်"

ကျွန်တော်လည်း ခပ်တိုတို ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပြီး ပြန်ခဲ့တော့သည်။ သို့သော် ကျွန်တော်သည် အိမ်သို့မပြန်သေးဘဲ ကျွန်တော့်ဆရာ ဦးပြည့်စုံထံသို့ ဆက်၍သွားလိုက်လေသည်။

ဦးပြည့်စုံက ကျွန်တော် စောစောစီးစီး ရေးကြီးသုတ်ပြာရောက်လာသည့်အတွက် 'ဘာများ အကြောင်းထူးလာသလဲ ကိုလွန်းဝေ'ဟု ဆီး၍ မေးမြန်းလေသည်။

ကျွန်တော်က ဦးပြည့်စုံ၏အမေးကို ချက်ချင်းမဖြေသေးဘဲ အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ဝင်ရောက်ထိုင်လိုက်ပြီး ခေတ္တမျှ အမောဖြေလိုက်ရသည်။

"ရီရီရဲ့ ခွေးကလေး အကိုက်ခံရတဲ့ကလေး ခွေးရူးပြန်ပြီး သေ

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆရာ"

"ဘယ်တုန်းကလဲ"

"မနေ့ကပဲဆရာ။ အဲဒါကြောင့် ရီရီဝင်းအတွက် စိုးရိမ်တာနဲ့ သူ့ကို အင်တီရေးဘီးစ် ဗက်ဆင်းထိုးဖို့ သွားပြောတယ်။ ဒါပေမဲ့ သူက သူဘာမှ ဖြစ်တာမှမဟုတ်ပဲ။ အသားအနာမခံနိုင်ဘူးလို့ ပြောလိုက်တယ်။ အဲဒါဟာ သူ့စိတ်ထဲက ရိုးရိုးသားသားဆေးမထိုးလိုတာထက် ကျွန်တော်က သူ့ကို လာပြောတာ နားမထောင်ချင်တဲ့သဘောက ပိုပြီးများနေတယ်လို့ ထင်တယ်ဆရာ"

ဦးပြည့်စုံသည် သူ့မျက်လုံးများကို အထက်သို့ လှန်၍ ကြည့်ကာ စဉ်းစားနေလိုက်ပြီးနောက်...

'သူက ဘာဖြစ်လို့ ကိုလွန်းဝေရဲ့စကားကို နားမထောင်ချင်ရတာလဲ'ဟု မေးလေသည်။

"ဒီလိုဆရာရယ်...သူ့ကောင်မလေး ဥမ္မာကို ကျွန်တော့်အကောင်ကြီး အောင်နက်လိုက်လို့ ထွက်ပြေးရင်း သေရတာဆိုပြီး ကျွန်တော့်ကို မကျေနပ်တာလည်းပါတယ်။ ဒါကြောင့် ကျွန်တော် ဘာပြောပြောအကောင်း မထင်ဘူး။ နားမထောင်ဘူး"

"ဒီတော့ ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"ကျွန်တော်က သူ့အလိုကို ကျွန်တော့်အပေါ်မှာ မကျေမချမ်းဖြစ်နေတာကို ဘယ်လိုမှ အရေးမထားပါဘူး။ ဒါပေမဲ့ ကျွန်တော့်စကားကို နားမထောင်ချင်တာနဲ့ သက်သက်မဲ့ ဒုက္ခမဖြစ်စေချင်လို့ပါ။ သူ့ကို ဆရာပြောရင်တော့ နားထောင်ပါလိမ့်မယ်။ ဒီအတွက် ဆရာက ကြိုးပြောပေးစေချင်ပါတယ်။ အဲဒါ လူသားတစ်ယောက် ဒုက္ခမရောက်စေလိုတဲ့ စေတနာရိုးရိုးနဲ့ ပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်စုံက ကျွန်တော့်ကို ကြည့်ပြီး အနည်းငယ် ပြုံးလိုက်သည်။

"အခု ကိုလွန်းဝေ ပြောနေတာဟာ ရီရီဝင်းဆိုတဲ့ မိန်းမပျိုကလေး တစ်ယောက်အတွက် ပြောနေတာ မဟုတ်ဘဲ လူသားတစ်ယောက်အတွက် မေတ္တာစေတနာနဲ့ ပြောနေတာ ဆိုပါတော့"

"ဟုတ်ပါတယ် ဆရာ။ ဒီအတိုင်း အမှန်ပါပဲ"

"အင်း...ဒီမိန်းကလေးလည်း ခေတ်ပညာကို အထိုက်အလျောက် တတ်သားပဲဟာ။ ဒီလိုခေါင်းမာဖို့တော့ မသင့်ဘူး။ ဒါမျိုးဟာ မိုးမပြို့ဘူး ပြိုသော် ဆိုတဲ့ စကားလို ကိုယ့်ကိုယ်ကို စိတ်ချရအောင် ကြိုတင်ကာကွယ် ထားတာ မမှားဘူးပေါ့။ ဘာဖြစ်ဖြစ် ကိုယ်က အွန်းသဆော့ဖ်ဆိုဒ်မှာ ရှိ နေရမယ် မဟုတ်လား"

"မှန်ပါတယ် ဆရာ။ အဲဒါကြောင့် ကျွန်တော်သွားပြောတာပါ။ ဒါကို မနေ့ကတည်းက ကျွန်တော်ပြောဖို့ပါ။ ဒါပေမဲ့ တစ်နေ့လုံး မအား ရအောင် ဖြစ်ပြီး ဘယ်လိုမှ သွားလို့မရနိုင်တာနဲ့ ဒီမနက်မှ အပြေးအလွှား သွားရတယ်"

"အိုကေ၊ ကျုပ်သွားပေးပါ့မယ်။ ဒါပေသိ ကျုပ်လည်း လူသားတစ် ယောက်အတွက် သွားတာနော်။ ရီရီဝင်းဆိုတဲ့ မိန်းမပျိုကလေးအတွက် မဟုတ်ဘူး"

"ဟုတ်ပါတယ် အဲ...အဲ...မဟုတ်ပါဘူး"

"ဘယ်လိုလည်း ကိုလွန်းဝေ၊ ဟုတ်တယ်လည်း ပြောရဲ့၊ မဟုတ် ဘူး လည်းပြောရဲ့"

"ကျွန်တော်စကားပြောတာ လုံးသွားလို့ပါ။ ဟုတ်ပါတယ်ဆိုတာ ဆရာပြောတဲ့ စကားအတိုင်း ဟုတ်တယ်လို့ပြောတာပါ။ မဟုတ်ဘူးဆိုတာ က ဆရာက မဟုတ်ဘူးလို့ ပြောတာ မှန်ပါတယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ကဲ...ဒီအတိုင်းပဲထားလိုက်ပါတော့လေ၊ ထပ်ရှင်းရင် ပိုရှုပ်နေမယ်။ အိုကေ...ကျုပ် တော်တော်ကြာ သွားပြီး ပြောလိုက်မယ်၊ ဟုတ်ပြီလား"

"ဟုတ် အဲ...အဲ...ဟုတ်ပါတယ်ဆရာ"

ကျွန်တော်ထွက်လာသည့်အခါ ဦးပြည့်စုံသည် ရယ်မောလျက် ကျန်ရစ်လေ၏။

□

www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

ကျွန်တော်သည် တာဝန်သိတတ်သူတစ်ယောက်အနေဖြင့် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စတစ်ခုကို ဆောင်ရွက်လိုက်ရပြီဟူ၍ ကျေနပ်နှစ်သိမ့်နေခဲ့သည်။

ဦးပြည့်စုံသည် သူ့ပြောစကားအတိုင်း ရီရီဝင်းထံသို့သွားမည်ကို ကျွန်တော် ယုံကြည်သည်။ ဇက္ကာဆင်းထိုးဖို့ရန် တိုက်တွန်းပြောဆိုလိမ့်မည်ဟူ၍လည်း စိတ်ချယုံကြည်သည်။ ယခုလို ပြော၍မှ သူမလိုက်နာလျှင် သူ့ထိုက်နှင့် သူ့ကံဟူ၍ သဘောထားရန်သာ ရှိသည်။ ထိုသို့ လိုက်နာသည် မလိုက်နာသည်ကို ကျွန်တော် သိဖို့မလို၊ စုံစမ်းဖို့လည်း မလို။ အကယ်၍ ကျွန်တော် မနေနိုင်မထိုင်နိုင်ပဲ ဦးပြည့်စုံထံ သွား၍မေးမိလျှင် ကျွန်တော် ပြောထားသည့်စကားနှင့် မညီသည့်အတွက် ကျွန်တော် အရှုံးဖြစ်မည်။ သို့မဟုတ် ကျွန်တော့်ကို ဦးပြည့်စုံ အထင်သေးမည်။ သို့ဖြစ်၍ ရီရီဝင်းနှင့် ပတ်သက်သည့် ကဏ္ဍာတစ်ရပ်လုံးကို နိဂုံးသတ် အမှတ်ဖြင့် ကန့်လန့်ကာ ချထားလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကြားချင်သောစကားကို အလွန်ကြားရတတ်၏။ မသိလိုသော အကြောင်းကို အလွန်သိရတတ်၏။ ကြားရပြီဆိုတော့လည်း ပို၍ သိချင်သည်။

ရီရီဝင်းအကြောင်း သတင်းလာ၍ပေးသူမှာ ဖိုးကျော့ဖြစ်သည်။

'ဆရာရယ် ရီရီတို့များ မြန်လွန်းတော့လည်း အံ့ဩလောက်အောင်ကို မြန်တာပဲ'

"ရီရီဘာဖြစ်လို့လဲ။ ရူးသွားပြီလား"

"အို...ဆရာလေးကလည်း မဦးမချွတ် ပြောရော့မပဲ်"

"နို့...ဘာဖြစ်တာလဲ။ မြန်မြန်လွန်းတယ်ဆိုတော့ ခွေးရူးများ ပြန်ရော့လားလို့"

"ဖြစ်တာကတော့ သူရူးမယ့်ကိစ္စမဟုတ်ဘူး။ ဆရာလေး ရူးရမယ့် ကိစ္စဗျ"

"ကိုယ့်လူပြောတဲ့စကားတွေကလည်း ပဟေဠိဆန်လိုက်တာ။ ရှင်းရှင်းလုပ်စမ်းပါ"

ကျွန်တော်က ရယ်သလိုမောသလို ပြောလိုက်သော်လည်း ရင်ထဲမှာ တထိတ်ထိတ်နှင့် ဖြစ်နေသည်။

"ဆရာလေးအဖြစ်ကတော့ နိုးချင်လိုက်တာလည်း ပြာလို့။ လက်နေးလိုက်တာလည်း ချာလို့ဆိုသလို ဖြစ်နေတာကိုးဗျ။ အခုတော့ ရီရီဟာ ဆရာဝန်တစ်ယောက်လက်ထဲပါတော့မယ်။

"ဗျာ"

ကျွန်တော့်မှာ ဗျာတစ်လုံးပဲ ပါးစပ်ကထွက်နိုင်ပြီး ဖိုးကျော့ကို ကြည့်နေမိသည်။ ခဏနေမှ အသက်မှန်မှန်ရှူနိုင်ကာ 'ဘယ်သူနဲ့ လိုဖြစ်တာတုန်း။ အရင်ကလည်း ဘာမှမကြားမိပါလား' ဟု ပြော

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

"အဲဒါကြောင့် မြန်ပဲမြန်လွန်းလှတယ်လို့ ဆိုတာပေါ့ ဆရာလေးရဲ့"

"ကိုင်းပါလေ၊ နိဒါန်းတွေဘာတွေ ရှည်မနေစမ်းပါနဲ့။ ဇာတ်လမ်းကို ဖွင့်စမ်းပါဦး"

"နိဒါန်းက ရှည်ပေမဲ့ ဇာတ်လမ်းကတော့ တိုတိုပဲ ဆရာလေးရေ့။ ဟိုတစ်နေ့က ဆရာလေးတို့ ရီရီကို ခွေးရူးရောဂါ ကာကွယ်ဆေးထိုးဖို့ သွားပြောကြတယ်မဟုတ်လား"

"အင်း...အဲဒါ ဘာဖြစ်သလဲ"

"ဆရာလေးတို့စကားအတိုင်း သူဆေးရုံသွားပြီး ဆေးထိုးတယ်လေ။ ဆေးထိုးပေးတဲ့ ဆရာဝန်ကလေးက ခပ်ငယ်ငယ် ခပ်ချောချောဆိုတော့ 'မချော'လဲ ကျသွားတာပေါ့။ အခု အဲဒီဆရာဝန်လေး သူတို့အိမ်ကို ဝင်လားထွက်လား ဖြစ်နေပြီဗျ"

"အိုး...ဘယ်နှစ်ရက်ရှိသေးလို့လဲ"

"အဲဒါကြောင့် မြန်လွန်းတယ်လို့ ပြောနေတာပေါ့။ ဒါတော့လည်း မပြောနဲ့လေ။ ရီရီကလည်း ချစ်သူဖူးစာဖက်ရှာနေသူ မဟုတ်လား။ သူနဲ့ ရွယ်တူတန်းတူ ဂုဏ်သရေနဲ့လူ တွေ့ရင် မြင်တာနဲ့ မျက်စိကျမှာပဲ။ သူ့ မပြောနဲ့လေ ဘယ်မိန်းမပဲဖြစ်ဖြစ် ဒီလို ဂုဏ်နဲ့ဒြပ်နဲ့ ရုပ်ရည်ကလည်း သန့်လူကလည်း လူပျိုဆိုရင်၊ မျက်စိကျရုံတင်မကဘူး။ မိအောင်ဖမ်းကြမှာပဲ"

ကျွန်တော့်မှာ စကားမပြောနိုင်ပဲ အာစေးထည့်ထားသလို ဖြစ်နေတော့သည်။ သို့ဖြစ်၍ ဖိုးကျော့ကပင် စကားဆက်၍ ပြောလေသည်။

"ဆရာလေးအဖြစ်ကတော့ ဟိုလိုဖြစ်နေပြီ။ ဘာတဲ့ဗျာ အလု... ကလေးတစ်ခုရှိမှဖြင့် ရှောင်ဖယ်ရှောင်ဖယ်နဲ့ တော်...ပဲ ကောင်းတ...

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေ။ အဲဒါမျိုးဖြစ်နေတယ်။ စောစောက ရီရီပြောသလို သူ့အဖေကြီးကို နားဖောက်လိုက်ရင် ကိစ္စပြီးနေပြီ။ အခုတော့ ဆရာလေးက ဟိုလိုလိုဒီလိုလို အချိန်ဆွဲနေတော့ သူလည်း မစောင့်နိုင်တော့ဘူး ထင်ပါရဲ့"

ယခုမှပင် ကျွန်တော်သည် ရီရီဝင်းအား ခွေးရူးရောဂါကာကွယ်ဆေးထိုးဖို့ရန် ဆတ်ဆော့မိခဲ့သည့်အတွက် သည်လိုဖြစ်ရသည်။ ကျွန်တော်သာ 'ဆပ်စလူး'မထခဲ့လျှင် ဆရာဝန်ပေါက်စနှင့် ရီရီဝင်း တွေ့ရမည်မဟုတ်ဘဲ ကျွန်တော့်အဖို့ မျှော်လင့်ချက် ရှိနေဦးမည်။ ယခုမူ သည်လိုဖြစ်ရခြင်းသည် ဖိုးကျော့ပြောသလို ဘယ်သူမပြု မိမိမှုပင်ဖြစ်သည်ဟု မိမိကိုယ်ကိုမိမိ အပြစ်တင်ချင်မိတော့သည်။ ဖိုးကျော့သည် ကျွန်တော့်ထံမှ စကားအလာကို စောင့်မျှော်နေရာ ဘာမှမကြားရသဖြင့် 'စကားလေး ဘာလေးလည်း ပြောပါဦး ဆရာလေးရဲ့၊ ငိုင်လှချည်လား'ဟု ထပ်၍ ပြောပြန်၏။

"ဘာပြောစရာရှိဦးမှာလည်း၊ ရေစက်ချ အမျှဝေဖို့သာ ကျန်တော့တာပဲဟာ"

"ခုလိုဆိုတော့ ဆရာလေးက ဝေသန္တရာမင်းကြီးထက် သာသွားပြီ"

"ဘယ်လိုသာတာလည်း ကိုယ့်လူရ"

"သာဆို ဝေသန္တရာမင်းကြီးက မယားနဲ့သားသမီးသာ လှူတာ။ ရည်းစားကို လှူတယ်လို့ စာထဲမှာ ဆိုမထားဘူး။ ပြီးတော့ ရည်းစားကို လှူတယ်ဆိုတာ တော်ရုံတန်ရုံပါရမီနဲ့ လှူနိုင်ကြတာ မဟုတ်ဘူး ဆရာလေးရဲ့၊ အဲဒါနဲ့ ပတ်သက်လို့ စာဆိုရှိတယ် မဟုတ်လား၊ မျက်စပ်ပိုးဝင် ဆံတစ်ပင်တင်း၊ ပျိုးခင်းနွားစား၊ ရည်းစားလူလု၊ ရွှေဥကြမ်းညပ် အနာဆုံးဆိုတာလေ"

"ကျုပ်က စေတနာပါလို့ ရေစက်ချ အမျှဝေတာမဟုတ်ဘူး ကိုယ့်လူ။ ယာဂုထမနဲ၊ အိုးကြီးကွဲကာမှ စွန့်ကြတဲ့ ဒါနမျိုးဗျို့၊ နို့ပြီး တကယ်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစစ်လိုက်တော့ ရိုရိုကလည်း ကျုပ်ရည်းစားမဖြစ်သေးပါဘူး"

"ဒါတွေ ထားလိုက်ပါလေ။ အခု ဆရာလေး စိတ်ရှုပ်သွားတယ် မဟုတ်လား"

"ဒါပေါ့ ကိုယ့်လူရာ၊ နည်းနည်းတော့ အာရုံရှုပ်သွားတာပေါ့"

"ရှုပ်ရင် ရှင်းတဲ့နည်းကလေး ကျွန်တော်ပြမယ်။ လာ...လာ... ကိုငွေမောင်းဆိုင်ကို သွားကြစို့လား"

"ဒီကိစ္စအတွက်နဲ့ အရက်ကို စစ်ကူတောင်းရတယ်ဆိုရင် ရာဇဝင် ရိုင်းတော့မှာပေါ့ ကိုယ့်လူရာ။ မလုပ်စမ်းပါနဲ့"

"စိတ်ပျော်အောင်ပေါ့ဆရာလေးရယ်။ မိုးကလေး နည်းနည်းအေး တော့ သွေးထိုင်းတယ် မဟုတ်လား။ နို့ပြီး လူစုံတဲ့နေရာဆိုတော့ ရပ် သတင်း ရွာသတင်းကလေးများလည်း ကြားရတာပေါ့"

"အဲသလိုပြောစမ်းပါ ကိုယ့်လူရာ"

ကိုငွေမောင်းဆိုင်မှာ လူစုံသလို သတင်းလည်း စုံသည်။ စားစရာ သောက်စရာလည်း စုံသည်။ ဆွေနှင့်ဆောင်းတွင် ထန်းရည်ရောင်းသော်လည်း မိုးအခါတွင် တရားဝင်မဟုတ်စေကာမူ အဖြူနှင့် အနီကို လိုတရလေသည်။ အမြည်းအဖြစ်ဖြင့်လည်း နေလှန်းအမဲကြော်။ အမဲသားနပ်။ လယ်ပုဇွန် လုံးဟင်း။ ဖားကင်၊ ငါးကင်၊ ပဲလှော်ကြော် လိုရာရနိုင်လေသည်။

ဆိုင်ထဲတွင် စားပွဲရှည်နှစ်လုံးကို ဘေးက ခုံတန်းလျားနှစ်ခု ခင်း ထားပြီး ဆိုင်ထောင့်တစ်နေရာတွင် ထင်ရှူးသားနှင့် ပြုလုပ်ထားသော လေးဒေါင့်စားပွဲကို ခွေးခြေလေးလုံး ဝိုင်းရံထားလေသည်။ စားသောက်မည့် သူများ၍ နေရာမရှိလျှင် ဆိုင်နောက်ဖေးဘက်တွင် အရေးပေါ် ထမင်းစား ပွဲဝိုင်းချပြီး ဖျားခင်း၍ ပေးလေသည်။

ဆိုင်ထဲသို့ ကျွန်တော်တို့ ရောက်၍သွားသည့်အခါ စောစောက

www.burmeseclassic.com



ရောက်နှင့်သူများက ကျွန်တော်မလာစဖူး ရောက်လာသည့်အတွက် တအံ့တဩ ကြည့်နေကြသည်။ သူတို့ထဲက အများစုသည် ကျွန်တော်နှင့် အသိအကျွမ်းများ ဖြစ်ကြလေသည်။ ထို့ကြောင့် သူတို့သည် အံ့အားသင့်ပြီး ကြည့်နေရာက ပြုံးလာပြီး နှုတ်ဆက်ကြသည်။ အချို့က သူတို့နှင့် အတူဝိုင်းဖွဲ့ရန် ဖိတ်ခေါ်ကြသည်။ ကျွန်တော်တို့က သူတို့၏ဖိတ်ကြားချက်ကို ယဉ်ကျေးစွာ ငြင်းပယ်ပြီး ကျွန်တော်တို့ နှစ်ယောက်တည်း ထိုင်ကြသည်။

သို့သော် ကျွန်တော်တို့ချည်း နေချင်၍မရပေ။ ကိုသောင်းတိုးဆိုသူတစ်ယောက်က ကျွန်တော်တို့ဝိုင်းထဲ ရောက်လာသည်။ သူသည် ရွာထဲတွင် ဆေးဆရာလိုလို ဗေဒင်ဆရာလိုလို ဘုရားကိုးဆူပင့်သည့် ဆရာလိုလို ဆယ့်နှစ်မျိုး ဂျင်းသုတ်လုပ်၍ စားနေသူတစ်ဦး ဖြစ်လေသည်။

"ဆရာကိုလွန်းဝေရဲ့ နာမည်ကို ကျွန်တော်ကြားနေရတာကြာပါပြီဗျာ။ နာမည်ကတော့ သိပ်ကြီးတာပဲ။ သို့ပေမဲ့ ဆရာကိုလွန်းဝေတို့ ကုထုံးက အနောက်တိုင်းနည်းတွေ ဖြစ်နေတယ်။ အဲဒီဆေးပညာတွေက ကောင်းတာတော့ အလွန်ပဲကောင်းပါရဲ့။ ဒါပေမဲ့ သူ့အချိန်အခါကာလ သူ့နေရာဒေသနဲ့တော့ အံကိုက်မပေါ့ဆရာလေးရယ်။ ကျွန်တော်တို့ နိုင်ငံနဲ့တော့ ကာလဒေသအလိုက် မိရိုးဖလာ ရှေးပဝေသဏီကတည်းက လက်တွေ့သုံးလာခဲ့ကြတဲ့ နည်းနဲ့မှဖြစ်တာ။ ကျွန်တော်ပြောတာ မဟုတ်လား ဆရာလေးရဲ့"

"ဟုတ်ပါတယ်လေ၊ ကျွန်တော်တို့ကလည်း မိရိုးဖလာ ကုထုံးကုနည်းတွေကိုလည်း မပစ်ပယ်ပါဘူး။ သိပ္ပံနည်းကျ သုတေသနလုပ်ပြီး အနောက်တိုင်းနည်းနဲ့ ယှဉ်တွဲသုံးနေပါတယ်"

"ဒီလိုဆိုရင် ကျွန်တော့်မှာ ပွဲတွေ့ဆေးနည်းကောင်းတစ်လက်

www.burmeseclassic.com

www.burmeseclassic.com



ရှိနေတယ်။ အဲဒီနည်း ကျွန်တော် ဘယ်သူ့မှမပေးဘူး။ ကျွန်တော့်ကိုလာပြီး ပင့်ရင် ခြေကြွရယ် ဆေးဖိုးဝါးခရယ်လို့ ပြောမနေဘဲ စေတနာနဲ့ လိုက်ပြီး ကုပေးခဲ့တာပဲ။ ဒါကတော့ မြန်မာစကားရှိတယ်မဟုတ်လား ဆရာလေးရယ်။ ဟင်းစားသာပေး ကွန်ချက်မပြနဲ့ဆိုသမဟုတ်လား။ နို့ပေတဲ့ ဆရာလေးကတော့ ဒီအလုပ်နဲ့ အသက်မွေးနေတဲ့သူလည်း ဖြစ်တဲ့အပြင် ဆရာလေးပေါ်မှာ ကျွန်တော်ကလည်း မေတ္တာရှိတာမို့ အဲဒီဆေးနည်း ကလေးတော့ ပေးချင်တယ် ဆရာလေးရယ်။ ငွေကြေးလိုလို့ မဟုတ်ပါဘူး"

ကိုသောင်းတိုး သည်လောက်စကားပြောနေလျှင် သူဘာကိုလို၍ ယခုလို ပြောနေခြင်းဖြစ်သည်ကို ရိပ်မိပေပြီ။ သို့သော် သူ့စကားကို ကုန်အောင် ပြောပါစေတော့ဟု ငြိမ်နေလိုက်သည်။

"ကျွန်တော့်ဆေးကတော့ ကျွဲနွားနဲ့ ပတ်သက်လာရင် ကိုးဆယ့် ခြောက်ပါးရောဂါ အားလုံးရေလဲမရှိဘဲ သုံးနိုင်တဲ့ဆေးနည်းပါ။ အဲဒီဆေး နည်းကတော့ သံပုံးတစ်လုံးထဲမှာ ဆန်ဆေးရည် အပြည့်ထည့်။ ပြီးတော့ ဆင်တုန်းမနွယ်ကို ခုတ်ထစ်ပြီးထည့်။ နောက်ပြီးတော့ အဲဒီအထဲ စမုံနီ စမုံနက်ထည့်။ အဲဒါကို တစ်ညလောက် သိပ်ထားပြီး မနက်မှာ တိုက်ပေး။ တိုက်တဲ့အခါ ဝါးကျည်တောက်နဲ့ထည့်ပြီးတိုက်။ အဲဒီလိုလုပ်ရင် ကျွဲနွား ကိုးဆယ့်ခြောက်ပါး ရောဂါအားလုံး ကင်းသဗျ"

"ကိုင်း...ခင်ဗျားဆေးနည်းတော့ ကျွန်တော်ကောင်းကောင်း မမှတ်မိဘူး။ ဒါပေမဲ့ ဉာဏ်ပူဇော်ခအဖြစ်နဲ့ ခင်ဗျားကို တိုက်ပါ့မယ်။ ဘာသောက် မလဲ ပြော"

"ဟဲ .. ဟဲ ဆရာလေးတို့သောက်တဲ့ အနီလေးဆိုရင် ဒေါက်ပါပြီ။ တစ်ခွက်တစ်ဖလားပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကိုသောင်းတိုးကို စကားကြောမရှည်ရအောင် သူ့အကြိုက်ပေးလိုက်ပြီးနောက် နောက်ထပ်လာပြီး ရှုပ်မည့်သူမရှိဟု ထင်နေစဉ် ဖိုးကျော့က အပေါ့စွန့်ရန် ထွက်၍အသွား ရှာသားတစ်ယောက် ကျွန်တော်တို့ စားပွဲသို့ ရောက်လာလေ၏။

"ဆရာလွန်းကတော့ ကျွန်တော့်ကို သိချင်မှသိမယ်။ သိဖို့ဝေးလို့ မြင်းဖူးချင်မှတောင် မြင်ဖူးလိမ့်မယ်။ ကျွန်တော်ကတော့ ဆရာလွန်းကို အမြဲလိုလို မြင်နေတာပါ။ ပြောရမယ်ဆိုရင် ကျွန်တော်က ဗိုလ်မှူးရဲဝင်းတို့ အိမ်နဲ့ မျက်စောင်းထိုးမှာ နေတယ် ခင်ဗျ။ ဒါကြောင့် သူတို့အိမ်ကို ဆရာလေး လာလာနေတာ မြင်မြင်နေရတယ်"

"ဟုတ်ပါတယ်။ ကျွန်တော်က သူ့ခြံထဲက တိရစ္ဆာန်တွေကို မကြာခဏကြည့်ပေးရတာ"

"သိပါတယ်၊ သိပါတယ်၊ ဒါပေတဲ့ အရပ်ထဲမှာ ဖြစ်နေတဲ့ သတင်းကိုတော့ ဆရာလေး သိချင်မှသိမယ်။ အားလုံးကတော့ ဆရာလေးနဲ့ဗိုလ်မှူးသမီးနဲ့ ဖြစ်နေကြပြီလို့ အပြီးအပိုင်တွက်ထားကြတယ်။ အခုတော့ဗျာ ကျော်တော့လှေသူကြီး ညာတော့လှေထိုးသားဆိုတာလို မြို့ပေါ်က ဆရာဝန်လေးတစ်ယောက်နဲ့ တပူးထဲပူး တတွဲထဲတွဲပြီး မော်တော်ဘိုက်တောင် နှစ်ယောက်တွဲ စီးနေတာ တွေ့ကြရတော့ ဆရာလေး တော့ဖြင့် ကောပြီဆိုပြီး ကျွန်တော်တို့တတွေ စိတ်မကောင်း ဖြစ်နေကြသဗျ"

"နေပါဦး။ မော်တော်ဘိုက်ကို တွဲစီးတယ်ဆိုတာ ကျွန်တော် သဘောမပေါက်ဘူး"

"မော်တော်ဆိုင်ကယ်ပေါ်မှာ အတူစီးတာကို ပြောတာ ကိုလွန်းဝေရေ့"

www.burmeseclassic.com

www.burmeseclassic.com



အနီးမှနားစွင့်နေသူ တစ်ဦးက ဖြည့်စွက်ရှင်းလင်းပြလေသည်။

"ဒီလိုလေ၊ ဆရာတို့က မောင်ဇမာကိုတောင် အနိုင်နိုင် စီးနေရတယ်မဟုတ်လား။ သူတို့က ကုလားသမက်က ပေးထားတဲ့ ဆိုင်ကယ်တွေကို အကြိုက်စီးနေရတာ"

"ကုလားသမက် မဟုတ်ပါဘူးဗျာ ကုလသမဂ္ဂလို့ ခေါ်ပါတယ်။ အဲဒီအဖွဲ့ကြီးရဲ့လက်အောက်အဖွဲ့အစည်း ဖြစ်တဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပေးထားတဲ့ မော်တော်ဆိုင်ကယ်ပါ"

အခြားတစ်ယောက်က ဝင်၍ရှင်းပြလိုက်သည်။ သူပြော၍ အပြီးတွင် ပထမပြောသူက သူ့စကားကို ဆက်ပြန်လေသည်။

"အဲဒါပဲဗျ၊ ဆရာဝန်လေးက ရှေ့ကစီး၊ ဗိုလ်မှူးသမီးက နောက်က ထိုင်ပြီးလိုက်။ လိုက်တာတောင် ရိုးရိုးမဟုတ်သေးဘူး။ ခေတ်ဆန်ဆန်ခေါင်းကို ပိုးပဝါစီးလို့။ နေကာမျက်မှန်ကို တပ်လို့။ တကယ်ပါပဲဗျာ၊ အမေရိကန်ရုပ်ရှင်ကားထဲက ဇာတ်လိုက်မင်းသမီးကျနေတာပဲ"

ထိုခဏတွင် ဖိုးကျော့ပြန်၍ ရောက်လာသဖြင့် သူတို့၏ အတင်းအဖြင်း သတင်းများသည် တိတ်ဆိတ်သွားလေတော့သည်။ သူတို့သည် ဖိုးကျော့သိလျှင် ဗိုလ်မှူး၏နားထဲ ပေါက်သွားမည်ဖြစ်ပြီး သူတို့ကို အန္တရာယ်ရှိမည်ထင်၍ နှုတ်ပိတ်သွားကြခြင်း ဖြစ်ဟန်တူပေသည်။ ကျွန်တော်ကလည်း သိသလောက် သိရပြီးပြီဖြစ်၍ နောက်ထပ် မကြားလိုသဖြင့် ယခုလောက်နှင့် စကားပြတ်သွားသည်ကို များစွာကျေနပ်မိတော့၏။

"ကဲ...ကိုရင် ဖိုးကျော့ပြန်ကြစို့လား...၊ သိပ်များနေရင် မကောင်းဘူး"

ဖိုးကျော့သည် စားပွဲပေါ်တွင် ကျန်နေသည့် ပဲကြီးလှော်ဆိုးလေးခုကို ကောက်ယူကာ ထိုင်ရာမှ ထလိုက်ပြီးနောက် တစ်ချောင်းဝါးရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်အတူ ကိုငွေမောင်း ဆိုင်ထဲက ထွက်လာခဲ့သည်။ သူသည် ကျွန်တော့်အား အိမ်အရောက် လိုက်ပို့ပြီးမှ လှူချင်းခွဲသွားလေသည်။

အောင်နက်သည် ကျွန်တော် ပြန်လာသည်ကို တွေ့ရ၍ ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက်ကာ အမြီးနန့်၍ ပြေးလာပြီး ကျွန်တော့်ကိုယ်ပေါ်သို့ ပတတ်ရပ်၍ တက်လိုက်သည်။ ပြီးမှ သူသည် ကျွန်တော့်ထံက ထူးခြားသောအနံ့ကို ရ၍လား သို့မဟုတ် ကျွန်တော့်ရင်ထဲ၌ ခံစားရမှုကို ရိပ်မိ၍လားမသိ။ ကျွန်တော့်ကိုယ်ပေါ်က ဆင်းကာ တစ်နေရာသို့ ငြိမ်သက်စွာ သွား၍ ခွေနေလိုက်လေသည်။

ကျွန်တော်သည် ရီရီဝင်းကို မေ့ပစ်ရန် ကြိုးစားခဲ့သော်လည်း ယနေ့ကြားခဲ့ရသည့် သတင်းများက သူ့အကြောင်းကို မစဉ်းစားဘဲ မနေနိုင်အောင် နှိုးဆွပေးနေလေတော့သည်။ သူနှင့်ပတ်သက်၍ ကြားရသည့် သတင်းများမှာ 'ဟုတ်မှန်ပါ့မလားနော်ဗျာ ဘဝင်မှာ ဆို့လှချည်ရဲ့၊ ရှင်ဘို့မယ်အကြောင်း'ဟု ဆိုသည့် ဦးဘိုးစိန်၏ ငိုချင်းကဲ့သို့ မယုံချင်စရာ ဖြစ်ရသလောက် ဘဝင်ဆို့စရာလည်း ဖြစ်နေပေသည်။ သို့သော် ယခုလို ကြားရသည့် သတင်းများသည် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ကျွန်တော့်အရေး ကျွန်တော့်အကျိုး မဟုတ်သည့်အတွက် မေ့ပျောက်အောင် ကြိုးစားပြီး အိပ်ပစ်လိုက်ရလေသည်။

ညက ကိုငွေမောင်း၏ ဆေးကောင်း၍ထင်သည်။ မနက် ၈ နာရီ ထိုးခါနီးမှ အိပ်ယာက နိုးလေသည်။ နိုးသည်နှင့် ဆေးကုဖို့ရန် ခေါ်မည့် သူက ရောက်လာလေသည်။ ထိုသူမှာ ရွာထဲက ကိုအေးသောင်ဖြစ်သည်။

"ကျွန်တော့် နွားပေါက်ကလေး လမ်းမလျှောက်လို့ ဆရာလှိုင်ရေ။ အစာတော့လည်း စားသားဗျ။ ကောင်းကောင်းစားနိုင်တယ်"

"မွေးတာ ဘယ်လောက်ကြာပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သုံးသီတင်းလောက် ရှိပြီ။ ကျွန်တော်လည်း မြန်မာနည်းအတိုင်း နံ့နွင်းရယ်၊ မိတ်သလင်ရယ်၊ နှမ်းဆီစစ်စစ်ရယ် အဲဒါတွေရောပြီး လိမ်းပေးရင် ပျောက်မယ်ဆိုကြတာနဲ့ လိမ်းပေးတာပါဘဲ။ ဒါပေမဲ့ မထူးလှဘူးဗျ"

"အဲဒါ နွားမကိုယ်ဝန်နဲ့တုန်းက အာဟာရဓာတ်မပြည့်ဝလို့ ဖြစ်ဘာ။ ခင်ဗျားရဲ့ နွားပေါက်ကလေးဟာ အားနည်းပြီး ချည့်နေတာဗျ၊ အဲဒီရောဂါကတော့ ဆေးထိုးပေးမှ ဖြစ်မယ်။ ဆေးတော့ ကျွန်တော့်ဆီမှာ ရှိဘူး၊ မြို့နယ်မှူးဆီမှာ သွားပြီးတောင်းမှရမယ်"

"တစ်ဆိတ်လောက် အကျိုးဆောင်ပေးပါဦး ဆရာလွန်းရာ။ ကျေးဇူးမမေ့ပါဘူး"

သို့ဖြင့် ကျွန်တော်လည်း ဆရာဦးပြည့်စုံထံ သွားရပြန်လေသည်။

လမ်းတွင် ကျွန်တော်သည် မတွေ့ချင် မမြင်ချင်သော အရာကို တွေ့မြင်ရသဖြင့် ဦးပြည့်စုံထံသို့ပင် ဆက်လက်၍ မသွားတော့ဘဲ ပြန်လှည့်လာချင်မိတော့သည်။ ကျွန်တော် တွေ့မြင်ရသည့် အရာမှာ မော်တော်ဆိုင်ကယ် နောက်ထိုင်ပေါ်တွင် တင်ပါးလွှဲထိုင်၍ လိုက်ပါသွားသော ရီရီဝင်း ဖြစ်လေသည်။ သူသည် ကိုငွေမောင်း၏ဆိုင်တွင် ကျွန်တော်ကြားခဲ့ရသည့်အတိုင်း ခေါင်းမှာ ပိုးပဝါစည်းထားပြီး နေကာမျက်မှန်ကို တပ်ထားသည်။

မော်တော်ဆိုင်ကယ်သည် ကျွန်တော့်စက်ဘီးကို ကျော်၍ မတက်မီ ဂါဂါနှင့် အသံပေးစဉ်က ကျွန်တော် လှည့်မကြည့်လိုက်မိပေ။ ကျွန်တော့် စက်ဘီးကိုသာ လမ်းဘေးသို့ အနည်းငယ်ဖယ်၍ ပေးလိုက်ပါသည်။ သို့ ဖစ်၍ ကျွန်တော့်ကို ကျော်တက်သွားမှ ရီရီဝင်းကို မြင်လိုက်ရသည်။ သူသည် ကျွန်တော့်ကို မကြည့်သည့်ပြင် မျက်နှာကိုပင် ဖယ်သွားလိုက် သေးသည်။ သူက ကျွန်တော့်ကို အရေးမစိုက်သည့်သဘော ပြလုပ်သွားခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူလုပ်ချင်ရာ လုပ်ပါစေတော့။ သည်လိုပဲ ကျွန်တော်က သဘောကြီးကြီး ထားလိုက်ပါသည်။

သို့သော် ကျွန်တော်၏တုန်လှုပ်နေသော အသည်းနှလုံးသည် ဆရာဦးပြည့်စုံထံသို့ ကျွန်တော်ရောက်သည့်တိုင်အောင် ငြိမ်သက်ခြင်း မရှိသေးပေ။

"ကိုလွန်းဝေ ဟိုကိစ္စမေးမလို့ လာတာလား။ စိတ်ချပါ ကျုပ်ပြောလိုက်လို့ ဆေးသွားပြီး ထိုးနေပါပြီ"

"ကျွန်တော်လာတာက တခြားကိစ္စပါဆရာ။ ရီရီဝင်းအကြောင်းလည်း ကြားပြီးပါပြီ။ ဒါထက် သူ့ကို ဆေးထိုးပေးတဲ့ ဆရာဝန်ကို သိသလားဆရာ"

"သိသားပဲ၊ ဒေါက်တာခိုင်မင်းလေ။ ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှတော့ မဖြစ်ပါဘူး၊ သိချင်လို့ပါ။ စောစောက ရီရီဝင်း လူတစ်ယောက်နဲ့ မော်တော်ဆိုင်ကယ်ပေါ်မှာ ပါသွားတာ တွေ့လိုက်ရလို့ ဒီလူလားလို့"

'ဟုတ်လား'ဦးပြည့်စုံက အံ့ဩတကြီး မေးလိုက်သည်။

"ကျွန်တော်တော့ ဒီအတိုင်းပဲ မြင်လိုက်တာပဲလေ။ ရှေ့ကစီးလာတဲ့ လူကတော့ ကျွန်တော့် အရွယ်လောက်ပဲ ရှိဦးမယ်။ ကြီးလှတစ်နှစ် သို့မဟုတ် နှစ်နှစ်လောက်ပဲ ကြီးမယ်။ လူကတော့ ဖြူဖြူသန့်သန့်ပါပဲ။ ဒါပေမဲ့ ဆံပင်ကတော့ နည်းနည်း ရှည်ချင်တယ်"

ဦးပြည့်စုံက ဟုတ်မှာပေါ့လေ ဆိုသည့် အမူအရာမျိုးဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်နေ၏။ ပြီးမှ 'ပြောပါဦး ကိုလွန်းဝေလာတဲ့ကိစ္စ' ဟု မေးလေသည်။

ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်ရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် လိုအပ်သည့်ပစ္စည်းများကို ဦးပြည့်စုံထံမှ ရရှိပြီးသည့်နောက် ပြန်မည်အပြုတွင် မိုးရွာလာသဖြင့် မပြန်နိုင်သေးဘဲ မိုးတိတ်အောင် ထိုင်၍ စောင့်နေရသည်။ သို့သော် မိုးသည် တော်တော်နှင့် မစဲဘဲ သဲသဲမဲမဲ ရွာနေပြီးမှ တိတ်စပြုလာသည်။

မိုးသည် တော်တော်လေး ရေပါလိုက်သည့်အတွက် လမ်းပေါ်တွင် ရေများတင်၍ ကျွန်ရစ်ကာ အချို့နေရာများတွင် အိုင်ထွန်းပြီး ဗွက်ပေါက်နေလေတော့သည်။ သို့ဖြစ်၍ ကျွန်တော့်မှာ စက်ဘီးကို သတိပြုပြီး နင်းလာခဲ့ရသည်။

ထိုသို့လာစဉ် နောက်မှ မော်တော်ဆိုင်ကယ်ဟွန်းသံကို ကြားရလေသည်။ ထိုဟွန်းသံမှာ စောစောက တွေ့လိုက်ရသည့် ဒေါက်တာနိုင်မင်း၏ ဆိုင်ကယ်သံနှင့်တူသောကြောင့် ရှီရီဝင်းများ ပါ၍လာလေမည် လားဟု လှမ်းကြည့်လိုက်မိသည်။ ကျွန်တော်ထင်သည့်အတိုင်းပင် ဒေါက်တာနိုင်မင်း၏ နောက်က မိန်းမပျိုတစ်ယောက် ပါလာသည်ကို တွေ့ရလေသည်။ သို့ဖြစ်၍ ကျွန်တော်သည် မျက်နှာကို ခပ်မြန်မြန်ရှေ့သို့ လှည့်လိုက်ရလေသည်။

ဂီ…ဂီ…ဂီ…

နောက်က လာနေသည့် မော်တော်ဆိုင်ကယ်က လမ်းတောင်းနေသည်ကို ကျွန်တော်သိပါသည်။ သို့သော် လမ်းပေါ်တွင် ရေအိုင်များ ရွှံ့ဗွက်များနှင့် ချိုင့်များရှိနေသည့်အတွက် မြန်မြန်လမ်းဖယ်၍ မပေးနိုင်ဘဲ ရှိရလေသည်။ ဤတွင် မော်တော်ဆိုင်ကယ်သည် ကျွန်တော့်ဘေးကကပ်ပြီး ဒလကြမ်းကျော်တက်သွားရာ ကျွန်တော် ရှောင်လိုက်နိုင်သဖြင့် မော်တော်ဆိုင်ကယ်နှင့် အတိုက်မခံရပါ။ သို့သော်လည်း မော်တော်ဆိုင်ကယ်က ရေဗွက်ထဲက ဖြတ်၍မောင်းသွားသည့်အတွက် ကျွန်တော့် ဘောင်းကိုယ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ရွံ့ရေများ ပေကုန်တော့သည်။ စက်ဘီးလည်း ရှေ့ကချိုင့်ထဲသို့ ကျတော့မည်ကိုတွေ့ရ၍ ကျွန်တော်သည် စက်ဘီးပေါ်က ခပ်မြန်မြန်ဆင်းပြီး ကိုင်ထားလိုက်ရသည်။

ကျွန်တော့်မျက်နှာနှင့် ကိုယ်ပေါ်တွင် ရွံ့များ ပေကျံနေသည်ကို တွေ့ရသူအချို့က ရယ်ကြလေသည်။ သူတို့ရယ်သည်ကို ကျွန်တော် စိတ်မဆိုးချေ။ သို့ရာတွင် ကျွန်တော် မခံမရပ်နိုင်အောင်တော့ ဖြစ်မိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရီရီဝင်းက ကျွန်တော့်ကိုလှည့်ကြည့်ပြီး ဟက်ဟက်ပက်ပက်ရယ်သွားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ သူသည် ထိုသို့ရယ်လိုက်ပြီး ချက်ချင်း မျက်နှာပြန်၍ လှည့်သွားသည်။

"တောက်"

ကျွန်တော်သည် တောက်ခေါက်ရုံမှတစ်ပါး ဘာမျှ မတတ်နိုင်ပါ။

"ဟီး"

ယခုလို ကျွန်တော့်ဒေါသကို အသံထွက်ပြရုံ ပြနိုင်ပါတော့သည်။

ကျွန်တော်သည် အလွန်စိတ်ရှည်သူ ဒေါသဖြစ်ခဲသူတစ်ယောက်ပါ။ သို့သော် သည်တစ်ခါတော့ ဒေါသမဖြစ်စဘူး ဖြစ်မိသည်။ ဖြစ်ရသည်မှာလည်း ထိခိုက်ရုံသာမက စော်ကားသွားခြင်းကိုပါ ခံလိုက်ရသောကြောင့် ဖြစ်ပါသည်။

ထို့ပြင် ကျွန်တော်သည် ခေါင်းအေးအေးနှင့် အချိန်ယူ စဉ်းစားတတ်သူတစ်ယောက်ဖြစ်ပါသည်။ ထိုခဏအတွင်း ကျွန်တော်သည် တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်မိသည်။ ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် ဦးပြည့်စုံထံ ပြန်၍သွားသည်။

"ဟာ...ကိုလွန်းဝေ...တစ်ကိုယ်လုံးလည်း ရွံ့တွေပေလို့ပါလား။ ရွံ့ဗွက်ထဲ လူရော စက်ဘီးရော လဲကျပြီထင်တယ်၊ ကဲ...အဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



လဲလိုက်ဦး"

"ကျွန်တော်အဝတ်လဲရအောင် လာတာမဟုတ်ပါဘူးဆရာ။ အလုပ်က နုတ်ထွက်ခွင့်တောင်းမလို့ လာတာပါ။ ကျွန်တော့်ကို ထွက်ခွင့်ပေးပါ၊ မပေးချင်လည်း ဒီမြို့နယ်က တခြားမြို့နယ်ကို ပြောင်းပေးပါဆရာ၊ ဒီမှာ ကျွန်တော်မနေချင်တော့ဘူး"

ဦးပြည့်စုံသည် ကျွန်တော့်စကားများကို နားမလည်နိုင်သဖြင့် တစ်လုံးချင်း ပြန်၍ စဉ်းစားနေသည့်အလား တွေဝေ၍ ကြည့်နေပြီးမှ 'နေပါဦး ကိုလွန်းဝေရ။ စောစောကလာတုန်းက အကောင်းပါ။ အခုလေးတင် အလုပ်မှာ စိတ်ဝင်စားတာ တွေ့နေရသေးတယ်။ အခု ဘယ်လိုဖြစ်ရပြန်တာလဲ'ဟု မေးလိုက်လေ၏။

"ကျွန်တော် ဒီမှာ မနေချင်တော့ဘူး ဆရာ"

"ဘာဖြစ်လို့တုန်းဗျာ။ ရွံ့ထူဗွက်ထူတဲ့ ဒေသမို့ ရွံ့ပေမခံနိုင်လို့လား။ ကိုလွန်းဝေ အရင်က ဒီလိုမဟုတ်ပါဘူး။ ရွံ့ထဲဗွက်ထဲ နောက်ချေးထဲတောင် မရွံ့မရှာနေလာတာပဲဟာ"

"ဒါတွေကြောင့် မဟုတ်ပါဘူး ဆရာ၊ ကျွန်တော် နေကိုမနေချင်လို့ပါ"

"မနေချင်တာ အကြောင်းတော့ ရှိရမှာပေါ့။ ဘာကြောင့်လဲဆိုတာ ပြောပါဦး"

"ပြောရခက်တယ် ဆရာရယ်။ သိပ်ခက်တယ်"

"ကိုလွန်းဝေပြောရခက်သလို ကျုပ်ကလည်း ပြောင်းရွှေ့ခွင့် နုတ်ထွက်ခွင့်ပေးဖို့ ခက်တယ်"

ကျွန်တော်သည် ဘာကို ပြောရမည်မသိဘဲ ခေါင်းကိုသာ ငုံ့တွက်နေမိသည်။ ဦးပြည့်စုံက မနေနိုင်၍ ဆက်ပြီး ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်က ရွှေ့ဖို့ပြောင်းဖို့ ထွက်ဖို့ဆိုတာ မလွယ်ဘူး ကိုလွန်းဝေ။ ဒါမျိုးဟာ ပါးစပ်နဲ့ ပြောလို့ဖြစ်တာမဟုတ်ဘူး။ အကြောင်းမခိုင်လုံပဲနဲ့လည်း ခွင့်ပြုလို့ရတာမဟုတ်ဘူး။ ဒါကြောင့် ဒီကိစ္စကို ပြန်ပြီး စဉ်းစားလိုက်ဦး။ အနည်းဆုံး နှစ်ဆယ့်လေးနာရီလောက် စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ဆုံးဖြတ်ပြီးလို့ ကိုလွန်းဝေ တစ်ခုခုလုပ်ချင်တယ်ဆိုရင် စာနဲ့ရေးတင်။ ကဲ...အဲဒါပဲ အခုပြန်ပြီး လုပ်စရာရှိတဲ့အလုပ်ကို လုပ်ဦး"

ကျွန်တော်လည်း ထပ်မံ၍ စောဒက တက်နေစရာ မရှိတော့သဖြင့် တပ်ခေါက်၍ လာလမ်းအတိုင်း ပြန်ခဲ့ရလေ၏။

ထိုနေ့အဖို့ ကျွန်တော်သည် ကိုအေးသောင်၏ နွားပေါက်ကလေး အပြင် အခြားသူတို့၏ နွားထီးတစ်ကောင်နှင့် ဝက်မတစ်ကောင်ကို လိုက်၍ကြည့်ရသေးသည်။ သို့သော် ကျွန်တော်သည် ခါတိုင်းကဲ့သို့ အလုပ်ထဲတွင် စိတ်ပါဝင်စားခြင်း မရှိချေ။ အလုပ်လုပ်နေရင်းက ရီရီဝင်းကိုသာ တွေးမိသည်။ တွေးမိတိုင်း မခံချိမခံသာ ဖြစ်မိသည်။ ဒေါလည်း ပွသည်။ ထိုသို့ ဖြစ်လာတိုင်း စိတ်လိုက်မာန်ပါ လုပ်မိကိုင်မိရာ ကျွန်တော်၏ ပြုစုခြင်းကို ခံယူနေသည့် သတ္တဝါကြီးငယ်တို့မှာ မချိမဆန့်ခံကြရရှာလေသည်။ ဤနေရာတွင် သူတို့သာ စကားပြောတတ်ပါက ကျွန်တော့်အား ရှက်စရာကောင်းလောက်အောင် ပြောကြဆိုကြမည်မှာ မလွဲပေ။

ကျွန်တော့်စိတ်ထဲတွင် ယခုလို ဖြစ်နေသမျှ ကာလပတ်လုံး ထိုစကားမပြောတတ်သည့် သတ္တဝါတို့ကို ကျွန်တော် ကိုင်တွယ်ကုသရန် မသင့်ပေ။ ကျွန်တော်၏စိတ်ဝေဒနာသည် ယခုလို အဘယ်မျှကြာနေဦးမည်လည်း မပြောနိုင်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် အနည်းဆုံး ခွင့်ရက်ရှည်ယူပြီး တခြားနေရာသို့ ထွက်ခွာသွားခြင်းသည်သာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ ကျွန်တော်သည် ဦးစွာ ခွင့်ရက်ရှည်တောင်းမည်။ ခွင့်ရက်ရှည်မရလျှင် ရသလောက် ခွင့်တောင်းမည်။ ခွင့်စေ့လျှင် တခြားမြို့နယ်သို့ ပြောင်းရွှေ့ပေးဖို့ တောင်းမည်။ ထိုသို့တောင်း၍ မရလျှင် ခွင့်ကပြန်၍မလာတော့ဘဲ ကိုယ့်သဘောနှင့်ကိုယ် နုတ်ထွက်လိုက်မည်။ သည်မြို့သည်နယ်မှာတော့ မနေတော့ဟု ဆုံးဖြတ်လိုက်လေတော့သည်။

ထိုသို့ ထွက်လိုက်ရသည်ဖြစ်စေ၊ နယ်သို့ပြောင်းရသည်ဖြစ်စေ ကျွန်တော် လုံးဝ ဝမ်းနည်းမည်မဟုတ်ပေ။ အောင်နက်ကို ထားပစ်ခဲ့ရသည့်အတွက်သာ စိတ်မကောင်းဖြစ်ရဖို့ ရှိပေသည်။

နောက်နေ့ မနက်စောစောစီးစီး ကိုအေးသောင် ကျွန်တော့်ထံရောက်လာသည်။ သူ့ကိုကြည့်ရသည်မှာ မကောင်းသတင်းပါလာသည့်ပုံမျိုးဖြစ်သည်ကို တွေ့ရလေသည်။

"ကျုပ်နွားပေါက်ကလေး သေပြီဗျာ"

"ဟိုက်...ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်တာလည်းတော့ မပြောတတ်ပါဘူးဗျာ။ မနေ့က ဆရာလွန်း ဆေးထိုးပေးသွားတဲ့နောက် တော်တော့်ကို အခြေအနေတိုးတက်လာလို့ ဝမ်းသာရသေးတယ်၊ မနေ့က ညနေအထိ ကောင်းနေတယ်။ ညဘက် ကျမှ ဘယ်လိုဖြစ်လာတယ် မသိဘူးဗျာ၊ မိုးလင်းတော့ အသက်မရှိတော့ဘူး"

ကျွန်တော် အလွန်စိတ်မကောင်းဖြစ်မိသည်။ ယနေ့အထိ ကျွန်တော်ကြည့်ရှုကုသခဲ့ရသည့် တိရစ္ဆာန်တစ်ကောင်တလေမှ ဖိတ်ဖိတ်စဉ်စဉ်မရှိခဲ့ဘဲ။ ယခုသည်လို ဖြစ်ရသည့်အတွက် ကျွန်တော် ဘာများမှားခဲ့နည်းဟု ပြန်ပြီးစဉ်းစားကြည့်သည်။ မှားစရာ ဘာမျှမမြင်။ ဆရာဦးပြည့်စုံနှင့်လည်း တိုင်ပင်ခဲ့သေးသည့်အတွက် လုံးဝမမှားနိုင်။ သို့ဖြစ်၍ ကိုအေး

www.burmeseclassic.com

www.burmeseclassic.com



သောင်၏ နွားပေါက်ကလေးမှာ ဘာကြောင့်သေရသနည်း။

"ကျွန်တော် ဆေးထိုးပေးခဲ့တာကတော့ လုံးဝမမှားနိုင်တဲ့ ဆေးပဲ ဗျ။ ကျွန်တော့်ဆရာနဲ့တောင် တိုင်ပင်ခဲ့သေးတာ ဆေးကြောင့်တော့ မှားစရာမရှိဘူး။ တခြား ဘာကြောင့်ဖြစ်သလဲဆိုတာကိုတော့ ပီအမ်လုပ်ပြီး ကြည့်မှ သိရမှာပဲ။ ခင်ဗျား မကျေနပ်ရင်တော့ ခွဲစိတ်ကြည့်ရှုပေးဖို့ ကျွန်တော့်ဆရာကို ပြောပေးမယ်လေ"

"ကျွန်တော် မကျေနပ်လို့ လာပြီးပြောတာ မဟုတ်ပါဘူး ဆရာလွန်းရာ။ အကျိုးအကြောင်း လာပြီးပြောတာပါ။ ရောဂါလည်း ခွဲစိတ်ကြည့်ရှုမနေပါနဲ့တော့။ သေပြီးမှလည်း မထူးပါဘူး"

ကိုအေးသောင် ထွက်၍သွားပြီးသည့်နောက် ကျွန်တော် တစ်ယောက်တည်း ကိုယ့်ကိုယ်ကို မကျေမနပ်ဖြစ်နေမိသည်။ မမှားသောရှေ့နေ မသေသောဆေးသမား ဆိုသည့် စကားရှိသော်လည်း ဤနေရာတွင် ကျွန်တော်မမှားနိုင်ဟု ယုံကြည်သည်။ သို့သော် ဤသို့ဖြစ်ရခြင်းသည် ကျွန်တော့်အဖို့ နိမိတ်မကောင်းဟု ယူဆမိသည်။ ကျွန်တော်သည် ယခုလို စိတ်မငြိမ်မသက် ဖြစ်နေလျှင် ကျွန်တော်လုပ်သည့်ကိစ္စတို့သည် တစ်ခါမဟုတ်တစ်ခါ အမှားပါလာဖို့ရှိသည်။ သို့ဖြစ်၍ ကျွန်တော့်အတွက် နှင့် စကားမပြောတတ်သည့် သတ္တဝါကလေးတွေ ကြားထဲက အချောင် ဒုက္ခမရောက်ရလေအောင် ကျွန်တော့်အလုပ်ကို ခေတ္တ နားထားမှ ဖြစ်မည်။ သို့ဖြစ်၍ ကျွန်တော်သည် ကျွန်တော့်ဆုံးဖြတ်ချက်ကို ဦးပြည့်စုံအား ပြောပြရန် အချိန်ဆွဲမနေတော့ဘဲ ချက်ချင်းပင် ဦးပြည့်စုံထံသို့ သုတ်ခြေတင်လေတော့သည်။

"ဆရာ ကျွန်တော် အပြီးဆုံးဖြတ်ပြီးပါပြီ။ ဆုံးဖြတ်ချက်ကတော့ မနေ့ကအတိုင်းပဲဆရာ။ ကျွန်တော့်ကို တခြားမြို့နယ် တစ်ခုခုကို ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ"

"ဘယ်ဖြစ်ပါ့မလဲ ကိုလွန်းဝေ၊ ဒီကိစ္စဟာ ဦးစီးရုံးကပြီးမှ ပြီးမယ့်ကိစ္စပဲဟာ။ ကျုပ်က ကိုယ့်သဘောနဲ့ကိုယ် လုပ်ချင်လို့ ဖြစ်တာမဟုတ်ဘူး"

"ဒီလိုဆိုရင် ကျွန်တော့်ကို ခွင့်အရင်ပေးပါ။ ခွင့်စေတာနဲ့ မြို့နယ်ပြောင်းဖို့ကိုပါ တပါတည်း စီစဉ်ပေးပါဆရာ"

"အေးအေးဆေးဆေးပြောစမ်းပါ ကိုလွန်းဝေရယ်။ အလောသုံးဆယ် မလုပ်စမ်းပါနဲ့။ ပထမဦးဆုံး ကိုလွန်းဝေ ဘာပြုလို့ ဒီနယ်က ပြောင်းချင်တယ်ဆိုတာကို ပြောပြစမ်းပါဦး"

"ဆရာ...ဒီမှာ ကျွန်တော်မကြည့်ချင်တဲ့သူတွေ ရှိနေတယ်"

"ဟဲဟဲ...မကြည့်ချင်ရင် မျက်စိမှိတ်ထားလိုက်ပေါ့ ကိုလွန်းဝေရ၊ ဘာခက်တာလိုက်လို့"

"အဲသလောက် မလွယ်ဘူးဆရာ၊ ပြီးတော့ ကျွန်တော့်မျက်နှာလည်း မပြချင်ဘူး"

"အဲသလောက်ဆိုရင် ကျုပ် ရိပ်မိပါပြီဗျာ။ ကိုလွန်းဝေ ကိစ္စဟာ အသည်းကို မီးလောင်နေတဲ့ကိစ္စ။ ချစ်ကိစ္စပဲမဟုတ်လား"

ဦးပြည့်စုံက ယခုလိုပြောလိုက်သည့်စကားကို မမျှော်လင့်ဘဲ ကြားရသဖြင့် ကျွန်တော့်မှာ နီးထုပ်နီးထည်နှင့်တကွ လက်ပူးလက်ကြပ် အမိခံရသူကဲ့သို့ မျက်လုံးပြူး၍သွားတော့၏။

"ကိုလွန်းဝေ ငြိမ်နေပုံထောက်တော့ ကျုပ်ပြောတဲ့အတိုင်း မှန်ပြီထင်တယ် ဟုတ်တယ်မဟုတ်လား။ ရှက်မနေနဲ့လေ၊ ဒီကိစ္စမျိုးဟာ မြို့နေရင် ကုရာနတ္ထိဆေးမရှိဘူး၊ ဖွင့်ပြောရင် ကျုပ်တို့လည်း တတ်နိုင်သလောက် အကူအညီပေးနိုင်တော့မပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရုတ်တရက် အဖြေပေးရခက်နေသဖြင့် မပွင့်တပွင့် ပြုံးနေလိုက်သည်။

"မှန်မှန်ပြောစမ်း ကိုလွန်းဝေကိစ္စဟာ ရီရီဝင်းနဲ့ပတ်သက်နေတယ် မဟုတ်လား"

"ဆရာ ဘယ်လိုသိသလဲ"

"ဟဲဟဲ...မသိဘဲနေပါ့မလား ဟိုတလောတုန်းက ရီရီဝင်းနဲ့ ဗိုလ်မှူးရဲဝင်းတို့ရဲ့ အကြောင်းကို လာပြီးစုံစမ်းဖူးတာ ကျုပ်မေ့ပါ့မလား၊ ပြီးတော့ ရီရီဝင်းအကြောင်းပြုပြီးတော့ ဒေါက်တာခိုင်မင်းအကြောင်း မနေ့ကမေးတယ် မဟုတ်လား။ ကျုပ် စုံထောက်ဦးစံရှားမဟုတ်ပေမဲ့ ဦးနှံပြားထက်တော့ သာပါတယ်"

"မှန်ပါတယ်ဆရာ၊ ကျွန်တော် ရီရီဝင်းကို စပြီးမြင်ရတဲ့နေ့ ကတည်းက သူ့အပေါ်မှာ မေတ္တာသက်ဝင်ခဲ့မိပါတယ်။ အဲဒီနောက် အခွင့်သာတဲ့နေ့တစ်နေ့မှာ ကျွန်တော့်မေတ္တာကို ဖွင့်ဟပြောခဲ့ပါတယ်။ ဆရာ့ဆီက ကျွန်တော်လာပြီး သူတို့သားအဖအကြောင်း စုံစမ်းတော့ ရီရီဝင်းက သူ့ကိုလိုချင်ရင် သူ့အဖေကိုပြောပါလို့ ဆိုတာလည်း တစ်ကြောင်း၊ တချို့ကလည်း သူတို့ဟာ သားအဖအရင်း မဟုတ်ဘဲ ဗိုလ်မှူးနဲ့ ရီရီဝင်းကို ဘာလိုလို ပြောကြတာလည်း တစ်ကြောင်းကြောင့် ဆရာ တော့ဖြင့် သိတန်ကောင်းရဲ့ဆိုပြီး လာမေးရတာပါ။ ဒါပေမဲ့ ဆရာ့ဆီက အကျိုးအကြောင်းသိရပြီးတဲ့နောက်မှာ ကျွန်တော် မြင်းကန်ခံရတာနဲ့ သူ့ဆီကို မသွားဖြစ်ခဲ့ဘူး။ ဒီနောက်မှာ သူ့ချွေးမလေး ဥမ္မာရဲ့ကိစ္စပေါ်လာ ပြီး ကျွန်တော်တို့အချင်းချင်း အဆင်မပြေဖြစ်ခဲ့ရတယ်၊ အခုတော့ သူက ဒေါက်တာခိုင်မင်းနဲ့တွေ့ပြီး...ဆရာရယ် ကျွန်တော် မပြောချင်တော့ပါဘူး၊ ကျွန်တော့်ကို အရှက်ခွဲတယ်ဆရာ၊ အရှက်ခွဲတယ် အဲဒါကြောက်ပဲ ပြော

www.burmeseclassic.com

www.burmeseclassic.com



ပါရစေတော့”

“သူက ဘယ်လိုပဲ အရှက်ခွဲခွဲ ကိုယ့်ဘက်က မှန်နေရင် ပြီးတာပဲ မဟုတ်လား”

“သူကပြန်ပြီး ကျွန်တော့်ကို မေတ္တာမရှိနိုင်ရင် နေပေါ့။ ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှုကိုယ်ကြင် ဆိုသလိုပေါ့ဆရာရယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို အရှက်ခွဲစရာ ပြက်ရယ်ပြုစရာ ဘာရှိသလဲခင်ဗျ”

“ဘာလုပ်လို့လဲ ပြောပါဦး”

“မနေ့က ဆရာ့ဆီက အပြန်မှာ ဒေါက်တာခိုင်မင်းရဲ့ ဆိုင်ကယ် နောက်က ထိုင်ခုံပေါ်မှာ သူပါလာပြီး ဆိုင်ကယ်ကို ကျွန်တော့်ဘေးနားက ကပ်မောင်းနိုင်းတယ် ဆရာရယ်။ ဆိုင်ကယ်က ရွှံ့ဗွက်ထဲ ကပ်မောင်းတော့ ကျွန်တော့်တကိုယ်လုံး မနေ့က ဆရာမြင်တဲ့အတိုင်း ရွှံ့တွေပေကုန်တာပေါ့။ ဒီလိုပေတာတော့ ပေပါစေတော့။ သူက ကျွန်တော့်ကို လှည့်ကြည့်ပြီး မခိုးမခန့် ရယ်သွားတယ်ဆိုတော့ ကျွန်တော့်နေရာမှာ ဆရာသာဖြစ်ရင် ဘယ်လိုနေမလဲ”

ဦးပြည့်စုံသည် ကျွန်တော့်စကားကို လေးလေးနက်နက် စဉ်းစား နေလေသည်။ ပြီးမှ ‘ဒီကိစ္စအတွက်လောက်နဲ့ အခုလို စိတ်ဆင်းရဲဖြစ် မနေစမ်းပါနဲ့ ကိုလွန်းဝေရယ်။ ကျုပ်ဖြေရှင်းပေးပါ့မယ်။ ဒီအတွင်း ကိုလွန်းဝေကို ခွင့်တစ်ပတ်ပေးမယ် ဟုတ်လား’ဟု ပြောလိုက်လေသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

ကျွန်တော် အလုပ်မှခွင့်ယူပြီး ကျွန်တော့်ဇာတိရပ်ရွာသို့ ပြန်တော့မည်၊ ခွင့်နှင့်သွား၍နေစဉ် အလုပ်ပြောင်းရွှေ့သည့်အမိန့်ကို စောင့်နေမည်၊ ထိုအမိန့်ကျလာလျှင် ပြောင်းရွှေ့ရသည့်ဒေသသို့ ဆက်၍သွားမည်။ ပြောင်းမိန့်မရလျှင် အလုပ်ကထွက်မည်၊ စံပြရွာသစ်ကြီးကိုတော့ ပြန်၍မလာတော့၊ တစ်ခါတည်း ထွက်ခွာသွားတော့မည်ဟူသောသတင်းသည် ကျွန်တော် တာဝန်ယူရသည့် ကျေးရွာအုပ်စုအတွင်း တမဟုတ်ခြင်း ပြန့်နှံ့သွားလေသည်။

ထိုသတင်းကို ကြားရသည်နှင့် ဦးသာဆင်၊ ဦးဘိုးမှန်၊ ဦးစံထိုက်၊ ကိုစိန်ကဲ၊ ကိုရေချမ်း အစရှိသော လူကြီးလူငယ်အများသည် တစ်ယောက်ပြီးတစ်ယောက် ကျွန်တော့်ထံ ရောက်လာကြပြီး မေးကြမြန်းကြ သူတို့ကျေးရွာအုပ်စုကို စွန့်ခွာ၍ မသွားရန် တောင်းပန်ကြနှင့် ဝင်လာမစဲ ရှိကြလေသည်။

“ဆရာလေးရေ...အခုလို မိုးဦးကျ လယ်ယာလုပ်ငန်းဝင်ကြချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ကျွဲတွေ နွားတွေ ရောဂါဘယထူပြောကြတာမို့ ဆရာလေးကို သိပ်အားကိုးနေကြတာ။ ဒီလို ရေထဲမိုးထဲအခါမျိုးမှာ ဆရာလေးက ကျုပ်တို့ကို ပစ်သွားမယ်ဆိုတော့ တအားလျော့တယ်ဗျာ။ ပြီးတော့ မှန်ရာပြောရရင် ဆရာလေးလို အချိန်မရွေး အခါမရွေး ခေါ်တိုင်းလိုက်ပြီး စေတနာ ထက်ထက်သန်သန်နဲ့ လုပ်ကိုင်ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်မျိုး အရင်က မရှိသမလောက် ရှားပါတယ်။ အဲဒါကြောင့် ဆရာလေးကို ကျုပ်တို့က လက်မလွှတ်ချင်ဘူး ဆရာလေးရာ၊ ဘာကြောင့် ဒီက သွားချင်ရတာလဲ"

သူတို့သည် တစ်ယောက်လာလည်း ယခုလို၊ နောက်တစ်ယောက် လာလည်း ယခုလိုပဲပြောကြသည်။ ထိုသို့ပြောကြသည့်အတွက် ကျွန်တော် များစွာ စိတ်မကောင်းဖြစ်ရသည်။ လွန်စွာလည်း အားနာသည်။

"အခုလိုလာပြီး ပြောကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း သာတယ်၊ ဝမ်းလည်းနည်းတယ်။ ကျွန်တော် အဲဒီစကားကလွဲပြီး ဘယ်လိုပြောရမှန်းမသိဘူး။ ပြောရသိပ်ခက်တယ်ဗျာ"

"ဆရာလေး...ဘာတွေမကျေနပ်တာရှိသလဲ ပြောစမ်းပါ။ ကျုပ်တို့ လုပ်ပေးနိုင်ရင် လုပ်ပေးစမ်းပါရစေ။ ကျုပ်တို့ဘက်က ချို့ယွင်းတာရှိရင်ပြော ပြုပြင်ပါ့မယ်။ ဒါမှမဟုတ် တခြား ဘာအလိုဆန္ဒ မပြည့်ဝတာရှိသလဲ။ ပြည့်ဝအောင် ကျုပ်တို့ကြိုးစားပေးပါ့မယ်။ ပွင့်ပွင့်လင်းလင်းပြောစမ်းပါ ဆရာလေးရာ။ ဘာမှန်းမသိတော့ ကျုပ်တို့ကလည်း ဘာလုပ်ရမှန်း မသိဘဲ ခက်နေတာပေါ့"

"ကျွန်တော့်မှာ ဖွင့်ပြီးအပြောရခက်တဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စရှိ နေလို့ပါ။ တကယ်တော့ ကျွန်တော် ခင်ဗျားတို့ကို ခွဲမသွားချင်ပါဘူး။ ခင်ဗျားတို့ရဲ့ မေတ္တာစေတနာတွေကိုလည်း ကျွန်တော် အများကြီး တန်ဖိုးထားပါတယ်။ လေးလည်း လေးစားပါတယ်။ တစ်ခုတော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ပြောပါရစေ။ ကျွန်တော်မရှိလို့ ခင်ဗျားတို့ရဲ့ ကျွဲတွေနွားတွေကို ကုပေးမယ့် လူ မရှိမှာ ပူမနေပါနဲ့။ ကေန်းသေ ဧရွှေပေါ်ဦးမှာပေါ့ဗျာ”

“ဆရာလေးက ကေန်းမဟုတ်ပါဘူး ဆရာလေးရယ်။ ဒီလိုမပြော ပါနဲ့၊ လူချင်းတူပေမဲ့ စေတနာချင်း တူချင်မှတူမှာပါ”

“အားလုံးစေတနာရှိကြပါတယ်ဗျာ။ စေတနာနဲ့ အလုပ်လုပ်နေ ကြတာပါ။ ပြီးတော့လည်း ဒီကိစ္စမှာ နိုင်ငံတော်အစိုးရကလည်း အထူး ဂရုစိုက်တာမို့ စိတ်ချကြပါဗျာ။ အဲဒါလောက်ပဲပြောပါရစေ”

“ကဲ...ဒီလိုဆိုလည်း ဟောဒီလက်ဆောင်ကလေးတော့ ယူသွား ပါ။ အမှတ်တရပေါ့”

“ဟာ...ဒါတွေ လုပ်မနေကြပါနဲ့ဗျာ။ ကျွန်တော် မသယ်နိုင်လို့ပါ။ ကျွန်တော်က ကိုယ်လွတ်လက်လွတ်သွားမှာ။ အောင်နက်ကြီးတောင် မခေါ် နိုင်လို့ ဆရာဦးပြည့်စုံနဲ့ ထားခဲ့ရမှာ”

ထိုသို့ပြောနေကြစဉ် ဖိုးကျော့တစ်ယောက် သုတ်သီးသုတ်ပြာ ရောက်ရှိလာလေသည်။

“ဆရာလေးရေ...မြန်မြန်လိုက်ခဲ့စမ်းပါ။ ကိုငထိန်တစ်ယောက် အမြှုပ်တစီစီနဲ့ ဖြစ်နေလို့”

“ဟာ...ဟုတ်လား၊ အဲဒါ မြွေးရှူးပြန်တာ ဖြစ်လိမ့်မယ်။ သူ့ကို မြွေးကိုက်သလား”

“ဟင့်အင်...မြွေးအကိုက်မခံရပါဘူး”

“ဥမ္မာကော ကျီစားသလိုလိုနဲ့ ကိုက်တာ မတွေ့ရဘူးလား”

“ဥမ္မာလည်း သေပြီပဲဟာ၊ သူကိုယ်တိုင် ခြံထဲယူလာပြီး မြေလိုက် သေးတာပဲ။ ကျွန်တော်တောင် တွင်းတူးပေးခဲ့ရသေးတယ်”

“အဲဒါကြောင့်ဖြစ်တာ ကိုယ့်လူရေ၊ ဥမ္မာသေတာဟာ ရူးပြီး

www.burmeseclassic.com

www.burmeseclassic.com



သတော အဲသလိုရှုးပြီးသေတဲ့ ခွေးကို ကိုင်မိရင် သိပ်သတိထားရတယ်။ ကျုပ်ကလည်း ဒီအကြောင်းမသိဘူး။ မေးလည်းမကြည့်မိဘူး၊ ကျုပ်သိရင် မှ ဒီလိုမဖြစ်ရဘူး။ ကျုပ်က ရီရီဝင်း ကိုင်တာတွယ်တာပဲသိလို့ သူ့ကို ဆးထိုးခိုင်းဖို့သာ အရေးတကြီး သတိပေးမိတယ်"

"ပြီးတာတော့ ဘယ်တတ်နိုင်မလဲ ဆရာလေးရယ်၊ လောလော ဃယ် ဖြစ်နေတာကိုလည်း လိုက်ပြီးကြည့်ပေးပါဦး"

"ကျုပ် လိုက်လို့တော့ ဘာထူးမှာလည်းလို့။ ဒီအခြေအနေ ရောက် နမှတော့ ကျုပ်လဲ ဘာမှမတတ်နိုင်ဘူး။ တခြား ဘယ်သူမှလည်း တတ် င်မှာမဟုတ်ဘူး။ အရေးကြီးတာက သူ့ကို ကိုင်တဲ့တွယ်တဲ့အခါ သတိ ားကိုင်ကြ။ သူ့ပါးစပ်က အမြှုပ်တွေပေရင် စင်အောင်ဆေးကြ။ အဲဒါ ာနေ ရောဂါကူးနိုင်တယ်။ သူလည်း အခုလို ဖြစ်သွားတာပဲ၊ ရီရီဝင်း ဘာင် ကံကောင်းလို့"

"ဟာ…ဒီအတိုင်းသာဆိုရင် ကိုငထိန် ဒုက္ခရောက်ပြီပေါ့"

"အင်း…သူ့ကံကြမ္မာကိုက ဒီအတိုင်း ဖန်တီးလာတာကိုး။ ကံ ကိုယ့်လူ မြန်မြန်သာပြန်ပြီး မြန်မြန်သင်္ဂြိုဟ်ဖို့သာ စီစဉ်ပေတော့။ ျုပ်တော့ မလာနိုင်တော့ဘူး။ မနက်ဖြန်ကစပြီး ကျုပ်ကို ဒီအရပ်မှာ င်ရတော့မှာ မဟုတ်ဘူး။ မနက်ဖြန် ကျုပ်သွားတော့မယ်"

"ကြားရတာ စိတ်မကောင်းလိုက်တာ ဆရာလေးရယ်"

"ကျုပ်လည်း စိတ်မကောင်းပါဘူး။ အထူးသဖြင့် ကိုငထိန်ကြီး ခုလိုဖြစ်ရတဲ့အတွက် သိပ်ပြီးစိတ်မကောင်းဘူး။ နောက်ဆုံးတော့လည်း ၇ွ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာလို့ပဲ အောက်မေ့ရမှာပေါ့လေ"

❐

www.burmeseclassic.com

www.burmeseclassic.com

(၁၃)

ရွာနှင့်ဘူတာရုံမှာ ၆ မိုင်ခန့်ဝေးသည်။ သို့သော် ကျွန်တော့်ကို ခင်မင်နေကြသော ကျေးရွာမိတ်ဆွေများက တကူးတက လိုက်၍ပို့ကြသည်။ အချို့က ကျွန်တော်နှင့်အတူ လိုက်လာကြပြီး အချို့က ဘူတာသို့ ရောက်နှင့်ကာ စောင့်နေကြလေသည်။

ဘူတာရုံသို့ ရောက်သည့်အခါ အစုန်ရထားဆိုက်ဖို့ရန် ၁၅ မိနစ်ခန့် လိုသေးကြောင်း သိရှိရသည်။ အစုန်ရထားသည် ဘူတာတွင် ငါးမိနစ်ခန့်မျှသာ ရပ်နားမည်ဖြစ်ရာ ရထားပေါ်တွင် နေရာရအောင် သူလုပ်ပေးပါမည် ငါလုပ်ပေးပါမည်နှင့် အသင့်ရှိနေကြသည်။

ကျွန်တော်သည် ရွာကအပြီးထွက်သွားတော့မည်ဟု ဆုံးဖြတ်ခဲ့စဉ်က စိတ်နိုင်မြဲတင်းမာခဲ့သော်လည်း တကယ်ခွာခါနီးတွင် ယခုလိုတွေ့ရသည့်အတွက် စိတ်ညှိုးနွမ်းကာ ဝမ်းပန်းမသာဖြစ်မိလေသည်။ သို့ဖြင့် ခွဲခွာရမည့် အချိန်နီးလေ ရင်ထဲ၌ ဖိုလှိုက်မိလေဖြစ်ရပေသည်။

ထိုစဉ် ဆရာဦးပြည့်စုံ ရောက်၍လာလေသည်။ သူနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အချစ်တော်ကြီး အောင်နက်လည်း ပါ၍လာသည်။ ကျွန်တော်သည် အောင်နက်ကိုမြင်ရ၍ ပိုပြီး စိတ်မကောင်းဘဲ ဖြစ်ရပြန်သည်။

"ဟာ...ဆရာကလည်း ဒုက္ခခံပြီး လိုက်ပို့တာကို။ ကျွန်တော်က လူငယ်ပါဆရာရယ်။ လိုက်ပို့နေရသေးသလား"

"လိုက်ပို့တာ မဟုတ်ပါဘူး။ ကိုလွန်းဝေ တကယ်သွားဖြစ်မသွားဖြစ် လာကြည့်တာပါ"

"အို...ဆရာကလည်း ပြောရှာမယ်။ ကျွန်တော်က ဆရာ့ကို လိမ်ပါ့မလား"

"ကျုပ်က လိမ်တယ်မှတ်လို့ လာကြည့်တာ မဟုတ်ပါဘူး။ ကိုလွန်းဝေ မပြန်ချင်တော့ဘူးလားလို့"

"ကျွန်တော် အပြီးအပိုင် ဆုံးဖြတ်ထားတဲ့ဟာပဲဆရာ... ကျွန်တော်က တခုခုကို လုပ်တော့မယ်ဆိုရင် လုပ်ဖြစ်အောင် လုပ်တယ်။ နောက်ပြန်မဆုတ်တော့ဘူး၊ ဒါ ကျွန်တော့် ဝါသနာပဲ"

ဦးပြည့်စုံက ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည်။ သူ့အပြုံးမှာ တယ်လည်း အပြောကြီးပါကလားဟု ဆိုသည်နှင့် မခြားပေ။

"မပြောတတ်ပါဘူးဗျာ။ ဆုံးဖြတ်ချက်ကို ပြန်ပြီး ပြင်စရာ အကြောင်းများ ပေါ်ချင်ပေါ်နေမလားလို့"

ဦးပြည့်စုံက ယခုလို ပြောလိုက်သည့်အတွက် ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသည်။

"ဘာအကြောင်းမှ မပေါ်ပါဘူး။ မီးရထားလည်း အခုပဲ ဆိုက်တော့မယ်။ ဆရာလည်း စိတ်ချလက်ချ ပြန်ပေတော့။ မီးရထားမထွက်ခင် အောင်နက်ကြီးကို ပြန်ခေါ်သွားစေချင်တယ်ဆရာ"

"နေပါဦးလေ၊ မီးရထား ဝင်လာတဲ့အထိ စောင့်ပါရစေဦး"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောနေစဉ် ခဏမှာပင် ခေါင်းတိုင်မှ မီးခိုးများအား အလုံးလိုက် လှုပ်သလို တလူလူလှုပ်ကာ တရွေ့ရွေ့လာနေသော မီးရထားကြီး အဝေးမှလာနေသည်ကို မြင်ရလေသည်။

"ဟော…လာပြီကိုလွန်းဝေရေ့"

ဦးပြည့်စုံက ပြောလိုက်ခြင်း ဖြစ်သည်။ သို့သော် သူသည် လာနေသည့် မီးရထားကို မကြည့်ဘဲ ဘူတာရုံပေါက်ဘက်သို့ ကြည့်ပြီး ပြောနေခြင်း ဖြစ်သည်ကို တွေ့ရ၍ သူကြည့်ရာဘက်သို့ လှမ်း၍ကြည့်လိုက်ရာ ရီရီဝင်းတို့သားအဖ လာနေသည်ကို တွေ့ရလေ၏။

ထိုသို့ မြင်လိုက်ရသဖြင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ သူတို့ကို လုံးဝမမျှော်လင့်ဘဲ တွေ့ရသဖြင့် အံ့လည်းအံ့ဩသွားသည်။ သို့သော် ကျွန်တော်၏ စိတ်လှုပ်ရှားမှုကို မပေါ်စေရအောင် တတ်နိုင်သမျှ ဣန္ဒြေဆောင်၍ နေလိုက်ရသည်။

"ကိုလွန်းဝေပြန်မယ်ဆိုလို့ ရီရီတို့လိုက်ပို့တာ"

"ကျေးဇူးတင်ပါတယ်ဗျာ။ အန်ကယ်ရော ရီရီရော အားလုံးကို တင်ပါတယ်"

"ကျေးဇူးတင်ရမယ့်သူက ရီရီပါ။ ကိုလွန်းဝေ ကျေးဇူးတွေ အများကြီး ရှိပါတယ်"

ကျွန်တော် ဘာပြောရမည်ကို မသိတော့ပါ။ ရီရီဝင်း၏ အပြုအမူ ပြောင်းလဲလာခြင်းကိုသာ ကြည့်ပြီး အံ့ဩနေမိသည်။

"ကိုလွန်းဝေ ရွာကို ပြန်လာဦးမယ် မဟုတ်လား"

မိုလ်မှူးရဲဝင်းက ယခုလိုမေးလိုက်သည့်အတွက် "ကျွန်တော်အား 'ပြန်လာဖို့တော့ ကျွန်တော်'ဟု စကားစလိုက်စဉ် ဦးပြည့်စုံက ဖြတ်၍ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ ပြန်လာမှာပါ...၊ ဘယ်သူပဲ ဖြစ်ဖြစ် ဘယ်ကပဲလာလာ ကျုပ်တို့ အရပ်ကို ရောက်လာတဲ့ လူမှန်သမျှ ဒီနယ်မြေက မောင်ကြီး မပြန်နိုင်ပါတယ် ဆိုသလို ဖြစ်ကုန်ကြတာချည်းပဲ"

ဦးပြည့်စုံက ယခုလို ပိုင်ပိုင်နိုင်နိုင်ကြီး ပြောနေခြင်းကို ကျွန်တော့်မှာ မစဉ်းစားတတ်အောင် ရှိကာ ပြန်၍ပြောရမည့်စကားကို အစရှာနေစဉ် မှာပင် မီးရထားကြီး ဝင်လာသဖြင့် ဘူတာရုံအတွင်း၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားသောကြောင့် စကားပြတ်သွားလေ၏။

ဘူတာရုံစကြံအတွင်းရှိ လူအားလုံးက မီးရထားကြီးကို အာရုံ စိုက်နေကြသည်။ ကျွန်တော့်ကို လိုက်ပို့ကြသူတို့ကလည်း ကျွန်တော့် အတွက် ထိုင်ခုံနေရာ လိုက်၍ ရှာနေကြသည်။ သို့ဖြစ်၍ ကျွန်တော်နှင့် ရီရီဝင်းကို အာရုံမစိုက်နိုင်ကြဘဲ နှစ်ယောက်ထဲ ထားခဲ့စဉ် ရီရီဝင်းက ကျွန်တော့်အနားသို့ ချဉ်းကပ်လာကာ စကားတိုးတိုး ပြောလိုက်သည်။

"ကိုလွန်းဝေကို ရီရီပြောချင်တာတွေ ပြောစရာတွေ အများကြီး ရှိတယ်။ အခုတော့ ပြောဖို့ အချိန်မရှိတော့ဘူး...။ စာနဲ့ ရေးလို့လည်း စုံမှာမဟုတ်ဘူး...။ ဒါပေမဲ့ ဟောဒီစာကလေးကိုတော့ လက်ဆောင် ပါးလိုက်ပါရစေ၊ မီးရထားပေါ်ကျမှပဲ ဖတ်ကြည့်ပါ"

ကျွန်တော်သည် ရီရီဝင်း၏ လက်ထဲမှစာကို တုန်တုန်ရင်ရင်ဖြင့် လှမ်းယူလိုက်သည်။

"ဆရာလွန်း၊ ဆရာလွန်း၊ ဟောဒီမှာ နေရာရပြီ...။ ဟောဒီမှာ"

ရထားတွဲတစ်ခုပေါ်မှ အော်၍ပြောလိုက်သော ကိုအေးသောင်း၏ အသံဖြစ်သည်။

"ကျွန်တော် သွားတော့မယ် ရီရီ"

ရီရီဝင်းက ပါးစပ်မှအသံမထွက်၊ သူ့ခေါင်းကို ဖြည်းဖြည်းသာသာ

www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ပြသည်။

ကျွန်တော်သည် ရထားပေါ်သို့ ပြေးတက်စဉ် ဦးပြည့်စုံ၏ အောင်နက်ကို ဆွဲထားရသည်။

"ကဲ...ကဲ ကိုအေးသောင်တို့ ဆင်းကြတော့၊ ရထား အခုပဲထွက်တော့မယ်"

ကိုအေးသောင် ဆင်းသွားသည်နှင့် ကျွန်တော်လည်း မစောင့်နိုင်တော့ဘဲ ရီရီဝင်း ပေးလိုက်သည့်စာကို ဖွင့်ဖတ်လိုက်သည်။

"ကိုလွန်းဝေ

ရီရီ့အပေါ်မှာ ကိုလွန်းဝေ အထင်လွဲနေတယ် ဆိုတာ သိပါတယ်။ ပြောစရာတွေကတော့ အများကြီးပါ ကိုလွန်းဝေ။ ရီရီ့ကို စိတ်နာပြီး ထွက်သွားမှတော့ ရီရီပြောနေလို့လည်း ထူးမှာ မဟုတ်ပါဘူးလေ။ ကိုလွန်းဝေ ရီရီ့ကို ဘာဖြစ်လို့ စိတ်နာတယ်ဆိုတာလည်း ဦးလေးပြည့်စုံပြောလို့ သိရပါပြီ။

ဖေဖေ့ကို ပြောပါလို့ ရီရီမှာသလို ကိုလွန်းဝေက မပြောပေမဲ့ ဦးလေးပြည့်စုံက ပြောပြလို့ ဖေဖေသိနေပါပြီ။ ဖေဖေ့ အဖြေကိုတော့ ကိုလွန်းဝေပြန်လာမှာမဟုတ်လို့ ကိုလွန်းဝေ မသိချင်ပါနဲ့တော့။

ရီရီ့အသက်ကို တစ်ကြိမ်မက နှစ်ကြိမ်တိုင်တိုင် ကိုလွန်းဝေ ကယ်ဆယ်ခဲ့တဲ့ ကျေးဇူးကို ရီရီ့တစ်သက် ဘယ်အခါမှ မမေ့ပါဘူး ဆိုတာကိုတော့ ပြောလိုက်ပါရစေ"

"ရှ"

www.burmeseclassic.com

www.burmeseclassic.com



စာကိုဖတ်၍ဆုံးစဉ်မှာပင် မီးရထားကြီးသည် ထွက်စပြုနေပေပြီ။ ကျွန်တော်သည် မီးရထားပြတင်းပေါက်မှ ခေါင်းပြူ၍ ကြည့်လိုက်သည့်အခါ လိုက်လံပို့ကြသူများ တစ်ယောက်မှ မပြန်သေးဘဲ ကျွန်တော့်ကိုမြင်သည်နှင့် လက်ပြ နှုတ်ဆက်ကြသည်ကို တွေ့ရလေသည်။ ရထားကြီးသည် တရွေ့ရွေ့ ထွက်လာသည်နှင့်အမျှ ကျွန်တော်သည် သူတို့ကို တဖြည်းဖြည်း ဝေး၍လာလေသည်။

စိတ်သည် အလွန်လျှင်မြန်သည်ဟု ကျမ်းဂန်၌ အဆိုရှိသည်ကို ကျွန်တော်သိပါ၏။ သို့သော် ဘယ်လောက်လျှင်သည်ကို ကျွန်တော် နှိုင်းယှဉ်စဉ်းစားခြင်းငှာ မတတ်ပါ။ စိတ်သည် ရုပ်ကိုရှေ့ဆောင်၍ ဟူ၍လည်း ဆိုသည်။ ဘယ်လိုရှေ့ဆောင်သည်ကို ကျွန်တော် ကောင်းစွာ နားမလည်ပါ။ ကျွန်တော်သည် လက်ဆွဲအိတ်ကိုကိုင်လျက် ရထားလမ်းဘေးတွင် ပုံ၍လဲကျနေသည်ကို ကိုယ်ဟာကိုယ်တွေ့တော့မှ မီးရထားပေါ်က ခုန်၍ ချခဲ့သည်ကို သိရလေတော့၏။ သည်တော့မှ ကျွန်တော်သည် ရီရီဝင်း၏စာကို ဖတ်ပြီးလျှင်ပြီးခြင်း တစ်စုံတစ်ရာကို ဆုံးဖြတ်ကာ ထိုဆုံးဖြတ်ချက်နောက်သို့ ရုပ်ပါ၍လာကြောင်း တွေးမိပေ၏။

ကျွန်တော်ခုန်ချလိုက်သည်မှာ မီးရထားဘူတာရုံစင်္ကြံဘက်က မဟုတ်ဘဲ အခြားတစ်ဖက်က ဖြစ်နေသည်။ ထို့ကြောင့် တရွေ့ရွေ့သွားနေသော မီးရထားတွဲများက ကွယ်၍နေသဖြင့် စင်္ကြံပေါ်၌ မည်သူတွေ ကျန်ရှိနေသည်ကို မမြင်ရချေ။ ရထားတွဲကြီးတစ်ခုလုံး လွန်သည့်အခါမှ လိုက်ပို့ကြသူ အနည်းငယ် ရှိနေကြသေးသည်ကို တွေ့ရလေသည်။

သူတို့သည် ကျွန်တော့်ကို မြင်သလား မမြင်သလားမသိ။ သို့သော် ကျွန်တော့်ကို ဦးစွာမြင်သူကတော့ အောင်နက်ဖြစ်လေသည်။ သူသည် ကျွန်တော့်ကိုမြင်ရသည်နှင့် အပြေးအလွှား ရောက်၍လာလေသည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ကမှ ဆရာဦးပြည့်စုံနှင့် ကိုအေးသောင်တို့ ပါလာကြသည်။

'ဆရာလေး ထနိုင်ရဲ့လား' ကိုအေးသောင်က မေးသည်။

"ထနိုင်ပါတယ်၊ ဘာမှမဖြစ်ပါဘူး"

ကျွန်တော်သည် လက်ဆွဲအိတ်ကို ကောက်ယူ ထလိုက်သည်။ ဦးပြည့်စုံက ကျွန်တော့်ကိုကြည့်၍ ပြုံးသည်။

"ဘယ်လိုလည်းကိုလွန်းဝေ၊ ဆုံးဖြတ်ချက်ဝ၁စ်ခု ချမိရင် နောက်မဆုတ်ဘူးဆိုတာ အခုပြင်လိုက်ပြီလား။ ဒါမှမဟုတ် ရထားပေါ်က ချော်ကျတာလား"

ကျွန်တော်သည် ရှက်ကိုးရှက်ကန်းနှင့်ပင် 'ဆရာထင်ချင်သလို ထင်ပါတော့ဆရာ'ဟု အဖြေပေးလိုက်ရလေသည်။

ကျွန်တော်တို့သည် ရယ်ကာ မောကာနှင့် ဘူတာရုံဘက်သို့ လျှောက်လာကြသည်။ အောင်နက်မှာ ကျွန်တော်တို့အားလုံးထဲတွင် ဝမ်းအသာဆုံးဖြစ်နေသည်။ သူသည် ကျွန်တော့်ဘေးက ခုန်ကာပေါက်ကာ ကျွန်တော့်ကို ခုန်၍ ခုန်၍ နှုတ်ဆက်ကာ လိုက်လာလေသည်။

ဘူတာရုံစကြံပေါ်သို့ရောက်သောအခါ ကြိုသူပို့သူများ ရှင်းလင်းသွားကြသည့်ပြင် ရီရီဝင်းတို့သားအဖကိုပါ မတွေ့ရတော့ချေ။

"လာ...လာ ကျုပ်ကားနဲ့ ပြန်ပို့ပေးမယ်"

ကျွန်တော် ကိုအေးသောင်နှင့် အောင်နက်တို့သည် ဦးပြည့်စုံ၏ နောက်ကလိုက်၍ ဘူတာရုံထဲက ထွက်ခဲ့ကြပြီးလျှင် ဦးပြည့်စုံ၏ကားပေါ်သို့ တက်လိုက်ကြသည်။ ထို့နောက် ဦးပြည့်စုံက ကားပေါ်တက် စက်နှိုးလိုက်သည်။ သူ့ဂျစ်ကားသည် ထုံးစံအတိုင်း တစ်ချက်နှစ်ချက် ချောင်းဆိုးလိုက်ပြီးမှ ဆောင့်ကြီးအောင့်ကြီးလုပ်၍ ထွက်လာခဲ့လေသည်။

ကားအရှိန် ရလာသည်နှင့် ဦးပြည့်စုံလည်း လေရှူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က သေချာပေါက် တွက်ပြီးသားပါ။ ကိုလွန်းဝေ ဒီသောင်ယံက မခွာရက်တယ်ဆိုတာလို ဘယ်နည်းနဲ့မှ မပြန်နိုင်ဘူးဆိုတာ အတတ်သိနေတယ်။ အဲဒါကြောင့် ကိုလွန်းဝေ တကယ်ပြန်ရဲ့လားဆိုတာ လာကြည့်တာလို့ ပြောခဲ့တာ ကိုလွန်းဝေရေ့"

"ဆရာ ဘယ်လိုလုပ်ပြီး သိနေတယ်ဆိုတာ ပြောပါဦး ဆရာရယ်။ ကျွန်တော်တို့ ဘယ်လိုလုပ်လို့မှ စဉ်းစားလို့မရဘူး"

"အင်း...ကာလသားစကားပြောရဦးမှာပေါ့လေ။ ကိုလွန်းဝေကို ရီရီက စိတ်ဆိုးနေခဲ့တာဟာ အချစ်ကြီးလို့ အမျက်ကြီးတဲ့ အဖြစ်ပါ"

ကျွန်တော်သည် နောက်ကပါလာသော ကိုအေးသောင် သိသွားခြင်းကို ရှက်မိသော်လည်း ပေါက်တဲ့နဖူး မထူးတော့ပါဘူးဟု သဘောထားလိုက်ရလေသည်။

"ကျွန်တော့်ကို ရီရီဝင်းက ချစ်ပါတယ်လို့ တစ်ခါမှမပြောဖူးပါဘူးဆရာရယ်။ ကျွန်တော် သူ့ကို မေတ္တာရှိနေတဲ့အကြောင်း ဖွင့်ပြောတော့ သူက ဖေဖေ့ပြောပါတဲ့။ အဲဒါ သူက မချစ်ဘူးဆိုတာကို ယဉ်ယဉ်ကျေးကျေး ငြင်းပယ်လိုက်တာ မဟုတ်လား ဆရာ"

"ကိုလွန်းဝေ တစ်ခါမှရည်းစားမထားခဲ့ဘူးနဲ့တူတယ်။ ကျုပ်ပြောမယ် ယောက်ျားလေးတစ်ယောက်က မိန်းမပျိုလေးတစ်ယောက်ကို ချစ်ပါတယ် ကြိုက်ပါတယ် သွားပြောတာနဲ့ မိန်းကလေးက သူကလည်း ချစ်ပါတယ်လို့ ချက်ချင်းပြောလိမ့်မယ် မဟုတ်ဘူး။ မကြိုက်ရင်သာ မကြိုက်ဘူးလို့ တူးတူးခါးခါး ပြန်ပြောမှာ။ တကယ်တော့ သူ ကိုလွန်းဝေအပေါ်မှာ မေတ္တာရှိနေတယ်။ သူနဲ့ကိုလွန်းဝေနဲ့ တွေ့စတုန်းကတော့ကို လွန်းဝေကို သူ ဂရုစိုက်ချင်မှစိုက်မယ်။ ဒီနောက် ကိုလွန်းဝေ လုပ်တာကိုင်တာတွေ့ပြီး စိတ်ဝင်စားလာတယ်။ နွားပွဲဈေးမှာ သူ့ကို ကာကွယ်ပေးတာတွေ့ရပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



နောက်မှာတော့ ကိုလွန်းဝေကို စိတ်ဝင်စားရုံမကတော့ဘဲ...ဒီကောင်မ
ဟာ...တယ်”

ကျွန်တော်သည် ဦးပြည့်စုံ ဘယ်လိုပြောလိုက်ပါလိမ့်မလဲဟု စဉ်းစားမရသဖြင့် သူ့မျက်နှာတစ်လှည့် ရှေ့သို့တလှည့်ကြည့်လိုက်ရာ လမ်းမပေါ်ကဖြတ်ပြေးသော နွားမတစ်ကောင်ကို တွေ့ရတော့မှ သူဆိုလိုက်သည့် ဒီကောင်မမှာ ရီရီဝင်းမဟုတ်ဘဲ ထိုနွားမဖြစ်ခြင်းကို သိရတော့၏။

“ဒါပေမဲ့ သူက ကျွန်တော့်ကို ကျေးဇူးရှင်ဖြစ်တာနဲ့ မေတ္တာရှိရမှာလားတဲ့”

“ဒီလိုပြောတာ ငြင်းပယ်တဲ့သဘောမှ မဟုတ်ဘဲ၊ ကိုလွန်းဝေဆီက စကားတောင်းတာ။ ဒါကို ကိုလွန်းဝေက သိမှမသိဘဲ။ အဲဒီလို သူက ကိုလွန်းဝေဆီက နောက်ထပ်စကားအလာကို မျှော်နေတုန်းမှာ ဉမ္မာကိစ္စပေါ်လာတော့ ကိုလွန်းဝေကို အထင်လွဲသွားတယ်။ ဉမ္မာသေရတာ ကိုလွန်းဝေကြောင့်ဆိုပြီး အချစ်ကြီးခဲ့သလောက် အမျက်ကြီးခဲ့တယ်။ ကာကွယ်ဆေးထိုးခိုင်းတာတောင် မထိုးဘဲ နေသေးတယ်မဟုတ်လား။ သူ့ကို ဆေးထိုးဖို့ ကိုလွန်းဝေလာပြောတာတောင် ဘာအကြောင်းမှရှိတာမဟုတ်ဘဲ၊ သူ့ကို မျက်နှာချိုလာပြီးသွေးတာလို့ မှတ်နေတာ။ ကိုဌေထိန်ခွေးရူးပြန်ပြီးသေ တာတွေ့ရတော့မှ ကိုလွန်းဝေရဲ့ စေတနာကို အမြင်မှန်ရပြီး ဒုတိယအကြိမ် အသက်ကယ်သူအဖြစ်နဲ့ ကျေးဇူးတင်ခဲ့ရပြန်တယ်။ သူ့အမှားလည်း သူသိပြီး ကိုလွန်းဝေကို တောင်းပန်ဖို့ပါပဲ။ ဒါပေသိ ကိုလွန်းဝေဒီက ထွက်သွားတော့မယ်ဆိုတော့ သူလည်း ပြောဖို့ အချိန်မရတော့ဘူး ဘာလုပ်ရမှန်းလည်း မသိတော့ဘူးပေါ့”

“ဒါကတော့ ဟုတ်ပါတယ်ဆရာ။ ဒါပေမဲ့ သူက ဒေါက်တာခိုင်

www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့တွဲပြီး မော်တော်ဆိုင်ကယ်စီးနေတာ လူတိုင်းအမြင်ပဲ။ အဲသလိုလူ တစ်ယောက်နဲ့တွဲပြီးနေတဲ့သူက ကျွန်တော့်ကို မေတ္တာရှိတယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဆရာ။ ဟုတ်ရင်လည်း မျက်နှာများတယ်လို့ဆိုရမှာပဲ"

ဦးပြည့်စုံက အသံတိုးတိုးထွက်အောင်ရယ်ရင်း ကားဂီယာ ပြောင်းလိုက်၏။

"အဲဒါ လူတွေအထင်လွဲနေတဲ့ဟာပေါ့ ကိုလွန်းဝေ၊ လူများတွေ တွေ့တွေ့နေတဲ့ မိန်းမဟာ ရီရီဝင်းမဟုတ်ဘူး။ ဒေါက်တာခိုင်မင်းရဲ့ မိန်းမဗျ။ သူကလည်း လိုက်လာတာ မကြာသေးဘူး။ သူရောက်မလာခင် ရီရီဝင်းတို့အိမ် ဝင်ထွက်သွားလာ တွေ့ကြတာနဲ့ ဒေါက်တာခိုင်မင်းရဲ့ မိန်းမကို ရီရီဝင်းလို့ ထင်နေကြတာ။ သူတို့နှစ်ယောက်က ဂိုက်တူဆိုက်တူ ရုပ်ရေကလည်း တူတယ်။ မျက်နှာချင်းကတော့ သိပ်မတူလှဘူး။ ဒါပေသိ နေကာမျက်မှန်တပ်ထားပြီး ခေါင်းကိုလည်း ပဝါစီးထားတော့ ခွဲခြားလို့ မရကြဘူးပေါ့"

ကျွန်တော်က ဦးပြည့်စုံပြောသည့်စကားများကို ခေါင်းထဲသို့ အလေးအနက် ထည့်သွင်းစဉ်းစားရင် ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။ ဦးပြည့်စုံသည် လေမိနေပြီဖြစ်ရာ သူ့စကားကို ရပ်ထား၍ မရတော့ချေ။

"ဒီစကားကို ရီရီဝင်းကပြောရမှာ သူ့ကိုယ်စား ကျုပ်က ပြောနေရတယ် ဟဲဟဲ"

"ဆရာ့ကို ရီရီဝင်းက ဒါတွေအကုန်ပြောပြသလား ဆရာ"

"ဒီလိုတော့ ဘယ်မိန်းကလေးက ပြောမှာလည်း...ကိုလွန်းဝေရဲ့ ဒါတွေကို ရီရီဝင်းက ပြောမယ်ဆိုရင် သက်ဆိုင်သူဖြစ်တဲ့ ကိုလွန်းဝေကို သာ တိုက်ရိုက်ပြောတော့မပေါ့။ ဒီအကြောင်းကို ကျုပ် အခုပြောပြနိုင်တာ က ကိုလွန်းဝေနဲ့ပတ်သက်ပြီး သူနဲ့ရော ဗိုလ်ရဲဝင်းနဲ့ရော ကြောကြဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



ကြရာက ပေါ်လာတဲ့ အချက်တွေပေါ်မှီပြီး သူ့သဘောကို အကဲခတ်လို့ ရတာကို ပြောနေတာ"

"ဩော်...ဆရာ ကျွန်တော့်အတွက် တော်တော်လေး ဆောင်ရွက်ပေးလိုက်တာပဲကိုး။ ကျေးဇူးတင်ပါတယ် ဆရာရယ်"

"ဒီလိုဆောင်ရွက်ရတာဟာ ကိုလွန်းဝေအတွက်ချည်း မဟုတ်ပါဘူး၊ ကျုပ်တို့အတွက်လည်း ပါလို့ပါ။ ကျုပ်တို့အတွက်ဆိုတာ ဒီမြို့နယ် ကျေးရွာအုပ်စုထဲက လူတွေအားလုံးပေါ့လေ။ သူတို့က ကိုလွန်းဝေကို ဒီနယ်က မသွားရအောင် တားပေးဖို့ ပြောကြတယ်။ အဲဒီလိုမှ မရရင် ကိုလွန်းဝေကို ဘူတာရုံလိုက်ပြီး သပိတ်တားကြဖို့အထိ ကြံနေကြတာ။ ကိုလွန်းဝေကသာ မသိတာ...ဒီမြို့နယ် ကျေးရွာအုပ်စုထဲက လူတွေအကြားမှာ ကိုလွန်းဝေ အင်မတန်ပေါ်ပြူလာဖြစ်နေတာ။ ချစ်တဲ့ခင်တဲ့လူ သိပ်များတယ်။ ကျုပ်ကလည်း ကိုလွန်းဝေကို လက်မလွှတ်နိုင်ဘူး"

"မြှောက်လှချည်လား ဆရာ။ ကျွန်တော့်ပညာက ဘယ်လောက်ရှိသေးလို့လဲဆရာ"

"ကျုပ်တို့အလုပ်ဟာ ပညာတစ်ခုတည်းနဲ့ လုံလောက်တာ မဟုတ်ဘူး၊ စေတနာပိုဖို့ကလည်း အရေးကြီးသေးတယ်။ နောက်ပြီး ကိုလွန်းဝေဟာ သိပ္ပံနည်းကျ အခြေခံပညာလည်း တတ်နေတာပဲ။ ဒီလိုအခြေခံ မရှိဘဲနဲ့တောင် ဆေးကုစားနေတဲ့လူတွေ အပုံပဲဟာ"

"ဆရာ အခုလိုပြောတော့ သိပ်ပြီး အားတက်တယ်ဆရာ"

"ရှေ့ကို ဒီထက် အားတက်စရာ ဝမ်းသာစရာတွေ ရှိနေပြီ မဟုတ်လား"

"ဘယ်လိုလည်း ဆရာ။ ရီရီဝင်း ဖေဖေက ကျွန်တော့်အပေါ် သူ့သမီးနဲ့ ပတ်သက်ပြီး ဘယ်လို သဘောထားသလဲ ဆရာ။ ဒီအတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာရမှာကို ပြောတာလား"

"ကိုလွန်းဝေ ဒီလောက်တော့ နားမဝေးဘူး ထင်ပါတယ်။ ကြားချင်လို့မေးနေတာ မဟုတ်လား။ ဒီတော့ ကျုပ်ပြောမယ်။ ဗိုလ်ရဲဝင်းဟာ အိမ်ထောင်ပြုချင်နေတာကြာပြီ။ သူ့သမီးကို နေရာမချရသေးလို့ အခုအထိ လူပျိုကြီးလုပ်နေရတာ။ သူ့သမီးက ကြိုက်တယ်ဆိုရင် ဘယ်သူပဲဖြစ်ဖြစ် သူက ပေးစားရမှာပဲ။ သူက ဆီးကြိုပြီးတော့ တောင်ရှည်ပုဆိုးပတ်ပြီး လက်ထပ်ပေးလိုက်မှာ။ အခု သူ့သမီး စိတ်ဝင်စားတဲ့သူရှိနေပြီဆိုတာ တွေ့နေရပြီ သူ့အနေနဲ့လည်း မလိုလားစရာမရှိတဲ့သူဆိုတော့ ကိုလွန်းဝေအဖို့ ရှေ့ကိုသွားရမယ့် ခရီးလမ်းဟာ နှင်းဆီပန်းတွေ ခင်းထားပြီးသားဖြစ်နေပြီပေါ့ ကဲ...ဘာလိုသေးတော့သလဲ"

"ဒီလိုဆိုရင် ဘူတာရုံမှာ ရီရီဝင်းနဲ့ ကျွန်တော်နဲ့ မတွေ့ကြလို့ရှိရင် *ကျွန်တော်တို့နှစ်ယောက်ဟာ ဘာလိုလိုနဲ့ ဝေးကြပြီပေါ့နော်*"

"အို...ဘာဖြစ်လို့ ဝေးရမှာလဲ။ မဝေးရအောင် စီစဉ်ထားလို့ ကိုလွန်းဝေ ဒီက မခွာနိုင်ဘူးဆိုတာ အတတ်ပြောနိုင်ခဲ့တာပေါ့ ကိုလွန်းဝေရာ"

ထိုစဉ် ကားသည် ရှေ့ကမြင်းလှည်းတစ်စီးကို ကျော်တက်လိုက်ရာ မြင်းလှည်းထဲတွင် ပါလာသူတို့က ကျွန်တော့်ကို မြင်လိုက်သည်နှင့် 'ဟောဟိုမှာ ဆရာလေး။ ဆရာလေး။ တို့ဆရာလေး ပြန်ပါလာတယ်ဟေ့'ဟု ဟစ်အော်ကြကာ ဝမ်းသာအားရ လက်လှုပ်ပြကြလေ၏။ သူတို့သည် *ကျွန်တော့်ကိုလိုက်ပို့ပြီး ပြန်သွားကြသူများဖြစ်ရာ* သူတို့ကို ကျွန်တော်တို့ကားက မှီလာခြင်းဖြစ်လေသည်။

❐

www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

တခေတ်နွမ်း၍ တခေတ်ဆန်းခဲ့လေပြီ။

အဟောင်းတို့သည် ကြွေလွင့်ကွယ်ပျောက်၍ အသစ်အသစ်တို့ ဖြစ်ပေါ်ထွန်းသစ်လာကြသည်။

ကျေးလက်တောရွာများတွင် ပုလွေသံသည် တိတ်ဆိတ်စပြုလာပြီး ကက်ဆက်သံတွေ လျှံဝေလျက်ရှိကြလေပြီ။ တနင်္ဂနွေ သို့မဟုတ် ဥပုသ်နေ့များတွင် အရှုမဏ္ဍာပ်များမှ 'ကာကဝလ္လိယ' ဓာတ်ထုတ်ကို မကြားကြရတော့ချေ။ 'တွေးညို'ဓာတ်လမ်းကိုသာ တစ်ရွာကျော်လောက်က ကြားနေရလေသည်။

"ဟိုတောင်ဆီက ညိုတိုတိုရယ်၊ မိုးဆိုထင့်လေး၊ မိုးရွာရင် မောင်ဘာကို ဝတ်ရပါ့..."

ယနေ့ သည်လို မဆိုကြ မငိုကြ မလွမ်းကြ မဆွေးကြတော့ပေ။

x မှိုင်းပြာ x မှုံရီဝေ၊ တိမ်မဲညိုရိပ်တွေ၊ တောင်ပြန်လေ ... တပ်လှန့်ကာရှိုး ... နိုးကြွလာပြီလေ၊ ပင်လယ်တွေ ဖြူသန်းကာ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း လာနေပြီလေ၊ ရိုးမပေါ် လွှားကျော်ကာနေ၊ တို့ချစ်မိတ်ဆွေ…တို့မြန်မာနိုင်ငံပေ၊ လက်ဆောင်ပါးတဲ့…မိုးပုလဲပန်းတွေ၊ ရှာပါစေလေ၊ အေးအေးချမ်းချမ်း…ရှာပါစေ xx”

ဗိုလ်မှူးရဲဝင်း၏ စိုက်ပျိုး မွေးမြူရေးခြံကြီးထဲမှ ကက်ဆက်သံသည် တငြိမ့်ငြိမ့် တလွင်လွင် ပြန့်လွင့်လျက်ရှိလေသည်။

ထိုနေ့သည် တနင်္ဂနွေနေ့ဖြစ်၏။

သို့သော် ထိုခြံထဲတွင် အလှူအတန်းပြုလုပ်နေခြင်း မဟုတ်ပေ။ ထမင်းမြိန် ပျော်ပွဲစား ကျင်းပနေခြင်းဖြစ်လေသည်။ ဧည့်ပရိသတ်ကား များများစားစားမရှိ၊ ဦးပြည့်စုံ၊ ကျွန်တော်နှင့် ကိုအောင်နက်တို့သာ ဖြစ်ကြပြီး အိမ်ရှင်တို့မှာ ဗိုလ်မှူးရဲဝင်းနှင့် ရီရီဝင်းတို့သာ ဖြစ်ကြလေသည်။ မိုးကျော့ကား မီးဖိုထဲတွင် ချွေးတလုံးလုံးနှင့် ဖြစ်နေသည်။

ထမင်းမစားကြမီ ဗိုလ်မှူးရဲဝင်းနှင့် ဦးပြည့်စုံတို့က ကက်ဆက်သံကို နားစည်းစိမ်ခံရင်း ယမကာကို လျှာစည်းစိမ်ခံနေကြသည်။

ကိုအောင်နက်က ဝက်ငယ်ကလေးများနှင့် လိုက်တမ်း၊ ပြေးတမ်းကစားသလို ဆော့ကစားကာ ပြေးလွှားနေသည်။ ဝက်ကလေးများမှာ အတော်ကြီးထွားလာကြပြီဖြစ်သဖြင့် အောင်နက်နှင့် ယှဉ်ပြိုင်ကာ ပြေးလွှားနိုင်လိုက်နိုင် ရှောင်နိုင်နေကြပြီ ဖြစ်သည်။

ယခုလို မိမိတို့စိတ်ဝင်စားရာတွင် အသီးသီးအာရုံစူးစိုက်နေကြစဉ် ကျွန်တော်နှင့် ရီရီဝင်းတို့မှာ စိုက်ပျိုးရေး ခြံဘက်က သပျစ်ပင်များကို လိုက်၍ကြည့်လျက် ရှိကြလေသည်။

ရပ်ရှင်ဇာတ်လမ်းမှာဆိုလျှင် ကျွန်တော်တို့သည် ချစ်ခန်းကြိုက်ခန်းသို့ ရောက်နေပြီဖြစ်ရာ ဤနေရာတွင် တစ်ယောက်နှင့်တစ်ယောက် လက်တွဲကာ ပြေးကြလွှားကြ၊ တစ်ယောက်နောက် တစ်ယောက်လိုက်ကြ၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ပန်းချီအကွယ်တွင် ပုန်းဝပ်နေ၍ တစ်ယောက်က လိုက်၍ရှာရန်နှင့် အလုပ်များနေကြရပေလိမ့်မည်။ ယခုမူ သည်အလုပ်ကို အောင်နက်နှင့် ဝက်ကလေးတွေက လုပ်နေကြသဖြင့် ကျွန်တော်တို့က ဘုခန္ဓရယှဉ်တွဲလမ်းလျှောက်နေကြဖို့သာ ရှိတော့သည်။

“ရိရိ့စာကိုရတော့လေ ကိုလွန်းဆေ ဝမ်းသာလိုက်တာ ရိရိရယ် ကိုလွန်းဝေ့တစ်သက် ဒီလိုတစ်ခါမှ ဝမ်းမသာမိဘူး”

ရိရိဝင်းက ကျွန်တော့်စကားကို နားထောင်၍သာနေသည်။ ဘာမျှမှုပြန်မပြောချေ။ သူစိတ်မဝင်စား၍တော့မဟုတ်၊ ပြောစရာမရှိ၍ ဖြစ်ပေမည်။

“ရထားပေါ်က ခုန်ဆင်းခဲ့ပြီး ရိရိတို့ကို မတွေ့ရတော့ ရင်ထဲမှာ ဟာသွားတာပဲ”

ရိရိဝင်းက ငြိမ်သက်စွာ နားထောင်၍ နေသည်။ ဘာမျှပြန်၍ မပြောချေ။ ပြောစရာမရှိ၍ ဖြစ်ပေမည်။ ကျွန်တော်ကလည်း ပြောစရာစကားရှာမရသဖြင့် ပြောမိပြောရာ ပြောလိုက်ခြင်း ဖြစ်သည်ကို ကိုယ့်ဟာကိုယ် သိသည်။ ယခုမှ ရည်းစားစကားပြောရခြင်းမှာ ‘အောင်မယ် ခက်ပါဘိ’ ဆိုခြင်းကို ကျွန်တော် ကောင်းကောင်း သဘောပေါက်ပါသည်။ သို့သော် ကျွန်တော်သည် သူ့ကို ထိုစကားမျိုးပြောရ၍ မဟုတ်ပါ။ မည်သို့ဖြစ်စေ ရည်းစားစကား ပြောရသည့်အလုပ်မှာ အတော် ‘ခက်ပြီ’ သည်ကို ဝန်ခံရမည်ဖြစ်ပါသည်။

“ရိရိ့စာထဲမှာ ဖေဖေ့အဖြေကိုတော့ ကိုလွန်းဆေ ပြန်လာမှ မဟုတ်လို့ မသိချင်ပါနဲ့တော့လို့ ဆိုထားတယ်။ အခု ကိုလွန်းဆေ ပြန်လာပြီလေ မသိရတော့ဘူးလား”

ရိရိဝင်းသည် ကော့နေသော မျက်တောင်ကလေးများကို ပင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် ကျွန်တော့်ကို စိုက်ကြည့်နေလိုက်သည်။ ပြီးမှ သူ့စကားကို ကြားရသည်။

"ဒါတော့ ကိုလွန်းဝေရယ် ပြောပြနေဖို့ မလိုဘူး ထင်ပါတယ်။ သူသဘောတူလို့သာ အခုလိုစွင့်ပြုထားတာ မဟုတ်လား။ ဒီထမင်းမြိန်စားပွဲဟာ ဖေဖေက ရီရီရဲ့အုပ်ထိန်းသူ ဦးလေးပြည့်စုံက ကိုလွန်းဝေရဲ့ အုပ်ထိန်းသူအဖြစ်နဲ့ ဧေ့စပ်တဲ့သဘောပဲဟာ၊ ဒါကို ကိုလွန်းဝေ သိရက်သားနဲ့ စကားမရှိ စကားရှာပြီး ပြောနေတယ်"

ကျွန်တော်က ဟုတ်လှပြီထင်ပြီး ပြောလိုက်သည့် စကားမှာ အဖျားရှူးသွားပြန်သဖြင့် လက်နှိုက်၍ရမည်ဆိုလျှင် ဦးနှောက်ကို ကုတ်ပြီး စဉ်းစားလိုက်ချင်တော့သည်။

"မှန်ရာပြောရရင် ရီရီ့ဖေဖေက ကိုလွန်းဝေလို သာမည်ညောင်ည တစ်ယောက်ကို သဘောတူလိမ့်မယ်လို့ ထင်ကိုမထင်မိဘူး"

ရီရီဝင်းက အနည်းငယ်စဉ်းစားပြီးမှ စကားဆိုလိုက်သည်။

"ဖေဖေဟာ အရာအားလုံးထက် ကျေးဇူးသစ္စာတရားကို အများဆုံး တန်ဖိုးထားတဲ့သူပါ၊ အဲသလိုဖြစ်တာဟာ တော်လှန်ရေးအတွင်းက ရီရီ့ ဖေဖေအရင်းဖြစ်တဲ့ ဗိုလ်စည်သူက သူ့အသက်ကို ကယ်ခဲ့တာကြောင့်ပါ။ ဒီအကြောင်းကို ရီရီပြောမပြခဲ့ဖူးပေမဲ့ ကိုလွန်းဝေ တခြားက ကြားခဲ့ရပြီး ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ကိုလွန်းဝေကို ရီရီ့အသက်ကို ကာကွယ်စောင့်ရှောက်ပေးသူတစ်ယောက်အနေနဲ့ ဖေဖေက လိုလားတယ်။ ရီရီ့ နောင်ရေးအတွက် စိတ်ချတယ်။ အဲဒါအပြင် သူမြတ်နိုးတဲ့ တိရစ္ဆာန် မွေးမြူဖွံ့ဖြိုးရေးကိစ္စမှာ တကယ်တမ်း စေတနာသန့်သန့်နဲ့ ကိုလွန်းဝေ လုပ်နေတာမြင်ရတော့…အို…ကျန်တာ ကိုလွန်းဝေစဉ်းစားကြည့်ပါ တော့လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ ရီရီ့အိမ်ထောင်ရေးအတွက် အဆုံးအဖြတ်ဟာ ရီရီရဲ့မေတ္တာရှိမှု မရှိမှုအပေါ်မှာ မတည်ဘဲ သူ့သဘောအတိုင်းသာ ဖြစ်ရမယ်ဆိုပါတော့"

"ကိုလွှမ်းဝေ ဘာပြောချင်တယ်ဆိုတာ ရီရီ သိပါတယ် ကိုလွှမ်းဝေရယ်။ ကိုလွှမ်းဝေက ရီရီဟာ ကိုလွှမ်းဝေ အပေါ်မှာ မေတ္တာရှိလို့ မဟုတ်ဘဲ ဖေဖေ့သဘောကို လိုက်ရောပြီး မချစ်သော်လည်း အောင့်အည်း နမ်းရတာလားလို့ ခနဲ့ချင်တာ မဟုတ်လား"

"ဒီလို မဟုတ်ပါဘူး ရီရီရယ်။ ရီရီက ရီရီရင့်ထဲအသည်းထဲမှာ ဘယ်လိုရှိတယ်ဆိုတာ မသိရတော့ ကိုလွှမ်းဝေ ဘယ်လို စဉ်းစားရမှာလည်းလို့"

"အမယ်လေး ချွဲလိုက်တာ ကိုပက်ကျိကြီးရယ်။ သူ့ကိုအစက စကားမပြောတတ်ဘူး အောက်မေ့နေတာ။ အခုတော့ ဒီကချစ်နေမှန်းသိလို့ သူကပိုလွှမ်းတယ်"

သူက ယခုလိုပြောလိုက်သည့်အတွက် ကျွန်တော်လည်း ရဲတင်းလာကာ သူ့ကိုမွှေ့ဖက်ပြီး တအားမွှေးမည်အပြုတွင် အောင်နက်ပြေးလာပြီး နှောင့်ယှက်သဖြင့် လက်လွှတ်လိုက်ရလေသည်။

"ဒါထက် ကိုလွှမ်းဝေ မေးစရာတစ်ခု ရှိတယ်၊ ရီရီစိတ်မဆိုးနဲ့နော်"

"အို...ကိုလွှမ်းဝေ ဘာပြောမယ်မှန်း မသိဘဲနဲ့ စိတ်မဆိုးပါဘူးလို့ ကိုယ့်ကိုယ်ကို တုပ်ပြီးနှောင်ပြီးသားတော့ လုပ်မထားနိုင်ပါဘူး။ စိတ်ဆိုးစရာပြောရင်တော့ ဆိုးရမှာပဲ"

ကျွန်တော် ဘာပြောရမှန်းမသိဘဲ ဖြစ်သွားပါသည်။ သို့သော် ကျွန်တော်သိလိုသည့် ကိစ္စကိုတော့ မသိရလျှင် မနေနိုင်သဖြင့် ဇွတ်မှိတ်ပြီး မေးလိုက်ရလေသည်။

"ရီရီ ဒေါက်တာခိုင်မင်းရဲ့ မော်တော်ဆိုင်ကယ်နဲ့ လိုက်ဖူးသလား"

www.burmeseclassic.com



ရိရိဝင်းက သူ့လက်ကိုင်ပဝါစကို ကိုက်ပြီး ရယ်နေသည်။ သူ့မျက်လုံးများကို အပေါ်လှန်ပြီးတော့လည်း ကျွန်တော့်ကို ကြည့်နေလေသည်။

"ဟုတ်တယ် မဟုတ်လား"

"နေပါဦး၊ အဲဒါ ကိုလွန်းဝေကိုယ်တိုင် မြင်ရလို့လား"

"မြင်ရုံ ဘယ်ကမလဲ၊ ကိုလွန်းဝေအနားက ရွှံ့ဗွက်ထဲဖြတ်မောင်းသွားလို့ တစ်ကိုယ်လုံး ရွှံ့တွေ ပေကုန်ခဲ့ရသေးတဲ့ဟာပဲ"

"အဲဒါ ရိရိမဟုတ်ဘူး ကိုလွန်းဝေ"

ယခုလို ရိရိဝင်းထံမှ ကြားရသဖြင့် ဦးပြည့်စုံပြောသည့်စကားနှင့် ကိုက်ညီနေသည်ကို တွေ့ရ၍ အပူလုံးတစ်ခု ကျသွားရသည်။

"ဒါဖြင့်...ဒေါက်တာခိုင်မင်းနဲ့ ရိရိ မော်တော်ဆိုင်ကယ်တွဲပြီး စီးနေတယ်လို့ သူများတွေ ပြောတဲ့စကားတွေဟာ မဟုတ်ဘူးပေါ့နော်"

"သူများတွေ ဒီလိုပြောနေတာ ကိုလွန်းဝေ ကြားသလား"

"ကြားတာပေါ့၊ ပြောတဲ့လူ တစ်ယောက်တောင် မကဘူး"

"ပြောတာကြားရင် ဟုတ်လို့ပေါ့"

ကျွန်တော့်ရင်ထဲက နှလုံးသွေးများသည် ဆူပူလှုပ်တက်လာပြီး မျက်နှာပေါ်တွင် သွေးဖြန်းကာ ထူပူသွားလေသည်။

"ရိရိ့စကားက ခုနတစ်မျိုး၊ ခုတစ်မျိုး ဘယ်လိုလည်း ရိရိရယ်"

"ကိုလွန်းဝေ အမေးကို မဖြေခင် ရိရိတစ်ခု မေးမယ်...။ ကိုလွန်းဝေ အခုလို ရိရိနဲ့ ဒေါက်တာခိုင်မင်း မော်တော်ဆိုင်ကယ် တွဲစီးတယ်ဆိုတာ ကြားတော့ စိတ်ထဲမှာ ဘယ်လိုခံစားရသလဲ"

"အသည်းထဲ ကျွဲခတ်ခံရသလိုပေါ့ ရိရိရယ်"

သည်တစ်ခါတော့ ရိရိဝင်းက စောစောကလို လက်ကိုင်ပဝါကို ကိုက်မနေတော့ဘဲ အသံထွက်အောင် ဟက်ဟက်ပက်ပက် ရယ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရီရီကလည်း ကိုလွန်းဝေ့အသည်းကို ကျွဲခတ်အောင် လုပ်ခဲ့တာ ပါ။ ကိုလွန်းဝေ ဒီလိုကြားရရင် ဒီလိုဖြစ်အောင် တမင် အရွဲ့တိုက်ပြီး လုပ်တာပါ။ ဒေါက်တာခိုင်မင်းကို စိတ်ဝင်စားနေလို့ မဟုတ်ပါဘူး။ အဲသလို လုပ်လိုက်တဲ့အတွက် ကိုလွန်းဝေ တစ်ယောက်သာ အသည်းကို ကျွဲခတ်ခံရတာ မဟုတ်ဘူး။ ဒေါက်တာခိုင်မင်းရဲ့ မိန်းမပါ ကျွဲခတ်ခံရ သေး၏။ သူလည်း စောစောကတောကို လိုက်မနေပါဘူး ဆိုပြီး ခန်းကျန် မှာ နေရစ်ခဲ့ရာက ဒီသတင်းကြားရရင် ကြားရခြင်း လိုက် လာတော့တာပဲ။ အဲသလို ရီရီစိတ်လိုက်မာန်ပါ လုပ်မိတာ အခုတော့ မှားမှန်းသိပါပြီ ကိုလွန်းဝေရယ်။ ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ထိုစဉ် အောင်နက်က တဝုတ်ဝုတ်ဟောင်ကာ ကျွန်တော့်ခြေထောက်ကို ကိုက်ပြီးဆွဲခေါ်နေသဖြင့် သူခေါ်ရာသို့ ကန့်လန့်ကန့်လန့်နှင့် လိုက်ပါ သွားရလေသည်။

ခြံထောင့်ရှိ မြေပုံကလေးတစ်ခုနှင့် မလှမ်းမကမ်းအရောက် အောင်နက် သည် ကျွန်တော်အား ဆက်ပြီးမခေါ်တော့ဘဲ ရီရီဝင်းကို လာခေါ်သည့် အလား လှမ်း၍ဟောင်လေသည်။ ရီရီဝင်းသည် ကျွန်တော်တို့အနီးသို့ ရောက်လာသည့်အခါ အောင်နက်က ကျွန်တော်တို့ကိုထားခဲ့ပြီး သူ့အလာသာ မြေပုံဆီသို့ သွားလေ၏။

ထိုမြေပုံမှာ ကလေးငယ်များ၏ သချိုင်းအုတ်ဂူကဲ့သို့ မြှောက်ထား ပြီး ကျောက်ပြားပေါ်မှာသည်း ကမ္ပည်းထိုးထားလေသည်။

ဥမ္မာ

[အသက် ၂ နှစ်]

ခွေးသည်ကိုက်၏

လူသည်မိုက်၏

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စာကိုဖတ်ကြည့်ပြီး ပြုံးရယ်မိလေသည်။ ထိုစာကို စီရေးသူသည် မည်သူဖြစ်မည်ကိုလည်း တွေးမိသည်။

"ဒါ...ရီရီ့လက်ရာ မဟုတ်လား"

"ဟုတ်တယ် ကိုလွန်းဝေ၊ ရီရီက လူတွေကိုစိတ်နာလို့ ခုလို လုပ်ထားတာ"

"လူတိုင်း မမိုက်ပါဘူး ရီရီရယ်၊ ခွေးတိုင်းလည်း မကိုက်တတ်ပါဘူး"

"ရီရီက ခွေးထက်မိုက်တဲ့လူတွေကို ရည်ရွယ်တာပါ"

"ဒီလိုဆိုရင် ပြင်ပြီးရေးဖို့ ကိုလွန်းဝေ အကြံပေးချင်တယ်"

"ကိုလွန်းဝေ ဘယ်လိုပြင်ချင်သလဲ"

"ခွေးသည် အရိုးကိုက်၏။ လူသည်..."

"အို...ကိုလွန်းဝေ့ဟာက...ကာရန်ကြီးကလည်း ဘယ်လိုလဲ"

"ကာရန်ကြီးကလည်း ဘယ်လိုဟာရမှာလဲ။ ခွေးသည် အရိုးကိုက်၏ဆိုတော့ အဲဒါနဲ့ အကိုက်ဆုံးဟာက လူသည် တစ်မျိုးမိုက်၏ပေါ့ ရီရီရဲ့"

"ဟင်...သူ သိပ်ဉာဏ်များတယ်"

ရီရီဝင်းက ကျွန်တော့်ကို မျက်စောင်းလေးထိုးလိုက်၏။

"ကိုလွန်းဝေသည် ဒါမျိုးမှကြိုက်၏"

"ဟင်...လူကြီးကိုက"

ထိုစဉ် အောင်နက်သည် ဥမ္မာ၏ သချိုင်းဂူအနီးသို့ ကပ်၍သွားပြီး 'ဥမ္မာ'၏အမည်ကို သူ့နှာခေါင်းကလေးထိုး၍ အနံ့ခံကြည့်လေသည်။ ထို့နောက် အောက်ကရေးထားသောစာများကို အနံ့ခံကြည့်လိုက်ပြီး နှာချေသလို သူ့နှာခေါင်းထဲက လေကို မှုတ်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် သူသည် ထိုကမ္ဘည်းကျောက်ပြားနှင့် သူ၏ကိုယ်သည် မည်သည့်ဘက်က အလှည့်သင့်မည်ကို ရှာကြည့်သလို သူ့ကိုယ်ကို ဘယ်လှည့် ညာလှည့်နှင့် လုပ်နေလိုက်ပြီးမှ ကျောက်ပြားနားကပ်၍ ညာဘက်ပေါင်ကို မြှောက်ကာ တရွတ်ရွတ် ရေစင်ဖြန်းပြီး ဘိသိက်သွန်းလိုက်လေ၏။

ကျွန်တော်နှင့်ရီရီမှာ ကိုအောင်နက်၏ အပြုအမူကိုကြည့်ပြီး ပါးစပ်စိ၍ မရနိုင်ကြဘဲ တဟဲဟဲနှင့် ဖြစ်၍နေကြရလေတော့သည်။

၀၀၅

www.burmeseclassic.com